
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အချစ်ကိုရချင်ပြီ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၈၅၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၁၀၁၁၀

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ
ပထမကြိမ်

တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(ဝ၃၈၈၅)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၀၁
လမင်းမိုမို
အချစ်ကိုရချင်ပြီ/လမင်းမိုမို-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၀-စာ၊ ၁၂x၁၈ စင်တီ။
(၁) အချစ်ကိုရချင်ပြီ

### နိုင်ငံတော်ကြွေးကြော်သံ (အရေးသုံးပါး)

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို




စီစဥ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁ ၊ ၆

"ဦးစစ်အေး လာပြီ"

အဲဒီတုန်းက ကြားလိုက်ရတဲ့ ထိုအသံဟာ နောင်နှစ်ပေါင်းများစွာတိုင် ဆက်တိုက် အဆက်မပြတ် မကြာမကြာ ကြားနေရတော့မယ့် အသံတစ်ခုဖြစ်မှန်း ထိုစဉ်ကတော့ မြပယင်း သိပေ။ အမေတို့အလုပ်ရှင်သူဌေးနာမည် "ဦးစစ်အေး"ဆိုတာတော့ ဟိုးအရင်ကပင် ကြားဖူးနားဝရှိသားပင်။

ဒါပေမဲ့ အမေ့အလုပ်ရှင် သူဌေးဆိုတာသည် မြပယင်းနှင့် ဘာမှသက်ဆိုင်ပတ်သက်မှု ရှိစရာ မလိုတဲ့ သီးခြားတမှာတစ်ခုကလူသားလိုပင် ကြားဖူးတယ်ဆိုတာထက် ဘာမှမပိုခဲ့၊ စိတ်လည်းမဝင်စားခဲ့။ မြင်လည်းမမြင်ဖူးခဲ့။ ဘယ်တုန်းကမှ ခေါင်းထဲမရှိခဲ့။

"ဦးစစ်အေး ... လာပြီ"ဆိုတဲ့အသံသည် တစ်ယောက်နဲ့တစ်ယောက် သတိပေးတပ်လှန့်လိုက်သံ။ ထထကြွကြွ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြားကြား ပျပ်ပျပ်ဝပ်ဝပ် ကြိုဆိုကြဖို့အသံ။ အသံနှင့်အတူ အနီးတစ်ဝိုက်က ရှိသမျှလူအားလုံးဟာ လှုပ်လှုပ်ရှားရှားဖြစ်ကာ ထိုင်နေသူတစ်ယောက်မှ မရှိတော့ပါ။ အားလုံးထ,ရပ်ကုန်သည်။

ဒီအသုဘမှာ ရှိနေသမျှ လူအားလုံးဟာလည်း အမေတို့စက်ရုံက ဝန်ထမ်းချည်းသာမို့ အားလုံးဟာ ဒီသူဌေးရဲ့ အလုပ်သမားတွေပင်။ စက်ရုံဝန်ထမ်းအားလုံးနီးပါး အသုဘကို လိုက်ပါပို့ဆောင်ကြတာမို့ ထိန်ပင်သုသာန်အတွင်းမှာ လူတွေ တောင် မနည်းမနော ဖြစ်နေတာ။

"ပယင်း ... ဟိုမှာ သူဌေးလာပြီ"

နံဘေးက မမမူက မြပယင်း လက်ဖျားလေးကို ဆုပ်ညှစ်ရင်း အသိပေးလိုက်ပါသည်။ ပယင်းကလည်း လူတွေ လမ်းဖယ်ရှဲပေးလိုက်၍ အလယ်လမ်းကြောင်းတစ်ခု ထင်းခနဲ ပေါ်လာတဲ့အပေါ်မှာ လျှောက်လှမ်းလာတဲ့ သူဌေးကို လှမ်းကြည့် လိုက်ပါသည်။

စတစ်ကော်လာရှပ်ဖြူလက်ရှည်နှင့် ခရမ်းပုပ်ရောင် ပိုးတွဲပုဆိုးကို ရိုးရိုးပဲဝတ်ဆင်ထားသော သူဌေးဆိုတဲ့ "ဦးစစ်အေး" ကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင်။ အမေတို့အရွယ်လောက် အင်း ... အမေ့အသက်အရွယ်လောက်ပဲပေါ့။ တင်းလည်းမတင်း လျော့လည်းမလျော့တဲ့ မျက်နှာထားနှင့် လျှောက်လာနေသည်။ သူ့ရဲ့နောက်ကပါတဲ့ လူတစ်ယောက်ကိုင်ထားတဲ့ ကြီးမားသော ပန်းခွေကြီးမှာတော့ ...



"ဒေါ်မြသန္တာ"

အသက်(၃၈)နှစ်

စက်ရုံဝန်ထမ်းမိသားစု၏ လွမ်းသူ့ပန်းခွေ"

အမေ့အသုဘရဲ့ တစ်ခုတည်းသော ပန်းခွေပင်။ ပန်းကြိုက်တတ်တဲ့ အမေ့အသုဘမှာ ပန်းခွေလေးတစ်ခွေ ရောက်လာတာအတွက်တော့ မြပယင်း ကျေနပ်မိပါသည်။ ငိုင်တွေတွေ ပုံစံနှင့်ပင် ပန်းခွေကို အမေ့ခေါင်းရင်းမှာ ထားလိုက်တာကို လိုက်ငေးကြည့်နေမိသည်။ လစ်လပ်ကာ ဗလာဖြစ်နေတဲ့ရင်ထဲမှာ ငိုချင်လှတယ်ရယ်လို့တောင် ခွန်အားမရှိတော့တာပါ။

အသိစိတ်နှင့် လူနှင့်လည်း မကပ်လှပဲ အဖြစ်အပျက်တို့ဟာ ဝေဝေဝါးဝါး ဝါးတားတားနှင့် တကယ်ဖြစ်နေတာလား၊ အိပ်မက်ထဲမှာ အဖြစ်ဆိုးတွေ ကြုံနေတာလားတောင် ရုံဖန်ရံခါ ခွဲခြားမရ။ ဘာကိုမှ လုပ်လည်းမလုပ်နိုင်၊ လုပ်လည်းမလုပ်တတ်၊ နားလည်းမလည်၊ ဗဟုသုတလည်းမရှိ၊ ပိုက်ဆံလည်းမရှိ။

အဝတ်စဖြူတို့၊ ဓာစတို့၊ အမွှေးတိုင် ဖယောင်းတိုင်တို့လို စသဖြင့် လိုအပ်သော အခြေခံပစ္စည်းလေးတွေပင် ဝယ်ရကောင်းမှန်း၊ လိုအပ်မှန်း၊ ဗဟုသုတမရှိတာပါ။ အစစအရာရာကို အိမ်နီးချင်း လုပ်ဖော်ကိုင်ဖက်တွေကပဲ ဆောင်ရွက်သွားပေးကြတာ။

အမေတို့စက်ရုံက လှိုင်သာယာစက်မှုဇုံမှာဖြစ်၍ ဝန်ထမ်းတွေကို ကျန်စစ်သားအိမ်ရာက တိုက်ခန်းတွေမှာ လူအများ

www.burmeseclassic.com

www.burmeseclassic.com



စနေတဲ့စနစ်နှင့် ထားပါသည်။ ဒါကြောင့် အခန်းနီးနားချင်း အားလုံးဟာ အခမဲ့လုပ်ဖော်ကိုင်ဖက်များချည်းသာ။

အမေ ဆေးရုံစတက်ကတည်းကစပြီး အစစအရာရာကို သူတို့တွေပဲ ကြည့်ရှုစီစဉ် လုပ်ကိုင်နေကြတာပါ။ အမေတို့ရဲ့အုပ်ချုပ်သူ ကြီးကြပ်ရေးမှူးကတစ်ဆင့် ငွေရေးကြေးရေး အစစကိုတော့ သူဌေးကပဲ စိုက်ထုတ်ကူညီထားတယ်လို့ သိရပါသည်။ အမေဟာ ဦးနှောက်နှင့် အာရုံကြောဆေးရုံမှာ တစ်လကျော်တက်ခဲ့ရပြီး ခွဲစိတ်ပြီးတဲ့နောက်မှာ ကွယ်လွန်သွားတာပါ။

စဖြစ်တာကိုက အလုပ်ခွင်မှာ ချော်လျှောနေတဲ့ စက်အစိတ်အပိုင်းတစ်ခုနှင့် တိုက်မိပြီး ချော်လဲကျရာက ခေါင်းကို ထိခိုက်မိသွားတာပါ။ ဦးနှောက်ထဲသွေးစိမ့်ထွက်တယ်လို့ သိရပါသည်။ ဒီထက်အသေးစိတ်စိတ် တီတီကျကျတော့ မြပယင်း နားမလည်။ အမေဆေးရုံတက်ရအပြီး ရက်(၂၀)မြောက်မှာ ဆယ်တန်းစာမေးပွဲကြီးကို မြပယင်း ဖြေဆိုခဲ့ရပါသည်။

အမေ့အတွက် စိုးရိမ်ထိတ်လန့် ပူပန်တုန်လှုပ်နေရခြင်းတို့နှင့် လူနဲ့စိတ် မကပ်တော့တဲ့ မြပယင်းဟာ တစ်ရက်မှ ရှောရှောရှူရှူ မဖြေနိုင်ခဲ့ကာ နောက်ဆုံးနေ့မှာတော့ ဘိုင်အိုအဖြေလွှာကို မဖြေတော့ဘဲ ခြစ်ချပစ်ခဲ့ပါသည်။ အမေ့အခြေအနေမကောင်းဘူးဆိုတာ၊ ခွဲစိတ်ရင်လည်း ကောင်းချင်မှ ပြန်ကောင်းနိုင်မှာဆိုတာတွေကိုတော့ ကြိုသိခဲ့ပါသည်။





လိုအပ်ချက်တွေအားလုံးကို မြပယင်း ဘာတစ်ခုမှ မဖြေရှင်းရပါ။ သူဌေးဖြစ်သူကသာ အလုပ်သမားကြီးကြပ်ရေးမှူး၊ လက်ထောက်မန်နေဂျာ၊ မန်နေဂျာ တို့ကတစ်ဆင့် ဖြည့်ဆည်းပေးထားတယ်လို့ သိရကာ ဘာတစ်ခုမှလဲ လိုလေသေးမရှိခဲ့တာပါ။ ဒါပေမဲ့ အမေ့ကံသိုလ်ကံက ဆက်လက်ရှင်သန်ဖို့ မပါလာဘူးပဲလို့သာ နားလည်ရပါသည်။

"ပယင်း ... မမမြကို သေတ္တာထဲ ထည့်တော့မယ်၊ ကန်တော့ ... ကန်တော့"

မြပယင်းသည် ဆားကပြောဆိုတိုက်တွန်းတဲ့ အတိုင်းပဲ ကော်ဖောပဟောင်းလေး ခင်းပေးထားတဲ့ သမံတလင်းပေါ် ဒူးတုပ်ထိုင်ချလိုက်ကာ အမေ့ရုပ်အလောင်းကို ကန်တော့သည်။ ဆို့နင့်နေပေမယ့် ရင်ထဲ စိတ်ထဲ ခေါင်းထဲ ဗလာပဲ ဖြစ်နေကာ ငိုလို့လည်းမရ၊ ငိုချင်တာလည်း မရှိဘဲ လူကအားပြတ်နေသည်။

ငေးငူငူနှင့် အရုပ်ကြိုးပြတ် ဖြစ်နေတဲ့ မြပယင်းကို နံဘေးမှ ဖေးတွဲထားသူတို့က ...

"သမီး ... ငိုလိုက် သမီး ... ငိုလိုက်"

"စိတ်ကို တင်းမထားနဲ့ သမီး၊ စိတ်လျှော့လိုက်"

"ငို ... ငိုလေ ပယင်း၊ အားရအောင် ငိုလိုက်"

စိတ်ကို တင်းလည်းမတင်းပါ။ လျှော့လည်းမလျှော့ပါ။ ဘာမှမလုပ်ပါ။ ဘာမှလဲ မလုပ်နိုင်ပါ။ သူ့ဟာသူ ဖြစ်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသာ ဖြစ်နေတာပါ။ ငိုလို့မှမရတာ။ ခွန်အားမှ မရှိတာ။ ဆေးရုံပေါ်မှာ အမေရှိတုန်းကတော့ မျက်စိသူငယ်နှင့် ညတိုင်းငိုရသည်။ ဆေးရုံခုတင်ပေါ်က အသိရှိတစ်ချက် မရှိတစ်ချက် ဖြစ်နေသော အမေ့ကိုကြည့်၍လည်း ငိုရသည်။

ခုတော့ မျက်ရည်ပဲ ခန်းသွားတာလား။ ဘာများပါလဲ။ ပိန်းပိတ်အောင် မည်းမှောင်သော ရှေ့အနာဂတ်ကို သွေးမျက်နေတာလား။ ငွေမရှိ ကြေးမရှိ အိမ်မရှိ ပိုက်ဆံမရှိ။ ဆွေမျိုးလည်း မရှိ။ ဆယ်တန်းကျမှာဖြစ်တဲ့ ဆယ့်ရှစ်နှစ်မပြည့်တပြည့် မိန်းမငယ်တစ်ယောက်ရဲ့ဘဝရှေ့ရေးက ဘယ်လိုလဲ။

ရှေ့လျှောက် ဘယ်လိုနေ ဘယ်လိုစား ဘာဆက်လုပ်ရမယ်ကို မတွေးတတ် မတွေးနိုင်ဘဲ အရုပ်ကြိုးပြတ်နှင့်သာ အမြင်တွေ ပြာဝါး၍ မှောင်အတိကျနေပါသည်။

❖ ◇ ❖

"သူ့အဖေကကော"

"သူ့အဖေက မမြနဲ့ ကွဲနေတာပါ"

"အခုလာလား"

"ဟင့်အင်း"

"ဘယ်ရောက်နေမှန်းတောင် မသိတာပါ သူဌေး"





"အကြောင်းကြားလို့ မရဘူးပေါ့"

"ကျွန်မတို့ထဲမှာ သူ့အဖေကိုသိတာ တစ်ယောက်မှမရှိဘူး သူဌေး၊ မမြနဲ့ စသိကတည်းက ဒီမှာစလုပ်ကတည်းက သူတို့သားအမိနှစ်ယောက်တည်းပဲ သိတာပါ"

"သူများတွေကော မေးကြည့်သေးလား"

"ဟုတ်ကဲ့ ... အားလုံးမေးပြီးပါပြီ၊ ဘယ်သူမှကို မသိတာပါ"

"ကလေးရော မေးကြည့်သေးလား"

ဦးစစ်အေးက တိုက်နံရံကိုမှီကာ ကျုံ့ကျုံ့လေး မျက်လွှာချ ထိုင်နေသော မြပယင်းကို မေးတစ်ချက်ဆတ်ပြရင်း မေးလိုက်ပါသည်။

"ဟုတ်ကဲ့ ... သူလည်း သူ့အဖေ ဘယ်နေမှန်း မသိဘူး သူဌေး"

"ဒေါ်မြသန္တာနဲ့က ကွဲတာ ဆယ်နှစ်တောင်ကျော်ပြီ ပြောတယ်၊ ဒီကောင်မလေး ခြောက်နှစ် ခုနစ်နှစ်လောက်ကတည်းက ကွဲသွားကြတာတဲ့၊ ဒီကတည်းက ထွက်သွားလိုက်တာ လုံးဝပြန်မလာတော့တာပေါ့၊ အခုလည်း နာရေးကြော်ငြာပဲ မတွေ့လို့လားပဲ၊ လုံးဝမှ ရောက်မလာတာ"

ဦးစစ်အေးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတုန်းက သူ နှစ်ခါတော့ ရောက်ပေမယ့် ဒေါ်မြသန္တာရဲ့သမီးလေးနှင့် မဆုံပါ။ အသုဘရက်ကျမှပဲ မြင်ဖူးပါသည်။ ဒီနေ့တော့ ရက်လည်။ ငွေမရှိ ဆွေမရှိ မျိုးမရှိ၊ ပညာဆိုးခန်းမတိုင်၊ နေစရာလည်းမရှိတဲ့ ဒီတစ်ကောင်ကြွက်ကလေးမလေးကို သူ ဘာများလုပ်ပေးနိုင်သလဲ။

စိတ်မကောင်းခြင်းကြီးစွာနှင့် ဖူးနှစ်အုထွတ်နေသော ချစ်စရာမျက်နှာကလေးကို တစ်ခဏလှမ်းကြည့်နေလိုက်မိပါသည်။ သနားစရာကောင်းလိုက်တဲ့၊ ကရုဏာသက်စရာ ရုပ်ရည်ကလေးပါ။ မေးမိုန်နေတဲ့ မျက်ဝန်းလေးတွေက အရောင်အဆင်းကင်းမဲ့လို့။ သူကလေးရဲ့စိတ်တွေဟာ သူကလေးကိုယ်ထဲမှာ မရှိဘဲ ဟိုးအဝေးခွာနေသလို ဝိညာဉ်ကင်းမဲ့နေသလို ငြိမ်သေနေပုံမှာ ရင်ကို နင့်စေသည်။

"သူ့ကို နည်းနည်းစကားပြောကြည့် မေးကြည့်ရအောင်ဗျာ"

"ဟုတ်ကဲ့ သူဌေး ... ဟုတ်ကဲ့"

"ဟဲ့ ... ပယင်း၊ ဒီနားဏောလာ"

"လာ ... သမီး၊ သူဌေးက သမီးကို ပြောစရာရှိလို့"

မည်းနက်စင်းခက်ပြီး ပါးမို့စပ်ဆီ စိုက်ကျနေသော အတုလား ထင်မှားရတဲ့ မျက်တောင်ကြီးတွေ ဝဲခနဲ ပင့်တင်ကာ ကလေးမက ဦးစစ်အေးထံ လှမ်းကြည့်လိုက်ပါသည်။ အဲဒီအကြည့်ရဲ့ မျှော်လင့်ချက်ကင်းမဲ့ ဆိတ်သုဉ်းနေပုံကို ဦးစစ်အေးပင်လျှင် ရင်နာချင်သွားရပါသည်။





"လာလေ ... သမီး၊ ဒါ သူဌေးဦးစစ်အေးလေ၊ သိတယ်နော်"

မြပယင်းက ခေါင်းလေး အသာညိတ်လိုက်ပါသည်။

"လာ ...၊ သူဌေးက ပြောစရာတွေ မေးစရာတွေရှိတယ်၊ မကြောက်နဲ့သမီး ... လာ၊ သူဌေးက ညည်းကိုကူညီမှာ၊ ကြည့်ရှုမှာ၊ ဒီနားလာခဲ့"

မြပယင်းက ခေါင်းလေးတစ်ချက်ညိတ်ရင်း ရှေ့ကို ပုဆစ်တုပ်ရင်းကပဲ တိုးလာပါသည်။

"နင့်အမေကိစ္စလည်း သူဌေးပဲ အစစအဝဝ တာဝန်ယူပေးခဲ့တာပဲ၊ ဟုတ်တယ် မဟုတ်လား၊ ကိုယ့်ကျေးဇူးရှင်ပဲ ကြားလား"

စက်ရုံမှူး ဦးတင်ဦး စကားကို မြပယင်းက ခေါင်းကြီးတစ်ချက် အသေအချာ ညိတ်ပြလိုက်ရင်း ဘာမပြော ညာမပြောနှင့် ဦးစစ်အေးကို ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့လိုက်ပါသည်။

"အော် ... အင်း ... အင်း ... မလိုပါဘူး သမီးရဲ့၊ ရတယ်၊ နေ ... နေ ... မလိုပါဘူး"

ဦးစစ်အေးရဲ့လက်တစ်ဖက်က ဝဲမြောက်လာပြီးမှ ကလေးမရဲ့ခေါင်းကလေးကို မပုတ်တော့ဘဲ လက်ကိုပြန်ရုပ်လိုက်ပါသည်။

"ပယင်း ... သူဌေး သိချင်တာ ပြောပြလိုက်၊ ဖြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခေါင်းတစ်ချက်ညိတ်ပြရင်း သူ့ဌေးက [illegible]ထဲရှိသည်လို့ မျက်လုံးကြီး ဝိုင်းဝိုင်းနှင့် မော့ကြည့်ပါ [illegible]

"သမီး ... အသက်ဘယ်လောက် ရှိပြီလဲ"

"ဆယ့်ရှစ်ထဲမှာ"

"ဆယ်ရှစ်နှစ် ပြည့်ပါတော့မယ်လို့ဖြေ၊ ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေးပြော"

"ဆယ့်ရှစ်နှစ် ပြည့်ပါတော့မယ်"

"ဒေါ်လွင် ... ရပါတယ်၊ သူ့စိတ်ထဲရှိသလိုပဲ တုံ့ပြန်ပါစေ၊ ဘာမှဝင်မသင်ပါနဲ့၊ သူ့နဂိုအရှိကိုပဲ သိချင်ကြားချင်လို့ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဦးစစ်အေးက သက်ပြင်းတစ်ရှိုက်နှင့် ကလေးမကို ကြည့်ရင်း ...

"သမီး ဟိုတလောက ဆယ်တန်းဖြေတယ် ဆိုလား"

"ဟုတ်"

"ဖြေနိုင်လား"

"........."

မြပယင်းက ခေါင်းခါယမ်းလိုက်ပြီးမှ ...

"ကျွန်မ ဘိုင်အိုမှာ ခြစ်ချခဲ့တယ်"

"ခြစ်ချခဲ့တယ် ... ဟုတ်လား၊ မဖြေနိုင်လို့လား သမီး"





"ဟုတ်ကဲ့ ... ရှေ့ဘာသာတွေလည်း မရဘူး၊ နှစ်ဘာသာလောက်က ကျမှာသေချာနေလို့ပါ"

"အဲဒါ ပြောတာ သူ့ဌေးရယ်၊ ရသလောက် ဖြေခဲ့ရောပေါ့လို့၊ ကိုယ့်ကုသိုလ်ကံလေးနဲ့ မော်ဒရေးရှင်းလေး ဘာလေးလဲ ပါသွားနိုင်တာပဲလေ၊ ခုတော့ ဆယ်တန်းကျနဲ့ပဲ တစ်နေပြီပေါ့"

အခန်းနီးနားချင်း ဝန်ထမ်းအမျိုးသမီးကြီးတစ်ဦးက ဝင်ပြောလိုက်တာပင်။

"ဒါဖြင့် ဒီနှစ်တော့ ကျမယ်ပေါ့"

"ဟုတ်ကဲ့"

"နောက်နှစ် ကျောင်းနေဦးမလား၊ ဆယ်တန်းဆက်ဖြေမလား"

မြပယင်းသည် မျက်လုံးဝိုင်းကြီး ကလည်ကလည်နှင့် ဘေးလူတွေကို အကူညီတောင်းသလို လိုက်ကြည့်လိုက်ပါသည်။

သူ့ဌေးကို ဘယ်လိုပြန်ဖြေရမယ် မသိပါ။

"သမီးစိတ်ထဲ ရှိတာပြော၊ သူများတွေ ဘာပြောမလဲ မစဉ်းစားနဲ့၊ ဖြစ်ချင်တာကိုပြော၊ အမှန်အတိုင်း ဦးကသိချင်တယ်"

"ကျွန်မ ..."

"အင်း"



www.burmeseclassic.com

www.burmeseclassic.com


"[illegible] ဖြေခွင့်ရရင်တော့ အောင်မှာပါ"

"[illegible] ... ဟုတ်ပြီ၊ နောက်နှစ် အောင်အောင်ဖြေမယ်

[illegible]"

"[illegible]"

"ပြန်ဖြေချင်တယ်ပေါ့"

"ဟုတ်ကဲ့၊ ဘယ်လိုနည်းနဲ့ဖြေရ ဖြေရ ဖြေချင်ပါတယ်၊ ဆယ်တန်းလေးတော့အောင်မှ ကျွန်မ ရပ်တည်လို့ရမှာမို့ပါ၊ ဆယ်တန်းကျနဲ့တော့ ကျွန်မ ဘာမှလုပ်လို့ ရမှာမဟုတ်ပါဘူး"

"ဒါပေါ့၊ သမီးခေါင်းထဲမှာ ခုချိန်မှာ ဒီစိတ်ကူး ဒီအတွေး ရှိနေတာ သိပ်ကောင်းတာပဲ၊ ချီးကျူးပါတယ် သမီး၊ ဒီတော့ ဘယ်နည်းနဲ့မဆို သမီး နောက်နှစ် ဆယ်တန်း ပြန်ဖြေကို ဖြေရမယ်ဆိုတာ ယုံကြည်စိတ်ချထားလိုက်တော့ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"သမီး စိတ်ပြေလက်ပျောက်ရှိတဲ့ အချိန်ကစပြီး စာအုပ်တွေပြန်ဖွင့်၊ စာပြန်ကျက်ဖို့ ပြင်လိုက်တော့"

"ဟုတ်ကဲ့"

"ဆွေမျိုးသားချင်း ရှိလား"

"........."

မြပယင်းက ခေါင်းခါသွားရပါသည်။



"သမီး သိလား"

"သိပ်မသိပါဘူးရှင့်"

"အမေက မပြောဖူးဘူးလား"

"အမေက မောင်နှမရင်းတော့ မရှိပါဘူး၊ ဦး ... အဲ ... သူ့ရွေး"

"ဦးဝဲခေါ်ပေါ့ ... ရပါတယ်၊ တခြားဆွေမျိုးတွေရော"

"ဝမ်းကွဲတချို့တော့ သံဖြူဇရပ်ဘက် ရှိတယ်လို့ ပြောဖူးပါတယ်၊ ဒါပေမဲ့ ဘယ်အမျိုးမှ အမေနဲ့ဆက်သွယ်တာ မတွေ့ဖူးပါဘူး"

"မခေါ်ပြောတာ ... မဆက်ဆံတာလား"

"အဲသလိုတော့ မဟုတ်ဘူး ထင်ပါတယ်၊ ကျွန်မ ဆယ်နှစ် ဆယ့်နှစ်နှစ်လောက်တုန်းက တစ်ခါ မြို့ထဲ သံချေးနားမှာ အမေ့အမျိုးတစ်ယောက်နဲ့ လမ်းမှာတွေ့ဖူးပါတယ်၊ အဲဒီတော့လည်း ဝမ်းသာအားရ နှုတ်ဆက်ကြပါတယ်၊ နယ်က လူကလည်း နယ်ကနေ ဒီကို တော်ရုံမလာနိုင်၊ အမေက လည်း နယ်ကို တော်ရုံမပြန်နိုင်လို့ ဖြစ်ပါလိမ့်မယ် ...

ဟိုး မနှစ်တစ်နှစ်ကလည်း အမေ့တူဝမ်းကွဲတစ်ယောက်နဲ့ လှည်းတန်းဘက်မှာ ဆုံပါသေးတယ်၊ သူက ရန်ကုန်မှာ နှစ်လလောက်နေပြီး မလေးရှားကို အလုပ်သွားလုပ်ဖို့ ထွက်ဖို့ ကြိုးစားနေတာပါ၊ အမေ့တူဝမ်းကွဲတဲ့၊ သူ့ကိုတော့ အမေက ကျွန်စစ်သားအိမ်ရာမှာ နေတယ်ဆို


www.burmeseclassic.com

www.burmeseclassic.com



တာ ပြောဖူးလို့ သူသွားခါနီးရက်မှာ ရှာဖွေရောက်လာပြီး နှုတ်ဆက်ပါတယ် ...

ကျန်တာတွေတော့ ကျွန်မ မသိပါဘူး ဦး"

"အဖေဘက်ကရော"

"မသိဘူး ဦး"

"အဖေ ဘယ်နားနေတယ်လဲ မသိဘူးလား"

"အဖေက နောက်အိမ်ထောင်နဲ့ပါ"

"ဪ ... ဟုတ်လား၊ လိပ်စာသိလား"

"မသိပါဘူး"

"အဆက်အသွယ် မရှိဘူးပေါ့"

"ဟုတ်ကဲ့"

ဦးစစ်အေးက အရွယ်နှင့်မလိုက်ဖက်အောင် နွမ်းနယ် နေတဲ့ မျက်နှာကလေးကို ကရုဏာသက်သက် ရင်နင့်နင့်နှင့် စိုက်ကြည့်နေမိပါသည်။ သူလေးရဲ့ရှေ့အနာဂတ်ခရီးဟာ ဒီအတိုင်း ဆိုရင် စမ်းတဝါးဝါးပါလား။

ဒီမေးခွန်းတွေ မေးမြန်းစုံစမ်းနေရတာကိုတောင် အားနာလာပါသည်။ ဒါတွေကို ဖြေနေရတာကိုက သူကလေးရဲ့ ဘဝရဲ့ မလှပ မပြည့်စုံမှုကို အထပ်ထပ်အခါခါ ပြန်ပြီးရေရွတ် နှလုံးသွင်းနေရသလို သူ့မှာ ရင်နာသထက် နာချင်စရာ ဖြစ်နေ [illegible] ရှာမှာ။

"ကျွန်မ ... ကျွန်မ"





မြပယင်းက ခေါင်းလေး ပိုငုံ့ကျသွားကာ တုန်တုန် ယင်ယင်လေး ဖြစ်လာပါသည်။

"ကျွန်မ ..."

"ပြော ... သမီး၊ ပြောစရာရှိတာပြော၊ ဘာကိုမှ ဘယ်သူ့မှ အားမနာနဲ့၊ မရှက်ကြောက်နဲ့ ... ပြော"

"ဟို ... ဦး... ဦးရဲ့စက်ရုံမှာ အလုပ် ... အလုပ်လိုချင်ပါတယ်"

ဦးစစ်အေးက တိတ်သွားပြီး မြပယမင်းကို စိုက် ကြည့်နေပါသည်။

"ဦး ... ပေး ... ပေးနိုင်ရင်၊ အလုပ်ကလေး တစ်ခုခု"

"သမီးက အလုပ်လုပ်ချင်လို့လား"

"ဟုတ်ကဲ့"

"စာမေးပွဲ ပြန်ဖြေချင်တယ်ဆို"

"ဟုတ်ကဲ့"

"အလုပ်လုပ်ချင်တာလား စာမေးပွဲ ဖြေချင်တာလား"

"စက်ရုံမှာ အလုပ်လုပ်မှ ကျွန်မ ဒီအိမ်ခန်းတွေမှာ ဆက် နေခွင့် ရနိုင်ဦးမှာပါ၊ ကျွန်မ တခြားနေစရာနေရာ မရှိလို့ ပါ၊ ပြီးတော့ ... စား ... စားဝတ်နေရေးအတွက် ..."

တုန်တုန်ခိုက်ခိုက် ဖြစ်နေတဲ့ ခန္ဓာကိုယ်လေးကို ဘေးက မမမှုက ဖက်ထားပေးလိုက်ပါသည်။ အနီးက မျက်ရည် လွယ်တဲ့ အမျိုးသမီးတချို့ မျက်ရည်သုတ်သူကသုတ်၊ မျက်တောင် ခတ်ခတ်သူကခတ် စိတ်မကောင်း ဖြစ်ကုန်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြပယင်းကတော့ မျက်ရည်ကျလို့ မရအောင် ဖြစ်နေသလို နာကျင်နေတဲ့ မျက်လုံးကလေးတွေက ခြောက်သွေ့နေပါသည်။

"သမီးက နေဖို့နဲ့ စားဖို့အတွက် စက်ရုံက အလုပ်ကိုလိုချင်တာ၊ ဒါပေမဲ့ စာမေးပွဲဖြေချင်တဲ့ ဆန္ဒကတော့ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

မြပယင်း အသံက မထွက်သလောက် တိမ်ဝင်နေသည်။

"သမီးရှေ့ရေးအတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးဖို့ ဆုံးဖြတ်ထားပြီးသား၊ စာမေးပွဲကတော့ ဖြေကိုပြန်ဖြေရမယ်၊ ကျန်တာတွေက ဦးက ဒီကလူကြီးသူမတွေနဲ့ ကြည့်ရှုတိုင်ပင်ပြီး စီစဉ်သွားမှာ၊ နေဖို့စားဖို့အတွက်ဆိုရင်တော့ အလုပ်လုပ်စရာ မလိုဘူး သမီး"

"အေးလေ ... ဟုတ်တာပေါ့၊ အလုပ်ဝင်လုပ်နေတော့ နင်ဘယ်အချိန် ကျောင်းတက် စာကျက်မတုန်း"

ဦးတင်ဦးက ဝင်ပြောလိုက်၍ မြပယင်းက ပါးစပ်ပိတ်ထားလိုက်ပါသည်။ တကယ်တော့ ဒီအခန်းမှာ ဆက်နေခွင့်ရဖို့ရယ် စားစရာအတွက် လခရဖို့ရယ် မျှော်လင့်ကြည့်မိတာက လွဲရင် မြပယင်း အလုပ်မလုပ်ချင်ပါ။ မြပယင်းသည် သူ့မှာနေစရာရော ပိုက်ဆံတစ်ပြားမှရော မရှိဘဲနှင့် တစ်နှစ်လုံးလုံး ဘယ်





လိုနေထိုင် ရပ်တည်ရမည်ကို ရှင်းရှင်းတွေးမရဘဲ ဦးစစ်အေးမျက်နှာကိုသာ မျှော်လင့်တကြီး ခိုးကြည့်နေမိပါသည်။

ငြိမ်းချမ်းတင့်တယ်သော သူဌေးရဲ့ရုပ်ရည်ဟာ စိတ်သဘောကောင်းသူတစ်ယောက်ဆိုတာ သိသာစေပါသည်။ သူ့မျက်နှာမှာ ရောင်လျှံတစ်မျိုး လင်းဖြာနေသလိုပဲလို့ စိတ်က ပြုံးချင်မိသည်။

"ဒီကလေးမှာက ဆွေမျိုးမိဘထဲက လူကြီးသူမ မရှိဘူးဆိုတော့ ကျွန်တော့်အနေနဲ့ မန်နေဂျာ ဦးတင့်ဆွေအောင်၊ လက်ထောက်မန်နေဂျာ ဒေါ်လွင်လွင်၊ စက်ရုံမှူး ဦးတင်ဦး ဒါတွေကိုပဲ ဒေါက အသိသက်သေ လူကြီးသူမတွေ နေရာထားပြီး တိုင်ပင်ရ ပြောပြရမှာပဲ"

"ဟုတ်တဲ့ ... သူဌေး"

"ဟုတ်ကဲ့ ... ပြောပါခင်ဗျ"

"သူကလေးကို ကျွန်တော် လူတစ်လုံး သူတစ်လုံး ဖြစ်တဲ့အထိ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့ အနေအထားရောက်တဲ့အထိ ပြုစုမျိုးထောင်စောင့်ရှောက်ပေးသွားဖို့ ဆုံးဖြတ်ပါတယ်၊ ဆယ်တန်းအောင်ရုံ မဟုတ်ပါဘူး၊ သူဆက်တက်ခွင့်ရတဲ့ ပညာရပ်နဲ့ သူ့ဘဝရပ်တည်ဖို့ အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခု ခိုင်မာတဲ့အထိ တာဝန်ယူစောင့်ရှောက်သွားပါမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ ... ဒီမှာဆက်နေရင် နောက်နှစ် သူ့ကို ကျွန်တော်ထားပေးမယ့် ကျူရှင်ဝိုင်းတို့ စာကျက်ဂိုဒ်တို့ စသဖြင့် ဒီကိုလာဖို့ရာက ခရီးဝေးတယ်၊ တော်ရုံလာသင်ပေးနိုင်ဖို့ မလွယ်ဘူးလို့ ထင်တယ်၊ ဒီတော့ သူ့ကို တခြားတစ်နေရာ ရွှေ့ထားလိုက်မယ်လို့ ဆုံးဖြတ်လိုက်ရင် သူနဲ့အတူနေ အဖော်သဟဲ လိုပါတယ်၊ အဖော်သဟဲတင် မကပါဘူး၊ မလှမ်းမကမ်း မျက်ခြည်မပြတ် ကြည့်ရှုကွပ်ကဲ နေနိုင်ဖို့ Guardian တစ်ယောက်လည်း လိုပါတယ်"

အားလုံးက ဦးစစ်အေး စကားကို စိတ်ဝင်တစား နားထောင်နေပါသည်။

"အမှန်တကယ် အလွယ်ကူဆုံးက ဒီကလေးမကို ကျွန်တော့် အိမ်ပေါ်မှာ အခန်းတစ်ခန်းပေးပြီး မျက်စိအောက်တင် စောင့်ရှောက်ထားပြီး စာသင်တာတွေ ဘာတွေလဲ အိမ်က တစ်ဆင့် ဒါမှမဟုတ် အိမ်ကိုခေါ်တာမျိုး လုပ်နိုင်ရင် တကူးတက အဖော်အလှော်တွေတောင် စီစဉ်နေစရာမလိုပါဘူး ...

မွေးစားသမီး သဘောမျိုးပေါ့၊ အဲဒါဆိုရင် အလုပ်အရှင်းဆုံးလို့ ယူဆပေမယ့် ကျွန်တော့်မိန်းမ မဝင်နီက ဒီအစီအစဉ်ကို သဘောတူမယ် မထင်ဘူး"

မြပယင်းက ဦးစစ်အေးကို ငေးခနဲ စိုက်ကြည့်လိုက်မိပါသည်။





"ဒီတော့ နေရာသီးသန့်လေးတစ်ခု စီစဉ်ပေးမယ်၊ အဖော်တစ်ယောက် စီစဉ်ပေးမယ်၊ အဲဒီအပြင်မှာမှ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်တဲ့ လူပြောလွတ်အောင် စီစဉ်တဲ့အနေနဲ့ ဟောဒီမှာရှိတဲ့သူထဲက တစ်ယောက်ယောက်နဲ့ နီးနီးနားနား မျက်စိအောက် မြင်နေနိုင်တဲ့ တစ်နေရာရာဖြစ်ရင် သင့်တော်မယ်လို့ စဉ်းစားကြည့်တဲ့အခါ အသင့်တော်ဆုံးဖြစ်မယ်ထင်တာ ဒေါ်လွှင်လွှင်"

ဒေါ်လွှင်လွှင်က နားစွင့်စဉ်းစားနေပါသည်။

"ဒေါ်လွှင်လွှင်က အမေရယ် ကြီးတော်ရယ်နဲ့နေတဲ့ အိမ်ထောင်သည်မဟုတ်တဲ့ အပျိုကြီးတစ်ယောက်လည်း ဖြစ်တယ်၊ သူ့ပညာရေးကအစ မျက်စိအောက် အဆင်မပြေရင် အမြင်မတော်ရင် ကျွန်တော့်ကို ဆွေးနွေးနိုင် သတင်းပို့နိုင်တာမျိုးလည်း လုပ်နိုင်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကြည့်ရှုစောင့်ရှောက်ပေးနိုင်တယ်ပေါ့ဗျာ ...

ဒီတော့ ဒေါ်လွှင်လွှင်တို့ အိမ်နားမှာ ဒီကလေးကို တစ်နေရာလေး သီးသန့်ထားဖို့များ အဆင်ပြေနိုင်တဲ့ ..."

"ကျွန်မတို့ရဲ့ အပေါ်ထပ်ခန်းက ငှားဖို့ရှိနေပါတယ် သူဌေး"

ဒေါ်လွှင်လွှင်က သွက်သွက်လက်လက် လိုလိုလားလားပင် ပြောလိုက်ပါသည်။

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဓိန်ဂေဟာ အပေါ်ဆိုတော့ ငှားခကတော့ ဈေးနည်းနည်းများပါတယ်"

"ဘယ်လောက်လဲ"

"တစ်သိန်းခွဲ နှစ်သိန်းတော့ ရှိမယ်ထင်ပါတယ် သူဌေး"

ဦးစစ်အေးက တစ်ချက် စဉ်းစားလိုက်ပြီး ...

"ငှားလိုက်ပါလား ဒေါ်လွင်၊ တစ်နှစ်စာချုပ် ချုပ်လိုက်တာပေါ့၊ လှည်းတန်းဆိုတော့ တချို့ကျူရှင်တွေ အဲဒီနားတစ်ဝိုက်မှာ နာမည်ကြီးတာတွေလည်း ရှိပါတယ်၊ သွားရတာက်ရလွယ်တာပေါ့၊ တဝေးတလံ တတန်တက ကားစီးမနေရတော့ဘူးပေါ့၊ အထက်တန်းကျောင်းတွေလည်း နီးတယ်၊ အဲဒီနားက အစစအရာရာ အဆင်ပြေတယ်"

အားလုံးဟာ ဦးစစ်အေး ရင်းနှီးမြှုပ်နှံသုံးစွဲပေးမည့် ငွေကြေးပမာဏကို တွက်ချက်ကာ အံ့အားတသင့် ရှိကြသည်။ သူတို့လို လုပ်ငန်းရှင်သူဌေးတွေအတွက် ဒီငွေပမာဏလောက်ဟာ မပြောပလောက်ဘူး မှန်ပေမယ့် ကိုယ့်ကိစ္စသုံးရမှာ မဟုတ်ဘဲ သူစိမ်းသက်သက်ကို ကြည့်ရှုစောင့်ရှောက် ပျိုးထောင်ပေးဖို့ နေရင်းထိုင်ရင်း သုံးစွဲကျခံပေးရမှာ ဖြစ်တဲ့အတွက် အံ့ဩစရာတော့ ဖြစ်နေတာပင်။

"ဒေါ်မြသန္တာက လုပ်ငန်းခွင် တာဝန်ချိန်မှာ ဖြစ်ရတဲ့ accident နဲ့ကွယ်လွန်ရတာဖြစ်တဲ့အပြင် သူလေးခများလည်း တစ်ကောင်ကြွက် အားကိုးရာမဲ့ဖြစ်တော့ တခြားလည်း





တာဝန်ဝန်ယူနိုင်သူမှ မရှိတာ၊ သနားစရာကောင်းပါတယ်ဗျာ၊ ပညာဒါနလည်းပြုရင်း သူ့ခြေထောက်ပေါ် သူရပ်နိုင်တဲ့အထိ တာဝန်ယူလိုက်ပါ့မယ်၊ ကုသိုလ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## ၂

တံခါးလာဖွင့်လိုက်သူက မြပယင်း ဖြစ်နေတာကို မြင်လျှင် ဒေါ်လွင်လွင်က ...

"ဒေါ်တူးမာရော"

"ရှိပါတယ်"

ထာဝစဉ် စကားနည်းလှတဲ့ ကလေးမက လိုရင်းပဲ ဖြေကာ ဒေါ်လွင်လွင် အိမ်ထဲရောက်လျှင် တံခါးပြန်ပိတ်လိုက်ပါသည်။ ဒေါ်လွင်လွင်က ဧည့်ခန်းမှာ တီဗီထိုင်ကြည့်နေတဲ့ ဒေါ်တူးမာကို လှမ်းကြည့်ရင်း ...

"စားပြီးကြပြီလား"

"ဟုတ်ကဲ့၊ ခဏနော် အန်တီလွင်"

မြပယင်းက နောက်ဖေးမီးဖိုချောင်ဘက် အပြေးတစ်ပိုင်းလေး ဝင်သွားပါသည်။ မြပယင်းကို လိုက်မျှော်ကြည့်နေရင်းက ဒေါ်လွင်လွင်က ဒေါ်တူးမာကို စိတ်အနှောင့်အယှက်ဖြစ်





ဖြစ်နှင့် လှမ်းကြည့်လိုက်ပါသည်။ တီဗီက ကိုရီးယားကားကို အသံအကျယ်ကြီးဖွင့်ပြီး ကြည့်နေသည်မှာ သူ့အာရုံနှင့်သူ ဘေးဘီတောင်မသိဘဲ ဖြစ်နေပုံပင်။

ဒေါ်လွင်လွင်ဘက် ကျောခိုင်းနေ၍ ဒေါ်လွင်လွင့်ကိုလည်း သူ မတွေ့။ ဒေါ်လွင်လွင်က နောက်ဖေးဘက်လိုက်ဝင်သာခဲ့ကာ မီးဖိုပေါ်က အိုးတစ်ခုကို တရှဲရှဲ မွှေနေသော မြပယင်းနား သွားရပ်လိုက်ရင်း ...

"ဘာတွေလုပ်နေတာလဲ ပယင်း"

"မနက်စာအတွက် ဟင်းလုံးနေတာပါ"

"မနက်ဘာလုပ်စရာရှိလို့လဲ"

"မရှိပါဘူး"

"ဒါဖြင့် မနက်မှချက်လည်း ရတဲ့ဟင်း မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါကို စာမကျက်ဘဲ သမီးက ဘာဖြစ်လို့ ညကတည်းက အရေးတကြီး လုံးနေရတာလဲ"

"........."

"ကဲ ... အန်တီ့ကိုပြောစမ်း ပယင်း၊ ဘာအကြောင်းရှိလဲ"

"ဟို ... မနက်ပိုင်း ကျူရှင်သွားခါနီး စားသွားဖို့ ဟင်းမရှိလို့ပါ အန်တီလွင်"

"မနက်ပိုင်း ကျူရှင်က ကိုးနာရီမှ မဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နေ့ထိုးနာရီမှာ ထမင်းတစ်အိုး၊ ဟင်းတစ်အိုးတောင် မကျက်ဘူးလား"

"........."

ဒေါ်လွှင်လွှင် မျက်နှာခပ်တင်းတင်းဖြစ်သွားရရင်း ...

"ဒေါ်တူးမာ စနက်ဘယ်နှနာရီ အိပ်ရာကထ,လဲ"

"........."

မြပယင်းက မဖြေဘဲ ဟင်းအိုးကိုပဲ မဲမွှေနေပါသည်။ ဒေါ်လွှင်လွှင်က သက်ပြင်းတစ်ချက်နှင့် ...

"သမီးတာဇန်က စာသေချာကျက်ဖို့နော် ပယင်း၊ ဦးစစ်အေးရဲ့စေတနာကို တန်ဖိုးထားတဲ့အနေနဲ့ ဒီနှစ် သမီး ဆယ်တန်းအောင်ကို အောင်ရမှာနော် ပယင်း"

"ဟုတ်ကဲ့ ... ပယင်း နားလည်ပါတယ်၊ အောင်အောင် ဖြေပါ့မယ်"

"ဒီတော့ စာကိုပဲ အာရုံစိုက်ပြီးလုပ်ပါ ပယင်း"

ဒေါ်လွှင်လွှင်က အိမ်ရှေ့ပြန်လျှောက်လာရင်း အသံမြှင့်၍ ...

"ဒေါ်တူးမာ"

"ဟင် ... ရှင် ... မမ"

ဒေါ်တူးမာသည် ခုမှ ဒေါ်လွှင်လွှင်ကိုမြင်ကာ ဆက်တီခုံပေါ် ခြေတင်ထိုင်နေရာမှ ကိုးရိုးကားရား ကိုယ်ဟန်ပျက်ကာ ခြေချမတ်တတ်ရပ်၊ တီဗီအသံကိုပါ ရီမုတ်နှင့် တိုးလိုက်ရင်း ...





"မမ ... ဘယ်တုန်းက ရောက်လဲ"

ဒေါ်တူးမာက ဒေါ်လွှင်လွှင်ထက် သုံးလေးနှစ်လောက်ကြီးနိုင်တဲ့ ငါးဆယ်နားနီးအရွယ် ဖြစ်သေမယ့် လက်ထောက်မန်နေဂျာ ဒေါ်လွှင်လွှင်ကို အများကခေါ်သလို မမပဲ ခေါ်ပါသည်။ ဒေါ်တူးမာသည် အရင်က လှိုင်သာယာစက်ရုံမှာ သန့်ရှင်းရေးဝန်ထမ်း။ သူ့သမီးရော သမက်ပါ စက်ရုံမှာ ဝန်ထမ်းတွေပင်။ ကျွန်စစ်သားအိမ်ရာမှာပဲ နေကြသည်။

ဒေါ်တူးမာကို ဒေါ်လွှင်လွှင့် တင်ပြမှုနှင့် ဦးစစ်အေးက ရွေးချယ်ပြီး မြပယင်းနှင့် အတူတကွ ထားခဲ့တာဖြစ်သည်။ ချက်ပြုတ်လျှော်ဖွပ်နှင့် အိမ်ဝေယျာဝစ္စအားလုံး လုပ်ကိုင်ဖို့ လခသီးသန့်ပေး ခေါ်ထားတာပင်။

"ကျွန်မ ဘဲလ်တီးတာ၊ ပယင်း တံခါးထွက်ဖွင့်တာ၊ အိမ်ထဲကို လူတစ်ယောက် ဝင်လာတာကိုတောင် မသိအောင် ဒီလောက် အသံကျယ်ကြီးနဲ့ တီဗီ ကြည့်နေရသလား ဒေါ်တူးမာ၊ သတိလက်လွတ်နိုင်လိုက်တာ"

"အဟင်း ... အဟင်း၊ ဇာတ်ကားထဲ အာရုံဝင်စားသွားလို့ပါ မမ"

"တီဗီကိုလည်း ဒီလောက် အာရုံထားမနေနဲ့ ဒေါ်တူးမာ၊ တီဗီဆိုတာ ဒေါ်တူးမာ ဘာမှလုပ်စရာမရှိတော့တဲ့ အချိန်အားကျမှ ကြည့်ရမှာ၊ အလုပ်ကိုထားပြီး တီဗီကြည့်နေစရာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်ပြီးလို့ တီဗီကြည့်တာပါ"

"နောက်ဖေးမှာ ပန်းကန်တွေ မဆေးရသေးဘဲ ပုံထားတာလည်း တွေ့ခဲ့တယ်"

"ခဏနေ ဆေးမှာပါ"

"ခဏနေဆေးမှာ မလုပ်နဲ့၊ ဆေးစရာထွက်လာတာနဲ့ ချက်ချင်းဆေးရမှာလေ၊ ပြီးတော့ ပယင်းက နောက်ဖေးမှာ ဟင်းချက်နေရပါလား"

ဒေါ်တူးမာ မျက်နှာက ပျက်သွားပြီး ...

"မချက်နဲ့ပြောလည်း သူက ဝင်ချက်နေတာပဲ မမရဲ့၊ ပြောစကားမှ နားမထောင်တာ"

"သူ့ကိုမချက်နဲ့ ပြောရုံနဲ့ ပြီးမလား၊ ရှင်ချက်ရမှာပေါ့"

"ညဘက် ဟင်းချက်ဖို့မှ မလိုတာ မမရဲ့"

"မနက်မှ ရှင်ထချက်တာ သူ ကျူရှင်မသွားခင်စားဖို့ မီလား"

"မီသားပဲ မမရဲ့"

"ရှင် ကျွန်မကို မဟုတ်တာတွေတော့ မပြောနဲ့ ဒေါ်တူးမာ၊ အမှန်တိုင်းပြောပါ၊ သူ ကျူရှင်မသွားခင် စားသွားစရာ ဟင်း အမီမကျက်လို့လို့ ပယင်း ပြောတယ်"

"ဒါ တစ်ခါ နှစ်ခါပါ"

"တစ်ခါ နှစ်ခါလည်း မဖြစ်ရဘူး၊ ဟင်းကလည်း ဘာမှ နှစ်မျိုးသုံးမျိုး ဖွယ်ဖွယ်ရာရာ လုပ်နေရတာ မဟုတ်ဘူး





ထမင်းတစ်အိုး ဟင်းတစ်ခွက်ပဲ ချက်ရတာလေးကို ရှင်က ဘာဖြစ်လို့ အချိန်မမီတာလဲ"

"မီတာများပါတယ်၊ ဒီကောင်မလေးကလည်း အသည်းပိုလွန်းပါတယ်"

"ရှင် ဒီလိုပြောစရာ မလိုဘူးလေ၊ တစ်ရက်ပဲ မမီတာမျိုးလည်း လက်မခံနိုင်ဘူး၊ ဗိုက်ဟောင်းလောင်းနဲ့ စာဘယ်လို သွားသင်မလဲ၊ တခြားလည်း ဘာမှစားသွားဖို့ရှိတာ မဟုတ်ဘူး၊ ဒီထမင်းဟင်းပဲ စားသွားရမှာ၊ ရှင် တာဝန် မကျေပွန်ရင် ကျွန်မ ဒီမှာမထားဘူးနော် ဒေါ်တူးမာ၊ ပယင်းနဲ့ရှင် နှစ်ယောက်စာ အိမ်ဝေယျာဝစ္စက ဘာရှိလို့လဲ၊ ရှင့်ကို ဒီမှာခေါ်ထားတာကိုက ပယင်း စိတ်ဖြောင့်ဖြောင့် နောက်ကြောင်းအေးအေး စာသင်နိုင် စာကျက်နိုင်ဖို့လေ၊ မီးဖိုချောင်ကိစ္စ အိမ်ကိစ္စတွေ သူ ဝင်လုပ်နေစရာ အကြောင်း မရှိဘူး၊ သူ့ဒွေးက သူ့ကို စာပဲတစ်ချိန်လုံး ကျက်စေချင်တာ"

"နောက် မလုပ်စေရပါဘူး"

ဒေါ်တူးမာသည် ဒီမှာထက် အဆတစ်ရာပင်ပန်းတဲ့ စက်ရုံတွင်း သန့်ရှင်းရေးကို ပြန်မလုပ်ချင်တော့ပေ။ ဒီမှာက အိမ်မှုကိစ္စလေးပြီးရင် နေ့လယ်ကျ အိပ်နေလို့ရပြီး ညကျတီဗီနှင့် ငြိမ့်နေလို့ရသည်။ သက်သာသည်။

"မလုပ်စေရဘူးဆိုရုံနဲ့ မရဘူး၊ ရှင်ကလုပ်မှ သူ မလုပ်ရမှာပေါ့၊ ရှင်က အားလုံးတာဝန်ကျေအောင် လုပ်ရမှာ၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင် အိပ်ရာမထလို့ မနိုးဘူးဆိုရင် ဟင်းကို ခုလိုည ကတည်းက လုံးထားရမယ်ဆိုရင်လည်း ရှင်ပဲလုပ်ပေါ့၊ ပယင်းက ဘာဖြစ်လို့ ဝင်လုပ်နေရမှာလဲ၊ ဒီလိုညဦးမိုင်း ဆိုတာ သူ စာကျက်နေရမယ့်အချိန်”

“သူစာကျက်ချိန် ရပါတယ်”

“ရတယ် မရဘူး ဒေါ်တူးမာ ပြောစရာမဟုတ်ဘူး၊ အချိန် ပြည့် စာကျက်နေရမှာ၊ စာဆိုတာ နည်းနည်းရရင်တော်ပြီ လို့ ရပ်ထား နှပ်ထားရမယ့်ဟာလည်း မဟုတ်ဘူး၊ ရသ ထက်ရ ပိုင်သထက်ပိုင်အောင် ခွန်အားရှိသရွေ့လုပ်နေရမှာ၊ ပယင်းကို ဘာအလုပ်တစ်ခုမှ ဝင်မလုပ်ပါစေနဲ့ ဒေါ်တူးမာ၊ ကျွန်မ သတိပေးထားတယ်နော်”

“ဟုတ်ကဲ့”

“သူ့ငွေးကြိမ်းတာတော့ ကျွန်မ မခံချင်ဘူး၊ ဒေါ်တူးမာနဲ့ အဆင်မပြေရင် ကျွန်မ လူလဲပစ်မှာ”

“မလဲပါနဲ့ မမ၊ ကျွန်မ တာဝန်ကျေအောင် လုပ်ပါ့မယ်”

“အင်း ... ပြီးတာပဲလေ၊ ဒေါ်တူးမာ ဒီမှာနေရတာ ကိုယ့်စားစရိတ်ပါပျောက်ပြီး ရသမျှလခ အသားတင်ဖြစ် တာ မဟုတ်လား၊ ကျန်စစ်သား အိမ်ရာထက်လည်း ကောင်းကောင်းမွန်မွန် ပိုနေရတယ် မဟုတ်လား၊ ပယင်း ကို ကျောင်းစာကလွဲလို့ ဘာမှမလုပ်စေနဲ့၊ သူ့ဟာသူ အချိန်ပိုရင်လည်း နားချင်နားနေပစေ”





“နားရတာပါပဲ၊ မင်းသမီးလို့ အထားတာပါ မမရယ်”

“မဟုတ်တာတွေ လျှောက်မပြောနဲ့ ဒေါ်တူးမာ၊ အပြောနဲ့ မပြနဲ့၊ အလုပ်နဲ့ လက်တွေ့ပြပါ။ ကုလားထိုင်တွေလည်း ဖုန်နဲ့၊ ဘယ်နှလ ရှိသေးလို့လဲ၊ နေ့တိုင်းဖုန်မလှဲလို့ ခုလို ဖျက်နေတာ၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး သပ် သပ်ရပ်ရပ်နေမှပေါ့ ဒေါ်တူးမာ”

“ဟုတ်ကဲ့”

“ကျွန်မ လာလာကြည့် လာလာမေးနေမှာ”

“ဟုတ်ကဲ့”

“ပယင်းကိုလည်း ရန်မရှာနဲ့ဦး၊ တည့်အောင်နေ”

“တည့်အောင်ပဲ နေတာပါ ၊ မကလည်း၊ သူ့မျက်နှာကြည့် နေရတာပါ”

အပိုတွေပြောနေတဲ့ ဒေါ်တူးမာကို ဒေါ်လွင်လွင်က ဘာဆက်မနေတော့ပါ။

“ကျွန်မက အစားဆိုလည်း သူ့ပဲ စားဦးစားဖျား ကျွေးတာ ပါ၊ ဘာမှလဲ မခိုင်းပါဘူး၊ သူ့ဟာသူ မနေနိုင် မထိုင်နိုင် ဝင်လုပ်နေတာပါ၊ တားလို့မှ မရတာ”

“ရအောင် တားရမှာပေါ့၊ ကိုယ့်တာဝန်ကို သူဝင်ယူပြီးလုပ် နေတာ ကြည့်မနေနဲ့ပေါ့၊ ကဲ ကဲ ... သွား ... နောက်ဖေး က ပယင်းချက်နေတဲ့ဟင်းအိုး သွားဆက်ချက်ချည်”



www.burmeseclassic.com

www.burmeseclassic.com



နေပြီမို့လို့ပဲ၊ အဲဒီကြည်နူးပီတိကို ဆက်ပိုင်ဆိုင်ချင်နေ
သေးတယ် ...

အဲဒါ ငါဖော်ပြတတ်တဲ့ ငါ့ရဲ့ခံစားချက်ပဲ မြပယင်
ကလေးတစ်ယောက်ကို တွေးစရာတွေနဲ့ ခေါင်းမရှုပ်စေချ
ပါဘူး၊ ဒီတော့ မင်း ဘာမှစဉ်းစားမနေနဲ့၊ မင်းကိုစော
ရောက်ထားရခြင်း အပေါ်မှာ ငါ လှုဖြစ်ကျူးနပ်နေတာ
နားလည်တယ်နော်"

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့"

ခေါင်းကို ရှေ့တိုးမေးလိုက်တဲ့အတွက် မြပယင်း
သူ့ရဲ့ခေါင်းလေးကို နောက်ဘက်ယိုင်ဆုတ်ရင်း မျက်တောင်လေ
ပုတ်ခတ်၍ အလန့်တကြား ဖြေလိုက်ပါသည်။

"အဲဒီ ဒေါ်ဝင်နီ ဆိုတဲ့ အမျိုးသမီးဟာ မင်းနဲ့ဘာမှမဆို
ဘူး၊ မင်းဘဝကိုလည်း ဘာမှဝင်စွက်ဖက် ခြယ်လှယ်ပို
ခွင့်ရှိစရာ အကြောင်းမရှိဘူး၊ မင်းဘက်ကလည်း သူ့အဖြ
သူ့အထင် သူ့အတွေးတွေကို ဘာဂရုမှ စိုက်နေစ
အကြောင်းမရှိဘူး၊ အချိန်ကုန်တယ်၊ အလုပ်ပျက်တယ်
ခရီးဖင့်တယ် ... ကြားလား"

"ဟုတ် ... ဟုတ်"

"မင်းနဲ့တင်မကဘူး၊ များမကြာမီမှာ ငါနဲ့လည်း ဘာမှ
ဆိုင်တော့ဘူး၊ ဒါဖြင့် ဒီအမျိုးသမီးကို မင်းတို့ ငါ
ခေါင်းတွေထဲက ထုတ်လိုက်ကြရင် မကောင်းဘူးလား





"ဟုတ် ... ဟုတ်"

တစ်ခွန်းပြီးတစ်ခွန်း ဆင့်ကဲထွက်လာတဲ့ မေးခွန်းတို့ကို ခေါင်းလေးနောက်ယိမ်းထားဆဲကပဲ တစ်ခွန်းပြီးတစ်ခွန်း ခေါင်းညိတ်လက်ခံနေရသော မြပယင်းရဲ့ မျက်လုံးလေးက ဝိုင်းဝိုင်းလည်နေပါသည်။

"ဒီတော့ ... မင်း ဘာလုပ်ရမှာလဲ သိလား"

"ဟုတ်"

"ကိုယ့်လမ်းကြောင်း ကိုယ့်ရည်ရွယ်ချက်ကို အပျက်မခံဘဲ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ မဟုတ်လား"

"ဟုတ်"

"ဟိုအိမ်ကိုပြန်၊ မင်း ဒီမှာ ဘယ်လိုလုပ် ကျူရှင်တက်မလဲ၊ ဆရာမလည်း ဒီကိုမလာဘူး၊ နားလည်တယ်မို့လား"

"ဟုတ်"

"ကဲ ... ဒါဖြင့် ... ဒေါ်လွင် ..."

"ဟုတ်ကဲ့ သူဌေး"

ဒေါ်လွင်လွင်က နောက်နား မလှမ်းမကမ်းမှာရပ်ပြီး ငေးမျှော်နေတဲ့ မမှုထံ လှည့်ကြည့်ရင်း ...

"သူ့ပစ္စည်းတွေ အားလုံး ပြန်ယူခဲ့ မှုမှုသင်း"

"ဟုတ်ကဲ့ မမ"

မြပယင်းသည် ဦးစစ်အေးကို ခပ်ငေးငေးကြီး စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"သမီး ဗိုက်ဆာနေပြီလား"

"ဟုတ်"

"သွားစားလေ ... သွား"

မြပယင်း ဝင်သွားတော့ Guide ဆရာမကလည်း ပြန်ဖို့ထပါသည်။

"ဆရာမ ... ဂုဏ်ထူးဘယ်နှလုံးလောက် သူ့ကိုမှန်းနိုင်မလဲ ဟင်"

"ကျွန်မစိတ်ထင် သုံးလုံးလောက်တော့ ပါမှာပါ၊ ဒီထက် ပိုမပိုကတော့ ရှေ့ကုန်တဲ့အချိန်တွေရဲ့ အခြေအနေကို ကြည့်ရဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ကျွန်မ ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမ ပြန်တာကို တံခါးလိုက်ပိတ်ပြီး ဒေါ်လွင် လွင်က မီးဖိုခန်းဘက် ဝင်လာခဲ့ပါသည်။ ကြွေပြားခင်းကြမ်းပေါ် ဖော်မိုင်နံ့လေးချက်ကာ စားပွဲဝိုင်းအနိမ့်မှာ ထမင်းပန်းကန်တင်စား နေတဲ့ မြပယင်းကိုကြည့်ရင်း ဒေါ်လွင်လွင်က မျက်မှောင်ကုတ် သွားရပါသည်။

ထမင်းပန်းကန်ကလွဲပြီး ရှေ့မှာ ဘာပန်းကန်မှမရှိ

"ဟဲ့ ... သမီး၊ ဘာဟင်းနဲ့ စားနေတာလဲ"

"........."





မြပယင်း မဖြေ၍ ဒေါ်လွင်လွင်က ထမင်းပန်းကန် ကို အတင်းငုံ့ကြည့်လိုက်လျှင် ထမင်းကို ငပြာရည်ဆမ်း၍ ရေတတ်သီးမှုန့် ဖြူးထားတာကိုသာမြင်လျှင် ...

"ဘာလို့ ဟင်းနဲ့မစားတာလဲ"

"ဟို ... ဟင်းကုန်သွားတယ် ထင်တယ် အန်တီ"

"ဟင် ... ဟင်းက ဘာဖြစ်လို့ ကုန်ရတာလဲ၊ ဘာဟင်းလဲ ဒီနေ့"

"မနက်ကတော့ ငါးဖယ်ငါးဆုပ်ဟင်းနဲ့ စားရပါတယ်"

"ညစာကော"

"........."

"ဟင် ... ညစာကျတော့ရောလို့"

ဒေါ်လွင်လွင်က ရှိသမျှအိုးခွက်တွေ လှန်လှော၊ ကြောင်အိမ်ဖွင့်နှင့် လိုက်ရှာဖွေကြည့်သော်လည်း ဟင်းနှင့်တူတာ တစ်စုံတစ်ခုမှ ရှာမတွေ့။

ထမင်းတောင်မှ မြပယင်းရဲ့ပန်းကန်ထဲ ရှိသမျှက အကုန်ဖြစ်လိမ့်မည်။

"ဒေါ်တူးမာက စားပြီးတာလား"

"........."

"ဟဲ့ ... ဖြေစမ်းပါ ပယင်းရယ်၊ ဘာဖြစ်လို့ ဒီလောက် စကားနည်းရတာလဲ၊ တစ်ခါ တစ်ခါ ငါ့နယ် စိတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



မရှည်ချင်ဘူး၊ ဒါပေမဲ့ ညည်းနှုတ်ပိတ်နေပုံထောက်ရင်တော့ ဖြစ်နိုင်ချေကို ငါ သိသလိုပဲ ... တောက်"

"........."

"နင် ဟင်းမပါဘဲ ဟင်းမရှိဘဲ ထမင်းစားရတာ ဘယ်နနပ်လောက် ရှိနေပလဲ သမီး၊ တခြားရော အဆင်မပြေတာ ဘာရှိလဲ၊ အားလုံးပြောပြမှပေါ့၊ သမီးမပြောရင် အန်တီ ဘယ်သိပါ့မလဲ"

"အန်တီလွင် ... ဒေါ်တူးမာကို ဘာမှမပြောပါနဲ့၊ ပယင်း ဒီလိုပဲ နေလို့အဆင်ပြေပါတယ်၊ နေစရာ စားစရာ ဘာမှ ပူပင်ရတာမှ မရှိဘဲ၊ တချို့အနပ်တွေ ဟင်းမကျန်လည်း စားလို့ဖြစ်ပါတယ်"

"ဘာမှမပြောလို့တော့ မရဘူးလေ သမီး၊ ဖြစ်သင့်တာကို တော့ ပြောရမှာပေါ့၊ ဦးစစ်အေးက ဒီအစီအစဉ်ကို စီစဉ်ထားတာ ဒေါ်တူးမာ အဆင်ပြေဖို့မှ မဟုတ်ဘဲ။ သမီး အတွက် စီစဉ်ထားတာလေ၊ သမီးကတစ်ဆင့်ရမယ့် အခွင့်အရေး ခံစားပိုင်ခွင့်တွေကို သူချည်း ခေါင်းပုံဖြတ်အုပ်နေလို့ မရဘူးလေ ...

အန်တီ မကြိုက်တာများပြီ၊ ပိုက်ဆံတစ်ခါထုတ်နစ်သောင်းနဲ့ ကုန်ကျတာတွေ အန်တီ့ဆီ စာရင်းဖယားတင်တဲ့အထဲမှာလည်း မရိုးသားမှုတွေပါတာ အန်တီ ကြည့် လိုက်ရင် သိတယ်၊ အထိုင်းအတာ တစ်ခုတော့ ရှိရမှာပေါ့၊ ဆရာမကို ကော်ဖီတိုက်ရင်း ဘာမုန့်ကြီး ညာမုန့်ကြီး ထည့်ကျွေးတယ်ဆိုပြီး စရိတ်တင်ပြီး တကယ်မဟုတ်တာလည်း ဟိုတစ်ခါမိပြီးပြီ၊ ဈေးဖိုးတင်လိုက်ရင်တော့ ဝက်သား ကြက်သား ငါးဖယ်နဲ့ ညွန့်နေပြီးတော့ ကကယ်တမ်းကျတော့ သမီး ဒီလို ဟင်းမကျန်တာကို ဖြစ်သလိုနယ်စားနေရတာ မပြောဘဲနေလို့တော့ ဘယ်ရမလဲ"



မြပယင်းသည် ထမင်းကို ငံပြာရည်နှင့် နယ်စားနိုင်သော်လည်း စိတ်အေးချမ်းသာ နေလိုပါသည်။ ရှေ့ကိုမျှော်ငေးကြည့်လို့တောင် အရိပ်မမြင်ရတဲ့ အနာဂတ်လမ်းကို သူများ (ဦးစစ်အေး)ထောက်ပံ့မှုနှင့် ဘယ်နှနှစ်နေရမှာလဲ မသိပါ။ အချိန်တိုတိုအတွင်း ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်ရေးသည်သာ မြပယင်းရဲ့ဘဝမှာ အရေးအကြီးဆုံးပါ။

ဟင်းမပါဘဲ ထမင်းစားရတာ၊ ဒေါ်တူးမာ အပျင်းထူပြီး သူ့ကိုမိုင်းသမျှတွေကို နားအေးအောင် ပြေးလွှားလုပ်ကိုင်ရတာ၊ ပယင်း ကျူရှင်သွား ကျောင်းသွားသုံးဖို့ သီးသန့်ရတဲ့မုန့်ဖိုးကို ဒေါ်တူးမာကို အကုန်နီးပါး ပြန်ချေးလိုက်ရပြီး ပြန်ဆပ်ငွေတော့ တစ်ပြားမှ မရသေးတာ၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ဒေါ်တူးမာ လက်တစ်လုံးခြား လုလည်ကျတာတွေကို နှုတ်ပိတ်ငြိမ်ခံရတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ မြပယင်းအတွက် ဘာမှအရေးမပါ။ ကောင်းကောင်းကြီး ခံနိုင်ရည်ရှိပါသည်။ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်အပေါ်ကောင်းတဲ့သူတွေက ကောင်းနေလိမ့်မည်ဖြစ်ပြီး မကောင်းတဲ့သူကလည်း မကောင်းမြဲတိုင်း မကောင်းကာ သဘာဝ ကျကျ ဒွန်တွဲနေမှာပင်။

ကောင်းသူတို့ရဲ့ကျေးဇူးတရားကိုသာ ရင်မှာ မမေ့မလျော့ သယ်ဆောင်ကာ မကောင်းသူကိုတော့ ခေါင်းထဲမထည့်ဘဲ ထုတ်ထားနိုင်မှသာပင်။

"ဟော"

အိမ်ရှေ့မှာ သော့ချိတ်ရုံချိတ်ထားတဲ့ အခန်းတံခါးကို ဖွင့်ဝင်တဲ့အသံကြားလျှင် ဒေါ်လွင်လွင်က အိမ်ရှေ့ဘက်လှမ်းကြည့်လိုက်ရင်း ...

"ဒေါ်တူးမာ ... အဲဒီစာရွက်တွေ စားပွဲပေါ်တင်ခဲ့ပြီး လာပါဦး ဒီကို"

မီးဖိုထဲရောက်လာတဲ့ ဒေါ်တူးမာက မြပယင်းရဲ့ ထမင်းပန်းကန်ကိုကြည့်ပြီး မျက်နှာကွက်ခနဲ ပျက်သွားပါသည်။ ဒေါ်လွင်လွင် ပြန်လျှင် ထုံးစံအတိုင်း ...

"နင် ငါ့ကို တမင်တကာ လုပ်ကြံချင်လို့ ဒေါ်လွင်လာတဲ့ အချိန်ကိုက် ထမင်းခူးစားတာ မဟုတ်လား၊ လူလေးကဖြင့် အရွယ်ရောက်ရုံရှိသေး ညဏ်နီညဏ်နက်က များသလား မပြောနဲ့၊ မျက်နှာပေးကတော့ မခုတ်တတ်တဲ့ကြောင်လို





ပိပိရိရိ၊ ဘယ်လိုလုပ်လိုက်ရင် နင်စကားတစ်လုံးမှ ပြောစရာမလိုဘဲ ခြေထိုးပြီးသား ကုန်းတိုက်ပြီးသား ဖြစ်မယ်ဆိုတာ နင့်လောက်ပါးနပ်တဲ့သူ မရှိဘူး၊ အံ့ပါ့တော်"

စသဖြင့် ပွက်ပွက်ဆူ ဒေါသပုန်ထပါလိမ့်မည်။ ဒီထက်တော့ သူလည်း ဘာမှပိုလုပ်လို့မရ။ အမုန်းခံရတာလောက်တော့ ပယင်းက မမှုပါပေ။ မုန်းစမ်းပါ။ မုန်းနေမယ့်သူ ရှိနေသေးတာကိုက လောကကြီးမှာ ကိုယ်ထစ်ယောက်တည်း မဟုတ်ပါလားရယ်လို့ တစ်မျိုးအားတက်စရာ ဖြစ်နေသေးတာပင်။

ဒီဘက်နားကဝင် ဟိုဘက်နားကထုတ်။ မထုံတက်တေး ငြိမ်ပေနားထောင်ရုံတက်မပို။ တကယ်တော့ စာကျက် Guide ဆရာ ပြန်ချိန် ညရှစ်နာရီခွဲမှာ မြပယင်းရဲ့ဗိုက်ထဲကအူတွေ လိမ်တွန့်ကွေးကောက်နေအောင်ကို အမြဲဆာနေပါပြီ။ တစ်ခါတစ်ခါများ ဆာလွန်းလို့ ရှေ့ကဆရာမဖို့ ချပေးထားတဲ့ ကော်ဖီတို့ ပေါင်မုန့်ထောပတ်သုတ်တို့ကို ကောက်စားပစ်လိုက်ချင်တဲ့အထိပင်။

မနက်ကိုးနာရီ မတိုင်ခင် ထမင်းအပြီးစားသွား၊ ကျူရှင်ကအပြီး ဆယ့်နှစ်နာရီတက်တဲ့ ကျောင်းကြီးကို လမ်းလျှောက်ပြေးတက်၊ ကျောင်းကပြန် ကျူရှင်၊ ပြီးရင် Guide ။ တစ်ခါတစ်ရံ တချို့နေ့တွေမှာ ညနေငါးနာရီ ကျူရှင်ချိန်မရှိ။ အဲဒီအခါတွေမှာ အိမ်ကို အပြေးပြန်ပြီး ထမင်းနည်းနည်းစားသွားလို့ ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြပယင်း စားဖို့ဟင်း ဘာဖြစ်လို့ မရှိတော့တာလဲ ဒေါ်တူးမာ"

"ဟင်းက ချက်တာနည်းလို့၊ ကျွန်မလည်း မစားလိုက်ရပါဘူး"

"ဟိုတစ်နေ့က ဈေးဖိုးတင်တော့ ငါးဖယ်က နှစ်ဆယ်သား ထောင့်ခြောက်ရာဖိုးပဲလေ၊ ငါးဖယ်နှစ်ဆယ်သားက ငါးဆုပ်ပြားလုပ်ရင် အများကြီးထွက်တာ၊ ကျွန်မတို့အိမ် လူလေးယောက်တောင် ကောင်းကောင်းလောက်တယ်၊ ဘာလို့ ချက်တာ နည်းတာလဲ၊ တစ်ဝက်ပဲ ချက်လို့လား၊ နောက်နေ့စာချန်ထားတာလား"

"အကုန်ချက်တာပဲ၊ နောက်နေ့စာ မကျန်ပါဘူး"

"ဒါဖြင့် ဝယ်ကတည်းက နှစ်ဆယ်သားပြည့်လား"

"ပြည့်ပါတယ် မမရယ်၊ မမက ကျွန်မကို မယုံသက်နဲ့"

"ဒါဖြင့် ဟင်းတွေက ဘာဖြစ်လို့ မရှိတော့တာလဲ၊ ရှင်ကျတော့စားပြီးသား၊ ကလေးက ငံပြာရည်နဲ့ နယ်စားနေတယ်၊ ကျွန်မ ဒါမျိုးကြားတာ ကြုံတာ အကြိမ်ကြိမ်ရှိပြီ၊ ဒီနေ့ညနေ ဒေါ်တူးမာသမီး အိမ်လာတယ်ဆို"

ဒေါ်တူးမာက မြပယင်းကို ဒက်ခနဲ လှမ်းပြီးမျက်ထောင့်နှင့် ကြည့်သည်။





"ပယင်းကိုမကြည့်ပါနဲ့၊ ကျွန်မ ကြီးတော်တွေ့လို့ ပြောတာ၊ ကြည့်ရတာ ဒေါ်တူးမာ ဟင်းတွေ ထည့်ပေးလိုက်တယ် ထင်တယ်"

"မပေးရပါဘူး မမရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ"

"ဘုရားလည်းမပေးဘူး၊ ကျမ်းလည်းမပေးဘူး၊ ကျန်စစ်သားကို ကျွန်မ အခုဖုန်းဆက်ပြီး ရှင့်သမီးအိမ်က ဒီညနေဘာနဲ့စားလဲ လှမ်းမေးနိုင်းလိုက်ရင် ပြီးတာပါ၊ အဲဒီကျမှပေါ်ရင် ကျွန်မ ပိုဒေါသဖြစ်မယ်၊ ရှင်လည်း လူသိရှင်ကြားဖြစ်မယ်၊ ကျွန်မ အမှန်အတိုင်း သိချင်တယ် ဒေါ်တူးမာ"

ဒေါ်တူးမာ ခေါင်းငုံ့ချရင်း ...

"ဟို ... ဟို ... ဒီတစ်ရက်လေးပဲ ဘုတ်ဆုံက လက်ထဲလကုန်ရက် ပိုက်ဆံပြတ်နေတယ်ဆိုတာနဲ့ စားစရာ ညစာဟင်းတောင် မရှိဘူးဆိုတာနဲ့ ..."

"ဒေါ်တူးမာလည်း မအေတစ်ယောက်ဆိုတော့ သမီးက ဒီလိုလာတောင်းရင် ပေးချင်မှာ နားလည်တယ်၊ ဒါပေမဲ့ မြပယင်း စားရမယ့်ဟင်းကိုပါ ထည့်ပေးတာတော့ ရှင်လွန်တာပေါ့ ဒေါ်တူးမာ၊ မသကာ ကိုယ့်ကိုတာထဲက ပေးလိုက်ပါ၊ ဒါပေမဲ့တောင် ရှင့်မှာ ဒီလိုလုပ်ခွင့်မရှိဘူး၊ သူဌေးက ရှင်းရှင်းပြောရရင် ရှင့်ကို စောင့်ရှောက်ထားတာမဟုတ်ဘူး ဒေါ်တူးမာ၊ မြပယင်းကို စောင့်ရှောက်ထားတာ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ဘေးကအကူအပံ့အနေနဲ့ တာဝန်ပေးခံရတာ၊ ကျွန်မလိုပဲ ...၊

သူဌေးရဲ့ ဒီထောက်ပံ့ငွေတွေထဲက ကျွန်မလည်း ကပ်သုံးခွင့် မရှိသလို ရှင်လည်း ကပ်သုံးခွင့်မရှိဘူး၊ ရှင့်အနေနဲ့ နေစရာ စားစရာ အသားတင်နဲ့ လခလည်းရ၊ စက်ရုံသန့်ရှင်းရေးထက်လည်း သက်သောင့်သက်သာ နေရတာကိုတောင် ကျေနပ်ဖို့ ကောင်းလှပြီ။ ဒီလိုကိစ္စတွေ သိရင် သူဌေးကလည်း ခွင့်လွှတ်မှာ မဟုတ်ဘူးနော် ဒေါ်တူးမာ၊ နောက်ကို လုံးဝထပ်မဖြစ်ပါစေနဲ့"

"ဟုတ်ကဲ့"

အဲဒီဟုတ်ကဲ့ဟာ မပြောမဖြစ်လို့ အောင့်သက်သက် နှင်တင်တင် ကတိကဝတ်ပြုရတဲ့ "ဟုတ်ကဲ့"ဆိုတာ ဒေါ်လွင်လွင်သာမက မြပယင်းတောင် သိပါသည်။ မြပယင်းက စားပြီးသောပန်းကန်ကိုဆေးရင်း ရင်ထဲမောနေသည်။ ဒေါ်တူးမာကို ကြောက်တယ်တော့လည်း မဟုတ်ပေမယ့် ကိုယ့်အမေအရွယ် မိန်းမကြီး တစ်ယောက်ကို ရှိန်တော့ဖြင့် ရှိန်ပါသည်။ သူ့ ခေါင်းပဲနစ္ဆဲ ရေ ရွှတ်ခေါင်းမြောင်း ကြိမ်းမောင်းနေတဲ့အခါမှာလည်း နေရခက်စိတ် ကျဉ်းကျပ်ပါသည်။

ဖြစ်နိုင်ရင်တော့ ဒီလောက်ကို ဒုက္ခမထင်ဘဲ ကြဲ့ကြဲ့သာ ခံနေချင်တာပါ။ စေတနာနဲ့ ဝင်ပါလာတဲ့ အန်တီလွင့်ကို အပြစ်မတင်နိုင်ပေမယ့် ဒီလိုဝင်မပြောရင်တောင် စိတ်လက်ပေါ့





ပေါ့ပါးပါး ဗိုနေနိုင်မှာသာ။ ကိုယ့်ဘဝက ဒီလိုပဲဟာလေ။ ခံနိုင်ရည်ရှိပါသည်။ ခုဆိုရင်ပဲ ဆယ်တန်းနှစ်ဝက်ကျိုးတောင် ကျော်လာပြီ။ အချိန်တွေက ဒီလိုပဲ ကုန်လွန်ပြီးဆုံးသွားမှာပါ။

ဦးစစ်အေး ဆိုတဲ့ မျက်ဝန်းထဲ ဦးနှောက်ထဲ မှတ်မှတ်ထင်ထင် ပြတ်ပြတ်သားသား စိုးမိုးမင်းမူထားသူ ကျေးဇူးရှင်ကြီးကိုတော့ ညအိပ်ရာမဝင်ခင် ဘုရားရှိခိုးပြီးတိုင်း ဦးချရှိခိုး မေတ္တာပို့ဝေမြဲ။

သီတင်းကျွတ်ချိန်မှာတော့ မြပယင်းက ဦးစစ်အေးကို ကန်တော့ခွင့်ရဖို့ အန်တီလွင်ထံ ခွင့်တောင်းပါသည်။ ကန်တော့ဖွယ်ကတော့ ဦးစစ်အေးရဲ့ပိုက်ဆံနဲ့ပဲ ဝယ်ထားတဲ့ သိုးမွေးချည်လုံးနဲ့ မြပယင်းရဲ့လက်မှုလုပ်အား ရောပေါင်းထားတဲ့ မီးခိုးနှင့် အဖြူကျား မာဖလာလေးပင်။ ကိုးနှစ်သမီးကတည်းက အမေထံမှ သင်ယူတတ်မြောက်ထားတဲ့ နှစ်ချောင်းထိုးပညာစွမ်းကြောင့် ပယင်းရဲ့မာဖလာလေးက သပ်ရပ်လှပသည်။

အန်တီလွင်နဲ့အတူ စက်ရုံကို လိုက်ပါသွားပြီး ကန်တော့ခွင့်ရခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၃ )

မှုးလာတဲ့ မဝင်နီကို အိမ်ဖော်လေးတွေက တွဲ၍ အခန်းထဲ ဝင်လာသော မြင်ကွင်းကို မြင်ရတိုင်း ဦးစစ်အေးသည် စိတ်ခါတ်ပဲ ကျုံရမလို ကိုယ့်ဘဝကိုယ် ရယ်မော့ရမလို အူကြောင်ကြောင် ခံစားရမြဲတည်း။

“ဖိုးစစ်အေးတို့ကတော့ မိန်းမရ ကံကောင်းပါ့ကွာ”

ဒီစကားကို ပြောလေ့ရှိကြတဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ သူငယ်ချင်း အပေါင်းအသင်းတွေကိုတော့ သူက ဘာမှမပြောဘဲ ပြုံးတုံ့တုံ့ ငြိမ်နေလိုက်ရမြဲပင်။ ဒီစကားကို သူ မဝင်နီနှင့် အိမ်ထောင်ကျသည့် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကတည်းက စ,ကြားခဲ့ရတာပင်။ အဲဒီတုန်းကတော့ ကိုယ်တိုင်လည်း ဟုတ်တယ်ထင်ကာ “တယ်ဟုတ်တဲ့ ငါပါလား”ဆိုတဲ့ ဘဝင်မြင့်မှုမျိုးတောင် ရင်ထဲပေါ်ပေါက်လာသည်။





ဒီတုန်းက စစ်အေးက အသက်နှစ်ဆယ့်တစ်။ မဝင်နီက အသက်နှစ်ဆယ့်ငါး။ မဝင်နီက သူ့ထက် လေးနှစ်ကြီးသည်။ ရုပ်ရှင်မင်းသမီး တစ်ယောက်လို လှပခေတ်ဆန်သော အဖေ့ရဲ့ စက်သူဌေးသမီး မဝင်နီ ဆိုတာကို စက္ကန့်ပိုင်းမျှ မျက်မွေးထော် မော်ဖူးခွင့်ရဖို့တောင် လွယ်တာမဟုတ်။

ကျောင်းပိတ်ရက်တိုင်း အဖေ့သူဌေးရဲ့ပွဲရုံမှာ မုန့်ဖိုးရအောင် စစ်အေးက လုပ်အားပေးလေ့ရှိသည်။ သူ့လိုပဲ ဝန်ထမ်းတွေရဲ့သားတွေ သမီးတွေ အစွယ်စုံကို စက်သူဌေး ဦးအုံမောင်နှင့် ပွဲကတော် ဒေါ်တင်နုတို့က နွေရာသီတိုင်း ထွေထွေရာရာ ခေါ်ခိုင်း၍ မုန့်ဖိုးလည်းရ လုပ်အားတန်ဖိုးလည်း ချစ်မြတ်နိုးအောင် လေ့ကျင့်ပေးမြဲ။

သူတို့ကလည်း အလွန်ပျော်သည်။ ဒီထဲမှာမှ စက်ရုံမန်နေဂျာကြီးရဲ့သားဖြစ်တဲ့ စစ်အေးကတော့ ဦးအုံမောင်နှင့် ဒေါ်တင်နုတို့ရဲ့ ပိုမိုအရေးပေးမှုကို ရရှိမြဲ။ ဖျတ်လတ်သွက်လက်တက်ကြွကာ ဖင်ပေါ့ပေါ့နှင့် ဉာဏ်လည်းပြေးတဲ့ စစ်အေးကို အထူးသဖြင့် ဒေါ်တင်နုက အတော့်ချစ်ခင်ပါသည်။

မော်လီ၊ ဝင်နီ ဆိုပြီး သမီးနှစ်ယောက်သာ ရှိတဲ့အတွက်လည်း စစ်အေးကို “ဟဲ့ … သား” “ဟဲ့ … သား”နှင့် အရေးတယူ ပြုတတ်သည်။ စစ်အေးကလည်း ဆံပင်တိုတို နှာခေါင်းချွန်ချွန် ရွက်လေးကားကား၊ အသားလေးကြည်လင်ဆွတ်ဖွေး၍ ရုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com

သန့်သလောက် မျက်နှာကလည်း အမြဲပြုံးနေကာ "ဘဘ" "**ကြီးကြီး**" နှင့် ချစ်ဖွယ်မှုရာလည်း ရှိသည်ဖြစ်ရာ ဒေါ်တင်နုကဆို **တစ်ခုခု** စားစရာလေးပင်လျှင်။

"ဟဲ့ ... သား ... စစ်အေး၊ ဒီလာစမ်း" နှင့် တိတ်တိတ်ကျိတ်ခေါ်ကျွေးတတ်ပါသည်။ စစ်အေး ကိုးတန်း ဆယ်တန်း ရောက်ချိန်တွင် ဆယ်တန်းကို ဘယ်နှကြိမ် ဘယ်နှလီမှန်းမသိ တဖုန်းဖုန်းကျထားတဲ့ မဝင်နီက ကိုယ့်ကားပုင် ကိုယ်တိုင်မောင်းကာ ရှီးအပြည့်နှင့် ငွေတွေမတရား သုံးဖြုန်းတတ်နေပြီ။

သူ့အမေပွဲရုံကို ပိုက်ဆံတောင်းဖို့ ရောက်လာတတ်ချိန်တွေမှာ အမှတ်တမဲ့ မြင်ဖူး တွေ့ဖူး ဒေးဖူး ငမ်းဖူးရတာပင်။ သူကတော့ စာရင်းဇယားတွေ ကူလုပ်ပေးနေတဲ့ ရိုးပုံရိုးလက် ကိုးတန်း ဆယ်တန်းကျောင်းသားလေး စစ်အေးကို ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့ မမှတ်။ မတော်တဆတောင် ငဲ့မကြည့်။

သူက ငဲ့မကြည့်တော့ စစ်အေးက ခိုးကြည့်ခွင့်သာ သည်။ တစ်နေ့သောအခါရဲ့ ... စစ်အေး သူ့ကို ခိုးကြည့်မိချိန် မှာ ဘေးကသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တို့က ...

"ဟေ့ကောင် စစ်အေး ... မင်းနော်"

တမင်နောက်ပြောင်တဲ့ လေသံရှည်ဆွဲကြီးကို ဒက်ခန်နေအောင် ပါးပါးနပ်နပ် ရိပ်မိသွားတဲ့ မဝင်နီက သူ့အမေရုံးခန်းထဲ ဝင်လုဆဲဆဲ ခြေလှမ်းကိုတုံ့ကာ မျက်ထောင့်ကြီးနှင့်





ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် စစ်အေးရော၊ နောက်ပြောင်သူ ရော ဘေးလူတွေရော အိုးတိုးအတ အလန့်တကြား မျက်လွှာချ ကုန်ရပါသည်။

"ခုနအော်တာ ဘယ်သူလဲ"

မဝင်နီရဲ့အသံက စွာလန်ခက်ထန်နေခဲ့သည်။ တရားခံ သန်းဝင်းက လူရှုတ်၊ လူပြောင်ပီပီ ကြောက်ရွံ့မနေဘဲ ရိုရို သေသေနှင့်ပင် ...

"ကျွန်တော်ပါခင်ဗျ"

"ဘာအော်တာလဲ၊ ငါ့ကိုနောက်တာလား"

"မနောက်ပါဘူး မမလေး၊ စစ်အေးကို ပြောတာပါ"

"စစ်အေးက ဘယ်သူလဲ"

စစ်အေးက လက်နှစ်ဖက် နောက်ပစ်ရင်း ...

"ကျွန်တော်ပါ"

မဝင်နီက စစ်အေးကို စိုက်ကြည့်ရင်း ...

"သူက ဘာလုပ်လို့ နင်က ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

"ဟို ... သူ့အလုပ်မလုပ်ဘဲ အီးရော အီးရော လုပ်နေလို့ပါ"

"ဘာ"

"ရေသာခိုနေလို့ပါ"

အားလုံးရဲ့ရုပ်တွေဟာ ကြောက်ကြောက်ရွံ့ရွံ့ကြားကပင် မျက်နှာပိုးမသေ ဖြစ်နေတာကို မဝင်နီက အကဲခတ်ရင်း


www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်လို့ ရေသာခိုနေတာလဲ"

"မဟုတ်ပါဘူး အစ်မ၊ ဟို ... ကျွန်တော်"

"ထစ်အထစ်အ လုပ်မနေနဲ့၊ ရေသာခိုချင်တဲ့ကောင်၊ သွား ငါ့ကား ရေသွားဆေး"

"ဗျာ ... ဟုတ်ကဲ့"

"ဟိုကောင်လည်း နောက်တစ်ခါ ငါဖြတ်သွားရင် ကျယ် ကျယ် ကျယ်ကျယ် အသံမပေးနဲ့၊ ငါလာနေရင် တိတ်တိတ် လေး ကုပ်ကုပ်လေးနေကြ ... နားလည်လား"

"ဟုတ်ကဲ့"

"နင်ပါ စစ်အေးကို သွားကူလိုက်၊ သေချာပြောင်အောင် ဆေးကြ"

အဲဒီနေ့က စစ်အေးနှင့် သန်းဝင်း တခွီခွီနှင့် တပျော် တပါး ကားဆေးခဲ့ကြတာကို မှတ်မိသည်။ စစ်အေးကို မဝင်နီ မှတ်မှတ်ထင်ထင် စ,သိတဲ့နေ့ပင်။ စစ်အေး အဖို့တော့ သူဌေး သမီး မဝင်နီဟာ နိုးကြည့်စရာ မိန်းမတစ်ယောက်သာဖြစ်ပြီး စိတ်ကူးယဉ်စရာ မိန်းမတစ်ယောက် လုံးဝမဟုတ်ခဲ့ပါ။ အလှမ်း ကွာဝေးတဲ့ အနေအထားတွေကို နားလည်တတ်တဲ့ အသိဉာဏ် သူ့မှာရှိသည်။

အဲဒီအသိစိတ်ကြောင့်လည်း မဝင်နီကို သူ့ရင်ထောင် မခုန်ခဲ့ပါ။ သူ့ရင်တွေ ပထမဆုံး စ,ခုန်ဖူးခဲ့တာကတော့ မမော်လီ မင်္ဂလာဆောင်ဒင်နာကို သူတို့ခြံထဲမှာ ကျွေးတဲ့ညပင်။ ထုံးစံအတိုင်း





စက်က ပွဲရုံက သန့်ပြန့်ချက်ချာသူတွေ အကုန်ကိုခေါ်ကာ ပွဲမှာ ကူစေသည်။

အဲဒီတုန်းကတော့ စစ်အေးက တက္ကသိုလ်ဒုတိယ နှစ်ရောက်နေပြီ။ အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးနေပြီ။ အဲဒီညက လူကြီးတွေက ပင်ပန်းပြီး အိမ်ပေါ်မှာ နားကုန်ပြီ။ လူငယ်တွေက ပွဲကို မရုပ်သေး။ မြူးလို့ ကဲလို့ ကောင်းကြတုန်း။ ပတ်စာခွာ ဖျာသိမ်းရမည့် စစ်အေးတို့အုပ်စုလည်း နားမရ အိပ်မရ ရပ်စောင့် နေကြရပါသည်။

အဲဒီပွဲမှာ အလှဆုံးလည်း မဝင်နီ၊ အကဲဆုံးလည်း မဝင်နီ၊ အသံထွက်ဆုံးလည်း မဝင်နီပင်။ ယောကျ်ားလေးမိတ် ဆွေတွေကလည်း သူ့မှာ တစ်ယောက်ပြီးတစ်ယောက်။ ရပ်ကြည့် နေရင်းက စစ်အေးတို့အချင်းချင်း မဝင်နီ အကြောင်းကို အတင်း လုပ်ပြောနေကြတာပါ။ နောက်ဆုံး ဧည့်သည်တွေ ပြန်ကြချိန်မှာ တော့ မဝင်နီက အတော်လေး မူးနေပါပြီ။ ဖြစ်ချင်တော့ သူ အိမ် ပေါ်တက်ခါနီးမှာ သူ့အနားမှာ သူတို့အိမ်က မိန်းကလေးအိမ်ဖော် တွေလည်း ဘာကြောင့်မှန်းမသိ မရှိ။

စားပွဲတွေ ကုလားထိုင်တွေ လိုက်သိမ်းနေတဲ့ စစ်အေး ကို မဝင်နီက မြင်သွားကာ ...

"စစ်အေး ... လာဦး"

သူ့နာမည်ကို မှတ်မိနေတဲ့ အတွက် သူ အံ့သြ သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အိမ်ပေါ်တွဲသွားစမ်း"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

စစ်အေး အဲဒီနေ့က မဝင်နီကို အိမ်ပေါ်တွဲတင်ရသည်။ အားလုံးက ကိုယ့်အလုပ်နဲ့ကိုယ် ကိုယ့်အာရုံနဲ့ကိုယ်။ မဝင်နီကို စစ်အေး တွဲလာတာကို တားမယ့်သူ လက်ပြောင်းယူတွဲမည့်သူ မရှိ။ အိမ်ထဲဝင် ဧည့်ခန်းကိုကျော်ဖြတ်ကာ အပေါ်ထပ်တက်တဲ့ လှေကားရင်းအထိ စစ်အေး တွဲပို့ခဲ့ရသည်။

အဲဒီအချိန်ထိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ မထိကိုင်ဖူးသေးတဲ့ စစ်အေးရဲ့ရင်တွေ တဒိန်းဒိန်း ခုန်ခဲ့ရတာပင်။ မဝင်နီရဲ့ နူးညံ့နွေးအိတဲ့ အထိအတွေ့၊ မဝင်နီထံက သင်းပျံ့မွှေးရီတဲ့ရနံ့၊ ရင်ခွင်ထဲမှာ သူ့ကို လုံးလုံးလျားလျား အားပြုမှီခိုပြီး ပါလာတဲ့ အနေအထား။ အားလုံးက စစ်အေး ရင်ခုန်သံကို မြန်စေခဲ့သည်။

အဲဒီတုန်းက မဝင်နီက ဘာမှမပြောခဲ့သော်လည်း နောက်နှစ်နှစ်အကြာ သူတို့ရဲ့မင်္ဂလာဦးညမှာတော့ ...

"မမော်လီရဲ့ ဒင်နာညတုန်းက တို့ မူးနေတာကို မင်းတွဲတင်ခဲ့ရတုန်းက မင်းရဲ့ရင်တွေ အရမ်းခုန်နေခဲ့တယ် မဟုတ်လား၊ ပြော ...၊ တို့ကိုမညာနဲ့နော်၊ တို့သိနေတယ်၊ အဲဒီတုန်းက မူးနေလို့သာ ဘာမှမပြောတာ၊ မင်းရဲ့ရင်ဘတ်မှာ တို့က မှီထားရတာ ဆိုတော့ အဲဒီရင်ဘတ်အောက်ထဲက



မင်းနှလုံးသားက ဒုန်း ... ဒုန်းနဲ့ တို့အသားကို လာတိုးတဲ့အထိ ခုန်နေတာကို ခံစားရပြီး တို့ သိတယ်"

စစ်အေး မငြင်းနိုင်ပါ။ တကယ် ရင်ခုန်ခဲ့သားပဲဟာ။

ဘာမှမပတ်သက်ခင်ကတည်းက မဝင်နီ မူးတိုင်း တွဲလိုက်ရသည်မှာ လက်ထပ်ပြီးနောက်လည်း အလားတူ၊ အခုထိ ရိုးရာမပျက်။

မဝင်နီရဲ့အန်ဖတ်ကိုပင် ကျုံးခဲ့ရဖူးတဲ့ လင်ယောကျ်ားဆိုရင် လူအများ ယုံနိုင်ပါ့မလား။ တက်လိုက်တဲ့ ပါတီ၊ တက်လိုက်တဲ့ ကလပ်ဘ်၊ သောက်လိုက်တဲ့ ယစ်ရွှေရည်။ သူ့အဖို့ရိုးနေပါပြီ။

ပြန်တွေးလိုက်တိုင်းတွင် သူ့ဘဝ သူ့အဖြစ်အပျက်တို့အတွက် ကြီးကြီးဒေါ်တင်နုကို အပြစ်ဖို့ရမလား၊ အဖေ့ကိုအပြစ်ပုံချရမလား၊ မဝင်နီကို နာကြည်းရမလား၊ မတွေးတတ်တဲ့အခါ စစ်အေးသည် မည်သူ့မပြု မိမိမှု။ ကိုယ်ကမှ ခေါင်းခါရင် ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူးရယ်လို့ ကိုယ့်ကိုယ်ကိုယ်သာ နောက်ဆုံး အပြစ်ပုံချမိပါသည်။

သူ့နောက်ဆုံးနှစ် ဖြေအပြီး ပွဲရုံမှာ အချိန်ပြည့် အလုပ်ဝင်လိုက်တဲ့အချိန် အသက်နှစ်ဆယ် ပြည့်ပြီးရုံအရွယ်မှာ ကြီးကြီး ဒေါ်တင်နုက သူ့ကိုတိုက်ရိုက်ခေါ်ပြောခဲ့တာပင်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... စစ်အေး၊ မင်းအဖေကိုတော့ ဒီစကား မင်းဘာဘာ ပြောလိမ့်မယ်၊ မင်းကိုတော့ ကြီးကြီး ခေါ်ပြောတာ၊ မင်းအဖေရှိရင်တော့ ကြီးကြီးက မင်းအဖေနဲ့ တိုင်ပင်ရမှာပေါ့လေ၊ မင်းက အဖေမရှိတော့ မင်းကိုပဲ ကြီးကြီးက တိုက်ရိုက်ပြောရတော့မှာပဲ"

"ဟုတ်ကဲ့ ကြီးကြီး"

"ကြီးကြီး ပြောစကား သေချာစဉ်းစားဖြေစမ်း၊ သား ... မင်းမမလေး မဝင်နီ သည်းညည်းကို အနှံ့တာခံနိုင်မလား"

"ဗျာ"

"ငါ့သားက သဘောကောင်းတယ်၊ သဘောထားကြီးတယ်၊ သည်းခံတယ်၊ အောက်ကျို့တယ်၊ ဒီအရည်အချင်းတွေရှိလို့ ကြီးကြီး မင်းကို စိတ်ချလို့ ဒီစကားမေးရတာ၊ ဖြေပါဦး"

"ဟို ... ဟို ... မမဝင်နီက ကျွန်တော့်အပေါ် တကူးတက ဘာမှမိုလ်မကျပါဘူး၊ သိပ်လည်းမဆိုးပါဘူး၊ ကျွန်တော်လည်း ဒီလောက်ကြီး အနှံ့တာခံနေရတာမှ မဟုတ်တာ"

"အေး ... တကယ်လို့ အနှံ့တာခံရမယ် ဆိုရင်ကော ခံနိုင်ပါ့မလား"

"ဟို ... ဟုတ် ... ဟုတ်ကဲ့ ... အနှံ့တာခံပါ့မယ်"





"အေး ... လိမ္မာလိုက်တာ ငါ့သားရယ်၊ ဒီမယ် ... သား၊ မင်း မမဝင်နီ ဆိုးတာတော့ မင်းမျက်စိရှေ့တင်ပဲ၊ မင်းလည်း သိနေမြင်နေတာပဲ၊ ခွင့်လွှတ်ပါကွယ် ... ဟုတ်လား"

"ဗျာ ... ကျွန်တော်က ဘာဖြစ်လို့ ခွင့်လွှတ်စရာလိုလဲ ကြီးကြီး၊ ကျွန်တော့်ကို ဆိုးတာမှ မဟုတ်တာ"

"အေး ... မင်းကိုလည်း ဆိုးရင်ဆိုးလာမှာလေ"

"ဗျာ"

"ပါတီတက်၊ ကလပ်ဘ်တက်၊ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲ၊ ဟုတ်တာလည်း မဟုတ်ဘူး၊ ကြီးကြီး သူ့အတွက် ရတက်မအေးဘူး၊ တစ်သက်လုံး သည်းခံအနှံ့တာခံမယ့်သူ စဉ်းစားလိုက်တော့ မင်းပဲ မြင်တယ် သားရယ်၊ ကြီးကြီး မင်းကို ဝင်နီနဲ့ နေရာချထားပေးချင်တယ်"

"ဗျာ"

စစ်အေး နားထင်နှစ်ဖက် ကားပွင့်ကန်ထွက်သွားသလားတောင် ထင်မိသည်။ ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်ရသည်။ ကျောထဲကလည်း ချမ်းသွားကာ မယုံနိုင်အောင်လည်း ထူးဆန်း အံ့ဩသွားပါသည်။

"ဘယ်လိုလဲ ငါ့သား"

"ဟို ... ဟို ... မမဝင်နီက ရည်းစားရှိကယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိရှိပေါ့ကွယ်၊ အတည်တကျလည်း မဟုတ်ပါဘူး သားရယ်၊ ဘယ်သူနဲ့မှလဲ လက်ထပ်ဖို့ထိ စိစဉ်ရည်ရွယ်ထားပုံမရပါဘူး၊ ခုလို မိန်းကလေးတန်မယ့် ခြေမငြိမ်တာကို ကြီးကြီး မကြိုက်ဘူး၊ အိမ်ထောင်ချပေးမှ ဖြစ်မယ်၊ ကြီးကြီးဆန္ဒကို သားက သဘောတူလိုက်လျှာရင် ကြီးကြီးစီစဉ်လိုက်ရုံပဲ၊ သားကမှ ငြင်းရင် ကြီးကြီးမှာ သူ့အနွံတာခံမယ့်ယောကျ်ား ဘယ်နားသွားထပ်ရှာရပါ့၊ စဉ်းတောင်မစဉ်းစားတတ်သေးဘူး သားရေ"

ကြီးကြီးဒေါ်တင်နု အပြောက ရိုးစင်းပွင့်လင်းလှသည်။ စစ်အေးမှာတော့ ရင်တွေခုန်ပေါက် တုန်လှုပ်သည်မှာ ပွင့်ထွက်မလား အောက်မေ့မိတာပင်။ ဘယ်တုန်းကမှ စိတ်ကူးယဉ်မကြည့်မိဖူးတဲ့ အဖြစ်အပျက်ကို အလန့်တကြား ထူးဆန်းနေမိပါသည်။

"ကဲ ... ဘယ့်နှယ်လဲ သား"

"ကျွန် ... ကျွန်တော် အဖေနဲ့တိုင်ပင် ... တိုင်ပင်လိုက်ဦးမယ်"

"အေးပေါ့၊ တိုင်ပင်ပါကွယ်၊ ခုခေတ်ကြီးမှာ တော် ယောကျ်ားလေးလည်း ကြီးကြီးက မယုံစားဝံ့ဘူး၊ တော် ခုနေတော့ လက်ခံပြီး ပေါင်းပြီး ဘာမှမကြာခင် ကွဲ ကွာမယ် လုပ်မှာမျိုးလည်း စိုးရိမ်တယ်၊ သူ့သည်းညည်း သိတဲ့အတိုင်း ခံနိုင်ဖို့ ခပ်ခက်ခက် မဟုတ်လား၊ ပြီးတော့





မော်လီက သူ့ယောကျ်ားမိသားစုနဲ့ အမေရိကား လိုက်သွားတာက ဟိုမှာအခြေချဖို့ များသွားပြီလေ၊ ဒီမှာရှိသမျှ အိုးအိမ်စည်းစိမ် လုပ်ငန်းအားလုံး ဝင်နီ့ပဲ ပုံပေးရမှာလေ၊ စိတ်မချရတဲ့သူနဲ့ ဘယ်ဖြစ်မလဲ သားရယ်၊ ဟုတ်ဘူးလား ...

ဒီစည်းစိမ်တွေကို တိုးပွားအောင် ကြိုးစားမယ့်သမက်မျိုးရမှဖြစ်မှာ၊ ဝင်နီ အသုံးအဖြုန်းကြီးသမျှ တစ်ဖက်က အဖတ်ဆယ်ပြီး ရှာနိုင်ဖွေနိုင် လုပ်ရည်ကိုင်ရည်ရှိမှဖြစ်မှာ။ သူတစ်ဖက် ကိုယ်တစ်ဖက် ဖြုန်းတီးပစ်မယ့် သမက်မျိုးဆိုလည်း မဖြစ်ပြန်ဘူး။ ဝင်နီ ခွေးဖြစ်မှာပေါ့ ...

ကြီးကြီး ဘက်ပေါင်းစုံက အများကြီး စဉ်းစားပြီးမှ သားကို တိုက်ရိုက်နှုတ်ဖောက်ကြည့်တာ၊ ဒါပေမဲ့ မယူမနေရလို့ အမိန့်ချတာတော့ မဟုတ်ပါဘူး သားရယ်၊ သားဆန္ဒမရှိရင် ဒီစကားကို ငြင်းနိုင်ပါတယ်၊ ဒီကိစ္စကို ငြင်းတဲ့အတွက် သားတို့သားအဖကို ရေ့ဆက် မခေါ်နိုင်မပြောနိုင် စိတ်ခုသွားမှာမျိုးလည်း မရှိပါဘူးဆိုတာ ကြိုပြောထားပါတယ်၊ အဖေနဲ့ တိုင်ပင်ချည် သား"

အဲဒီနောက်ပိုင်းမှာ ပွဲရုံကို ပေါက်ပေါက်ချလာတတ်ကာ စစ်အေးအပေါ် ဆက်ဆံရေး ပြောင်းလဲနွေးထွေးလာတဲ့ မဝင်နီကလည်း တွန်းပို့ခြင်းရဲ့တစ်ချက်ပင်။ သူ့ကို မခွဲမခြား ဖော်ဖော်ရွေရွေ ဆက်ဆံလာတဲ့အခါမှာ မဝင်နီဟာ တစ်မျိုးချစ်စရာကောင်းပါသည်။ အဖေကလည်း တိုတိုတုတ်တုတ်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာအဉ်းစားနေတာတုန်း ငါ့သား၊ အတိုင်းထက် အလွန် ဖဲထား၊ အဖေကတော့ သဘောကျတယ်၊ သားပဲဆုံးဖြတ်တော့"

ရှိသမျှ သူငယ်ချင်း အပေါင်းအသင်းတွေ ဆွေမျိုးတွေကလည်း ...

"စစ်အေးကတော့ ကံကောင်းပါ့ကွာ"

"စိတ်ကောင်းရှိတဲ့လူဆိုတော့ ကောင်းတာတွေ သူ့ဆီရောက်လာတာပဲ၊ မင်းတော့ စိုင်ကော်တာပဲ"

"ယုတ်ပါ၊ ယုံတောင် မယုံနိုင်ဘူးကွာ"

အခြေအနေတွေက သူ့ကိုယ်သူ သွေးနားထင်ရောက်ရမလိုတောင် ဖြစ်ခဲ့ပြီးတဲ့နောက် ချစ်သူဆိုတာကို မူးလို့တောင် ရှူစရာ မထားဖူးသေးတဲ့ စစ်အေးဟာ အချိန်တိုတိုအတွင်းမှာပင် ကြီးကြီးကို အဖြေပေးလိုက်ပါသည်။

"ကြီးကြီးတို့ စီစဉ်တာ ကျွန်တော် နာခံပါ့မယ်"

သူတို့မင်္ဂလာပွဲက တစ်လအတွင်းမှာပင် အကောင်အထည်ပေါ်သည်။ လက်ထပ်ပြီးတဲ့နောက် မဝင်နီက သူ့ကို "မောင်"လို့တောင် စိတ်လိုတဲ့အခါတွေမှာ ထုတ်ခေါ်တတ်ပါသေးရဲ့။ သူတို့ဘဝက အဆင်ပြေပြေပင်။ အိမ်ထောင်ကျပြီးလည်း အသွားအလာမပျက်တဲ့ မဝင်နီကိုတော့ သူ ချော့ချော့ ခြောက်ခြောက် မအောင်မြင်ခဲ့။



ညဉ့်နက်သန်းခေါင် မူးပြန်လာတဲ့ မဝင်နီကို တွဲရ ထမ်းရ ပွေ့ချီသယ်ယူရတာများ ရိုးတောင် ရိုးနေခဲ့ပါပြီ။

"ဝင်နီ ... ညည်းယောကျ်ားဖော်နဲ့ ကလပ်ဘ်တက်နေတုန်း ဖြစ်စရာလား၊ ညည်းမှာ လင်ယောကျ်ား ငုတ်တုတ် တစ်ယောက်လုံး ရှိသေးတယ်၊ ခြေလှမ်းတွေကို ခုထိမပြင်ဘူးလား၊ အိမ်ထောင်ချပေးလည်း ခြေမငြိမ်ဘူးလား၊ ငါဘယ်လိုလုပ်ရမလဲ၊ ညည်းကို အိမ်ပေါ်က နှင်ချရမှာလား ... ပြော"

ယောက္ခမကြီး ဒေါ်တင်နုဟာ မမဝင်နီကို တစ်ချက်မှ မျက်နှာသာမပေး၊ ဘက်မလိုက်ပါ။ မဝင်နီ နေပုံထိုင်ပုံကို အမျှစ်တောက်တောက် မြည်တွန်တောက်တီးတတ်လွန်း၍တောင် စစ်အေးက ရှေ့ကနေ ကာဆီး ကာဆီးနှင့် ဇနီးဘက်က ကာကွယ်ပေးရတတ်သည်။

သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ သားအမြွှာနှစ်ယောက် စစ်ကိုကို စစ်ညီညီတို့ မွေးဖွားပြီးတဲ့အထိ အေးအေးချမ်းချမ်းပင်။ သားလေးနှစ်ယောက်ကို သူ အလွန်ချစ်ကာ သူ့ဘဝကလည်း သားနှစ်ယောက်ကြောင့် ပြီးပြည့်စုံတယ် ထင်မိသည်။

ဒီအချိန်တွေကြားထဲမှာ ငယ်သူငယ်ချင်းတချို့ရဲ့ ...

"ဟေ့ကောင် ... စစ်အေး၊ မင်းမိန်းမ မဝင်နီ လူတစ်ယောက်နဲ့ တွဲနေတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"မဝင်နီ တွဲ့တွဲနေတဲ့သူက သဘော်သား၊ သွားလိုက် လာလိုက်ကွ၊ ဒီကောင် ရန်ကုန်မှာရှိရင် မဝင်နီက တစ်ချိန် လုံး ဒီကောင်နဲ့ချည်း တွဲနေတာပဲ"

"မဝင့်နီနဲ့ တွဲနေတဲ့ကောင်က မဝင်နီရဲ့ ငယ်ရည်းစား ဟောင်းကွ"

ဒီစကားတွေကို စ့ကြားဖူးကာစက စစ်အေး ရင် ထဲမှာ တစ်စုံတစ်ခုတော့ နင့်တင့်တင့် ခုတုတု ဖြစ်တယ် ထင်ရ ပါသေးသည်။ သို့ပေမယ့် မကြာ မကြာ ကြားအပြီးမှာတော့ သူ့ စိတ်ထဲ ဒီကိစ္စကို ဘယ်လိုမှ မနေသလို ဖြစ်လာသည်မှာ အံ့ဩ စရာပင်။ ကြားရသူတိုင်း ထူးဆန်းလောက်အောင် စစ်အေးသည် မဝင်နီ လူတစ်ယောက်နှင့် အမြဲဆက်သွယ် တွဲခုတ်နေတာသိသိ လျက်နှင့် မတုန်လှုပ်ပဲ ခံစားချက်ကင်းမဲ့နေခဲ့သည်။

သူ့ကိုယ်သူပင် ဘာဖြစ်တာလဲဟု အံ့ဩရပါသည်။ တကယ်တော့ ဘာမှထူးထူးဆန်းဆန်း မဟုတ်ပါ။ စစ်အေးရဲ့နှလုံး သားက မဝင်နီအတွက် နည်းနည်းကလေးမှ အထိခိုက်မရှိ အနှမြော အစုံမက်မရှိတာ ဆိုတာ ကိုယ့်ကိုယ်ကိုယ် အံ့ဩတကြီး သိရသည်။

မဝင်နီကို သူ မချစ်။ မချစ်တဲ့ကြားမှာ ဒီသတင်း ကြားရပြီးတဲ့နောက် မဝင်နီကို နာကြည်းတာ မုန်းတီးတာလည်း မရှိဘဲ မဝင်နီသည် သူနှင့် သူစိမ်းပြင်ပြင်လို့ ဖြစ်လာပါသည်။ မဝင်နီကို ကွာရှင်းလိုက်မလားလို့ စဉ်းစားပြန်တော့လည်း သာ





နှစ်ယောက်ကို သူ မစွန့်ရက်နိုင်ပြန်။ သားတို့ကိုတော့ သူ သိပ် ချစ်သည်။

သားနှစ်ယောက်ကလည်း သူတို့ကို အနားမကပ်၊ မချော့မမြူ၊ တာဝန်မယူ၊ ဝေယျာဝစ္စလုပ်မပေး၊ အဖော်မပြု၊ မယုယတဲ့ အမေထက် အဖေကိုပဲ ဆထက်ထမ်းပိုး တွယ်တာနှီး စပ်ကြသည်။ အမေနဲ့ဆို စိမ်းတိမ်းတိမ်းနိုင်ကာ အဖေနှင့်မှ ပျော် ရွှင်မြူးထူးနေတတ်ကြတာပါ။

သူတို့အမေ ပြန်မရောက်သေးရင်လည်း သိတောင် မသိ၊ ရှာလည်း မရှာဖွေတတ်တဲ့ သားတို့ဟာ အိပ်ခါနီး အဖေ မရှိရင်တော့ ငုတ်တုတ်ထိုင် မအိပ်ဘဲ စောင့်နေတတ်ကြသည်။ ဒီသားနှစ်ယောက်ကြောင့်လည်း မဝင်နီ နေချင်သလိုနေတာကို သူ ဂရုမစိုက်ဘဲ နေနိုင်တာထင်သည်။ ခံနိုင်ရည်ရှိတာထင်သည်။

သူ့အဖြစ်က မိန်းမတစ်ယောက်အတွေးလို "တည်မီ တဲ့ဘုရား လင်းတပဲနားနား" ဆိုတာမျိုး။ နဂိုကပင် မည်မည်ရရ အချစ်မပါဘဲ သင့်တော်သော အခြေအနေ အရပ်ရပ်ကြောင့် လက်ထပ်ယူလိုက်သော မိန်းမကို ချစ်လည်းမချစ် မုန်းလည်းမမုန်း သူစိမ်းတစ်ယောက်ပမာ ခံစားချက်နှင့် သူ အင်မတန် မြတ်နိုး သော သားအမြွှာနှစ်ယောက်ကို မွေးဖွားသန့်စင်ပေးခဲ့တဲ့ မိန်းမ တစ်ယောက်အဖြစ်နဲ့တော့ဖြင့် အမြဲတမ်း နေရာလေးတစ်ခုထားကာ လိုက်လိုက်လျောလျောပဲ နေခဲ့သည်မှာ အချိန်တစ်ခု ရောက်တဲ့ အထိ။



www.burmeseclassic.com

www.burmeseclassic.com



မဝင်နီကလည်း စစ်အေးကို စိတ်လိုလျှင် လိုသလို စိတ်မလိုလျှင် မလိုသလို သူ့ရဲ့လတ်တလော Mood အပေါ် မူတည်၍ ဆက်ဆံသည်။ သူတို့အိမ်ထောင်ရေးဟာ အေးစက်ဆေယ့် အပေးအယူကတော့ မျှတသည်ဖြစ်၍ အက်ကြောင်းထင်မလာဘဲ မှန်တန်းလေး တည်ငြိမ်လျက်သား ရှိခဲ့သည်ပင်။

ဆယ်နှစ်ကျော်အတွင်းမှာ မဝင်နီကို သူ့ရဲ့ငယ်ရည်းစားဆိုတဲ့လူနှင့်တွဲလျက် သူ့မျက်စိနှင့်ပင် သုံးခါလောက် မျက်ဝါးထင်ထင် မြင်ခဲ့ဖူးသော်လည်း သူက ဒါကို ပြဿနာမရှာမိဘဲ သည်းညည်းခံနိုင်ခဲ့လေသည်။ ငါလည်း ရင်နာရတာ မဟုတ်၍ သူလည်း သူပျော်သလိုသာ နေပါစေရယ်လို့ သဘောထားလိုက်နိုင်တာပင်။ သူတို့လင်မယားနှစ်ယောက်ကြားမှာ အချစ်မရှိဘူးလို့ပင် တော်ရုံလူ မထင်ဝံ့ခဲ့ကြတာပါ။

သားတို့ ဆယ့်တစ်နှစ်သား၊ နွေကျောင်းပိတ်ရက်ဗန်ကောက်၊ စင်ကာပူကို အလည်ခရီးသွားဖို့ စီစဥ်ရာက ပါ့စ်ပို့တ်လုပ်ရတဲ့အခါ ဆယ်နှစ်ပြည့်မှတ်ပုံတင်လုပ်ပါလို့ ညွှန်ကြား၍ မှတ်ပုံတင်တွေလုပ်တော့မှ ...။ သားနှစ်ယောက်ရဲ့သွေးအုပ်စုဟာ သူ့သွေးနှင့်မတူညီ၊ သူ့သွေးမှ မဆင်းသက်နိုင်ဘူးဆိုတာ သိလိုက်ရတဲ့အချိန် ...။

အဲဒီအချိန်ကမှစပြီး သူ့ဘဝ လဲပြိုပျက်သုဉ်းခဲ့တော့တာ။ မဝင်နီကို နာကြည်းလှပြီး မယုံကြည်နိုင်လောက်အောင် သူ့တစ်ယောက်တည်း ကမ္ဘာပျက် ဘဝပျက်ခဲ့တော့တာ။ အဲဒီ





အချိန်ကစပြီး စစ်အေးဆိုတဲ့ လူတစ်ယောက် ရင်ထဲမှာ နှလုံးသားရှိတော့သလို ဟာလာဟင်းလင်း မှောင်အတိကျခဲ့ရတာ။ သားတို့သိသွား ဝမ်းနည်းသွားမှာ စိုးရိမ်၍ သူက မပေါက်ကွဲခဲ့ပါ။ ဒါပေမဲ့ မဝင်နီနဲ့ စစ်အေးတို့ရဲ့ အိမ်တွင်းရန်ပွဲတွေ မပြေလည်မှုတွေဟာ ထိုအချိန်မှ စတင်ဖြစ်ပွားခဲ့ရတော့တာပင်။

မကြာခင်မှာ သားနှစ်ယောက်ကို အမေရိကားပို့ပြီး ကျောင်းအိပ်ကျောင်းစား ကျောင်းသွားအပ်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၄

"ဦးကို ကန်တော့ပါသည်။
မြပယင်း ..."

ထုပ်ပိုးစက္ကူပြန်းရောင်အပွင့်ကို အိတ်ပုံသဏ္ဌာန်ဖြစ် အောင် ခေါက်ချိုးကော်ကပ်ထားတဲ့ အထုပ်ပေါ်က ဆော့ဖ်ပဲင်မင် နှင့် ရေးထားတဲ့စာကိုမြင်လျှင် ဝိုင်းစက်လှပလွန်းတဲ့ လက်ရေး လေးကို ဝင်နီ စတင်စိတ်ဝင်စားမိတာဖြစ်သည်။ အိတ်ကိုဖွင့်ကြည့် လိုက်တော့ အထဲမှာ နှစ်ချောင်းထိုး ထိုးထားတဲ့ သိုးမွေးမာဖလာ အဖြူနှင့် မိုးခိုးစင်းအကျားလေးကို တွေ့သည်။

ပြန်ထည့်ထားလိုက်ပြီး ဦးစစ်အေး ဗီရိုထဲက သူ ဖွေတဲ့ ကားလိုင်စင်လဲဖို့ ဖိုင်ထုပ်ကိုသာ ယူဖြစ်လိုက်တာပါ ဒါပေမဲ့ ထိုညမှာတော့ သတိတရစကားစပ်ကာ ...

"မနက်က ရှင့်ဗီရိုထဲက ကားလိုင်စင်စာအုပ်ရှာရင်း အထု တစ်ထုပ်တွေ့တယ်၊ မာဖလာလေးလေ၊ တစ်ယော





ယောက် ကန်တော့ထားတာ၊ မြပယင်းတဲ့၊ အဲဒါ ဘယ်သူ လဲ"

"အဲဒါ ခင်ဗျား သိစရာ မလိုအပ်ပါဘူး"

ထုံးစံအတိုင်း ခပ်တင်းတင်း ဘုတောမှုကိုပဲ လက်ခံ ရလိုက်ပေမယ့် ရိုးနေတဲ့ ဝင်နီကလည်း ပန်းနှင့်ပေါက်သလောက် သာပေ။

"ရှင့်ဆီ သတင်းကျွတ် ကန်တော့ရောက်လာတဲ့ အထုပ်တွေ ခြင်းတွေ ဟိုဘက်ခန်းထဲပဲ စုပုံထားပြီး ပြန်ကန်တော့တန် တာကန်တော့၊ လက်ဆောင်ပေးတန်တာ ပြန်ပေး လုပ်နေ ကျပဲလေ၊ ရှင်က ပုဆိုးဆိုရင်တောင် ကိုယ်တိုင် စိတ်ကြိုက် ကိုပဲ ဝယ်ဝတ်ပြီး သူများကန်တော့တာဆိုရင် သူများကိုပဲ ပြန်လက်ဆောင်ပေးတာမျိုး လုပ်တတ်တာ၊ အင်္ကျီတွေ ဘာတွေလဲ ဒီလိုပဲ၊ ဒီမာဖလာကိုမှ ဗီရိုထဲ ယူထည့်ထား တော့ ထူးဆန်းနေလို့ပါ၊ ဘယ်သူကန်တော့တာလဲ"

"ခင်ဗျား နာမည်တွေ့သားပဲ မဟုတ်လား"

"အင်းလေ ... အဲဒီမြပယင်းဆိုတာ ဘယ်သူလဲ"

"ခင်ဗျားမသိလည်း ရတယ်၊ ဘာမှအရေးမကြီးဘူး"

"နေပါဦး ... ဦးစစ်အေးရဲ့ တစ်ယောက်က သိချင်လို့မေး ရင် ဖြေလိုက်ရုံပေါ့၊ ဘာဖြစ်လို့ ကတ်သီးကတ်သတ် ဝေ့ လည်ကြောင်ပတ် လုပ်နေရတာလဲ"

"တော်ပြီ ... တော်ပြီ၊ အိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

စစ်အေးက သူ သီးသန့်ခွဲထားတဲ့ တစ်ယောက်အိပ်ခုတင်ပေါ် တက်လိုက်ပါသည်။ နာကြည်းချက်သက်သက်ကြောင့်ရယ် မဟုတ်ဘဲ မဝင်နီနံဘေးမှာ ရှိရတာ ပွင့်လောင်လှတယ်ရယ်လို့ သူ မှန်းကျပ်ခဲ့တာ ကြာပြီပဲ။ သူ အထင်လဲသေးသွားတဲ့ မိန်းမတစ်ယောက်နှင့် တစ်ခုတင်တည်း မအိပ်လိုတော့၍ အိပ်ခန်းကျယ်ထဲ တစ်ယောက်အိပ်ခုတင်တစ်လုံး ဝယ်ထည့်လိုက်တာပင်။

ဒီအတွက် မဝင်နီကလည်း ဆိုးတယ် ကောင်းတယ် မပြောပါ။ သားတို့မှတ်ပုံတင်အတွက် သွေးအုပ်စုစစ်ချက်စာရွက်လေး သူရှေးယူလာတည်းက သူ့အပြစ်သူသိတဲ့ မဝင်နီဟာ မလုံမလဲနဲ့ သူ့ဟာသူ အနေကျဉ်းကျပ်နေခဲ့တာ။ သူ ဘာမှမပြောလေ မဝင်နီရဲ့သိမ်ငယ်မှုဟာ ပိုလေ။

ဒီနောက်ပိုင်း သားတွေအပေါ်လည်း သူ အေးတိအေးစက်ဖြစ်တဲ့အခါ ဖြစ်မိသည်။ မဝင်နီကိုတော့ အိမ်ထောင်သက်အတွင်း တောက်လျှောက်ဆက်ဆံခဲ့တာနှင့် ဆန့်ကျင်ဖွာ မာကျောခက်ထန်မိချိန်တွေ များလာသည်။ ဒါတွေကို မဝင်နီလည်း သိနေတာပင်။ သူတို့နှစ်ယောက်အပြင် ယောက္ခမကြီးဒေါ်တင်နုတောင်ရိပ်မိခဲ့သေးတာပဲ။ ဘာဘဦးအုံမောင်ကတော့ ကွယ်လွန်ပြီ။ စစ်အေးရဲ့အဖေလည်း မရှိတော့ပါ၊ ကွယ်လွန်ခဲ့ပြီ။

စစ်အေးက ယောက္ခမကြီးကိုလည်းကောင်း၊ သားနှစ်ယောက်ကိုလည်းကောင်း အများကြီး ထောက်ထားခဲ့ပါသည်။





မဝင်နီကိုတော့ သူ ထောက်ထားငဲ့ညှာသင့်တဲ့ မိန်းမတစ်ယောက်လို့ သူ မထင်တော့ပါ။

သူ့အပြစ်က အတော်ဆိုးခဲ့တာ။ ဝတ္ထုတွေ ဘာတွေထဲကလို မပေါ့မပါးဖြစ်နေတဲ့ သူဌေးသမီးကို သူ လှည်းကျိုးထမ်းခဲ့ရတာမျိုးတောင်မဟုတ်။ သူ့လက်ထဲရောက်နေမှ သူ့ကိုကောင်းကောင်း နှားလုပ်ခဲ့တာ။ သူ့ကို ဂရုစိုက်စရာ လင်ယောက်ျားမဟုတ်ဘူးလို့ ယူဆတဲ့အချိုးမျိုး။ သူ့ကို နာကျင်စေသည်။

ဒီလိုမိန်းမတစ်ယောက်ကို သူက တတ်နိုင်သမျှအလာပသလ္လာပတောင် မပြောနေချင်ပါ။ ခုဆို သားတွေက အမေရိကားမှာ။ အိမ်မှာ လေနည်းနည်းဖျန်းထားတဲ့ ယောက္ခမကြီး ဒေါ်တင်နုရယ်၊ စစ်အေးရယ်၊ မဝင်နီရယ်၊ အိမ်ဖော်အလုပ်အမားတွေရယ် ဒါပဲရှိသည်။ သူတို့ရဲ့ခမ်းနားထည်ဝါသော အိမ်ကြီးဟာ ရက်များဖွာမှာ သုသာန်တစပြင်လိုပင်။ ခြောက်ကပ်တိတ်ဆိတ်နေသည်။

မပြောမပြီးတဲ့စကားတို့ကိုတော့ မဝင်နီကို ပြောပါသည်။ မဝင်နီ ပြောစကားတို့ကိုလည်း ပြန်ပြောသင့်သလောက်တော့ ပြောပါသည်။ သို့သော်ငြားလည်း စကားလက်ဆုံကျရတဲ့အထိ ထောက်အောင်တော့ သူ့ဘက်က ဆန္ဒမရှိ။

“ရှင့်ရုံးက ရှင့်စက်ရုံက အမျိုးသမီးနာမည်တော်တော်များများကိုတော့ သိပါတယ်၊ ဒီနာမည်မျိုးက တစ်ခါမှမကြားဖူးတာ”


www.burmeseclassic.com

"
.........."

"မကြားဖူးလို့ မေးနေတာ၊ ဘယ်ကဟာလဲ"

"ဘယ်ကဟာဖြစ်ဖြစ် ခင်ဗျားအပူကို မဟုတ်ဘူး၊ ကဲ … ကဲ … တော်တော့လို့ ပြောနေတာ မရဘူးလား"

ဝင်နီက ကျောပေးအိပ်နေသော ဦးစစ်အေး ကျော ပြင်ကို စိမ်းတောက်တောက်ကြည့်နေရာမှ သက်ပြင်းတစ်ချက်ချ ကာ …

"နေ့လယ်က ကိုကို ညီညီ ဆီက ဖုန်းလာတယ်"

"
.........."

"ရှင့်ဖုန်း ပိတ်ထားလို့တဲ့"

"
.........."

"ဒီဇင်ဘာ ကျောင်းပိတ်ရက် နှစ်ပတ်ရတယ်၊ ပြန်လာချင် တယ်တဲ့၊ ဒီမှာ ခရစ်စမတ်စ်နဲ့ နှယူးယီးယား နေချင်တယ် တဲ့၊ ဒက်ဒီကို ပြောပေးပါတဲ့"

"မလာနဲ့လို့ ပြောလိုက်"

"ကလေးတွေက လာချင်နေတာကို"

"မလာနဲ့လို့ ပြောလိုက်"

မကျေမချမ်း နှုတ်ပိတ်လိုက်တဲ့ ဝင်နီက ဝရန်တာ ကိုထွက်လာကာ ငေးမောနေမိပါသည်။ ဝရန်တာမှာ မှောင်မည်း မည်းနှင့် လေတဖြူးဖြူး။ မျက်စိထဲမှာ "ဦးကိုကန်တော့ပါသည် … မြပယင်း"ဆိုတဲ့ စာသားကိုပဲ ပြန်မြင်ယောင်လာသည်။ တန်ဖိုးမ





ကြီးလှတဲ့ လက်ဖြစ်ပစ္စည်းဖြစ်ပုံရတဲ့ ဒီမာဖလာနှင့် ကန်တော့တဲ့ မိန်းကလေးက ဘယ်သူလဲ။

ဦးစစ်အေးရဲ့ အဆင့်အတန်း ဂုဏ်ဒြပ်ကြောင့် သိတင်းကျွတ်ကန်တော့ခံရတဲ့ ကန်တော့ဖွယ်ပစ္စည်းတွေဟာ တန် ဖိုးနည်းတာမပါ။ တပည့်လက်သားက ကန်တော့တာများ၍ မျက် နှာရအောင် ကန်တော့တဲ့သဘောလည်း ပါဝင်ရာ ကန်တော့ပစ္စည်း တွေဟာ တန်ဖိုးကြီးတွေချည်းပင်။ ဒီမာဖလာလေးတစ်ခုထဲကိုပဲ ကန်တော့တဲ့သူဟာ ထူးနေသည်။

မြဝယင်းတဲ့။

ဦးတဲ့။

ဦး ဆိုတော့ ဒီမိန်းကလေးက ငယ်ဦးမယ်ဆိုတဲ့ သဘောပေါ့။ အသက်လေးဆယ့်တစ်နှစ်နှင့် လိုက်ဖက်ဲတင့်တယ် တဲ့ ရှင်းသန့် ဝင်းဖန့်သော အသရေကို ပိုင်ဆိုင်ထားတဲ့ ဦးစစ်အေး ကို မြင်ယောင်ကြည့်ရင်း သက်ပြင်းချမိပါသည်။ အဲဒီ စစ်အေး ဟာ အသက်ထက်နုတယ် ထင်ရတာတော့ အမှန်ပဲ။

ဝင်နီကတော့ [illegible]သည်။ လှုပ်ရှားသွားလာနေသူမို့ လူက သိပ်မဝသော်လည်း စားတာတွေ သောက်တာတွေကြောင့် ရုပ်ကတော့ကျသည်။ သူတို့နှစ်ယောက် ယှဉ်သွားလျှင် စစ်အေးက သိသိသာသာ ငယ်နေတာ လူတိုင်းရိပ်မိနိုင်သည်။ ငယ်တာမှ တကယ်ငယ်တဲ့ လေးနှစ်ဆိုတဲ့ အပိုင်းအခြားထက်ကို ပိုပြီး သယောင်တောင် ထင်ရတာ။

www.burmeseclassic.com



ဒီလိုတွေးကြည့်တော့ သတိရလာသည်မှာ သူတို့နှစ်ယောက် ယှဉ်တွဲသွားလာတဲ့ အဖြစ်အပျက် အတော်ကျဲတောက်ရှားပါးခဲ့ပြီ ဖြစ်တာကိုပင်။ တွဲသွား တွဲလာမပြုတာ ကြာပဲကြာလှပေါ့။ မဖြစ်လွန်းမှ။ အားနာထောက်ထားစရာ ရှိလွန်းမှ စစ်အေးက ဝင်နီ့ကိုခေါ်သည်။

အခု သီတင်းကျွတ်နောက်ပိုင်းလာတဲ့ မင်္ဂလာဆောင်ဖိတ်စာတွေဆိုလည်း စစ်အေးက "ခင်ဗျားပဲ သွားလိုက်တော့"ဆိုပြီး ဝင်နီ့ကိုပဲ တစ်ယောက်တည်းသွားဖို့ တာဝန်ပေးထားတာဆက်တိုက်ပင်။ ဝင်နီကလည်း ဘယ်တုန်းကမှ ယောကျ်ားနဲ့တွဲမသွားရလို့ ဝမ်းနည်း စိတ်မကောင်းဖြစ်တဲ့ မိန်းမမျိုးမဟုတ်ရာစိတ်ထဲ သိပ်မထားလှပဲ ကိုယ့်ဟာကိုယ် သွားလိုက်တာပင်။ ဘယ်လိုမှ မနေခဲ့။

ခုတော့ ဟိုတွေး ဒီတွေး တွေးရင်းက နေ့လယ်ကမှ ပူပူနွေးနွေး ရောက်ခဲ့သော ဗေဒင်ဆရာမဆီ သွားရတဲ့အဖြစ်က ခေါင်းထဲရောက်လာပါသည်။ ဆိုးဖော် ဆိုးဖက် တေဖော်တေဖက် ငယ်သူငယ်ချင်း ဝင်းမှုံ အတင်းခေါ်လို့ အဖော်ပါသွားပေးရတာ။ ဝတ်မှုံရဲ့ယောကျ်ား ကိုနိုင့်ကိစ္စ။

ကိုနိုင် မိန်းမကိစ္စ အရှုပ်အထွေး ရှိနေလို့တဲ့။ အမျော်အပျက်မကတော့ဘဲ ကိုနိုင်က တော်တော်စွဲစွဲမြဲမြဲ ဖြစ်နေတာမို့ယောကျ်ားတွေနှင့် အငယ်အနှောင်းတွေကို ချစ်ခြင်းခွဲရာမှာ ယတြာ





ကောင်းလှတယ်ဆိုတဲ့ ဗေဒင်ဆရာမဆီ သွားကြရတာပါ။ ဝင်နီသည် ဗဟုသုတ အဆန်းတွေကို မျက်လုံးတပြူး မြင်တွေ့အံ့သြရသည်။

ကိုနိုင့်အင်္ကျီဟောင်း ဝတ်မှုံအင်္ကျီဟောင်းတို့ကို ဆုတ်ဖြဲကာ ရောထွေးထုပ်ပိုး။ တမျှင်စီဆွဲကာ ညှပ်ယူပြီး စာကပ်ထားတဲ့ ဖယောင်းတိုင်မှာပတ်။ အသီးအနှံတွေ အရွက်တွေ ချွက်တွေ ဝလုံးတွေနှင့် ယတြာတွေက အတော်ကို ကြကြဲဖန်ဖန် စီရင်ထားတာပင်။

"ဘာမှစိတ်ပူမနေနဲ့တော့ ညီမ၊ ရှင့်ယောကျ်ား ရှင့်စကားနားထောင်မလာလို့ကတော့ ဇက်သာလာဖြတ်လှည့်တော့"

ဗေဒင်ဆရာမကလည်း အာမခံ ရဲတင်းလှပါသည်။

"ဟိုအရင်တစ်ယောက်တုန်းကလည်း ကွဲသွားတာ မဟုတ်လား"

"ဟိုအရင်တစ်ခါတုန်းကဟာက ပန်းကုံးစွပ်ရုံ၊ ဖုန်းဆက်ရုံ၊ မုန့်အတူစားရုံထက် မပိုဘူးလေ ဆရာမရဲ့၊ ခုဟာက ဒီ့ထက်ရင့်တဲ့ ခိုင်တဲ့ Relationship "

"ဘာကြီးရင့်ရင့် ဘာကြီးခိုင်ခိုင်၊ ဘာမှစိတ်မပူနဲ့၊ ဖယောင်းတိုင်ထွန်းစရာရှိတာထွန်း။ သူ့ကိုလည်း ဘာမှ ကွဲစိကွဲ သွားမပြောနဲ့၊ ဒီကိစ္စ စကားကိုမစနဲ့ ကြားလား၊ ကိုယ်လုပ်စရာရှိတာပဲ ဖိလုပ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာမ"

ဝတ်မှုံ ဘယ်ကရထားတယ်မသိတဲ့ တစ်ဖက်မိန်းကလေးရဲ့ဓာတ်ပုံကိုတော့ တစ်မျိုးတစ်ဖုံ စီစဉ်သည်။ အံ့သြဘနန်းတွေပင်။ ကြည့်ရင်း ... ကြည့်ရင်းက ဝတ်မှုံကိုသနားမိကာ ဒါမျိုးတစ်ခါမှ မလုပ်ဖူးတဲ့ ကိုယ့်ဘဝကိုယ် ကျေနပ်ရကောင်းမှန်း သတိရပါသည်။ စစ်အေးနဲ့ပတ်သက်ပြီး သူ ဒီလိုမပူလောင်ရ၊ မျက်စပ်ပိုးမဝင်ရ၊ ဗေဒင်ဆရာမဆီ မပြေးရ။

တကယ်တမ်း ပြောရရင် ပြေးချင်ပြေး စစ်အေးကတောင်များ သူ့အတွက်ပြေးရမလားပင်။ သူ့မှာသာ အရှုပ်ထုပ်ကရှိတာ မဟုတ်လား။ သို့ပေမဲ့ စစ်အေးက ဝင်နီ့အတွက်တော့ဖြင့် ပူပူလောင်လောင်နဲ့ ဗေဒင်ဆရာဆီ ပြေးလိမ့်မည် မဟုတ်ပါ။ ဘာကြောင့်လဲ ...။

ဝင်နီ့ကို မချစ်လို့ပေါ့။ ရှင်းနေတာပဲ။ သူ့ဝန်မတိုလို့။ မပူလောင်လို့။ သူ့စိတ်ထဲ ဘယ်လိုမှမနေလို့။ အရေးမပါလို့။ ဒီလိုစဉ်းစားကြည့်လိုက်တော့ အောင့်သက်သက်တောင် ဖြစ်ရသလိုပင်။ စစ်အေး ... သူ့ကိုမချစ်ဘဲ ယူတယ်ဆိုတာ သူ မသိခဲ့တာမှ မဟုတ်ဘဲ။ ခပ်ရိုးရိုးအေးအေး ကောင်ကလေးဟာ လူကြီးတွေစကားလည်း မပယ်ရှား မဆန့်ကျင်ချင်၊ ဝင်နီ့လို သူ့အိပ်မက်,မက်ဖို့ပင် အဆမတန်မြင့်မားနေတဲ့ မိန်းမတစ်ယောက်ကို ရေကန်အသင့်ကြာအသင့် ရလိုက်မှာကိုလည်း လက်မလွှတ်ချင်။ သူ့ဘဝရေးရေးလည်း ပါပေဦးမပေါ့။





ငွေမက်လို့ ... လို့ စစ်အေးကို မစွပ်စွဲပါ။ ဒါချည်းသက်သက် မဟုတ်တာ ဝင်နီ ကောင်းစွာနားလည်ယုံကြည်၍ပင်။ မချစ်ခဲ့ပေမယ့် သူဟာ ဝင်နီ့အပေါ် ကောင်းကောင်းတော့ ပေါင်းသင်းခဲ့သား။ ဝင်နီ နေပုံထိုင်ပုံကို အပြစ်မဆိုဘဲ ခွင့်လွှတ်လိုက်လျောထားခဲ့သား။ လင့်ဝတ္တရားအားလုံး ကျေပွန်ခဲ့သားပင်။

ဝင်နီကသာ မကျေပွန်ခဲ့တာ။ ဆိုးသွမ်းခဲ့တာ။ ဝင်နီသည် သူလည်း စစ်အေးကို မချစ်ခဲ့။ ဝင်နီ ချစ်မြတ်နိုး ရင်ခုန်ရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ပုံစံမျိုး စစ်အေးမှာမရှိ။ အရိုးအတုံး ရေခဲတုံးကြီးလေ၊ ရင်ခုန်စရာလား။ ဝင်နီ တကယ်ရင်ခုန်တဲ့သူကိုတော့ဖြင့် အမေကလည်း သဘောမတူသလို၊ အဲဒီလူကလည်း လက်ထပ်မယူခဲ့ပါ။

လက်ထပ်ခြင်းကို မယုံကြည်တဲ့သူလို့ သူ့ကိုယ်သူကြွေးကြော်အော်ဟစ်ထားတဲ့ လူစား။ သို့ပေမဲ့ သူ့ကို ပူပူလောင်လောင် ချစ်ရတာကို ဝင်နီ ပျော်သားပင်။ သူ့ကိုလည်း ဝင်နီ မေ့တော့ပ်နှောင်။ ဝင်နီ့ကိုလည်း သူ မတုပ်နှောင်။ ဝင်နီတို့ ဆက်ဆံရေးက တွေ့တုန်းတွေ့တဲ့အလျှောက်။ အချိန်တန်လမ်းခွဲ အိမ်ပြန်။

ဘာရယ်မဟုတ် ကိုယ်တွေအိမ်ထောင်ရေးဘဝကို အစိမ့်စိမ့် မတွေးစဖူးတွေးကြည့်မိရင်း ဝင်နီ့ရင်ထဲတွင် ခံစားချက်တစ်ခုတော့ ဝင်လာသည်။ ဗေဒင်ဆရာဆီ ဝင်နီ မပြေးရအောင် အေးအေးချမ်းချမ်းနေတဲ့ (နေတယ်လို့ ဝင်နီ ထင်နေခဲ့တဲ့၊ သေချာ မိန်းနားစွင့်ဖို့လည်း စိတ်မဝင်စားခဲ့တဲ့) စစ်အေးဟာ တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်နီ့ကွယ်ရာမှာ မခုတ်တတ်တဲ့ကြောင်ကြီးလား၊ ခိုးစားနေတဲ့ ကြောင်ဖားကြီးလား သိချင်လာခြင်းပင်။

အဲဒီအတွေးနှင့် သိချင်မှုကြောင့် ရင်ထဲ ဒိတ်ခနဲတစ်ချက်တော့ လှိုက်ဖိုသည်။ ကဲ ... စစ်အေးမှာ ကွယ်ရာမှာ ဝင်နီ မသိတဲ့ ချစ်ဇာတ်လမ်းတစ်ပုဒ်လောက်များ ရှိနေပြီဆိုပါစို့။ ဘာလုပ်မလဲ။

ဝင်နီသည် ထိုနေ့ညက အိပ်မပျော်တော့ပေ။

"တီ"

စက်ရုံရှေ့က ကြီးမားထူထဲ ခိုင်ခံ့လေးပင်လှတဲ့ တွန်းတံခါးကြီးရဲ့ ချောင်းကြည့်ပေါက်မှ မျက်နှာတစ်ခု ချောင်းကြည့်လာလျှင် ဝင်နီက ကားမှန်ကိုလျှော့ချ လက်တစ်ဖက် ထုတ်မြှောက်ပြလိုက်သည်။

"ဟာ ... သူဌေးကတော်"

ဦးစံအေးကြီး ရှိဆဲပင်။ ဟိုးအရင် ဖေဖေရှိစဉ်ကတည်းက ကျပမ်းလုပ်သားကြီး။ အိုမင်းသော်လည်း စစ်အေးက ဂိတ်စောင့်တာဝန် ဆက်ပေးထားပုံရသည်။ တံခါးကြီးကို ငယ်ရွယ် ချွတ်လတ်တဲ့ လူငယ်နှစ်ယောက်က တွန်းဖွင့်လိုက်ပါသည်။ ဦးစံအေးကြီးက ခါးကိုညွတ်ကာကိုင်းကာ ဆလံတွေပေးရှာသည်။

မတွေ့တာကြာပြီလေ။ စက်ရုံကို ပွဲရုံကို ကုမ္ပဏီရုံးခန်းကို အလဲကားနေရင်း ရောက်နေတတ်သူမှ မဟုတ်ဘဲ။ အလုပ်လုပ်ဖို့လည်း ဝါသနာမပါ။ သွားကြည့်ရှုစစ်ဆေးဖို့လည်း ဝါသနာမပါ။ စစ်အေး လုပ်ချင်တာတွေ လုပ်နေပစေ။ စီးပွားက အရှိန်ရိပ် တက်နေတာပဲရှိတာ မြင်နေ သိနေရတာပဲလေ။

www.burmeseclassic.com



ဖေဖေတို့လက်ထက်က “သူဌေး”ဆိုတဲ့ အဆင့်ထက် အဆင့်များစွာပိုသော ကြွယ်ဝမှုအတိုင်းအတာ အဆင့်ကို ရောက်နေတာပဲလေ။ သုံးချင်တိုင်းသုံးရ၊ ဖြုန်းချင်တိုင်းဖြုန်းရ၊ စိတ်ကူးပေါက်လျှင် သားတွေနှင့် မမော်လီတို့ရှိရာ အမေရိကားကို ချက်ချင်းဆိုသလို ကောက်ကာငင်ကာ သွားလည်လိုက် ပြန်လာလိုက် လုပ်လို့ရတဲ့ဘဝ။

ဗီရိုဖွင့်ယူလိုက်လျှင် လိုချင်သလောက် မိုက်ဆံအထပ်လိုက်။ မီးခံသေတ္တာဖွင့်ယူလိုက်လျှင် ဝတ်ချင်သလောက် ဝတ်စရာလက်ဝတ်ရတနာတွေ Set လိုက် Set လိုက်။ ဒီတော့ အလုပ်ခွင်တွေ စက်ရုံတွေ ရုံးခန်းတွေကို တကူးတက လိုက်ကြည့်စပ်စု စစ်ဆေးနေဖို့ စိတ်ကူးထဲတောင် မရှိပါ။

မမော်လီတို့ နိုင်ငံခြားကို အပြီးထွက်သွားခါနီးမှာ ဖေဖေနှင့် မေမေက မမော်လီ ရသင့်ထိုက်သော အမွေအနှစ်ကို တန်ဖိုးသင့်ကာ ခွဲဝေအမ်းထုတ်ပေးလိုက်ပြီး ကျန်တာမှန်သမျှ ဝင်နီ့နာမည်နှင့်ချည်း အားလုံးလွှဲပြောင်းခဲ့ပါသည်။ အိမ်ထောင်သက် ငါးနှစ်လောက် အရမှာတော့ ...

“မဝင်နီ ... ဒီကနေ ရှေ့ကိုတိုးချဲ့ဖို့ ထပ်လုပ်ဖို့ရှိတဲ့ လုပ်ငန်းတွေကို ကျွန်တော့်နာမည်နဲ့ပဲ ထားလိုက်မယ်၊ ဌာနဆိုင်ရာကိစ္စဝိစ္စတွေ၊ အမြတ်ခွန်ကိစ္စ၊ ဝင်ထွက်ဆက်ဆံရတာတွေမှာ မဝင်နီကို တစ်ဆင့်လက်မှတ်ထိုးခိုင်းရ ခေါ်ရပြုရ အလုပ်ရှုပ်နေတယ်၊ ရှိပြီးသားဟာတွေတော့ ရှိပစေပေါ့၊





ထပ်တိုးပွားလာတဲ့ အလုပ်ကိစ္စတွေကို ကျွန်တော်ပဲ နာမည်လည်းပေါက်၊ ကျွန်တော့်လက် ကျွန်တော့်ခြေပဲ ဖြစ်အောင် လုပ်သွားတော့မယ်လို့ စိတ်ကူးထားတာ မဝင်နီ သဘောတူသလား”

“မတူစရာ မရှိပါဘူး၊ မင်းနဲ့တို့က လင်မယားပဲဟာ စစ်အေးရဲ့၊ ဘယ်သူ့နာမည်ပဲပေါက်ပေါက် ဘာထူးလို့လဲ၊ နှစ်ဦးပိုင်ပဲဟာ”

“ဟုတ်ပါတယ်၊ ကျွန်တော့်နာမည်တပ်လိုက်မှာကို တစ်မျိုးတစ်မည်ထင်မှာ စိုးလို့ပါ”

“မထင်ပါဘူး၊ အဆင်ပြေသလိုသာလုပ်ပါ”

ဤသို့ဖြင့် ခုနောက်ပိုင်းမှ တိုးပွားလာတဲ့ အချို့သော စက်ရုံ လုပ်ငန်းတွေဟာ စစ်အေးအမည်ပဲပေါက်ကာ စစ်အေးတစ်ယောက်သာ တာဝန်ယူဆောင်ရွက် အုပ်ချုပ်နေတာဖြစ်တဲ့အတွက် တချို့သော ဝန်ထမ်းတွေဟာ ဝင်နီ့ကို သိတောင်မသိကြပါ။ နှစ်ပတ်လည် ညစာစားပွဲ၊ Staff ပါတီပွဲတွေလို ပွဲလမ်းတချို့မှာသာ ဝင်နီ့ကို မြင်ဖူးသူက မြင်ဖူးပြီး သူဌေးကတော်ရယ်လို့ သိကြကာ တချို့ကတော့ မသိကြ။

ဦးစစ်အေး ခါးကုန်းကာ ကုန်းကာ ဆလံပေးနေ၍ အားအနီးအနားတစ်ဝိုက်က လူတချို့ကလည်း ဝင်နီ့ကို ခါးကိုင်းခေါင်းညွှတ်ကြသည်။

“နေကောင်းလား ဦးစစ်အေး”



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကောင်းပါတယ် မမလေး၊ သူဌေးကတော်"

"ရှေ့"

ဝင်နီက မိတ်ဟောင်းဆွေဟောင်း တွေ့ရသလို စိတ်ထဲရွှင်ပျမိကာ အိတ်ထဲက ထောင်တန်နှစ်ရွက်နှိုက်ပြီး ဦးစံအေးကို ကမ်းပေးလိုက်ပါသည်။

"ကျေးဇူးပါပဲ ... ကျေးဇူးပါပဲ သူဌေးကတော်"

နံဘေးက ခုန တံခါးတွန်းဖွင့်ပေးတဲ့ ကလေးနှစ်ယောက်ကလည်း နောက်နားကနေ လက်နောက်ပစ် ခါးညွတ်နေကြဆဲမို့ ဝင်နီက တစ်ယောက်နှစ်ထောင်စီ ကမ်းပေးလိုက်ပြန်ပါသည်။ ဒီဘက်ဘေးကို ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်ကလည်း ဦးညွတ်လျက်သား။

နက်ပြာရောင်ဝတ်စုံ ယူနီဖောင်းနှင့် လက်ထဲကိုင်ထားတဲ့ လျှော်ပြီးသား အဝတ်စုတ်တစ်ထပ်ကိုကြည့်ကာ သန့်ရှင်းရေးဝန်ထမ်း ဖြစ်မယ်လို့ ဝင်နီ ချက်ချင်းပင် မှန်းနိုင်ကာ သူ့ထံလည်း ထောင်တန်နှစ်ရွက် ကမ်းပေးလိုက်ပြန်ပါသည်။

အရောက်အပေါက်နည်းတဲ့ ကိုယ့်လင်မယားပိုင်လုပ်ငန်းခွင်ထဲ ရောက်တုန်း ရောက်ခိုက် သိပ်ပြည့်စုံကြပုံမရတဲ့ ဝန်ထမ်းတို့ကို မုန့်ဖိုးပေးတဲ့သဘော သက်သက်ပင်။

"ဪ ... နေ ... နေပါစေ သူဌေးကတော်"

"ရပါတယ် ... ယူပါ၊ မုန့်ဖိုးပေးတာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် သူဌေးကတော်"

လေးဆယ်ကျော် ငါးဆယ်နားနီးအရွယ် အမျိုးသမီးကြီးက ဝင်နီ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း ...

"သူဌေးကတော်ကို ခုမှပဲ မြင်ဖူးပါတယ်၊ လှလိုက်တာ၊ ရုပ်ရှင်မင်းသမီး ကျနေတာပဲ သူဌေးကတော်ရယ်"

တကယ်လည်း ဝင်နီ့အသွင်သဏ္ဌာန်က ရုတ်တရက်ကြည့်ရင် မင်းသမီးလား ထင်ရနိုင်လောက်သော ပြင်ဆင်ခြယ်သမှုဖြစ်ပါသည်။ နဖူးအထက် ပင့်တင်ထားသော နေကာမျက်မှန်ဝိုင်းကြီး၊ အဆီလက်လက် လိမ်းထားတဲ့ အသားအရေဖြူနုနု၊ နှုတ်ခမ်းဆိုးဆေးအရောင် ထင်ထင်ပေါ်ပေါ်တို့ကြောင့် အမြဲပဲ ...က လှင်းလက်ဝင်းပြက် ထွက်နေတတ်တာပါ။

ဝင်နီက သဘောတကျပြုံးရင်း ...

"ဟုတ်လား ... ဝန်ထမ်းဖြစ်တာ မကြာသေးဘူးထင်တယ်"

"ဟုတ်ကဲ့၊ သုံးလေးနှစ်တော့ ရှိပါပြီ သူဌေးကတော်"

"ဘယ်ဌာနလဲ၊ သန့်ရှင်းရေးလား"

"ဟုတ်ကဲ့ပါ သူဌေးကတော်၊ အခုတော့ သန့်ရှင်းရေးကို ပြန်ရောက်လာတာပါ"

"ဪ ... သန့်ရှင်းရေးကို ပြန်ရောက်လာတာဆိုတော့ အရင်က ဘယ်ဌာနကလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒွာနမဟုတ်ပါဘူး သူဌေးကတော်၊ အရင်က ကျွန်မက သူဌေးကလွှတ်လို့ ဟိုကောင်မလေးအိမ်မှာ အဖော်သဘော နေရတာပါ"

"ဘယ်ကောင်မလေးအိမ်လဲ ! "

"မြပယင်း အိမ်မှာပါ"

"မြပယင်း ! "

ဝင်နီက တအံ့တသြ ရေရွတ်လိုက်မိပါသည်။ ရင်ထဲလည်း ဒိန်းကနဲ ဖြစ်သွားတာပင်။ ချက်ချင်းပဲ သိလိုစိတ်က ဝုန်းခနဲကြွကာ ...

"ဦးစံအေးတို့ လုပ်စရာရှိတာ သွားလုပ်ကြတော့"

လှည့်ပြောလိုက်၍ ဦးစံအေးနှင့် လူရွယ်နှစ်ယောက်က ခင်းတံခါးကြီးဘက် ပြန်လျှောက်သွားကြပါသည်။ ရှေ့ကအမျိုးသမီးက သူလည်း သွားရမလို ခြေလှမ်းပြင်နေ၍ ...

"ရှင် ... နေဦး"

"ဟုတ်ကဲ့ သူဌေးကတော်"

ဒေါ်တူးမာကား သူ့ကို သူဌေးကတော်က တားထားလိုက်ကတည်းက စိတ်ထဲမှာ "ငါကွ" "ငါကွ"နှင့် သဘောတကျ အသံတိတ် ဟစ်ကြွေးနေမိတော့ပြီ။ ကြွေးကော့တက်ကာ ပြုံးချင်လာတဲ့ နှုတ်ခမ်းသားကိုတောင် မနည်းဆွဲစိထားရပါသည်။

ဝင်နီက ဟိုဟိုဒီဒီကြည့်ရင်း ဘယ်နားထိုင်စကားပြောရပါ့မလဲ ရှာဖွေသည်။ ဒီမိန်းမပုံစံကြည့်ပြီး ကားထဲတော့လည်း ခေါ်မထိုင်ချင်ပြန်။ ဝင်နီ့ပုံစံကိုကြည့်ကာ ပါးနပ်တဲ့ ဒေါ်တူးမာက ...

"သူဌေးကတော် စကားထိုင်ပြောချင်ရင် ဟိုဘက်ကဟာက ဝန်ထမ်းကဲင်တင်းပါ သူဌေးကတော်၊ အမိုးအကာနဲ့ နေရိပ်တာပေါ့၊ ထိုင်လို့ကောင်းပါတယ်၊ ဒီမှာက သူဌေးကတော် နေပူပါတယ်ရှင့်"

"အင်း ... အင်း ...၊ ရှေ့ကသွား"

ကဲင်တင်းက ပလတ်စတစ်ခုံလေးတွေနှင့် စားပွဲတစ်လုံးမှာ ထိုင်မိကြလျှင် ဝင်နီက အချိန်ဆွဲမနေဘဲ ...

"ရှင့်နာမည် ဘယ်သူလဲ"

"ဒေါ်တူးမာပါရှင့်"

"ဟုတ်ကဲ့ ... ပြောပါဦး၊ မြပယင်း ဆိုတာက ဘယ်သူလဲ"

"ဟင် ... မြပယင်းကို သူဌေးကတော် မသိဘူးပေါ့၊ သူဌေးက မပြောဘူးပေါ့"

"နာမည်တော့ သိတယ်၊ သေသေချာချာ ဓာစ်ဓာစ်မြစ်မြစ် မသိလို့ပါ"

"မြပယင်းကို သူဌေးက လှည်းတန်းမှာ အိမ်ငှားပေးထားတာလေ"

ဝင်နီ့မျက်နှာက တအံ့တသြ ပျက်သွားရရင်း ...

"ဘာအတွက် အိမ်ငှားပေးထားတာလဲ"



www.burmeseclassic.com

"ဟင် ... သူဌေးကတော် ဘာမှမသိဘူးပေါ့၊ ဒါဖြင့် ကျွန်မ မပြောရဲပါဘူးရှင့်၊ သူဌေးကို ကြောက်ပါတယ် သူဌေးကတော်"

"သူက ရှင့်သူဌေးဖြစ်သလို ကျွန်မက သူ့မိန်းမလေ၊ ပြောပါ ဒေါ်တူးမာ"

"ကျွန်မ မပြောရဲဘူးရှင့်၊ နှုတ်မလုံဘူးဆိုပြီး သူဌေးက အလုပ်ဖြုတ်လိုက်ရင် ဒုက္ခ၊ ခုတောင် သန့်ရှင်းရေးကို ရွှေ့လိုက်တာ ကြည့်ပါလား သူဌေးကတော်ရယ်"

"သူများကို ပြောတာမှ မဟုတ်ဘဲ၊ ကျွန်မကို ပြောတာပဲဟာ၊ သူ ရှင့်ကို ဘာမှအပြစ်မပေးတော့ပါဘူး ဒေါ်တူးမာ"

"ကျွန်မ သူဌေးက လျှို့ဝှက်ထားတဲ့ကိစ္စကြားထဲ ..."

"ကဲ ..."

ဝင်နီက ပိုက်ဆံအိတ်ကိုဖွင့်ကာ ထောင်တန်လေးများ ထပ်ထားတဲ့ တစ်သောင်းဖိုးတစ်ထပ်ကို အခေါက်လိုက်ဖြုတ်လိုက်ရင်း ...

"ရော့ ... ဒါက သက်သက် မုန့်ဖိုးပေးတာပါ၊ ဒီကိစ္စကို ကျွန်မကို ပြောလိုက်လို့ ရှင် အလုပ်ပြုတ်သွားတယ်ဆိုရင် ရှင့်ကို ကျွန်မ တစ်ခုခု စီစဉ်ပေးမယ် ဒေါ်တူးမာ၊ ရှင် နစ်နာမသွားစေရဘူး၊ ကဲ ... ပြောပြပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မုန့်ဖိုးကို မယူချင်ပေမယ့် သူဌေးကတော် မသိသေးတာကိုလည်း ပြောပြချင်လို့ပါ၊





မြပယင်းကို သူဌေးက မွေးစားသလိုလို ထောက်ပံ့သလိုလို တော့ အသိပေးထားတာပဲ၊ လှည်းတန်းမှာ အခန်းငှားပေးထားတာ သူဌေးကတော်ရဲ့၊ ကျွန်မက မြပယင်းကို ထမင်းချက်ကျွေးဖို့ လျှော်ဖို့ ဖွပ်ဖို့ အဖော်နေရတာပါ"

"သူက ဘယ်ကလဲ၊ အသက်က ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်၊ အရင်ကတော့ သူဌေးရဲ့ဝန်ထမ်းလိုင်းပေးထားတဲ့ ကျန်စစ်သားတိုက်တွေမှာပဲ နေတာပဲ၊ သူ့အမေဆုံးတော့ သူဌေးက သူ့ကို ဒီမှာမထားတော့ဘဲ အခန်းငှားပြီး ဟိုဘက်ပို့လိုက်တာပဲ"

"သူက တစ်နေ့ တစ်နေ့ အိမ်မှာပဲလား၊ ဘာလုပ်နေလဲ"

"ကျူရှင်သွားတယ်၊ ကျောင်းသွားတယ် ဆိုပြီးတော့ မိုးလင်းရင်တော့ အိမ်ကထွက်ထွက်သွားတာပဲရှင့်၊ အိမ်မှာ ဆရာမ လာတာမျိုးလည်း ရှိတယ်၊ ဆယ်တန်းပြန်ဖြေဖို့တော့ လုပ်နေတယ်"

"ဆယ်တန်း !! "

"ဟုတ်ကဲ့ ... အရင်က ဆယ်တန်းကျထားတာ"

"ကလေးသာသာပေါ့"

"ကလေးတော့ မဟုတ်ပါဘူး သူဌေးကတော်ရယ်၊ လူကလည်း အပျိုကြီးဖားဖားပါ၊ စကားသံမထွက်သလိုလိုနဲ့ အိညက် အိညက်နဲ့ သူကလည်း အဆိပ်ရှိသား သူဌေးကတော်ရဲ့၊ သူ မကြိုက်လို့ ကျွန်မ ဒီကိုလွှင့်ခဲ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာလို့မကြိုက်တာလဲ"

"ပြောတာတ်ပါဘူး သူဌေးကတော်ရယ်၊ ကျွန်မက အအ,မှ မဟုတ်တာ၊ သူက အအ,ပဲ သူ့အနား နေစေချင်လားမှ မသိတာ၊ ကျွန်မကို ပြဿနာရှာလား မမေးနဲ့၊ သူ ပြဿနာရှာလိုက်ရင် သူလိုသလောက် ပိုက်ဆံကို ထုတ်ပေးဖို့ တာဝန်ယူရတဲ့ ဒေါ်လွှင်လွှင်က ကျွန်မကို ကြိမ်းမောင်းတော့တာပဲ"

"ဒေါ်လွှင်လွှင် ! "

"ဟုတ်ကဲ့ …၊ ဒီကောင်မလေး လိုသမျှဖြည့်ဆည်းပေးဖို့ သူဌေးက တာဝန်ပေးထားတာ၊ ဒီမှာလက်ထောက်မန်နေဂျာပေါ့၊ မြပယင်းကို သူက သည်းသည်းလှုပ် မှုးမှုးမှတ်ထားတာပါ၊ တစ်ခွန်းလောက် အီညက်ညက်နဲ့ တို့လိုက်ရင် ကျွန်မမှာ အအော်အငေါက် ခံရရော၊ ကြည့်ကျက်နေရတာ သူဌေးကတော်ရဲ့၊ သူဌေးရဲ့ မျှော်လင့်ချက်။ သူဌေးရဲ့ အနာဂတ်၊ သူဌေးရဲ့ အသက်ဘူး ဆိုလားပါပဲတော် …

သွားပြန်မပြောပါနဲ့နော် သူဌေးကတော်၊ ဒီစကား လုံးတွေ အတိအကျ သူဌေးကတော် သိနေရင်တော့ ဒါ ဒေါ်တူးမာဆီကပဲဆိုတာ ပြောနေဖို့တောင် မလိုဘူးလေ ကျွန်မဆီက သိရတယ်လို့ လုံးလုံးပြန်မပြောပါနဲ့နော်"

"မပြောပါဘူး ဒေါ်တူးမာရဲ့၊ ကျွန်မ သိပါတယ်၊ စိတ်ချပါ"





"သူဌေးက အခန်းငှားခ ကျောင်းစရိတ် ကျူရှင်စရိတ်၊ ဂိုက်ဆိုလား ခေါ်တာလည်း မနည်းပေးရတာ၊ စားစရိတ်၊ အဝတ်အထည်ကအစ အကုန်ဆင်ပြီး အကုန်အကျခံထားတာ"

"သူဌေးနဲ့ သူနဲ့ရော ဆက်သွယ်လား"

"ဪ … ဆက်သွယ်တာပေါ့ သူဌေးကတော်ကလည်း၊ ဖုန်းလည်း ပြောနေကျပဲ"

"သူဌေးက အဲဒီအိမ်ကိုလာလား"

"လာတယ်၊ ကျွန်မကိုတောင် အပြင်ပ,ထုတ်ထားသေးတယ်"

"ဟင် ! "

ဝင်နီက မျက်လုံးပြူးသွားရပါသည်။

"ဒေါ်လွှင်လွှင်က ကြာမယ့်အလုပ်တစ်ခု ကျွန်မကို အပြင်လွှတ်လုပ်ခိုင်းထားတာ၊ အဲဒီအချိန်မှာ သူဌေးကလာတာ"

"ဟင် … ဒါ … ဒါဖြင့် သူတို့ပတ်သက်မှုက ဘာလဲ"

"မသိရပါဘူး သူဌေးကတော်ရယ်၊ တစ်မျိုးတစ်မည်ထင်ရင်တောင် ကျွန်မလို အဆင့်ကပြောဝံ့ပါ့မလား၊ သူဌေးမပြောနဲ့ မြပယင်းကိုတောင် ကြောက်ရပါတယ်ဆိုမှ"

ဝင်နီက မျက်မှောင်ကုတ်ကာ ခဏာစဉ်းစားနေလိုက်

ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိပ်စာ ရှင် သိတယ်မို့လား"

"သြော် ... ကျွန်မ နေခဲ့တာပဲဟာ၊ သိတာပေါ့ သူဌေး ကတော်ရယ်"

"ကျွန်မကို ပြောစမ်းပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အခန်း(...)၊ (...)လွှာ၊ စိန်ဂေဟာ အပေါ်ထပ်ပါ"

"ဒေါ်တူးမာ ဒီကိစ္စနဲ့ပတ်သက်ပြီး တခြားကြားရသိရနိုင် တာရှိရင်လည်း နားစွင့်စုံစမ်းပေးထားပါဦး၊ ကျွန်မ လိုအပ် ရင် ရှင်နဲ့ဆက်သွယ်မယ်၊ ရှင်က ဘယ်မှာနေတာလဲ"

"ကျွန်စစ်သားအိမ်ရာမှာပါ"

ဝင်နီက ဒေါ်တူးမာရဲ့လိပ်စာကိုပါ ရေးမှတ်လိုက်ရင်း ထိုင်ရာက ထ,ရပ်လိုက်ပါသည်။ ရင်ဘတ်ထဲမှာ ဘယ်လိုအရာတွေ က တစစ်စစ် ထိုးမွှေဗလောင်ဆူကုန်လဲ မသိဘဲ လူက ကတုန် ကယင်တောင် ဖြစ်တဲ့ထိ ဒေါသတွေ ထွက်နေပါသည်။ စက်ရုံ ထဲဝင်ကာ စစ်အေးကို မတွေ့တော့ဘဲ စက်ရုံမှ ပြန်လာခဲ့ပါသည်။





## ၁

"တီး ... တောင်"

ဘဲလ်သံကြောင့် စာသင်နေတဲ့ မြပယင်းနှင့် ဆရာမ ခေါင်းလေးတွေ ထောင်သွားပါသည်။ မလှမ်းမကမ်းမှာ ဂျာနယ် တစ်စောင် ထိုင်ဖတ်နေတဲ့ လှလှလည်း ခေါင်းထောင်ကာ မြပယင်းထံ ကြည့်လိုက်ပါသည်။

လှလှဟာ အသက်သုံးဆယ့်ငါးနှစ်ရွယ် ရိုးရိုးအေး အေး အပျိုကြီး။ ဒေါ်တူးမာနှင့် တခြားစီပင်။ ဒေါ်တူးမာကို စက်ရုံပြန်လွှတ်အပြီးမှာ ဒေါ်လွင်လွင်က စက်ရုံကလူ ခေါ်နိုင်းမနေ တော့ဘူးဆိုပြီး ရန်ကုန်မှာ အလုပ်လုပ်ချင်နေတဲ့ သူတို့အိမ်က အောင်မလေးရဲ့ အစ်မအကြီးကို အညာက ခေါ်ယူလိုက်တာပါ။

ရိုးသားအေးချမ်းသူဖြစ်ကာ ရန်ကုန်ကို ခုမှရောက် ဖူးသူ ဒေါ်တူးမာလို ဟိုထွက် ဒီထွက် လမ်းသလားဖို့ဝေးလို့ ဈေး ဆိုင်ဝယ်ဖို့တောင်မှ လမ်းကူးရုံရှိတဲ့ လှည်းတန်းဈေးကို ဒေါ်လွင်



www.burmeseclassic.com

www.burmeseclassic.com



လွင်တို့အိမ်က သူ့ညီမ မပါဘဲ မသွားရဲသေးတာ ခုဆို ဆယ်ရက် တောင်ကျော်ပြီ။ လုလု အကြောင်း ဆရာမကလည်း သိနေတာမို့

"အရင်ချောင်းကြည့်လိုက်ဦး လုလု"

ဝင်ပြောလိုက်ပါသည်။

"ဟုတ်ကဲ့ ဆရာမ"

လုလုက ကျွန်းတံခါးရွက်မှာ တပ်ဆင်ထားတဲ့ ချောင်းကြည့်ပေါက်မှ ကြည့်လိုက်ပြီး မြပယင်းတို့ဘက်လှည့်ကာ

"မိန်းမတစ်ယောက်"

"အန်တီလွင် မဟုတ်ဘူးလား အစ်မ"

"ဟင့်အင်း ...၊ မမြင်ဖူးဘူး၊ အလှတွေ ပြင်ထားတယ်"

"တံခါးဖွင့်ပြီး ဘယ်သူနဲ့တွေ့ချင်တာလဲ မေးလိုက်လေ အခန်းမှားလားမှ မသိတာ"

မြပယင်းတို့အခန်းကို တော်ရုံတန်ရုံ ဧည့်သည်လာ တတ်တာမှ မဟုတ်တာ။ ဒီနားမှာပဲနေတဲ့ မြပယင်းရဲ့ဆယ်တန်း ကျူရှင်သူငယ်ချင်း နှစ်ယောက် သုံးယောက် ရံဖန်ရံခါ လာဖူး တာကလွဲ၍ တခြားဧည့်သည် မရှိပါ။

လုလုက တံခါးကို ဖွင့်လိုက်ပြီး ...

"ဘယ်သူနဲ့ တွေ့ချင်တာလဲ"

မြပယင်း စကားအတိုင်း အတိအကျပင်။ "ရှင်" တစ်လုံးတောင် မပို။

"မြပယင်းနဲ့ တွေ့ချင့်လို့ ... ရှိလား"





"ဟုတ်ကဲ့ ရှိပါတယ်"

ဘယ်သူလဲ ဘာကိစ္စလဲတွေ စုံစမ်းမေးမြန်းဖို့လည်း လုလု မသိပါ။ အိမ်မှာရှိတဲ့သူကို မေးတာဖြစ်တဲ့အတွက် ရှိတယ် ပဲ တန်းဖြေကာ နံရံကသော့ကို ချက်ချင်းလှမ်းဖြုတ်ပြီး ချက်ချင်း ပဲ သော့ခလောက်ကို ဖွင့်လိုက်ပါသည်။ သော့ဖွင့် တံခါးပွင့်တာ နှင့် တစ်ပြိုင်နက် အိမ်ထဲကို ပိုင်စိုးပိုင်နင်း လှမ်းဝင်လာတဲ့ အမျိုး သမီးကြောင့် လုလုက နောက်တောင် ဆုတ်ဖယ်ပေးလိုက်ရပါ သည်။

ဝင်နီသည် စိတ်ထဲမှာ ငါ့ယောကျ်ား ငှားပေးတဲ့အိမ် ငါ့အိမ်ပဲဆိုတဲ့ ရဲတင်းမှုမျိုးပင် ဝင်နေသလိုပါပင်။ ဧည့်ခန်းထဲ ရောက်လျှင် ဟိုဘက် ဒီဘက် ငဲ့ငေးကြည့်လိုက်ရာ ပုံမှန်အားဖြင့် ထမင်းစားခန်း ဖြစ်တတ်တဲ့ နေရာမျိုးမှာ စာကြည့်စားပွဲတစ်လုံး နှင့် ဆရာမရယ် ကျောင်းသူရယ် နှစ်ယောက် စာသင်နေပုံမျိုးကို တွေ့ရလေရာ ...

"မြပယင်းက မင်းလား"

"ရှင်"

"မင်းနာမည် မြပယင်းလားလို့ မေးနေတာ"

"ဟုတ် ... ဟုတ်ပါတယ်"

မြပယင်းသည် အရှိန်အဝါတစ်မျိုးနှင့် လင်းလက် ထင်းထွက်နေသော အမျိုးသမီးကို အံ့အားတသင့် ငေးကြည့်နေ မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်နီက နဂိုအလှကလေးမှာ ငယ်ဂုဏ် နဂုဏ်လေးချက်ကာ ဝင်းဝင်းပပ ဖူးဖူးမှဲ့မှဲ့ လှပလွန်းတဲ့ မိန်းကလေးငယ်လေးကို ငေးစိုက်ကြည့်နေမိရာမှ ဒေါသက ဆူဝေလာပါသည်။ ကြည့်ပါဦး ... နို့နံ့တောင် မစင်သေးတဲ့ အပျိုပေါက်မ,လေးကို အသင့်မွေးထားတာပေါ့လေ။

တီရှပ်နွမ်းလေးနှင့် ချည်ထည်အပွင့်နုနု ထဘီလေး ဝတ်တားတာနှင့်ပင်လျှင် ရုပ်က ထွက်လှပြီ။ စိတ်မြန်လက်မြန်နှင့် စာကြည့်စားပွဲနား ခြေလှမ်းကျဲလှမ်းကာ ကပ်သွားလိုက်ရင်း ...

"ဒီအခန်းက မင်းကို စစ်အေး ငှားပေးထားတာဆို"

"ရှင်"

သူက ကျေးဇူးရှင် သခင်တစ်ပါးလို ကိုးကိုးကွယ်ကွယ်သဘောထားချိန်မှာ "ဦး"ကို နာမည်ရှေ့မှာ"ဦး"တွေ "ကို" တွေ ဘာမှမတပ်ဘဲ "စစ်အေး"လို့ ခပ်ရင့်ရင့် ဖြတ်ခေါ်ချလိုက်တဲ့ မိန်းမကြောင့် မြပယင်း ရင်ထဲမှာ ခုတောင်ခုသွားမိပါသည်။

"ကဲ ... မေးတာ ဖြေစမ်းပါ၊ ဒီအခန်း စစ်အေး ငှားပေးထားတာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဦး ငှားပေးထားတာပါ၊ အန်တီက ဘယ်သူပါလဲ"

"ငါ စစ်အေး မိန်းမ ဝင်နီ"

"ရှင်"





"နားမလည်ဘူးလား၊ ထပ်ပြောမယ်၊ စစ်အေးရဲ့မယားကြီး၊ ရှင်းတယ်နော်၊ မင်းက စစ်အေးရဲ့ဘာလဲ"

"ရှင်"

မြပယင်းရဲ့ မျက်နှာလေးက နီမြန်းသွားပါသည်။ အားမှာထိုင်နေတဲ့ ဆရာမဒေါ်ခင်သီတာက ဝင်နီ့ရဲ့ပြောပုံဆိုပုံကို စိတ်ချဉ်ပေါက်သွားရပါသည်။ ဘေးမှာထိုင်နေတဲ့ စာသင်နေလက် ဆရာမတစ်ယောက်လုံးကို အသိအမှတ်လည်းမပြု၊ စကားပြောခါရစေလည်း ခွင့်မတောင်း၊ ရှိတယ်တောင် မမှတ်ပဲ ကိုယ်စာသင်နေတဲ့ တပည့်မကို ဓောင်းပဲနဲ့ လာပြောနေပုံကို ငြိမ်ခံမနေနိုင်ပါ။

"ဒီမှာ အစ်မ၊ အစ်မ ဘယ်သူဖြစ်ဖြစ် စကားကို အေးအေးဆေးဆေးပြောပါ။ ဧည့်ခန်းမှာ ထိုင်ပါလား"

ဝင်နီက ဒေါ်ခင်သီတာကို လှည့်ကြည့်ရင်း ...

"သူ့ဆရာမပေါ့နော်၊ ရှင်ကကော စစ်အေးနဲ့ သိတာလား"

"ဦးစစ်အေးနဲ့ ကျွန်မ မသိပါဘူး၊ အစ်မစကားကို ရင့်ရင့်သီးသီးမပြောဖို့ တောင်းပန်ပါတယ်၊ ပြောလာရင် ကျွန်မ သည်းခံမနေနိုင်ပါဘူး"

"ဆရာမကိုလည်း ကျွန်မက ရင့်ရင့်သီးသီးရော နူးနူးညံ့ညံ့ရော ဘာမှပြောစရာ အကြောင်းမရှိပါဘူး၊ ဒီကောင်မလေးကိုပဲ ပြောနေတာ"

"ပယင်းက လောလောဆယ် ကျွန်မ စာသင်နေလက်စ ကျွန်မတပည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘာလုပ်ရမှာလဲ၊ ကျွန်မက စာသင်ပြီးအောင် ယဉ်ယဉ်ကျေးကျေး ထိုင်စောင့်နေသင့်တယ်လို့ ပြောတာလား"

"အစ်မကို စောင့်မနေနိုင်းပါဘူး၊ ပြဿနာရှိရင်လည်း အေးအေးချမ်းချမ်း ဖြေရှင်းဖို့ ပြောဆိုဆွေးနွေးဖို့ မေတ္တာရပ်ခံနေတာပါ"

"ဒီမှာ ဆရာမ၊ ဆရာမဆိုရင်ကော ကိုယ့်လင်ယောကျ်ားက ကောင်မလေး တစ်ယောက်ကို ကိုယ်မသိအောင် အခန်းတိတ်တိတ်ပုန်း ငှားပေးထားပြီး ငွေကြေးထောက်ပံ့ထားမှန်း တခြားက သိလာရင် အေးအေးချမ်းချမ်း လုပ်နေမှာလား ပြောပါ"

ဆရာမ ဒေါ်ခင်သီတာသည် ဇဝေဇဝါ ခေါင်းနောက်ကျိသွားပြီး ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားရပါသည်။

"ဆရာမ ဘာမှသိပုံမရပါဘူး၊ ဆရာမ မဆိုင်သလိုလေးပဲ ခဏသည်းခံငြိမ်နေပေးရင် ပိုအဆင်ပြေပါတယ်၊ ဒါနဲ့ ... ဆရာမကို သူ့ကိုစာသင်ဖို့ စစ်အေးက ငှားတာမဟုတ်ဘူးပေါ့"

ငှားတာတဲ့။ ဆရာမသည် ရယ်လိုက်ရမလိုတောင် စိတ်ပျက်လက်ပျက် ရှိမိကာ ...





"ကျွန်မကို ဒေါ်လွင်လွင်က မြပယင်းကို စာသင်ဖို့ စာမေးပေးဖို့ Guide အဖြစ် ခေါ်ထားတာပါ"

"Guide ! ... Guide တွေ ဘာတွေတောင် ငှားပေးထားတယ် ဟုတ်လား၊ ဒါဖြင့် ဆရာမက ကျွန်မယောကျ်ားနဲ့ မပတ်သက်ဘူး၊ ဒီတော့ ဆရာမ ဘာမှမသိနိုင်ပါဘူး၊ ခု ကိစ္စတွေက ဆရာမနဲ့ ဘာမှလဲ မဆိုင်ဘူး၊ ကျွန်မဘာသာ မြပယင်းနဲ့ ပြောဆိုမှာပဲ ဖြစ်မှာ"

ဆရာမက သက်ပြင်းတစ်ချက်ချကာ ဘာမှပြောမနေတော့ပါ။ လက်ပိုက်ပြီး ကုလားထိုင်မှာ မှီထိုင်နေလိုက်ပါသည်။ မြပယင်း မျက်နှာလေးက တုန်လှုပ်ကာ သွေးရောင်လွှမ်းနေတာကို မြင်ပြီး သနားမိပေမယ့် ဒီကိစ္စတွေဟာ ကိုယ်နဲ့လည်းမဆိုင် ကိုယ်လည်းမသိတဲ့ ကိစ္စတွေမို့ ပွဲကြည့်ပရိသတ်သာလုပ်ဖို့ အသင့်တော်ဆုံးပါပဲ။

"ကဲ ... အချိန်ကြာတယ်၊ ပြောစမ်းပါဦး၊ မင်းနဲ့စစ်အေးက ဘာလဲ"

မြပယင်းသည် အသက်ဆယ့်ရှစ်နှစ် ဆိုပေမယ့် ဒီအမျိုးသမီး ဘာကိုရည်ရွယ်ပြီး ဘယ်လိုသဘောနှင့် ပြောဆိုတယ်ဆိုတာကိုတော့ နားလည်တတ်ပါသေးသည်။ အသက်အရွယ်အရှိန်အဝါတို့ကြောင့် အနည်းငယ်ရှိန်လန့်မိပေမယ့် မြပယင်းရဲ့စိတ်ဟာ ခုနောက်ပိုင်းမှာ ဘယ်အရာကိုမှ သိပ်ပြီးအကြောက်ရယ် အလန့်ရယ်လို့ မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မယ်ဆိုရင် ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ "လောကကြီးအလယ်မှာ တစ်ဆောင်ကြွက် တစ်ယောက်တည်း မျက်စိသူငယ် ကျန်ရစ်ရခြင်း"ဆိုတဲ့ အခြေအနေကြီးတစ်ရပ်ကို ရင်ဆိုင်လိုက်ရပြီးတဲ့နောက်မှာ ဘယ်ဟာကမှ ဒီထက်ပိုပြီးကြောက်စရာ မကောင်းလှတော့တာပါ။

အဖေမရှိ အမေမရှိ၊ နေစရာမရှိ၊ စားစရာမရှိဆိုတဲ့ ဘဝထက် ဘာကများပိုပြီး ကြောက်စရာကောင်းသေးလို့လဲ။

"ပြောလေ ... မင်းနဲ့ စစ်အေးက ဘာလဲ"

"ဦးနဲ့ ကျွန်မ ဘာမှမဟုတ်ပါဘူး"

"အမယ်လေး ... ဦးနဲ့ ကျွန်မတဲ့၊ အမယ်လေးနော် ... ရှိမ်းတစ် ဖြစ်လိုက်တာ၊ ဦးနဲ့ ကျွန်မဆိုပဲ"

မြပယင်းသည် သူလေးစား အားကိုးတဲ့ ဆရာမ ရှေ့မှာ အနည်းငယ်တော့ ရှက်ရွံ့မိပြီး သူ့အဖြစ်ကို သူလည်း ဝမ်းနည်းမိပါသည်။

"အမေက ဦးရဲ့စက်ရုံက ဝန်ထမ်းပါ၊ အမေဆုံးတော့ ကျွန်မကို စောင့်ရှောက်ကျွေးမွေး ကျောင်းထားပေးမယ့်သူ မရှိလို့ ဦးက စောင့်ရှောက်ပေးတာပါ"

"စောင့်ရှောက်တာ ဒီလောက်ထိ အခန်းသီးသန့်ငှားပေး၊ အိမ်တစ်ဆောင် မီးတစ်ပြောင် ထားဖို့လိုလို့လား။ ညည်းတို့ ဝန်ထမ်းတွေ နေစရာမရှိရင် ကျန်စစ်သားအိမ်ရာက သူ့အခန်းတွေမှာ အားလုံးထားနေကျ မဟုတ်လား"





"ဟုတ်ကဲ့"

"ညည်းကျမှ ဘယ်လိုဖြစ်လို့ ခုလို ပါကေးခင်းထားတဲ့ ကွန်ဒိုခန်းမှာ အိမ်တစ်ဆောင် မီးတစ်ပြောင် ဖြစ်နေရတာလဲ"

"... ... ..."

"ဟင် ... ပြောလေ"

"ကျွန်မ ... ကျွန်မ မသိပါဘူး အန်တီ၊ ကျွန်မက ဦးနဲ့ အန်တီလွင် စီစဉ်သမျှကိုပဲ နာခံခဲ့တာပါ"

"အင်းလေ ... ဒီလောက် တစ်ဆောင်တစ်ယောင် နေရတာကို ညည်း မနာခံချင်ဘူးလို့ရော ရှိမှာမို့လို့လား၊ ညည်းရဲ့ စားစရိတ် တစ်လဘယ်လောက်ပေးလဲ"

"ဟို ... မ ... မသိပါဘူး"

"ဘာမသိရမှာလဲ၊ ငါ့ကို အမှန်အတိုင်းပြောစမ်း"

ငင်နီသည် သူ့မျက်စိရှေ့မှောက်မှာ ခေါင်းလေးငုံ့ ... မျက်နှာနီရဲရဲ မျက်ရည်ပေါက်ပေါက်ကျနေတဲ့ ကောင်မလေး ... မြင်လေ ဒေါသကြီးလေ ဖြစ်နေပါသည်။ သူ့သမီးအရွယ်ပဲ ... တာလေ။ သူ့သားတွေထက်တောင် ငယ်ဦးမှာလေ။ ရုပ်ကလေး ... ငိုနေတာတောင် ချေနေရအောင်လှပြီး နုနယ်သစ်လွင်မှုက ... ည်း သူနဲ့သားအမိလောက် ရှိနေတာမို့ ဒေါသတွေကြီးနေရတာ ...



www.burmeseclassic.com

www.burmeseclassic.com

"အန်တီလွင်က ပိုက်ဆံပေးထားပါ၊ ကုန်ပြီဆိုရင် ထုတ်ပေးပါတယ်"

"ဘာ ... ကုန်ပြီဆိုတာနဲ့ ထပ်ထုတ်ပေးတာပဲ ... ဟုတ်လား၊ တစ်လဘယ်လောက်ရယ်လို့ တိုင်းထားတာတောင် မဟုတ်ဘူးပေါ့လေ"

"အန်တီ ... ကျွန်မ အဲဒါတွေ ဘာမှမသိပါဘူး၊ ဦးနဲ့ အန်တီလွင် စီစဉ်ညွှန်ကြားတဲ့စကားပဲ နားထောင်ပြီးနေတာပါ"

"စစ်အေးနဲ့ ညည်းက ဖုန်းလည်းပြောတယ် မဟုတ်လား"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"

"ဘာမှမဟုတ်ဘဲနဲ့ အလကားနေ ဘာဖြစ်လို့ ဖုန်းဆက်နေကြတာလဲ"

"တစ်ခါတလေမှ ဆက်တာပါ၊ ကျောင်းက ကျူရှင်က အမှတ်တွေ ဘာတွေ သိပြီးရင် ဦးက လိုတာဖုန်းဆက်ပြောတာတို့ဘာတို့ လုပ်ပါတယ်၊ ကျွန်မကလည်း အရေးကြီးမှ တစ်ခါ နှစ်ခါပဲ ဆက်ဖူးပါတယ်"

"ညည်း စစ်အေးကို ဘာကိစ္စ မာဖလာတွေ ဘာတွေ ထိုးပေးတာလဲ"

"........."

"ပြောလေ"





"ဟို ... ကျွန်မပိုက်ဆံနဲ့ ဝယ်ပေးပြန်တော့လည်း ဦးပေးတဲ့ ပိုက်ဆံနဲ့ပဲ ပြန်ဝယ်ကန်တော့ရသလို ဖြစ်မှာစိုးလို့ ကိုယ်တတ်တဲ့ နှစ်ချောင်းထိုးလေးနဲ့ထိုးပြီး ..."

"တော်စမ်း ...၊ ငါ လုံးဝမကြိုက်ဘူး၊ ညည်း ခုမှ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ သူများယောက်ျားနဲ့ ကင်းကင်းရှင်းရှင်း မနေတတ်ဘူးလား"

"ရှင်"

မြပယင်းသည် နားလည်းနားကျင် နားလည်းခါးကာ ဒေါ်ဝင်နီကို မော့ကြည့်လိုက်မိပါသည်။

"ဘာကြည့်တာလဲ၊ မကျေနပ်တဲ့ အကြည့်လား၊ ဒီလိုအပြောမျိုး မခံချင်ရင် အပြောမခံရအောင် နေရတယ်၊ ကင်းကင်းရှင်းရှင်း နေရတယ်၊ မယားရှိ လင်တစ်ယောက်ရဲ့ ပေးစာကမ်းစာ ထောက်ပံ့စာကို ဘယ်လိုပုံစံနဲ့ရရ ရရင်အမြတ်ဆိုပြီး ယူမနေရဘူး၊ နားလည်လား"

"အန်တီ ... ကျွန်မ အဲလိုအစားထဲက မဟုတ်ပါဘူး၊ ဦးကလည်း ကျွန်မကို ပညာဒါန သက်သက်ပြုထားတာပါ"

"ပညာဒါန ... ဟား ဟား၊ ဒီထက် လှပြောလွှတ်အောင် ဒီပညာဒါနကိုပြုလို့ မရတော့ဘူးလား၊ ပညာဒါနပြုတာက ဒီလိုအခန်းမျိုး ညည်းလို မိန်းကလေးကို တစ်ဆောင်တစ်ယောင် ဌားထားပေးဖို့လိုလား၊ နင်က ကြီးကျယ်တာလား၊



www.burmeseclassic.com

www.burmeseclassic.com



သူက ညည်းနေတာလား၊ နင်က ကျန်စစ်သားကာ
ဆယ်တန်းဖြေလို့ မရတော့ဘူးလား ... ဟင်"

"ရ ... ရပါတယ်"

"ရရင် ဒီလိုအခန်းမှာ ဘာလာလုပ်နေတာလဲ၊ သူကဏ
နင့်ဆီ ဘာလာလုပ်တာလဲ"

"ဦးက မလာပါဘူး အန်တီ"

"ဘာမလာတာလဲ၊ ဟိုတလောကပဲ လာတယ်မဟုတ်လား"

ဒေါ်တူးမာထံမှ ကြားရသလောက်နှင့် ဝင်နိုင
အစ်မေးလိုက်တာပင်။

"ဟုတ်ကဲ့ ... ဟိုတလောကတော့ ..."

"အဲဒါကို ဘာမလာဘူးလဲ၊ ဒါက ငါသိထားတာ၊ ငါမသိ
ဘဲ လာတာတွေလည်း ရှိမှာ၊ ငါထပ်သိလို့ အတိအကျ
မေးရင် ဟုတ်ကဲ့ ... အဲဒီတုန်းကလည်း လာပါတယ်ဖြ
ဦးမှာပဲ"

"........."

"သူက ဘာလာလုပ်တာလဲ"

"ဟို ... ကျွန်မနဲ့အတူနေတဲ့ အဒေါ်ကြီးကို သဘောမကျ
လို့ အဲဒီကိစ္စ လာပြောတာပါ"

"သူလာတော့ အဲဒီ ဒေါ်တူးမာကို နင်တို့ ပထုတ်လိုက်ကြ
တယ်ဆို"



"ဒါက ဒေါ်တူးမာရှိရင် ကျွန်မ အမှန်တိုင်း မပြောရဲမှာ
စိုးပြီး ..."

"တော်စမ်း၊ ဘာတွေပေါက်ကရ လျှောက်ပြောနေတာလဲ၊
ဒေါ်တူးမာကို နင်ထုတ်ပြီး နင်နဲ့ စစ်အေး အိမ်မှာဘာ
လုပ်နေလဲ ... ပြောစမ်း"

မြပယင်း မျက်နှာ ရဲတွက်တာ မျက်ရည်ပေါက်
ပေါက် ကျလာရပါသည်။

"ဦးနဲ့ ကျွန်မ နှစ်ယောက်တည်း မဟုတ်ပါဘူး အန်တီ၊
အန်တီလွင်လည်း ရှိပါတယ်"

"အေး ... အဲဒီ ဒေါ်လွင်လွင် ဆိုတဲ့ လက်ထောက်မန်နေဂျာ
လည်း ပြီးရင် ငါနဲ့တွေ့ဦးမယ်၊ ကြားကနေ သူက ပွဲစား
လား၊ အောင်သွယ်တော်လား၊ ပွဲခဘယ်လောက်ရတာလဲ၊
အပျိုကြီးက အပျိုကြီးလို မနေဘဲ သူ့ငွေးမျက်နှာရအောင်
အလယ်ကောင်ကနေ အကျိုးတော်ဆောင်နေတာပေါ့လေ ...

ဒီမှာ ... နင် ဘယ်လိုပြောပြော ပညာဒါနပြုတဲ့သူ
တစ်ယောက်က အလကားနေရင်း ဒီလိုအခန်းငှားပေးပြီး
နင့်ကို အဖော်နဲ့ထားမလား၊ ဒါရိုးသလား မရိုးသလား
ဟောဒီက ဆရာမပဲ ဖြေစမ်းပါဦးရှင့်"

ဆရာမဒေါ်ခင်သီတာသည်လည်း အာရုံတွေရှုပ်
နောက်ကာ ဘာမှမပြောချင်အောင် ရှိတော့သည်။ သူက ဒီနေ့ကိ
ကြောင်းတွေ ဘာမှသိထားတာလဲ မဟုတ်။ သူ့ကို Guide အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူသူက ဒေါ်လွင်လွင်။ မြပယင်းကို ဒေါ်လွင်လွင့် အမျိုးလားလည်း ထင်မိသည်။ ဦးစစ်အေး ဆိုသူဆီ ပညာရည်မှတ်တမ်းတွေ ပို့ပေးရတာ သိပေမယ့် ဘယ်လိုပတ်သက်ဆက်နွယ်မှုလဲတော့ သိတာမဟုတ်ပါ။

ခုလည်း ဘာမှဝေဖန်ချက် မှတ်ချက်မပေးတတ်ပါ။

"ဒေါ်လွင်လွင့်ကိုလည်း သတိပေးရဦးမှာ၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ဖို့၊ တားမရရင် ငါနဲ့တွေ့ကြသေးတာပေါ့၊ သူ့ဌေးကို မြီးကောင်ပေါက်မနဲ့ မြှူပြီး သူ့ဝါ မျက်နှာသာရဖို့ လုပ်နေတာ"

"အန်တီလွင်က အဲလိုမဟုတ်ပါဘူး အန်တီ"

"နင် ဝင်မကာကွယ်ပါနဲ့၊ တစ်ကျိုက်တည်း တစ်ဉာဏ်တည်းတွေပဲဟာ၊ ရိုးရိုးသားသား ပညာဒါနပြုထားရင် မိန်းမဖြစ်တဲ့ ငါက မသိဘဲနေမလား၊ နင်တို့ ဒေါ်တူးမာကို ပ,ထုတ်လိုက်ကြတာလည်း နင်တို့ဇာတ်ရှုပ်ကို သူ ရိပ်မိသွားလို့ပဲ မဟုတ်လား"

မြပယင်းသည် စားပွဲအောက်မှာ လက်သီးလေးကျစ်ကျစ်ဆုပ်မိ၍ အံလေးတင်းတင်းကြိတ်ကာ ခေါင်းငုံ့မျက်ရည်ပေါက်ပေါက်ကျနေပါသည်။ ဒီလိုကိစ္စမျိုး ကြုံလာရမယ်လို့ ကြိုတင်ဆင်ခြင် တွေးကြည့်မိဘူးပါ။ ခုတော့ ဆရာမကိုလည်းရှက်၊ ခုမှရောက်တာမကြာသေးတဲ့ မလှလှကိုလည်း ရှက်သည်။





ကိုယ်ကောင်းရင် ခေါင်းမရှေ့ဘူးဆိုတာ အမှန်ပဲလား၊ ခေါင်းက မရှေ့ပေမယ့် အနေအထားတော့ ပျက်စောင်းသွားရပြီ ထင်ပါသည်။ ဒေါ်တူးမာ လက်ချက်ပါမှာပဲ ဆိုတာလည်း တွေးနိုင်ပါသည်။ ဒါကြောင့်လည်း ပြဿနာမရှာဘဲ ငုံ့ပဲခံလိုက်ချင်ခဲ့တာ။ အန်တီလွင်က ကြားကနေ မရိုးမသား ဖြတ်စားလုပ်စား လုပ်နေတဲ့ ဒေါ်တူးမာကို ချဉ်လာကာ ဦးထံ'အကြောင်းကြားသတင်းပို့လိုက်တာပါ။

အဲဒါကြောင့် ဦးက အဲဒီတစ်ရက်က ကြိုအကြောင်းမကြားဘဲ ရှောင်တခင်ဝင်လာခဲ့တာ။ ဒေါ်တူးမာ အပြုအမူတချို့ကို မျက်ဝါးထင်ထင် သိခွင့်ရကာ ကျန်တာတွေ စစ်မေးဖို့ မြပယင်း နှုတ်ပိတ်ပြီး မဖြေဘဲနေမှာစိုးလို့ ဒေါ်တူးမာကို နိုင်းလွှတ်လိုက်တာ။ ဦးနှင့် အန်တီလွင် နှစ်ယောက်ရဲ့ မေးသမျှကို ဖြေလိုက်ရပြီးတဲ့နောက် နောက်တစ်ရက်မှာပဲ အန်တီလွင်က ဒေါ်တူးမာကို ဒီနေရာက ဖယ်ရှားခဲ့တာပါ။

သုံးလေးရက် အန်တီလွင်တို့အထပ်မှာ သွားအိပ်ရပြီးနောက် မလှလှ ရောက်လာခဲ့တာပါ။ မလှလှက သဘောကောင်းအေးချမ်းတာမို့ မြပယင်း စိတ်ချမ်းသာ လက်ချမ်းသာရှိဆဲမှာ အဲဒီချမ်းသာခြင်းဟာ မြပယင်းနှင့် မထိုက်တန်ဘူးလို့ ကံကြမ္မာကြီးက ထင်ယောင်သတ်မှတ်ခဲ့ပုံပင်။

"နင် ဘာလုပ်ရမလဲ နင်သိလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသိက္ခာရှိတဲ့ မိန်းမပျို မိန်းမကောင်းမှ မယားရှိ လင်လူအိုတွေရဲ့ အထောက်အပံ့မခံဘူး၊ နားလည်လား"

"........."

"နားလည်လား"

"ဟုတ် ... ဟုတ်ကဲ့"

"အေး ... နင် ဘယ်လိုအတန်းအစားလဲ စောင့်ကြည့်ကြ သေးတာပေါ့"

ဒေါ်ဝင်နီက ခပ်ပြတ်ပြတ်ပြောပြီး ချာခနဲ လှည့် ထွက်သွားပါသည်။

✦ ◇ ✦





## ၆

ဦးစစ်အေးသည် လည်ပင်းစေ့ထားတဲ့ ကြယ်သီးကို ဖြုတ်ရင်း အိမ်ထဲကို ကမူးရှူးထိုး ဝင်လာပါသည်။ သူ ဒေါသ ဖြစ်လာတာကိုသိတဲ့ တပည့်လေး မောင်ကိုသည် ဦးစစ်အေးရဲ့ အိတ်တွေ ဖိုင်တွေကို သယ်ကာ အောက်ထပ်က အလုပ်ခန်းဆီ တုပ်ကုပ်လေး ဝင်သွားထားသည်။ ဦးစစ်အေး အနားက လိုက်ပါ ရတဲ့ တပည့်ကျော်ဖြစ်ကာ နေတော့လည်းကားကိုဒေါင်အပေါ်ထပ် မှာပင် အတူနေတာမို့ အိမ်တွင်းရေးရော အပြင်ကိစ္စရော အလုပ် ကိစ္စတွေပါ အားလုံးသိတဲ့ တပည့်ပင်။

ရုံးခန်းထဲ ဖိုင်တွေ အိတ်တွေ ဝင်ထားပြီးလျှင် ထမင်းစားခန်းဘက် ဝင်လာကာ နောက်ဘက်က အလုပ်သမား တွေကို ...

"အစ်မ ရှိလား"

"အင်း ... ရှိတယ်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး၊ ဆရာ့ကို ဖျော်ရည်တစ်ခုခု ပေးလိုက်ပါဦး၊ ဆရာ ပင်ပန်းလာတယ်၊ စိတ်မကြည်ဘူး"

"ဟုတ်လား ... အင်း ... အင်း"

ဒေါ်လုံးက အသင့်ဖျော်ပြီး ရေခဲသေတ္တာထဲထည့်ထားတဲ့ သစ်တော်သီးဂျူ့စ်ကို ဖန်ခွက်နှင့် ပြင်ဆင်ပြီး အလုပ်ခန်းထဲ ဝင်သွားတဲ့ ဦးစစ်အေး နောက်က လိုက်၍ပို့ပေးလိုက်ပါသည်။

"ဒေါ်လုံး"

"ရှင် ... ဆရာ"

"မဝင်နီ ရှိလား"

"ဟုတ်ကဲ့ ... ဆရာ"

"ဒီကိုလွှတ်လိုက်ပါ"

"ဟုတ်ကဲ့"

ဦးစစ်အေးသည် အလုပ်ခန်းထဲက ဆိုဖာပေါ်ထိုင်ကာ ဖျော်ရည်ကို တစ်ရှိန်ထိုး မော့သောက်လိုက်ပြီး အသက်ပြင်းပြင်း ရှူရှိုက်နေလိုက်မိပါသည်။ ဒီကနေ့ ကြုံကြိုက်လိုက်ရတဲ့ ကိစ္စကို အာရုံထဲ ရုပ်ရှင်မြင်ကွင်းလို ပြန်မြင်လာသည်။

"သူဌေး ... ဟို ... ဟို ... သတင်းပို့စရာလေး ရှိလို့ပါ"

"ဘာတုန်း ဒေါ်လွင်"

ဒေါ်လွင်လွင်ဟာ ဦးစစ်အေးရဲ့ ငယ်သူငယ်ချင်းတော့ မဖြစ်ခဲ့ပေမယ့် ငယ်ငယ်က ကျောင်းတစ်ကျောင်းတည်းမှာ





[illegible]တန်းတည်း တက်ခဲ့တဲ့ အတန်းဖော်ပါ။ ငယ်ငယ်ကသိပ်[illegible]ရင်းနှီးပေမယ့် အလုပ်လျှောက်ရင်း ပြန်ဆုံတော့ ခင်ခင်မင်မင်[illegible]ဟာ နောက်ပိုင်းမှာ ယောကျ်ားတွေကိုခိုင်းဖို့ အဆင်မပြေတဲ့ကိစ္စ[illegible]တွေ သူ့ကိုအကူညီ တောင်းရ ခိုင်းရပါသည်။

စက်ရုံကလူတွေက သူ့ကို တားမရဆီးမရ "သူဌေး" [illegible] ခေါ်ကြကာ ကုမ္ပဏီရုံးခန်း ဝန်ထမ်းတွေကတော့ ဆရာပဲခေါ်[illegible]တာပါ။ ဒေါ်လွင်ကတော့ သူ တားတဲ့ကြားကပင် ရယ်သလို [illegible]သလိုနှင့် အများနည်းတူ သူဌေးပဲ လိုက်ခေါ်နှုတ်ကျိုးနေ[illegible]တာ။

"သူဌေး ... ဟို ... မြပယင်း ပျောက်သွားပါတယ်"

"ဘာဖြစ်တယ် !! "

သူ့မှာ နားတောင်မရှင်းလိုက်။

"မြပယင်း အိမ်မှာမရှိတော့တာပါ"

"ဗျာ၊ ဟား ... ဘယ်လိုဖြစ်ရတာလဲဗျာ"

"မနေ့ကမနက်က ခါတိုင်းလိုပဲ ကျောင်းသွားမယ့်အချိန် ထွက်သွားတာပါပဲတဲ့၊ လက်ထဲမှာ အိတ်တစ်လုံးတော့ ပါသွားတယ် ပြောပါတယ်၊ အိတ်ကလည်း ခရီးဆောင်အိတ်လိုဟာ မဟုတ်ပါဘူး၊ ကြွပ်ကြွပ်အိတ် အကြီးစားပါ၊ ဒါနဲ့ လုလုကလည်း ပုံမှန်ပဲထင်တာ၊ ညနေ ကျူရှင်က ပြန်လာချိန် မလာဘူး၊ လုလုက ဆက်စောင့်နေတုန်း Guide ဒေါ်ခင်သီတာ ရောက်လာပါတယ်၊ နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရင်း မြပယင်း ပြန်မလာတော့ ကျွန်မကို လာပြောကြပါတယ်၊ ညှာရှစ်နာရီထိုးတော့မှာဆိုတော့ သူဌေးကိုလည်း အကြောင်းမကြားတော့ပါဘူး”

“ဟာ ... အကြောင်းကြားရမှာပေါ့ဗျာ၊ အခု ဘာဆက်လုပ်ထားလဲ”

“ကျွန်မ ဟိုဟိုဒီဒီတော့ မတိုင်ချင်သေးတာနဲ့ ဒီမနက်မေးစရာရှိတဲ့သူတွေ နည်းနည်းလိုက်မေးကြည့်တာ၊ ကျွန်စစ်သားအိမ်ကိုလည်း သွားမေးမြန်းပြီးပါပြီ၊ မရှိဘူးဆိုတာနဲ့ ဘာဆက်လုပ်မလဲ သူဌေးကို အခု အကြောင်းကြားတာပါ”

ဦးစစ်အေး ခေါင်းတွေ နောက်ရသည်။ သက်ပြင်းကြီးရှိုက်ရင်း ...

“ခုပုံက ဘယ်လိုလဲ၊ ရည်းစားတွေ ဘာတွေရှိပြီး လိုက်သွားတာမျိုး ဖြစ်နိုင်လား”

“မဖြစ်နိုင်ပါဘူး သူဌေး”

“သေချာလှချည်လား ဒေါ်လွှင်”

“ဟုတ်ကဲ့ ... ဖြစ်နိုင်တာကို သိထားလို့ပါ”

“ဒါဖြင့် ဘာလဲ ... ပြောလေ”

“မတိုင်ခင် တစ်နေ့ညက အဲဒီတိုက်ခန်းကို မမဝင်နီရောက်လာပါတယ်”

“ဘယ်သူ ! ”

“မမဝင်နီပါ”



ဦးစစ်အေးမှာ မယုံကြည်နိုင်ကာ မျက်နှာကို ရှုံ့မဲ့ပြီး ခေါင်းခါယမ်း မေးမိတာပါ။ ထပ်ပြောလိုက်တော့မှ ကျေးဇူးရှင် ဇနီးမယား ကျောင်းအစ်မကြီး ဒေါ်ဝင်နီ ဆိုတာ သေချာနားနဲ့ဆတ်ဆတ် ထပ်ကြားရပါသည်။

“ဘာလာလုပ်တာလဲ”

“ဆူပူကြိမ်းမောင်းသွားပါတယ်”

“ဟက်”

စိတ်ပျက်လက်ပျက်နှင့် တစ်ချက်တောင် ရယ်လိုက်မိသည်။

“အဲဒီညကပဲ ဆရာမကိုရော လှလှကိုရော မေးမြန်းပြီး အကြောင်းစုံသိရပြီးပါပြီ။ ဒါကြောင့် နိုးရာလိုက်ပြေးတာမျိုး တခြားအကြောင်းတစ်ခုခုနဲ့ ထွက်ပြေးတာမျိုးမဟုတ်မှန်း သေချာသိတာပါ”

“ဆိုလိုတာက မဝင်နီကြောင့်ပေါ့”

“ဒါပဲ ဖြစ်ပါလိမ့်မယ် သူဌေး”

“ကဲ ... ဘာတွေ ဆူပူသွားတာတဲ့လဲ ပြောပါဦး”

“လှလှ ခေါ်ထားပါတယ် သူဌေး၊ သူ့ကို တိုက်ရိုက်မေးကြည့်ပါ”

ဦးစစ်အေးသည် ဒေါ်လွှင်လွှင် ခေါ်လိုက်၍ ရုံးခန်းဝင်လာသော အမျိုးသမီးကို ခေါင်းညိတ်ပြရင်း သက်ပြင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ချလိုက်ပါသည်။ အမျိုးသမီးက လက်နောက်ပစ်ရပ်နေ၍ ...

"ထိုင် ... ထိုင်၊ ခုံမှာထိုင်မှ စကားပြောလို့ ကောင်းတာ၊ ဒေါ်လွင်လည်း ထိုင်"

နှစ်ယောက်သား ဝင်ထိုင်လိုက်ပြီးသည်နှင့် ဦးစ

အေးက လှလှကိုကြည့်ရင်း ...

"မကြောက်ဘဲ ရဲရဲတင်းတင်းနဲ့ မှန်မှန်ကန်ကန် ဖြေနော်"

"ဟုတ် ... ဟုတ်ကဲ့ပါ သူဌေး"

"အခု ခင်ဗျားတို့အိမ်ကို လာသွားပြီး ပယင်းကို ဆူပူသွား

တဲ့သူဟာ ကျွန်တော့်မိန်းမလို့ ကြားထားရမှာပေါ့၊ ဒီအတွ

ကြောက်တာ ထိမ်ချန်တာ မထားဘဲ အမှန်ဆုံးဖြေပေးပါ"

"ဟုတ်ကဲ့ပါ သူဌေး"

"ကဲ ... ပြော၊ သူ ရောက်လာတယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"သူက ဘယ်သူဆိုတာ ဘယ်လိုလုပ် သိကြလဲ"

"သူက ပြောတာပါ"

"သူက ဘယ်လိုပြောလဲ"

"ငါ စစ်အေးမိန်းမ၊ စစ်အေးရဲ့ မယားကြီး ဝင်နီလို့ ပြော

ပါတယ်"

"ဟဲ့ ... လှလှ၊ ဦးစစ်အေးလို့ပြော"





ဒေါ်လွှင်လွှင်က လှလှပေါင်ကို တစ်ချက်ထုကာ

ခပ်ကျိတ်ကျိတ် မာန်လိုက်ပါသည်။

"သူက ..."

"နေပစေ ဒေါ်လွှင်၊ ပြောသွားတာတွေအတိုင်း နီးနီးစပ်စပ် အားလုံးပြန်သိရတာ ကောင်းပါတယ်၊ သူ ကြားခဲ့တဲ့အတိုင်းပဲ ပြောပါစေ၊ ကဲ ... ပြော"

"ငါက စစ်အေး မယားကြီး၊ နင်က ဘယ်သူလဲလို့ မေးပါတယ်၊ ဒီတော့ စာသင်နေတဲ့ ဆရာမက ကောင်းကောင်းထိုင်ပြီး ကောင်းကောင်းပြောဖို့ အေးအေးဆေးဆေးပြောဖို့ တောင်းပန်ပါတယ်"

"အင်း ... ဒီတော့ ..."

"အဲဒီမိန်းမက ဆရာမဆိုရင်ကော ကိုယ့်လင်ယောကျ်ားက ကောင်မလေးတစ်ယောက်ကို ကိုယ်မသိအောင် တိတ်တိတ်ပုန်း အခန်းငှားပြီး ပိုက်ဆံတွေ ဘာတွေ ထောက်ပံ့ပြီးထားထားရင် အေးအေးချမ်းချမ်း လုပ်နေမှာလားလို့ မေးပါတယ်၊ မဆိုင်သလို ခဏငြိမ်နေပါဆိုတာနဲ့ ဆရာမလည်း မျက်နှာမကောင်းပဲ လက်ပိုက်ငြိမ်ထိုင်နေပါတယ်"

"အင်း"

"သူက ပယင်းကို ကျန်စစ်သားအိမ်ရာမှာ မနေဘဲ ကြမ်းခင်းအိမ်မှာ အိမ်တစ်ဆောင် မီးတစ်ပြောင် နေရကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လားလို့ ပြောပါတယ်၊ စားစရိတ် ဘယ်လောက်ရလဲမေး တော့ ကုန်ရင် အန်တီလွင့်ဆီ တောင်းရတယ်၊ ဘယ်လောက် လဲ မသိပါဘူး ဆိုတော့လည်း တောင်းချင်တိုင်း တောင်း လို့ရရကောင်းလားလို့ အော်ပါတယ်ရှင့် …

စစ်အေးနဲ့ … အဲ … အဲ … သူဌေးနဲ့ ဘာလို့ဖုန်း ပြောတာလဲ၊ မာဖလာ ဘာဖြစ်လို့ ထိုးပေးတာလဲ၊ အသက် ဆယ့်ရှစ်နှစ်လောက်နဲ့ သူများယောကျ်ားနဲ့ ကင်းကင်းရှင်း ရှင်း မနေတတ်ဘူးလား၊ မယားရှိလင်တစ်ယောက်ရဲ့ ပေးစာကမ်းစာ အထောက်အပံ့ကို ဘယ်နည်းနဲ့ရရ ယူမ နေနဲ့ဆိုပြီး …”

“ကဲ … ကဲ … ရပြီ … ရပြီ၊ တခြားဘာထူးတာရှိသေးလဲ”

“ဦးစစ်အေး ဒီအိမ်လာတုန်းက ဒေါ်တူးမာကို နှင်ထုတ် ပြီး နင်နဲ့သူနဲ့ အိမ်မှာဘာလုပ်နေလဲတဲ့”

“အင်း”

“အန်တီလွင့်ကိုလည်း သူဌေးဆီက မျက်နှာရအောင် ဖြီး ကောင်ပေါက်မနဲ့ မြူပေးနေတာလို့ ပြောပါတယ်၊ နောက် ဆုံးတော့ သိက္ခာရှိတဲ့ မိန်းမကောင်းဆိုရင် ဒီအထောက် အပံ့တွေ မခံယူနဲ့တဲ့၊ နင် ဘယ်လိုအစားလဲ စောင့်ကြည့် မယ်ဆိုပြီး ပြန်သွားပါတယ်”

“အင်း”





ဦးစစ်အေးက သက်ပြင်းကြီးသာ ချမိပါတော့သည်။ ဘာမှတောင် မပြောချင်တော့။ ဒေါသတွေကတော့ တမျှဉ်းမျှဉ်း တလိပ်လိပ်နှင့် ရင်ခေါင်းထဲ ဆို့တက်လာသည်။

“ကဲ … ဒီတော့ ဒေါ်လွင် ရဲတော့မတိုင်ပါနဲ့ဦး၊ သုံးရက် မြောက်လို့မှ အကြောင်းမထူးရင်တော့ ရဲတိုင်ရမှာပေါ့လေ၊ ခုတော့ သူနဲ့ ခင်မင်ရင်းနှီးရင်းခံရှိတဲ့ ကျွန်စစ်သားက ဝန်ထမ်းတွေခေါ်ပြီး ရှော့မော့မေးကြည့်ပါဦး၊ ကျွန်တော့် စိတ်ထင် အဲဒီက တစ်ယောက်ယောက်ဆီမှာ သို့မဟုတ်ရင် သူ အခုခင်မင်နေတဲ့ သူငယ်ချင်းအပေါင်းအသင်း တစ် ယောက်ယောက်ဆီမှာ ဒါပဲဖြစ်မှာပါ …

သူ့သူငယ်ချင်းတွေတော့ ဒေါ်လွင်လည်း သိမယ် မထင်ဘူး”

“တစ်ယောက်တော့ သိပါတယ်၊ သူ့ကိုမေးပြီးပါပြီ။ သူ မသိဘူး သူဌေး၊ ကျန်တာတော့ ကျွန်မလည်း မသိတော့ ဘူး”

“ကျောင်းချိန်မှာ ကျောင်းကိုသွားကြည့်သေးလား”

“ဟုတ်ကဲ့၊ ဒီနေ့ ကျောင်းလာမတက်ဘူး သူဌေး”

“ထပ်ကြိုးစားကြည့်ပါဦး၊ အေးဗျာ၊ တော်တော်ဆိုးဝါးတဲ့ အဖြစ်ပဲ၊ မဝင်နီဟာ လူကြီးလိုမနေဘဲ သက်သက်ဒုက္ခ သွားပေးတာပဲ၊ သူ့ကို ဘယ်သူကများ ဒီကိုညွှန်လိုက်ပါ လိမ့်”



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်တူးမာပဲပေါ့ သူ့ရွှေး"

"အင်းပေါ့လေ၊ ဒီစရိုက်ရှိတဲ့ လူမျိုးကတော့ ဒီစရိုက်ပဲပြ မှာပဲပေါ့လေ"

ညနေ သူ ရုံးဆင်းလာတဲ့အထိ မြပယင်းရဲ့သတင်း မထူးပါ။ တစ်နေကုန် အောင့်အည်းမျိုသိပ်ထားတဲ့ ဒေါသတွေက ခုချိန်မှာ အတော်ဆူပွက်နေပါပြီ။ ကုန်နေတဲ့ ဖျော်ရည်ဖန်ခွက် လွတ်ကို ဆက်ကိုင်ထားမိကာ ဆိုဖာမှာ တောင့်တောင့်ကြီးထိုင် နေမိသည်။ ရုတ်တရက် အခန်းထဲကို အဝါရောင်ပိုးသားဂါဝန်နှင့် မဝင်နီ ဝင်လာပါသည်။

"နေပါဦး ... ပြောစရာရှိတာကို အပေါ်ကို တစ်ခါတည်း တက်လာပြီး မပြောဘဲ အောက်ကနေ လာခဲ့ဦးလေး ဘာ လေး လုပ်တာက ဘာအချိုးလဲ စစ်အေး"

ခပ်ရင့်ရင့် လေသံစွာစွာကို ဦးစစ်အေး ခါးသီးသွား ကာ နားကလောသွားကာ မထိန်းလိုက်နိုင်ဘဲ မဝင်နီ ရပ်နေရာရဲ့ နံဘေးအုတ်နံရံကို လက်ထဲက ဖန်ခွက်နှင့် ပစ်ပေါက်ခွဲပစ်လိုက် မိသည်။

"အမယ်လေး"

ငယ်သံပါအော်ကာ လန့်သွားတဲ့ မဝင်နီသည် ရင် သီးတဲ့မျက်နှာလည်းပျက်၊ လူလည်း ကတုန်ကယင်ဖြစ်ရင်း ရွှေ ကို တိုးလာသည်။

"စစ် ... စစ်အေး၊ ဒါ ဘာလုပ်တာလဲ"





"ဒီမှာ မဝင်နီ၊ ခင်ဗျားနဲ့ ကျုပ် ကွာရှင်းကြမယ်"

"ဘာ"

ဝင်နီ့မျက်နှာက ရဲတွတ်ခက်ထန်သွားပါသည်။ ချက် ချင်းပဲ သရော်တော်တော် ခနဲ့တဲ့တဲ့ ဖြစ်သွားကာ ...

"ဟား ဟား ဟား ... ဘာဖြစ်လို့လဲ စစ်အေး။ နင် ဆယ် ကျော်သက် မြီးကောင်ပေါက်မနဲ့ ဖောက်ပြန်နေတာ ငါသိ သွားလို့လား ... ဟုတ်လား"

"ခင်ဗျား လူကြီးလည်းမဆန်ဘူး၊ အသက်အရွယ်နဲ့မလိုက် ကိုယ့်သိက္ခာနဲ့ကိုယ် မနေဘဲ အရှက်တရားလည်း မရှိဘူး၊ လူတစ်ဖက်သားအပေါ်လည်း ငဲ့ညှာထောက်ထားမှုဆိုတာ မရှိဘူး၊ ခင်ဗျားက စုန်းမပဲ၊ ဘီလူးမပဲ မဝင်နီ၊ ခင်ဗျားကို ဘာတစ်ခွန်းမှ မပြောဘဲ သည်းခံနေလာတာ ဘယ်နှနှစ် တောင် ရှိပြီလဲ၊ ခင်ဗျား ဘာဖြစ်လို့ ခင်ဗျားနဲ့မဆိုင်တဲ့ ကျုပ်ဘက်ခြမ်းတွေကို စော်ကားမော်ကား လာလုပ်ရတာ လဲ"

"နင့်ပြစ်မှုတွေ ပေါ်သွားလို့ သွေးရူးသွေးတန်း ဖြစ်မနေနဲ့ စစ်အေး၊ နင်လုပ်တာရော ကောင်းလို့လား မှန်လို့လား"

"ခင်ဗျားလို သိပ်မှန်နေတဲ့ မိန်းမက မေးတာပေါ့၊ ဟုတ် လား"

"ငါ့ကိုပြောစရာရှိရင် သတ်သတ်ပြောပါ၊ အခုက နင့်ကိစ္စ၊ နင့်မကောင်းမှု၊ နင့်ဖောက်ပြန်မှု"



www.burmeseclassic.com

www.burmeseclassic.com



ဦးစစ်အေးက မဝင်နီကို နာနာကျင်ကျင် ကြည့်လိုက်ပါသည်။

"ဘာမှမလုပ်ဘူး ဆိုရင်တော့ ခင်ဗျားလို မိန်းမကို အရှေ့လုပ် ရှင်းပြမနေတော့ပါဘူး၊ အခုကတော့ ခင်ဗျားနဲ့ကွာရှင်းပြတ်စဲဖို့ ဆုံးဖြတ်လိုက်ပြီမို့လို့ ခင်ဗျားကို ပြန်ရှင်းပြမှာ၊ ခင်ဗျားထင်တာ မှားတယ်၊ ခုကိစ္စက သန့်သန့်ရှင်းရှင်းလေးပါ မဝင်နီ၊ ခင်ဗျားလိုမိန်းမ လုံးဝနားမလည်နိုင်တဲ့ ရိုးသားဖြူစင်တဲ့ကိစ္စပါ"

"ဘာရိုးသားဖြူစင်တာလဲ၊ ပညာဒါနပြုတာက ဒီလိုပြုမှလား၊ နင် အိမ်တစ်ဆောင် မီးတစ်ပြောင် ထားပေးထားတာက တခြား ဘာကြောင့်မို့လဲ၊ နင် ဝင်ချင်ဝင် ထွက်ချင်ထွက် လုပ်ချင်သလို လုပ်လို့ရအောင် ကျန်စစ်သားမှာ မထားတာ မဟုတ်လား"

"အဲဒီကျန်စစ်သားမှာ ဘာကျူးရှင်မှ မနီးဘူး၊ ဘယ်ဆရာဆရာမမှ အဲဒီအိမ်ရာအထိ အိမ်လိုက်မသင်ဘူး"

"တော်စမ်းပါ၊ ဆင်ခြေတွေပါ၊ ပလီစိချောက်ချက်လျှောက်ပြောမနေနဲ့"

"ခင်ဗျားလို တကယ့်ကြီးမားတဲ့ ညစ်ပတ်မှုကြီးကို ဝိဝိရိရိ ညာထားတဲ့ မိန်းမက သူများကိုလည်း ညာပြောမှာပဲထင်တာ မဆန်းပါဘူး၊ ဒါပေမဲ့ ခင်ဗျားသိထားဖို့က ကျုပ် ဒီမိန်းကလေးနဲ့ ပတ်သက်နေတဲ့ ဇာတ်လမ်းရှိရင် ခင်ဗျား





ကို ဖွင့်ပြောဖို့ ဘာမှဝန်လေးကြောက်ရွံ့နေစရာ အကြောင်းမရှိဘူး ဆိုတာပဲ ...

ခင်ဗျားကို ကျုပ်တော် အရင်က မချစ်တာ၊ နောက်တော့ ရွံတာ မုန်းတာ၊ ဒါကို ခင်ဗျားလည်း အသိပဲ၊ ခင်ဗျားမဟုတ်တဲ့ တခြားမိန်းကလေးကို ချစ်မိရင် ဘာကြောင့် ဝန်မခံရဲရမှာလဲ၊ အဲသလိုရှိကိုရှိချင်တာ၊ ခုကိစ္စကိုတောင် ခင်ဗျားထင်သလိုသာ ဖြစ်နေပါစေတော့တောင် ဆုတောင်းတာ၊ နားလည်လား ...

နို့မို့ရင် ရှင်းမပြဘဲ ချော်လဲရောထိုင် နေလိုက်တော့မှာ၊ တစ်ဖက်က ဘာမှမသိနားမလည်ရှာတဲ့ ရိုးသားဖြူစင်တဲ့ အပြစ်မဲ့တဲ့ မိန်းကလေးရဲ့ ဂုဏ်သိက္ခာလေးကို မြူတစ်မှုန်တောင် မပွန်းပဲ့ မထိခိုက်စေချင်လွန်းလို့ အမှန်က ဘာဆိုတာ အချိန်ကုန်ခံ ပြောပြနေတာ ...

ဒါပေမဲ့ ခင်ဗျား သိထားပါ၊ ခုမဟုတ်လည်း၊ မကြာခင်မှာ ကျုပ်ဟာ တခြားမိန်းကလေးတစ်ယောက်ယောက်နဲ့တော့ ငြိတွယ်တော့မှာ သေချာတယ်၊ အနေးနဲ့အမြန်ပဲ၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကို စိတ်ပျက်လက်ပျက်ဖြစ်လွန်းလို့၊ ခင်ဗျားနဲ့ ဥပဒေအရပတ်သက်နေရတဲ့ Relation ကို ခါးသီးလွန်းလို့၊ ခင်ဗျားနဲ့ လမ်းခွဲဖြစ်အောင်ကို ခွဲတော့မှာမို့လို့"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်နီ့မျက်နှာက နီရဲခက်ထန်နေသည်။

"နင့်ကိုကော ငါက မက်မောနေတယ်များ ထင်နေလား"

"မထင်ဘူး"

"ဘာကိုမှ ငါ ဂရုမစိုက်ဘူး၊ နင်သာ မေမေရှိနေလို့ သည်းခံနေပါတယ်၊ မကွဲပါဘူးဆိုတဲ့စကား နင့်ဘက်ကပဲ ပြောခဲ့တာ"

ဦးစစ်အေးက နာနာကြည်းကြည်း ရယ်မောလိုက်ပါသည်။ ဟုတ်ပါသည်။ ကြီးကြီးဒေါ်တင်နုကို ငဲ့ညှာသနားသော အားဖြင့် ဒီလောက်ခါးသီးရွံရှာတဲ့မိန်းမနှင့် လမ်းမခွဲခဲ့တာ။ ထောက်ထားမှုက (သူ့အမေကို ထောက်ထားတာ ဖြစ်တာတောင်)သူ့အတွက် လှောင်ရယ်စရာ အနိုင်ယူပြောစရာ ဖြစ်ဖြစ်နေခဲ့တာ ရင်နာစရာပင်။

"အခုတော့ ကြီးကြီးကိုလည်း ကျွန်တော် ငဲ့လို့မဖြစ်တော့ဘူး မဝင်နီ၊ ကြီးကြီးကို ကျွန်တော် ညှာမှန်းသိတော့ အဲဒါက ခင်ဗျားရဲ့နိုင်ကွက် ဖြစ်နေပြီ"

"ရပါတယ် ... လုပ်လိုက်စမ်းပါ၊ အဲဒါအဖြေပဲလေ၊ နင် ဖောက်ပြန်တယ် မဖောက်ပြန်တယ် ဒါက သက်သေပဲလေ"

"ကျုပ် လုံးဝမဖောက်ပြန်ဘူး"

"ဒါဖြင့် နင် အခုဘာဖြစ်လို့ ဒီလောက်မွှန်ထူပေါက်ကွဲလာတာလဲ၊ ဟိုက အတို့အထောင်လုပ်ရုံလေးနဲ့ ဒီလောက်ဖြစ်နေတာဟာ ရိုးရိုးပဲလား ... ဟုတ်လား"





"သူ ဘာမှအတို့အထောင် မလုပ်ဘူး၊ ခင်ဗျားကိုကြောက်လို့ ထွက်ပြေးပြီ၊ ပျောက်နေပြီ သိရဲ့လား"

"ဩော် ... ဟုတ်လား၊ ဟား ဟား ... ပြေးသင့်တယ်လေ၊ သူများလင်ယောကျ်ားကို မယားကြီးငုတ်တုတ် လက်ထဲကနေ ကြောင်တောင်နိူက်ချင်တာကိုး၊ အရှယ်နဲ့မလိုက် မျက်နှာပြောင်တာကိုး"

"ခင်ဗျားကို မဟုတ်ဘူးလို့ ဘယ်နှခွန်း ပြောရမလဲ၊ လုံးဝ မဟုတ်ဘူး၊ ဘာအပြစ်မှ သူ့မှာမရှိဘူး၊ ခင်ဗျားကိုကြောက်ပြီးပြေးတာ"

"ပြေးရင် အေးတာပေါ့"

"အေးမနေနဲ့ မဝင်နီ၊ သုံးရက်အထိ ရှာမတွေ့ရင် ကျုပ်က ရဲတိုင်မှာ၊ မတိုင်လို့လည်း မဖြစ်ဘူး၊ သူတစ်ပါးသမီးပျိုလေး ဘယ်ရောက် ဘယ်ပေါက် ဘာဒုက္ခရောက်မှန်းမသိ ငြိမ်နေလို့ မရဘူး၊ အဲသလို ရဲစခန်းတိုင်ရင် စစ်ဆေးမေးမြန်းစရာတွေ ရှိလာမှာပဲ၊ အဲဒီကျရင်သာ ခင်ဗျား ဘယ်လိုဖြေမယ် စဉ်းစားထား ...

ဒီဘက်မှာ ခင်ဗျား လာပြောသမျှ လာခြိမ်းခြောက်သမျှ အားလုံးကြားပြီး မှတ်မိနေတဲ့ အိမ်ဖော်အမျိုးသမီးရော၊ ဆရာမရော ရှိတယ်၊ ခင်ဗျားအနေနဲ့ လုပ်သင့်တာက မြန်မြန်ပြန်ရှာတွေ့ပါစေလို့ ဘုရားကြပ်ကြပ်ရှိခိုးဆုတောင်းနေဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်နီသည် စစ်အေးကို ချစ်လှတယ် မက်မောစုံမ
လှတယ် မဟုတ်ပေမယ့် စစ်အေးထံမှာ ဒီလိုကိစ္စမျိုး ရှိတယ်
သိလိုက်ရတာကိုတော့ အတော်ရင်နာပြီး အခံရခက်သည်။ မျ
တီးသည်။

"စစ်ချင်တာ လာစစ်၊ သူ့ဟာသူ သူများအငယ်အနှော
ဖြစ်မှန်း ပေါ်သွားလို့ ရှက်ပြီး လစ်ပြေးတာကို ဘယ်
မှ ..."

"မဝင်နီ"

ဦးစစ်အေး အသံကြီးက ဟိန်းကာ လက်သီးဆု
ထားရင်းက အသားဆက်ဆတ်တုန်လာပါသည်။ သူ့ရဲ့သည်းခံနိုင်
မှုတွေဟာ ဒီကိစ္စတစ်ခုတည်းကြောင့် မဟုတ်ဘဲ တဖြည်းဖြည်
နှစ်ရှည်လများ တစိမ့်စိမ့် လျော့နည်းကျပါးလာခဲ့ပြီး အကော
အထည် အနှစ်သာရရယ်လို့ မရှိတော့ချိန်မှာ အခုအဖြစ်အပျက်
ဝုန်းခနဲ လျှပ်တစ်ပြက် ထ,ကာပေါက်ကွဲခဲ့ရခြင်းသာ။ ခုလိုပေါက်
ကွဲလိုက်ချိန်မှာ သူ့ရဲ့သည်းခံဥပေက္ခာပြုနိုင်ခြင်းက ဒီမိန်းမအပေါ်
တစ်မှုန်တစ်စက်မှ မရှိတော့တာပါ။

"ခင်ဗျားရဲ့ အကျည်းတန် ယုတ်မာတဲ့ လျှို့ဝှက်ကိစ္စကြ
ကို သိလိုက်ရတာတောင်မှ ခင်ဗျားကို လမ်းမခွဲဘဲ သည်
မျိုသိပ်ခဲ့တဲ့ ကျုပ်ကို အလကားကောင် နွားလို့ ခင်ဗျာ
ထင်နေသလား၊ အပြစ်မဲ့တဲ့ ကလေးတွေမျက်နှာကိုတော





ပြီး ကျုပ် မျိုသိပ်နေတာ၊ အေး ... ခင်ဗျားကသာဆန္ဒရှိ
ရင် ကျုပ်တစ်သက် သူတို့တစ်သက် ခင်ဗျားယုတ်ညံ့ပုံတွေ
ကို နှုတ်ပိတ်ထားဦးမှာပါ ...

ဒါပေမဲ့ ခင်ဗျားနဲ့ ရေစက်ကတော့ ဒီနေ့ကုန်ပြီဗျာ၊
တရားဝင် ကွာရှင်းနိုင်ဖို့ လက်မှတ်ထိုးပေးပါ၊ ပစ္စည်းဥစ္စာ
ခွဲဝေရာမှာလည်း ခင်ဗျားကြိုက်သလိုယူ၊ ဒါပေမဲ့ ကျုပ်ဆက်
ပြီး အလုပ်လုပ်ကိုင် ရပ်တည်နိုင်ရုံတော့ ကျုပ်ယူမယ်၊
အဓိက,ကတော့ လမ်းခွဲကြစို့ မဝင်နီ"

ဝင်နီက မထီမဲ့မြင် ရယ်မောရင်း ...

"အဟား ... နင်နဲ့ ဒီနေ့လမ်းခွဲရင် ငါ ဒီနေ့လွတ်လပ်တာ
ပေါ့၊ ပုဆိုးစဆွဲဆုပ်ထားမယ့် မိန်းမတော့ နင်မထင်နဲ့၊
ဒါပေမဲ့ နင့်မယားငယ်မကိုတော့ ငါ့ရှေ့ ငါ့ခွင်ထဲရောက်
မလာစေနဲ့ စစ်အေး၊ နင့်ကတိတော့ တည်ပါစေ"

"ဘာကတိလဲ"

"ဘာမှမဆိုင်တဲ့ သားတွေဆီမှာ ငါ့ကိုနာမည်ဖျက်စရာ
မလိုဘူး"

"စိတ်ချပါ မဝင်နီ၊ ခင်ဗျားကို ငဲ့ညှာလို့ မဟုတ်ပါဘူး၊
ကျုပ်သားတွေကို ကျုပ်ချစ်လို့ သူတို့နလုံးသားတွေ မအက်
ကွဲအောင်ပါ"

"တူတူ ... တူတူ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစစ်အေးက ခါးမှာချိတ်ထားတဲ့ ဟဲန်းဒ်ဖုန်းမြည်သံကြောင့် ဖြုတ်ယူကြည့်ကာ ချက်ချင်းဖွင့်ထူးလိုက်ပါသည်။

"ဒေါ်လွင် ... ပြော"





## ၆

မြပယင်းသည် မှောင်ရိပ်ထဲမှာ တိုက်နံရံကို မှီတွယ်ရင်း ဒေါ်လွင်လွင့် လက်တစ်ဖက်ထဲကနေ သူ့လက်လေးကို ရုန်းထွက်နေရင်း ...

"ဦးကို ကြောက်တယ် အန်တီလွင်"

"ဟဲ့ ... ဩော် ... ဒီကောင်မလေးနှယ်"

ဒေါ်လွင်လွင်က လက်ကိုပြန်တုံ့ဆွဲရင်း ...

"ဟဲ့ ... လာစမ်းပါဟဲ့"

"ဦးဆူမှာ ကြောက်တယ် အန်တီလွင်"

"သူဌေးက နင့်ကို မဆူပါဘူး ပယင်းရယ်၊ သူဌေးကစိတ်တောင်ပူနေတာ"

"တွေ့ပြီဆိုတာပဲ အန်တီလွင်ပဲ ပြောလိုက်လို့ မပြီးဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘယ်ပြီးပါမလဲဟဲ့၊ သူ ဘယ်လောက်စိတ်
နေလဲဆိုတာ နင့်ကိုတွေ့ပြီလည်း အကြောင်းကြားရေ
နောက်နေ့မနက်တောင် မဆိုင်းဘဲ ညတွင်းချင်း အခုချက်
ချင်း ရောက်လာတာ ကြည့်ပါလား သမီး"

ဟုတ်ပါသည်။

ဦးစစ်အေး ရောက်လာသည်ဆိုတော့ မြပယင်
ရင်ထိတ်သွားရတာပင်။ သူ့အတွက်တော့ ဦးစစ်အေး ဆိုသူဟ
ကိုးကွယ်ရာတစ်ပါးကဲ့သို့ အနိုင်အမာ လေးစားကြောက်ရွံ့ရမ
ပုဂ္ဂိုလ်တစ်ပါးလိုပင်။ သူလုပ်ခဲ့တဲ့ လုပ်ရပ်ဟာ သူ့ဘက်ကအမှ
ရှိရှိ မရှိရှိ လူကြီးသူမတွေကို ဖြောင်းဆန်ဦးနှောက်ခြောက်ပြ
စိတ်ရှုပ်အလုပ်ရှုပ်အောင် အနှောင့်အယှက်ပေးခဲ့သလို ဖြစ်သွားတ
မဟုတ်လား။ အန်တီလွှင်ကိုပဲဖြစ်ဖြစ် ပြောခဲ့လည်း ရသားနှ

"သမီး အဲဒီမှာ ဆက်မနေချင်တော့ပါဘူး" ဆိုပြီ
ပြောင်းရွှေ့ခဲ့ရင် အနည်းဆုံး လူကြီးတွေ စိတ်မပူရဘူးပေ
ခုတော့ မြပယင်းသည် ဝမ်းနည်းနာကျင်တဲ့ သူ့ရဲ့ခံစားချ
အစိုင်အခဲကို ဦးစားပေး ဆုံးဖြတ်ခဲ့မိသည် မဟုတ်လား။ မနေ့
ကျောင်းကအပြန်မှာ တခြားလည်း သွားစရာမရှိ၍ ကျန်စစ်သ
အိမ်ရာကိုပဲ တိတ်တဆိတ် ရောက်လာခဲ့ကာ (ဝန်ထမ်းတွေအလု
ချိန်မို့ အိမ်ခန်းအတော်များများက သော့ပိတ်သွားကြကာ သူ့
ဘယ်သူမှ သတိမပြုလိုက်မိပါ) နဂိုတည်းက သူ့မှာရှိတဲ့ သော့နှ
မမမူ အခန်းကို ဖွင့်ဝင်နေခဲ့သည်။





အခန်းတစ်ခန်းမှာ လူဦးရေ ငါးဦး ခြောက်ဦးပေါင်း နေရတာမို့ မြပယင်းနဲ့ အမေဟာ အရင်က ဒီအခန်းမှာပဲ နေခဲ့ကြတာပါ။ ဒီအခန်းကလူတွေထဲမှာတော့ မမမူနှင့်ကတော့ အချစ်ခင် အရင်းနှီးဆုံးဖြစ်သည်။ ညနေ မမမူတို့ ပြန်ရောက်လာကြတော့ အကျိုးအကြောင်းပြောပြပြီး ကပ်ခိုပုန်းအောင်း နှုတ်ပိတ်ပြီး နေလိုက်တာပင်။

ပထမရက်တော့ အားလုံးက သဘောတူထားလိုက်ပေမယ့် နောက်နေ့ကျတော့ ဒေါ်လွှင်လွှင် အသည်းအသန် စုံစမ်းရှာဖွေနေတာကို သိသွားကြတဲ့အခါ ကျန်တဲ့အခန်းဖော်တွေက ဆက်ပြီးနှုတ်ပိတ်ဖုံးကွယ် မနေရဲပါ။ သူတို့ချင်းပြောမယ် မပြောဘူးနှင့် တိုင်ပင်ကြကာ နောက်ဆုံးတော့ ကိုယ့်ကို အငြိုငြင်အထိ နိုက် မခံယူလိုကြတာမို့ တစ်ယောက်က ဒေါ်လွှင်လွှင်ထံ သတင်းပေးလိုက်တော့တာပင်။

"အန်တီလွှင် ... ပယင်း မမမူနဲ့ပဲ နေပါတော့မယ်"

"ဘယ်လိုနေမှာလဲ ပယင်း၊ မူမူသင်းလည်း သူ့ဟာနဲ့သူ ဖြစ်အောင်ရပ်တည်နေရတာ၊ ပိုသလောက်ငွေ နယ်ကမိဘကို ပို့ရတာလေ၊ သူ့တစ်ယောက်စာတောင် ဘယ်လိုခြိုးခြံချွေတာရလဲ၊ သမီးကို ဘယ်လိုလုပ်ပြီး ကျွေးမွေးထောက်ပံ့နိုင်ပါ့မလဲ၊ စိတ်ထဲက မေတ္တာစေတနာရှိပေမယ့် သူက ဘယ်လိုလိုက်နိုင်ပါ့မလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပယင်း၊ သူဌေး ဘာပြောလဲ နားထောင်ကြည့်ဦးလေဟာ"

"အန်တီလွှင်ရယ် ... ပယင်းလေ ဒေါ်ဝင်နီ ပြောသွားတာတွေ ပြန်တွေးမိရင် သိပ်ရှက်တာပဲ။ ဒုက္ခရောက်ချင်ရောက်ပါစေတော့၊ ဒီလိုကြီး စွပ်စွဲပြောဆိုခံရတာတော့ မကြုံချင်တော့လို့ပါ"

"ဒါတွေကို နင် သူဌေးကိုပြောပြပေါ့၊ ကဲ ... ကြာတယ် ပယင်း၊ သူဌေး စောင့်နေရတာ ဘယ်လောက်အားနာစရာကောင်းလဲ၊ ဘာပဲ ပြောချင် ပြောချင် နင့်စိတ်ထဲရှိတာကို နင်ကိုယ်တိုင်လိုက်ပြော"

နောက်ဆုံးတော့ မြပယင်းသည် မမမှုလက်ကို ဖြုတ်ရစ်ခဲ့ကာ အန်တီလွှင် လက်ဆွဲခေါ်ရာနောက် ပါလာရပါသည်။ ကျန်စစ်သားအိမ်ရာရဲ့ရှေ့ ကားလမ်းပေါ် ရပ်ထားတဲ့ သူဌေးဦးစ အေးရဲ့ အနက်ရောင် ကားခပ်ကြီးကြီးအနား ရောက်လာသည်။

ခပ်လှမ်းလှမ်းကပင် ဓာတ်မီးတိုင် အလင်းရော ကြောင့် ကားပြတင်းပေါက်ဘောင်ပေါ် တံတောင်ဆစ်ကွေးတ ပြီး ပါးကို လက်ဖဝါးနှင့် ပြန်ထောက်ထားတဲ့ပုံနှင့် ထိုင်နေသော ဦးစစ်အေးကို တွေ့နေရပါသည်။ မျက်နှာချင်း မျက်လုံးချင်း မဆိုင်ရဲဘဲ မျက်လွှာကိုချကာ ကားနားချဉ်းကပ်လာရင်း ရင်ထဲဒုန် ဒိုင်း ဒုန်းဒိုင်းနှင့် မြည်ဟည်းနေသည်။





ဘယ်သူ့ကိုမှ မကြောက်ရွံ့လှဘူး ဆိုပေမယ့် သူ့အပေါ် ကောင်းကောင်းမွန်မွန် ရိုးရိုးသာသာပဲ ဆက်ဆံမြဲ ဦးစစ်အေးကိုတော့ သူ ကြောက်သည်။ ဦးစစ်အေးရဲ့ အရှိန်အဝါက မြပယင်းရဲ့ ဦးခေါင်းထက်မှာ မိုးကောင်းကင်ကြီးလို အုပ်မိုးလွှမ်းခြုံထားပါသည်။

"ဒီမှာ ဝရမ်းပြေး ခေါ်လာပါပြီ သူဌေး"

ဒေါ်လွှင်လွှင်က အခြေအနေ ပေါ့ပါးအောင် အစွန်းဖောက်သည်။

"ဪ ... အင်း"

ဦးစစ်အေးက ဒေါ်လွှင်လွှင်ရဲ့ ခန္ဓာကိုယ်နောက်မှာ သူ့ခန္ဓာကိုယ်ကို ကွယ်၍ပုန်းပြီး လျှောက်လာနေတဲ့ မြပယင်းပုံစံကို အဝေးကနေကတည်းကမြင်ကာ တစ်ချက်ပြုံးမိသည်။ တမင်ကွယ်ထားမှန်း သိသိသာသာနဲ့လေ။ အဲသလို ကွယ်ထားတော့ သူ့ကို ဦးစစ်အေးက အပြီးမမြင်ရတော့မှာ ကျနေတာပဲ။ လုံမှာ ကျနေတာပဲ။

"ကဲ ... သမီး"

ဦးစစ်အေးက ကားတံခါး ဖွင့်ဆင်းလိုက်သည်။

မြပယင်းသည် အဲဒီအိမ်ခန်းကိုတော့ ပြန်မနေဘူးဟု ဆုံးဖြတ်ထားပါသည်။ ဒီလိုနှိမ်ချဆော်ကားခံရမှုမျိုးကို နောက်တစ်ကြိမ် ထပ်မခံစားလိုတော့လို့ပါ။ ဦးကို တောင်းပန်ရှိခိုးပြီး သူ့နှုတ်တရွတ် အိမ်ပြေးလုပ်ခဲ့တာအတွက် ခွင့်လွှတ်ဖို့ပြောမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်တော့ စက်ရုံမှာပဲဖြစ်ဖြစ် ရအောင်အလုပ်တောင်းပြီး ကျွန် စစ်သားမှာပဲ ကပ်ရပ်နေတော့မယ်လို့ပင်။

သူ တောင်းပန်လို့ ဦး ခွင့်လွှတ်ကြည်ဖြူပါ့မလား၊ အရမ်းစိတ်ဆိုးနေမလား ဆိုတာကို ကြောက်ကြောက်နှင့် ရင်တုန်နေတာ။

ဦးစစ်အေးက မြပယင်းရှေ့၌ လက်ပိုက်ရပ်လိုက်သည်။

“ဖြစ်တာကတော့ ဖြစ်ပြီးသွားတာပေါ့၊ မဖြစ်ခဲ့ရင်ကောင်းတာပေါ့၊ မဖြစ်ခင်က ခံစားချက်မျိုး စိတ်မျိုးတော့ ပကတိပြန်မဖြစ်ဘူး ဆိုပေမယ့်လည်း တတ်နိုင်သလောက် စိတ်လျှော့ ကျေအေးလိုက်ပါလို့ ဦးက တောင်းပန်ပါတယ်”

“ရှင်”

ဦးက တောင်းပန်ပါတယ်။

စကားလုံးလေးတွေသည် မြပယင်းနားထဲ ပဲ့တင်ထပ်သွားကာ ဦးစစ်အေး မျက်နှာကို အံ့သြတကြီး မော့ကြည့်လိုက်မိပါသည်။

ငြိမ်းချမ်းတဲ့ ကြင်နာနူးညံ့နွေးထွေးသော မျက်ဝန်းများနှင့် ရင်ဆိုင်လိုက်ရကာ အဲဒီမျက်လုံးများထဲမှ အနွေးဓာတ်က မြပယင်းရဲ့ ရင်တစ်ခွင်လုံးကို ပူရှိန်းကျင်မြသွားတော့သည်။

ဦးက သူလို ပါမွှားမ,ကို ဘာကြောင့် တောင်းပန်ရမှာလဲ။ ဦးက တောင်းပန်လိုက်တဲ့အတွက် တင်းဆည်ထားတဲ့





တ်အစဉ်က ပြိုကျသွားသလို ခွေးရိအိကျကာ ရုတ်တရက်ဝမ်း ည်းသွားလေသည်။

“ဟုတ်ပြီနော် သမီး၊ ထားလိုက်တော့၊ ပြီးလိုက်တော့၊ အိမ်ပြန်ကြစို့”

“ဦး ...”

မြပယင်း အသံလေးက တုန်ခတ်နေပါသည်။ ဦးစစ် းက မီးရောင်ဟပ်ကာ တလက်လက် တောက်နေသော လေးမရဲ့ မျက်ဝန်းအိမ်ထဲက မျက်ရည်ကြည်တို့ကိုမြင်ကာ စိတ် အတော်ထိခိုက်မိရပါသည်။ မသိနားမလည်တဲ့ ကလေးသာသာ ပေါက်ကလေးမျှ ရင့်ရင့်သီးသီး ပက်ပက်စက်စက် စွပ်စွဲ ခံရရှာတာဟာ တစ်ဘဝစာ မမေ့နိုင်လောက်တဲ့ သေရာပါ င်ရာဒဏ်ချက်ပါ။

“ပြော”

“ကျွန် ... ကျွန်မ ... ကျောင်း ... ကျောင်းမတက်တော့ပါဘူး၊ စာမေးပွဲလည်း မဖြေတော့ပါဘူး၊ ဒီမှာပဲနေရင်း အလုပ်တစ်ခုခုပဲ လုပ်ပါတော့မယ်၊ ခွင့်ပြုပါနော်”

“သမီး ...၊ တခြားဘာစကားပြောပြော ဒီစကားတော့ နောက်တစ်ခွန်းမှ ထပ်မပြောနဲ့၊ ကြားလား၊ ဘာလို့မဖြေရတော့မှာလဲ၊ စာမေးပွဲ ဒီလောက်ကြီးကပ်မှ စာတွေလည်း အတော်ကျက်ပြီးထားမှ ဒီလိုစိတ်ကို အလိုလိုက် ဖြေလျှော့ရမလား”



www.burmeseclassic.com

www.burmeseclassic.com



"ဦးနဲ့ အန်တီ ... ပြဿနာ ..."

"အဲဒါ ညည်းကိစ္စ မဟုတ်ဘူး"

ဝါကျမဆုံးခင်ဖြတ်ပြီး တင်းတင်းကန့်ကွက်လိုက်၍ မြပယင်းက မျက်လုံးဝိုင်းလေးနှင့် ဦးစစ်အေးကို မရဲတရဲကြည့်လိုက်ပါသည်။ ဦးစစ်အေး စိတ်ရှ စိတ်ဆိုးသွားမှာကိုတော့ မြပယင်း မခံစားချင်ပေ။

"ဒါက ဦးတို့ပြဿနာသတ်သတ်၊ ညည်းနဲ့မဆိုင်ဘူး၊ ဟုတ်လား သမီး၊ ဒါပေမဲ့ နောင်ကို ဘယ်တော့မှ ဒီလို သူ လာသောင်းကျန်းတော့မှာလည်း မဟုတ်ဘူး၊ အပြီး ပြီးသွားပြီ၊ အဲသလို မှတ်ထားလိုက်"

"အန်တီက ကျွန်မကို စောင့်ကြည့်နေမယ်လို့ ပြောသွားပါ တယ်"

"သူ့ဟာသူ စောင့်ပဲကြည့်ကြည့် မစောင့်ပဲကြည့်ကြည့် အဲဒါ သူ့ကိစ္စပဲ၊ သမီး စိတ်မဝင်စားနဲ့၊ ကိုယ့်ဟာကိုယ် နေမြဲတိုင်းနေ၊ လူဆိုတာ ဒီလောက်အလွယ်တကူ စိတ် လျှော့ပြီး စိတ်ဒုံးဒုံးမချရဘူး"

"ဦး ... ကျွန်မ ဟိုအိမ်ကို ပြန်မလိုက်ချင်တော့ပါဘူး"

"ဟာ ... မင်း ခေါင်းတော်တော်မာတာပါလား"

"ကျွန်မ ခေါင်းမာတာ မဟုတ်ပါဘူး ဦး၊ ဦးကို ကန်တော့ ပါတယ်၊ ကျွန်မ ... ကျွန်မ"





မြပယင်းက လမ်းမပေါ် ဖိနပ်ပါးလေးချွတ်ကာ ကျုံ့ကျုံ့ထိုင်ချလိုက်ရင်း ဦးစစ်အေးကို လက်အုပ်ချီ ကန်တော့ သည်။

"ဟား ... မင်းကလည်းတစ်မျိုး၊ ရှိခိုးကန်တော့တာ အတော် ဝါသနာပါလား၊ ဟုတ်လား"

"ကျွန်မ အဖေအမေနဲ့ ဦးကိုပဲ ကန်တော့ဖူးတာပါ၊ ဘုရားနဲ့ ဘုန်းကြီးကလွဲရင်"

"ဩော် ... ဩော် ... ဩော် ..."

"ဦးကို ကျေးဇူးလည်း သိပါတယ်၊ ကျေးဇူးလည်း မမေ့ ပါဘူး၊ ဦးက ... ဦးက သေဆိုရင်တောင် ကျွန်မ သေ လိုက်မယ်လို့တောင် စဉ်းစားဖူးပါတယ် ဦး ... ဒါ ... ဒါပေမဲ့ ..."

"ကဲ ... ထ, ထ, ... ထစမ်း"

မြပယင်းက ထရပ်လိုက်ပါသည်။ ဦးစစ်အေး ရှေ့ လက်လေးပိုက်ကာ မအောင့်နိုင် မထိန်းနိုင်ပဲ ရှိုက်သံကလေး တလွင့်လွင့်နှင့် အသံထွက် ငိုကြွေးမိပါတော့သည်။ အဲဒီ ငိုသံက လေးဟာ ဦးစစ်အေး ရင်ကို ဘယ်လို ဖြစ်စေမှန်းမသိ။ ကလေး လေးကို မမြင်ဖူးသလို စိုက်ကြည့်နေမိသည်။

မိန်းကလေးတစ်ယောက်ရဲ့ ငိုသံဟာ ယောကျ်ားတစ် ယောက်ကို တအားပဲ ကသိကအောက် ဖြစ်စေသလား။ ဒီလိုချည်း ပဲတော့ မဖြစ်နိုင်ပါ။ ဒါဖြင့် သူ ကရုဏာသက်ရင်းရှိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြပယင်း ငိုတာမို့လို့လား။ ပြန်စဉ်းစားကြည့်သမျှထဲမှာ ‘မိန်းမ တစ်ယောက် တသိမ့်သိမ့် ငိုကြွေးနေတာကို သူ ဒီလို အနီးကပ် ပတ်ပတ်သက်သက် တစ်ခါမှ မကြုံဖူးခဲ့တာ ခုအသက်အရွယ် အထိပင်။

သူ့ပတ်ဝန်းကျင်မှာလည်း ဝန်ထမ်းတွေကလွဲရင် တရင်းတနှီး မိန်းမမိတ်ဆွေဆိုတာမျိုးမှ မရှိခဲ့ဘဲ။ မဝင်နီကလည်း ဒီလိုလေးမှ တစ်ခါမှ မငိုဖူးဘဲ။ ဒီတော့ သူဟာ မိန်းမတစ်ယောက် ကရုဏာသက်လောက်စရာ ငိုကြွေးခြင်းနှင့် ဝေးလှမ်းစိမ်းသက် တာပေါ့။

ခုတော့ ...။

အဲဒီ ရှိုက်သံ ငိုသံလေးဟာ သူ့ရင်ကို သူ့အသည်း နှလုံးကို အလွန်တရာမှကို ဆုပ်ညှစ်ခြေမွနေပြီ။ အခံရခက်လှပြီ။ မကြားဝံ့မနာသာ ဖြစ်လှပြီ။ သူ့ရင်တွေ နင့်လှပြီ။ သနားလည်း သနားလှပြီ။ သူပါ ငိုချလိုက်ချင်သလို ဝမ်းနည်းခြင်းတစ်မျိုးလည်း ဖြစ်လာခဲ့ပြီ။

သူပါ ငိုချင်တာကတော့ ...

“ကလေးမရေ ... ငါလည်းပဲ အဲဒီအမျိုးသမီးရဲ့ ပညာရှိနည်းနဲ့ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုကြောင့် ဘဝသေနေ တဲ့ လူတစ်ယောက်ပါပဲကွာ။ မင်း ခံစားလိုက်ရတာထက် ငါလည်း သူ့ကြောင့် အများကြီး ပိုနာကျင်ခံစားထားရတာပါ၊ ဖြေသိမ့်ကြ ပါစို့ကွာ”... ဆိုတဲ့ ဆိုလိုရင်း အဓိပ္ပာယ်မျိုးနှင့်ပါ။



“သေဆိုရင်တောင် သေပါမယ် ဆိုတာကတော့ မင်းအပို ချဲ့ပြောတာ”

“မဟုတ်ပါဘူး ဦး၊ ကျွန်မ ...”

“ဘာလို့ မဟုတ်ရမှာလဲ၊ သေဖို့က ဒီလောက်ကြီးမှမလွယ် တာ၊ မင်းက သေဖို့တောင် ပြင်ဆင်ထားတယ်ဆိုရင် ဟို အိမ်ပြန်နေဖို့ဆိုတဲ့ ဒီလောက်လွယ်လွယ်လေးကိစ္စကို ဘာ ဖြစ်လို့ မလိုက်နာနိုင်ရတာလဲ”

“ဦးရယ် ... ကျွန်မ ရှက်တယ် ဦး”

“ဘာကိုရှက်တာလဲ”

“အန်တီ့စကားတွေကို ဆရာမတို့ မလှလှတို့လည်း ကြား ပါတယ်၊ ကျွန်မက အဲဒီမှာ ကုပ်ကပ်ပြန်နေရင် အန်တီ စွပ်စွဲသလို ယူဆစရာဖြစ်မှာစိုးလို့ပါ”

“ဘယ်လိုလဲ”

“ဘယ်လိုသိက္ခာရှိတဲ့ မိန်းမပျို မိန်းမကောင်းကမှ မယား ရှိလင် လူအိုတွေရဲ့ အထောက်အပံ့ကို မယူဘူးတဲ့”

“သြော် ... အဲလိုတဲ့လား”

“ဟုတ်ကဲ့ ...၊ အဲဒီတော့ ဒီစကားကိုတောင် နာရရှက်ရ ကောင်းမှန်းမသိ၊ ကျွန်မ ပြန်နေရင် ကျွန်မက အပြောဆို အစွပ်စွဲတော့ ခံနိုင်တယ်၊ အထောက်အပံ့ကိုတော့ လက်မ လွှတ်နိုင်ဘူးလို့ ထင်စရာဖြစ်မှာပါ၊ အဲသလို မဖြစ်ချင်လို့ ပါ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မယားရှိလင်ရဲ့ အထောက်အပံ့ကို လက်ခံနေ
တယ်ဆိုတဲ့ အဖြစ်အပျက် သဘောသဘာဝက ညည်းကို
သိမ်ငယ်စေတာပေါ့"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"ဒါဖြင့် ညည်းကိုပြောပြရဦးမယ်၊ ငါ့မိန်းမနဲ့ ငါက ဒီ
တစ်လအတွင်း ကွာရှင်းဖို့ အခုသဘောတူထားလိုက်ပြီ"

"ရှင်"

"ဒီတော့ ငါဟာ မယားရှိလင်ဆိုတဲ့လူ ဘယ်လောက်မှ
ကြာကြာ ထပ်မဖြစ်နိုင်တော့ဘူး မြပယင်း"

"ရှင် ... ဟို ... ဟို"

"ဒါဆိုရင် ရသွားပြီလား"

မြပယင်း မျက်ဝန်းမှ မျက်ရည်များ ပိုးပိုးပေါက်
ပေါက် ပြုတ်ကျလာပြန်တော့ကာ ...

"ဦး ... ဦး ... ကျွန်မကြောင့် ဦးတို့အိမ်ထောင်ရေး ..."

"ဘာမှမဆိုင်ဘူး၊ လောကကြီးမှာ ညည်းရှိရှိ မရှိရှိ တစ်
နေ့ ပျက်သုဉ်းမယ့် အိမ်ထောင်ရေးကို ငါအမှားကြီးမှားလို့
တည်ဆောက်ခဲ့မိတာ၊ ဘယ်သူ့ပယောဂမှ မပါဘဲ ပြိုကို
ပြိုကွဲရမယ့် အိမ်ထောင်ရေး၊ အေး ... ပြိုကွဲသင့်တာတောင်
ကြာခဲ့ပြီ၊ သူတော်လို့လား ငါညံ့လို့လား ခုချိန်ထိ နှစ်ဆယ့်
တစ်နှစ်ခံခဲ့တာ၊ လွန်ခဲ့တဲ့ ကိုးနှစ် ဆယ်နှစ်ကတည်းက
ပျက်စီးပြီးသား အိမ်ထောင် ...





သားအမြင်မှာ ခိုင်မာတဲ့ အဆောက်အအုံကြီးတစ်ခု
လို့ ထင်နေကြတဲ့ဟာကြီးက တကယ်တော့ အုတ်ကျိုးအုတ်
ဆွေး အပုံကြီးပါ၊ တွန်းဖြိုစရာတောင် မလိုဘူး၊ အခန့်မ
သင့်ရင် လေတစ်ချက်အသွေးနဲ့တောင် ပြိုကျသွားနိုင်တဲ့
အပျက်အစီးပုံကြီး၊ ဒီတော့ မင်း ဘာမှ အပြစ်မကင်းတဲ့
အတွေး တွေးနေဖို့ မလိုဘူး မြပယင်း ...
ပြောတာကို နားလည်လား"

မြပယင်းသည် နာကျင်နေပုံရတဲ့ ဦးစစ်အေး မျက်နှာ
ပြင်ကို စေ့စေ့လေးကြည့်နေမိသည်။ ဦးစစ်အေးကလည်း အတတ်
နိုင်ဆုံး အမီလိုက်ကာ အမိပွာယ်ကောက်ယူနေပုံရတဲ့ မြပယင်းရဲ့
...င်သော မျက်နှာလေးကို စေ့စေ့ကြည့်ကာ အားမလို အားမရ
အတတ်နိုင်ဆုံး အဓိပ္ပာယ်ပေါက်အောင် ရှင်းပြနေတာပင်။

သို့ပေမဲ့ နုနယ်ဖြူစင်လှသေးတဲ့ ဘာမြူနိုးမြူရိပ်မှ
...ယှက်သန်းဖူးသေးတဲ့ နှလုံးသားပိုင်ရှင်ကလေးက အကျည်းတန်
...စ်နွမ်းသော ဒဏ်ရာဒဏ်ချက် မကင်းသော လောင်မီးကျ
...သာ နှလုံးသားမျိုးရဲ့ ခံစားချက်ကို ဖတ်ရှုနားလည်နိုင်ပါမည်
...လား။

"မင်းကို စောင့်ရှောက်ထားရတဲ့အတွက် ငါ့ရင်ထဲမှာ ဖြစ်
ထွန်းရတဲ့ ကြည်နူးမှု၊ ကျေနပ်မှု၊ အောင်မြင်မှုတွေက
တန်ဖိုးဖြတ်လို့ မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မကြည်နူး
နိုင်တာ မကျေနပ်နိုင်တာ ရှုံးနိမ့်နေခဲ့ရတာ နှစ်ပေါင်းကြာ



www.burmeseclassic.com

www.burmeseclassic.com



နေပြီမို့လို့ပဲ၊ အဲဒီကြည်နူးပီတိကို ဆက်ပိုင်ဆိုင်ချင်နေ
သေးတယ် ...

အဲဒါ ငါဖော်ပြတတ်တဲ့ ငါ့ရဲ့ခံစားချက်ပဲ မြပယင်
ကလေးတစ်ယောက်ကို တွေးစရာတွေနဲ့ ခေါင်းမရှုပ်စေချင်
ပါဘူး၊ ဒီတော့ မင်း ဘာမှစဉ်းစားမနေနဲ့၊ မင်းကိုစောင့်
ရှောက်ထားရခြင်း အပေါ်မှာ ငါ လှုပြစ်ကျိုးနပ်နေတာ
နားလည်တယ်နော်"

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့"

ခေါင်းကို ရှေ့တိုးမေးလိုက်တဲ့အတွက် မြပယင်း
သူ့ရဲ့ခေါင်းလေးကို နောက်ဘက်ယိုင်ဆုတ်ရင်း မျက်တောင်လေ
ပုတ်ခတ်၍ အလန့်တကြား ဖြေလိုက်ပါသည်။

"အဲဒီ ဒေါ်ဝင်နီ ဆိုတဲ့ အမျိုးသမီးဟာ မင်းနဲ့ဘာမှမဆိုင်
ဘူး၊ မင်းဘဝကိုလည်း ဘာမှဝင်စွက်ဖက် ခြယ်လှယ်ပိုင်
ခွင့်ရှိစရာ အကြောင်းမရှိဘူး၊ မင်းဘက်ကလည်း သူ့အပြ
သူ့အထင် သူ့အတွေးတွေကို ဘာဂရုမှ စိုက်နေစ
အကြောင်းမရှိဘူး၊ အချိန်ကုန်တယ်၊ အလုပ်ပျက်တယ်
ခရီးဖင့်တယ် ... ကြားလား"

"ဟုတ် ... ဟုတ်"

"မင်းနဲ့တင်မကဘူး၊ များမကြာမီမှာ ငါနဲ့လည်း ဘာမှ
ဆိုင်တော့ဘူး၊ ဒါဖြင့် ဒီအမျိုးသမီးကို မင်းတို့ ငါ
ခေါင်းတွေထဲက ထုတ်လိုက်ကြရင် မကောင်းဘူးလား





"ဟုတ် ... ဟုတ်"

တစ်ခွန်းပြီးတစ်ခွန်း ဆင့်ကဲထွက်လာတဲ့ မေးခွန်း
တို့ကို ခေါင်းလေးနောက်ယိမ်းထားဆဲကပဲ တစ်ခွန်းပြီးတစ်ခွန်း
ခေါင်းညိတ်လက်ခံနေရသော မြပယင်းရဲ့ မျက်လုံးလေးက ဝိုင်း
ဝိုင်းလည်နေပါသည်။

"ဒီတော့ ... မင်း ဘာလုပ်ရမှာလဲ သိလား"

"ဟုတ်"

"ကိုယ့်လမ်းကြောင်း ကိုယ့်ရည်ရွယ်ချက်ကို အပျက်မခံဘဲ
ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ မဟုတ်လား"

"ဟုတ်"

"ဟိုအိမ်ကိုပြန်၊ မင်း ဒီမှာ ဘယ်လိုလုပ် ကျူရှင်တက်မလဲ၊
ဆရာမလည်း ဒီကိုမလာဘူး၊ နားလည်တယ်မို့လား"

"ဟုတ်"

"ကဲ ... ဒါဖြင့် ... ဒေါ်လွင် ..."

"ဟုတ်ကဲ့ သူဌေး"

ဒေါ်လွင်လွင်က နောက်နား မလှမ်းမကမ်းမှာရပ်
ပြီး စေခိုင်းမျှော်နေတဲ့ မမှုထံ လှည့်ကြည့်ရင်း ...

"သူ့ပစ္စည်းတွေ အားလုံး ပြန်ယူခဲ့ မှုမှုသင်း"

"ဟုတ်ကဲ့ မမ"

မြပယင်းသည် ဦးစစ်အေးကို ခပ်ငေးငေးကြီး စိုက်
ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အန်တီ ထပ်ရောက်လာရင် ကျွန်မ ... ကျွန်မ ဘာလုပ်ရမလဲ ဦး"

"တံခါးဖွင့်မပေးနဲ့ပေါ့"

ငယ်နေတဲ့ မြပယင်း မျက်နှာကို ဦးစစ်အေးက အကဲခတ်ရင်း ...

"အန်တီ့ကို မင်း ကြောက်လား"

"အန်တီ့ကိုထက် အန်တီ့စကားလုံးတွေကို ပိုကြောက်တာပါ ဦး၊ ပြီးတော့ ..."

"ပြော"

"ပြီးတော့ ကျွန်မက ဦးကို ကျေးဇူးရှင်လို့ သတ်မှတ်ထားတော့ ကျွန်မက ဦးရဲ့ နဂိုဖြောင့်ဖြူးပြီးသားလမ်းကို မတော်တဆ ရောက်လာတဲ့ ဆူးညှောင့်တစ်ခု မဖြစ်ချင်လို့ပါ၊ ကျွန်မကြောင့် အနှောင့်အယှက် မဖြစ်စေချင်တာပါ၊ ကျေးဇူးရှင်ကို ကိုယ်ကပဲပြန်ပြီး ဘဝဖျက်ရသလို မဖြစ်ချင်တာပါ"

ဦးစစ်အေးရဲ့ မျက်ဝန်းတွေက တဖျိုးဖျိုးတဖျပ်ဖျပ် ရွှန်းတောက်သွားရပါသည်။ နှုတ်ခမ်းကိုစေ့၍ မျက်ဝန်းများ မှေးစင်းအောင် ပြုံးလိုက်ကာ ...

"မင်း စာစီစာကုံးရေးရင် တော်မယ်ထင်တယ်၊ မင်း ဦးကို တစ်ခုတော့ ကျေးဇူးဆပ်ချင်ရင် ရတယ်"

မြပယင်းက နှုတ်ဆိတ်လျက်သား ငေးကြည့်နေပါသည်။



BURMESE CLASSIC .com



"မင်း အိမ်စီဝင်နိုင်လား"

မြပယင်း မျက်နှာလေးက ယောင်ယောင်လေး ရှုံ့...ကျက်သွားကာ ခေါ်လွှင်လွှင်ထံ အားကိုးတကြီး လှမ်းကြည့်လိုက်ပါသည်။

"ခေါ်လွှင်ကို မကြည့်နဲ့ ကိုယ့်ဟာကိုယ်ဖြေ"

"ဟို ... ကျွန်မ ..."

"မင်း ဆေးကျောင်းဝင်တယ်ဆိုရင် ဦး ကျေးဇူးကိုဆပ်ဖို့ ကျေပြီးပြီလို့ သဘောထားလိုက်တော့၊ မင်းလုပ်လို့ ဖြစ်နိုင်တယ်၊ မင်းအမှတ်တွေလည်း ကောင်းတယ်"

မြပယင်းသည် ခေါင်းပေါ် လာဝိကျသလိုရှိသော ...းပင်တဲ့ ဝန်ထုပ်ဝန်ပိုးကြီးကြောင့် အရုပ်ကြိုးပြတ်တောင် လဲ...လိုက်ချင်သည်။ ဒီလိုပြောထားပြီးမှ ရအောင်မလုပ်နိုင်မှာကို ...ထိတ်ကြောက်လန့်စိတ်က အခုချက်ချင်း ဆယ်နှစ်စာလောက်...ကို အိုမင်းရင့်ရော်သွားစေသလိုပင်။ ဝင်ချင်မှဝင်မှာ ဦး ... လို့ ...ကတက်လိုက်ချင်သော်လည်း မပြောရဲဘဲ နှုတ်မှာအာစေး...ည့်ထားသလို ခံစားနေရပါသည်။

"ကဲ ... ကားပေါ်တက်၊ ခေါ်လွှင် ... တက်"



www.burmeseclassic.com

www.burmeseclassic.com



## ၇

ခုတလောတော့ မြပယင်းက ပျော်ရွှင်လှသည်။

အိမ်မှာလည်း လှလှနှင့်က အင်မတန် အဆင်ပြေသည်။ မြပယင်းကို တံမြက်စည်းတစ်ချက်လေးတောင် လှည်းခွင့်မပေးဘဲ အားရင်စာဖတ်၊ အားရင်စာကျက်နှင့် တတွတ်တွတ်သတိပေးနေတဲ့၊ အန်တီလွင့်လက်ရုံးပီသတဲ့ မလှလှကြောင့် စိတ်ဆင်းရဲစရာ ဘာမှမရှိ။

ဆရာမသည် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် သူအရင်က မသိသေးတဲ့ မြပယင်းရဲ့နောက်ကွယ်က ငွေကြေးထောက်ပံ့သူကိစ္စကို စိတ်ဝင်တစားတော့ ရှိပုံရသည်။ ဦးစစ်အေးဆိုတဲ့ အမည်ကို အရင်ကထက် စိတ်ဝင်တစား ရှိလာတာပင်။ သို့ပေမယ့် မြပယင်းကို မယုံသင်္ကာတော့ မဆက်ဆံပါ။ သို့ပေမဲ့ ပြောဆိုတဲ့ စကားလေးတွေထဲမှာ သိလိုမှုလေးတွေ စူးစမ်းမှုလေးတွေ ပါဝင်လာတတ်တာ။





ခုတော့မှပဲ မြပယင်းက ကိုယ်ရတဲ့မုန့်ဖိုး ကိုယ်မုန့်ဝယ်စားရသည်။ အန်တီလွင်က "သမီး ... မုန့်ဖိုးရှိသေးလား" အမြဲမေးပါသည်။ ပိုက်ဆံငါးထောင်လောက် အိတ်ထဲရှိလျှင်အော်တော်နဲ့ မကုန်တော့တဲ့ မြပယင်းသည် နှစ်ရာတန်မုန့်တစ်ထုပ် ငါးရာတန်မုန့်တစ်ခု ဝယ်စားဖို့ကိုပင် အတော်စဉ်းစားနေတာဖြစ်သည်။

ကျောင်းက ပြန်လာရင်း၊ ကျူရှင်က ပြန်လာရင်းလှည်းတန်းရဲ့လမ်းဘေးတစ်လျှောက်က မုန့်ဆိုင်လေးတွေကို ငေးမောစနည်းနာရင်း မုန့်ဝယ်စားရတာကို ကလေးလို ပျော်ရွှင်နေမိသည်။ အရင်ကတော့ လက်ထဲရောက်သမျှပိုက်ဆံ တစ်ထောင်လောက်ချန်ပြီး ဒေါ်တူးမာကို အကုန်ချေးလိုက်ရတာမို့ ဝယ်မစားနိုင်တာရော စိတ်မကြည်လင်တာရော ရောပေါင်းကာ လမ်းလျှောက်ရင်း ခေါင်းကြီးငိုက်စိုက်ချကာ ဘေးဘီဝဲယာ ဘယ်ကိုမှမကြည့်ဘဲသွားတတ်မြဲ။

ခုတော့ ဘာကြောင့်မှန်းမသိ နောက်ပိုင်းမှာ စိတ်လေးက ပိုကြည်လင် ငြိမ်းချမ်းလာပါသည်။

ဟိုအဖြစ်အပျက် ဖြစ်လိုက်တဲ့အတွက် အလန့်တကြား နာကျင်ခံစားလိုက်ရသော်လည်း ခုလိုပြေပျောက် ပြီးစီးသွားတဲ့အခါမှာတော့ တစ်စုံတစ်ရာကို ပြီးမြောက်အောင်မြင်အောင်ကျော်ဖြတ်နိုင်ခဲ့တဲ့ ခံစားချက်မျိုး ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ ညဘက်တွေဘာတွေ အိမ်ကိုလာနေကျ ဆရာမ၊ အန်တီလွင်၊ သူငယ်ချင်း တစ်ယောက် နှစ်ယောက်တို့ လာချိန်မျိုး မဟုတ်ဘဲ အိမ်တံခါးအပြင်ဘက်က ဘဲလ်သံကြားရလျှင် ထိတ်ခနဲ လန့်တုန်သွားရတတ်ပါသေးသည်။ အန်တီဝင်နီကြီးများ လာသလားရယ်လို့ပင်။ မြပယင်း အဲသလို လန့်သွားတတ်တာကိုသိတဲ့ လုလုက ...

"အမယ်လေး ... ကြောက်စရာလား ပယင်းရယ်၊ အရင်တစ်ခါက ဘာမှန်း ညာမှန်း မသိလို့ သူလာကြမ်းသွားတာကို ခံလိုက်ရတာပါ၊ အခုများ လာကြည့်စမ်းပါ၊ ကျွန်မနဲ့တွေ့သွားမှာပေါ့၊ ဦးစစ်အေး မိန်းမဆိုလို့ ငုံ့ခံရမယ်ထင်လို့ ဟိုတုန်းက နှုတ်ပိတ်နေတာပါ၊ ခုလို မဟုတ်တရုတ်လာအသရေဖျက်မှာမျိုးကိုတော့ ဘယ်ခံလိမ့်မလဲ ...

ဦးစစ်အေးကလည်း သေချာမှာထားပြီးသားပဲဟာ၊ လာရင်လည်း မပယင်း မထွက်နဲ့၊ ကျွန်မပဲ ထွက်မယ်၊ တံခါးလည်း ဖွင့်မပေးဘူး၊ အပြင်မှာထားပြီးတော့ကို ပြောပစ်မှာ ကြည့်ထား"

မလုလုကြောင့် အားရှိရတယ် မှန်ပေမယ့် မြပယင်းရဲ့ ရင်ထဲ အသည်းထဲ ဟိုးထောင့်တစ်နေရာမှာ ဒေါ်ဝင်နီကို ရှိန်ကြောက်တဲ့ ခံစားချက်က (လာအော်တာ ခံရစဉ်ကထက်တောင်ပိုကာ) စိမ့်နှစ်ပြီး နိုဝင်နေသည်။ လာပြောဆိုသွားတုန်းက ကိုယ်ဘဝကြီးမှာ စိတ်ချမ်းသာစရာလည်း တစ်ကွက်မှ မရှိသလို လှ





တ မှိုင်းထိုင်းပြီး ကျောင်းစာဆိုတာကိုတောင် စက်ရုပ်တစ်ရုပ်လို လိုက်လုပ်နေတဲ့ အနေအထား။

မပျော်ခဲ့ပါ။

မပျော်ရွှင်တဲ့အချိန်။ အရိပ်ပျောက်နေတဲ့အချိန်။ ပြောခဲ့နေရတုန်း တန်းလန်းမှာတောင်မှ ဝမ်းနည်းခံပြင်းတာပဲရှိပြီး ဒေါ်ဝင်နီကို သိပ်မကြောက်ခဲ့တာပါ။ ခုချိန်လိုမျိုးကျမှ ဘာကြောင့်ကြောက်ချင်နေရတာလဲ။

ဦးနှောက်ကလေး ရှိသလောက်နှင့် ကောက်ချက်ချရင်တော့ မြပယင်းဟာ ခုချိန်မှာ ဘဝကို နည်းနည်းပိုတန်ဖိုးထားတတ်လာလို့ပါ။ ဘဝလေးကို နည်းနည်းပိုမို ခုံမင်လာလို့ပါ။ ဘာကြောင့် ပိုပြီး ခုံမင်တန်ဖိုးထားလာခဲ့တာလဲ။ အဲဒီအတွက် အဖြေကတော့ နှလုံးသားထဲမှာ မရေမရာ။

ဘဝကို ခုံမင်လာလေ အကြောက်တရားများလာလေ ထင်ပါသည်။ ဒေါ်ဝင်နီကို ကြောက်မိတယ်ဆိုတော့ ဒေါ်ဝင်နီအပေါ် ကိုယ်က ဘာအပြစ်ကျူးထားလို့လဲ။ ဘယ်လိုအမှားမျိုး ကျူးကျော်ထားမိလို့လဲ။ မြပယင်း မပြောတတ်ပါ။

ခုနောက်ပိုင်းရဲ့ ထူးခြားချက်တွေကတော့ ဦးက အနည်းဆုံး တစ်ပတ်တစ်ကြိမ် အိမ်ကို ဖုန်းဆက်တတ်တာပင်။ အဆင်ပြေလား၊ စာရလား၊ နေကောင်းလား၊ ဘာလိုလဲ စသည်တို့ထက်ပိုပြီး မဆန်းသစ်တဲ့ အဲဒီဖုန်းကောလ်များကို မြပယင်းက အသစ်အဆန်းလုပ်ပြီး မျှော်စောင့်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နယူးယီးယား ညတုန်းက လှိုင်သာယာက စက်ရုံဝင်းထဲမှာ နှစ်သစ်ကူးပွဲ ကျင်းပပါသည်။ နှစ်စဉ်လုပ်နေကျဖြစ်ပြီး စက်ရုံကရော ရုံးချုပ်ကရော ဝန်ထမ်းအားလုံးကို ဖိတ်နေကျပါ။ အရင်နှစ်တွေကလည်း မြပယင်းက အမေနှင့် အတူတူရောက်ဖူးပါသည်။ စားစရာတွေ အလျှံပယ်နှင့် ဂိမ်းမ်ဆော့ရတာတွေဘာတွေ ပါတတ်ရာ ပျော်စရာကောင်းလွန်းလှလို့ပင်။

ဒီနှစ်လည်း New Year ပွဲလုပ်မှာ သေချာတာမို့ မြပယင်းက အန်တီလွင့်ကို မရဲတရဲ မေးကြည့်သည်။

"အန်တီလွင် ... နယူးယီးယားကျ ပယင်းကော လာရမလားဟင်"

"ညည်းက ဘာလို့လာရမှာလဲ"

"အဲဒါက ပျော်စရာကောင်းလို့"

"အမယ်လေး ... ပျော်စရာ ကောင်းမနေနဲ့ မမ၊ တစ်ချိန်လုံး စာ ... စာ ... နဲ့ တစာစာပဲ လုပ်နေတော့လို့ မှာထားတယ် မဟုတ်လား၊ တစ်ညနေခင်းလုံးကနေ ညသန်းခေါင်အထိ အချိန်ပုပ်တာ၊ မလိုက်ပါနဲ့ သမီးရယ်၊ အရင်က မမမြ ရှိတော့ သမီးလာဖြစ်ခဲ့တာပေါ့လေ၊ အခုက ကိုယ်က ဒီက ဝန်ထမ်းလည်း မဟုတ်ဘူးမို့လား၊ လူပြောစရာ မဖြစ်အောင် လာမနေပါနဲ့ သမီးရယ်"

လူပြောစရာ မဖြစ်အောင် ဆိုတဲ့ စကားဟာ ဘယ်လောက်ထိ အဓိပ္ပာယ်ကျယ်ပြန့်သက်ရောက်ပါလိမ့်။ မြပယင်းတား "လူပြောစရာ"ဆိုတဲ့ အခြေအနေတစ်ခု ကုမ္ပဏီအသိုင်းအဝိုင်း စက်ရုံအသိုင်းအဝိုင်းမှာ ပလူပျံဖြစ်ပွားနေတာ ရိုးရိုးကလေးပင် မသိခဲ့ရှာတာပါ။





သူ့စိတ်ထဲမှာတော့ ဒီပွဲကို ဝန်ထမ်းတွေသာမက ဝန်ထမ်းတွေရဲ့မိသားစုတွေပါ လိုက်ပါလာနေကျမို့ မြပယင်းတစ်ယောက်ကိုတော့ အန်တီလွင်ကပဲ ကပ်မြှောင်အဖြစ် ခေါ်သွားသွား၊ မမမှုကပဲ ခေါ်သွားသွား အရေးမကြီးလောက်ဘူး တွေးမိတာ။ သူ့မှာလည်း စာနဲ့ပဲ စိတ်ဖိစီးနေရတာမို့ ပွဲကလေးလမ်းလေးရယ်လည်းဖြစ် ကိုယ်သိတဲ့ ခင်မင်ရင်းနှီးတဲ့သူတွေချည်းပဲ စုဆုံပြန်တွေ့ရမယ့် နေရာလည်းဖြစ်၍ သိပ်သွားချင်နေမိတာပါ။

နှစ်သစ်ကူးညမတိုင်ခင် လေးရက်လောက်မှာဦးထံက ဖုန်းလာတဲ့ တစ်ရက်မှာတော့ မြပယင်းသည် ခါတိုင်းပြောဖြစ်တဲ့ စကားတွေနှင့် ဆန့်ကျင်စွာ "သမီးဘာလိုလဲ" ဆိုရင် "မလိုပါဘူး ဦး"၊ "သမီး ဘာပြောစရာရှိသေးလဲ"ဆိုရင် "မရှိပါဘူး ဦး"ဆိုတာမျိုးချည်း မဟုတ်တဲ့ ကိုယ့်ဘက်က ပထမဆုံးအကြိမ် တောင်းဆိုကမ်းလှမ်းမှုကို ပြုမိလေသည်။

"ဦး ... ကျွန်မ ပြောစရာတစ်ခု ရှိလို့ပါ"

"ပြော"

"တစ်ခုလောက် တောင်းဆိုချင်တာပါ"

"ကဲ ... ပြော၊ ထူးခြားနေပါလား သမီး၊ ဘယ်တုန်းကမှ ဘာမှ မတောင်းဆိုပဲ မလိုပါဘူး၊ ပြောစရာမရှိပါဘူးချည်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ သမီးက တောင်းဆိုမှာဆိုတော့ သမီးအဖို့ အ
ပါမယ်ထင်တယ်၊ ကဲ ... ပြော"

"........."

ဦး အဲဒီလို ပြောလိုက်မှ မြပယင်း နှုတ်ဆွံ့သွာ
သည်။ ကိုယ်ပူဆာမယ့် ကိစ္စကို ဦးက အရေးပါတယ်ထင်နေပြ
New Year ပွဲကို လာချင်လို့ဆိုရင် ဦးများ စိတ်ပျက်စိတ်
သွားမလားလို့ပင်။

"ပြောလေ"

"ဦး ... တကယ်တော့ အရေးမပါပါဘူး"

"ဟင်း ဟင်း ဟင်း"

ဦးစစ်အေးက ရယ်သည်။

"ဦးက အရေးပါတယ် ထင်နေတော့ ရှက်သွားလို့ ပြေ
တောင် မပြောရဲတော့ဘူး ဦး၊ ကျွန်မက စက်ရုံက Ne
year ပွဲကို လာလို့မရလားလို့ ဦးဆီက ခွင့်တောင်းမလို့ပါ

ဦးစစ်အေးထံမှ အသံခဏ တိတ်သွားပါသည်
မြပယင်း ရင်မှာ ခပ်မောမောနှင့် တထိတ်ထိတ် ဖြစ်လာသည်
တောင်းဆိုမှုက သိပ်ခက်ခဲစရာများ ဖြစ်သွားတာလား။

"သမီး သိပ်သွားချင်လို့လား"

"ကျွန်စိတ်သားက လူတွေနဲ့ ပြန်တွေ့ချင်လို့ပါဦး"

"ဩော် ... ဟုတ်သားပဲ၊ အတော်ကြာကြာ ချစ်ချစ်ခင်
အတူနေခဲ့ဖူးတဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေ အများကြီးရှိတာ





မိတ်ဟောင်း ဆွေဟောင်း သိဟောင်း ကျွမ်းဟောင်းတွေနဲ့
တွေ့ချင်မှာပေါ့၊ သမီးလာခဲ့လေ၊ ဦး ကားလွှတ်လိုက်မယ်"

"အန်တီလွင်နဲ့ လိုက်လာလို့ရပါတယ် ဦး"

"ဒေါ်လွင်က မနက်ကတည်းက ရောက်နေရမှာ၊ သူ့လက်
သူ့ခြေအဖွဲ့ထဲ သူကပါတာ၊ အဲဒီကတည်းက အတူလိုက်
လာဖို့ သမီး အချိန်ပုပ်တယ်၊ ကားလွှတ်ပေးမယ်၊ လုလု
ပါခေါ်ခဲ့၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ဦး"

တကယ်တမ်းတွင် အဲဒီနေ့က ဦးလွှတ်လိုက်တယ်ဆို
တဲ့ကားက Taxiတစ်စီးပင်။ မြပယင်းက ဦးစစ်အေးရဲ့ အပြင်သုံး
ကားတစ်စီးစီး လွှတ်ပေးလိုက်မယ် ထင်နေတာပါ။ ပို့လွှတ်လိုက်
တဲ့ တက္ကစီနှင့် စက်ရုံကိုရောက်လာသော မြပယင်းသည် အန်တီ
လွင် စိတ်ဆိုးမှာစိုး၍ အလုပ်ရှုပ်နေတဲ့ အန်တီလွင့် အနား ပြေး
ကာ ...

"အန်တီလွင် ... ဦးက ဘာလိုလဲ ဘာပြောချင်တာ ရှိလို့လဲ
ဆိုလို့ ဒီကိုလာချင်တာ ပူဆာလိုက်တာပါ၊ ဦးကလဲ ..."

"အေး ... အေး ... ရတယ် ... ရတယ် သမီး၊ ဟုတ်တာ
ပေါ့လေ၊ သမီးလည်း လူရင်း လူဟောင်းတွေနဲ့ ပြန်တွေ့
ချင်မှာပေါ့၊ အန်တီ နားလည်ပါတယ်"

တကယ်တော့ စက်ရုံနှင့် ကုမ္ပဏီဝန်းကျင်မှာ ဖြစ်
ပျက်နေတဲ့ သတင်းစကားတွေ အတင်းအဖျင်းတွေကို မြပယင်း



www.burmeseclassic.com

www.burmeseclassic.com


က ဘာမှ သိခဲ့ရတာ မဟုတ်ပေဘူးကိုး။ မမမူကတော့ ညီအစ်မ ရင်းချာတွေလို ချစ်ခင်ရင်းနှီးခဲ့သူမို့ မြပယင်း မသိတဲ့အရာ မသိသလိုပဲ ရှိပစေဆိုတဲ့စိတ်မရှိ။ သိအောင်ကို ပြောမည့်သူဖြစ်လေရာ ...

"ပယင်း ... နင့်ကို မမလွင်က ဒီကို တမင်မလာစေချင်တာ ဟ"

"ဘာဖြစ်လို့လဲဟင်"

"ဒီမှာ နင်နဲ့ပတ်သက်တဲ့ အတင်းတွေ ထွက်နေတယ်"

"ဟင် ... ဘာအတင်းတွေလဲဟင်"

"နင်နဲ့သူဌေးကို မလွတ်ကင်းဘူးပေါ့ဟယ်၊ တိုတိုပြောရရင် ဒါပဲပေါ့ဟယ်"

"ဟင် ..."

မြပယင်းသည် လည်ချောင်းမှာ နင်ရာက ရင်ထဲပူဆို့ပြီး တလှပ်လှပ်ဖြစ်သွားကာ တစ်ကိုယ်လုံး ထူပူတုန်ယင်သွားပါသည်။

"ဘယ် ... ဘယ် ... ဘယ်လိုလုပ်"

"ဘယ်သူကစတဲ့ သတင်းလဲလို့တော့ မပြောတတ်ပေမယ့် နင့်ကို ဒေါ်ဝင်နီ လာချဲသွားပြီးတဲ့နောက် ချဲ့ကားထွက်လာတဲ့ သတင်းတွေပဲ၊ ဒေါ်ဝင်နီလည်းပါမယ်၊ ဒေါ်တူးမာကြီးလည်းပါမယ်၊ ဒေါ်တူးမာဆီက ကြားရတဲ့သတင်းဆိုတော့ လူတွေက ယုံကြတာပေါ့ဟာ၊ နင်နဲ့ နီးနီးကပ်ကပ်နေနေခဲ့တဲ့သူက ပြောတဲ့စကားဆိုတော့ အတပ်သိတဲ့စကားဖြစ်နေတာပေါ့၊ သူကလည်း ကိုယ်တိုင်မြင်တွေ့ကြုံကြိုက်ခဲ့တဲ့ သဘောပြောတာ"

"ဘာ ... ဘာတွေလဲဟင်"

"စုံနေတာပါပဲ ငါ့ညီမရယ်၊ နင် မကြားချင်ပါနဲ့ ပယင်းရယ်"

"ဦးနဲ့ ပယင်းက ဟို ... ဖောက် ... ဖောက်"

"အေး ... အဲဒီအိမ်ကို ဦးစစ်အေးလာရင် သူရှောင်ပေးရတယ်ပေါ့"

"ရှင် ... အဲလို လုံးဝမဟုတ်ပါဘူး မမမူ၊ မဟုတ်ရပါဘူး"

မြပယင်းရဲ့အသံလေးတွေ တုန်ယင်ကာ မျက်လုံးထဲ ည်ချက်ချင်းပဲ ဝိုင်းတက်လာသည်။ ခါးသီးပူလောင်လှတဲ့ ျင်မှုကို ခံစားလိုက်ရကာ ဆို့ပိတ်သွားပါသည်။ မမမူက င်း လက်ဖျားအေးစက်လေးကို ဆုပ်ကိုင်လိုက်ရင်း ...

"မဟုတ်တာ ငါသိတာပေါ့ ညီမရယ်၊ မငိုပါနဲ့ ပယင်းရယ်၊ ငါ့လိုပဲ သိရှိယုံကြည်တဲ့သူတွေလည်း ရှိဦးမှာပေါ့၊ ဥပမာ ဒေါ်လွင်လွင်ပေါ့၊ နောက်လည်း ရှိဦးမှာပါ"

"ဒါပေမဲ့ ဒေါ်တူးမာစကားကို ယုံချင်တဲ့သူက များမှာပါ"

"ဟုတ်တယ် လူဆိုတာမျိုးက မကောင်းသတင်းကို ပိုယုံတတ်တယ်ဟ၊ ကောင်းသတင်းကိုကျ ချင့်ယုံကြတယ်၊ မနာလိုစိတ်ကြောင့်ထင်တယ်၊ နင့်ကို သူဌေးကမွေးစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလိုမျိုး အိမ်ကောင်းမှာနေရ၊ စာကောင်းကောင်း
ရ၊ မပူမပင်ရတဲ့ဘဝ ရောက်သွားတာကို မနာလိုတဲ့
ရှိမှာပေါ့ ပယင်းရယ်၊ လူတွေစိတ်ထဲ မြင်ရတာမှ
တာ ...

ဒီလိုလူမျိုးတွေက 'ဟုတ်မှာပေါ့ သူဌေးကလ
ဒါကြောင့်ပဲ ပေးကမ်းစောင့်ရှောက်ထားတာနေမှာပေါ့' ဆို
စကားမျိုး ပြောကြတာပေါ့၊ နင် ဘာမှ စိတ်မကောင်း
မနေနဲ့ မကောင်းတဲ့သူတွေ စိတ်ဓာတ်မမြင့်တဲ့သူတွေ
မယုံကြည်တာကို နင် မှုစရာမလိုဘူး ပယင်း"

"ဦးလည်း သိက္ခာကျပြီပေါ့ မမမှုရယ်"

တည်ကြည် ဣန္ဒြေရလှတဲ့ ဦးတစ်ယောက် မြပယ
ကို ထောက်ပံ့မိမှပဲ သွားပုပ်လေလွင့် အတင်းအဖျင်း သတင်း
နှင့် ပတ်သက်ရလေပြီဆိုတဲ့ အတွေးက မြပယင်း ရင်ကို နာ
သလို ဦးကိုလည်း အားနာကြင်နာမိသည်။ မြပယင်း နာ
ဘယ်လိုပဲ ပျက်ပါစေဦး မြပယင်းဆိုတာ ဘယ်သူမှန်းသိတဲ့သူ
ဒီတဝန်းတဝိုင်းလေးထဲသာ။

လူများများမသိတဲ့ မြပယင်း နာမည်ပဲကောင်
ကောင်း နာမည်ပဲဆိုးဆိုး ဘာမှ သိပ်မထောင်းတာလှပါ။ ဦးစစ်
လို ကုမ္ပဏီနာမည်နှင့်တွဲကာ လူသိများတဲ့ စီးပွားရေးသမား
တော့ အမနာပ အတင်းတစ်ပုဒ်ဟာ သတင်းလုပ်ပြောစရာဖြ
တော့မှာပင်။





"သူဌေးကို ထည့်စဉ်းစားမနေနဲ့၊ ကိုယ်နာမည်ပျက်တာ
တိုပဲ လိုက်စဉ်းစားစမ်းပါဟယ်၊ ငါလည်း နင့်ကို ဘယ်
လိုအကြံပေးရကောင်းမလဲ စဉ်းစား စဉ်းစားနေတာ၊ နာမည်
ဆက်မပျက်အောင် ခပ်ကင်းကင်းနေလိုက်တာက မှန်မလား
ပေါ့၊ မမလွင်ကတော့ ဘာမှ ဂရုမစိုက်မနေနဲ့တဲ့၊ ကိုယ်
လိုအပ်ချိန် ဒုက္ခရောက်ချိန်မှာ လှည့်မကြည့်တဲ့လူတွေ
ဘာမှ ဂရုမစိုက်တဲ့လူတွေကို ထည့်တွက်စရာ မလိုဘူးတဲ့၊
သူတို့အမြင်ကိုလည်း ကိုယ်ဆုံးဖြတ်ချက် တစ်ခုခုအတွက်
ထည့်သုံးဖို့မလိုဘူးတဲ့"

"ဒီလောက်တောင် သတင်းတွေ ဖြစ်နေတာလား မမမှု
ရယ်"

"သူဌေးနဲ့ သူဌေးကတော်ကလည်း ကွဲကြတော့မယ်တဲ့"

"ဟင်"

"ခုတောင် ပစ္စည်းတွေ ခွဲစိပ်နေတယ် ပြောတယ်၊ သူဌေး
ကတော်ကတောင် ဒီစက်ရုံကို တစ်ခါလာတာ ယောကျ်ား
တစ်ယောက်နဲ့ လာတာ ပယင်းရဲ့၊ ပေါ်တင်ပဲ တွဲလာတယ်"

"ဦး သနားပါတယ် မမမှုရယ်"

"နင် သနားရလောက်အောင် သူက ဖြစ်ချင်မှ ဖြစ်နေမှာ
ပါ၊ အေးအေးဆေးဆေးပါပဲ၊ မှိုင်တွေနေတာ မတွေ့ဖူးပါ
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြပယင်းကတော့ ဘာပဲဖြစ်ဖြစ် ဦးအတွက် စိတ် မကောင်းနိုင်ပါ။ ဦးနဲ့သူ့မိန်းမ အရမ်းကို ရန်တွေဖြစ်လိုက်ကြသေ လား၊ တွေးရင်း ဝမ်းနည်းနေမိပါသည်။

"မမလွင်က နင့်ကို ဒီစက်ရုံပတ်ဝန်းကျင်နား ပြန်မလ စေတော့ဘူးလို့ တွေးထားပုံပဲ၊ ဒါကြောင့် နင့်ကိုမခေါ်တ ငါက နင့်ကိုခေါ်ခဲ့ပါလို့ ပြောပြီးပြီ၊ မခေါ်ခဲ့ဘူးတဲ့၊ ပရဝုဏ်က အတင်းအဖျင်းတွေကြားထဲ နင့်ကိုဆွဲမ တော့ဘူးတဲ့၊ ပြောစရာဖြစ်တယ်တဲ့"

"အဲလိုကြောင့်မှန်း သိရင် ပယင်း ဒီညမလာပါဘူး မ ရယ်"

"ဟိုတစ်နေ့ကတော့ သူဌေးက နင်လာပါစေလို့ မမလွင် ပြောတယ်၊ ဒါပေမဲ့ နင်ရော သူဌေးရော ဒီပျော်ပွဲရှင်ပွဲ မှာ အတူတူရှိနေတင် တစ်စိတ်ကို တစ်အိတ်လုပ်ပြော လူတွေပါ၊ စပ်ထဲမှာ စာတ်လမ်းပမာတွေ အများကြီးထွ လာလိမ့်ဦးမယ်တဲ့၊ ဒါကြောင့် ဒီနေ့ ဒီကို သူဌေး ဘူး ပယင်း"

"ဟင် ... ဦး မလာဘူး ဟုတ်လား"

"အေး ... မလာဘူး၊ ဒီက မန်နေဂျာ ဦးတင့်ဆွေအောင် ကုမ္ပဏီက အထွေထွေမန်နေဂျာ ဦးကျော်နိုင်တို့ပဲ လိမ့်မယ်"





မြပယင်း အတော်ဝမ်းနည်းသွားမိပါသည်။ သူလာ တဲ့အတွက် ဦးမလာရတော့ဘူးတဲ့။ ဒီလိုမှန်း သိမလာပါ။ ထိုစိတ် မကောင်းမှုဟာ ရင်ကို တော်တော်နင့်စေပါသည်။ နာကျင်စေပါ သည်။

ဦးအပေါ် ဘာရယ်လို့ ပြောမပြတတ်တဲ့ ခံစားချက် တစ်မျိုးကလေးကို အဲဒီညက စထားခဲ့မိတာ ထင်ပါသည်။

မြပယင်းရဲ့ ရင်ထဲက တစ်စုံတစ်ခုကို ကြိုးကလေး တစ်ချောင်းက ခပ်တင်းတင်း ရစ်ပတ်ချည်နှောင်လိုက်ပြီ။ အဲဒီ ညက မြပယင်း မပျော်တော့ပါ။ အပြန်ကျတော့ မြပယင်း၊ မလှလှနှင့် အန်တီလွင်တို့ ဦးတင့်ဆွေအောင်ရဲ့ကားကြုံနှင့် လိုက် ပါပြီး ပြန်ခဲ့ကြပါသည်။ ကားနောက်ခန်းမှာ တိတ်ပြီးပါလာကာ စက်ရုံဝင်းက ထွက်ခဲ့တော့ အဲဒီစက်ရုံဝင်းကို နောက်ဘက် လည်ပြန်လှည့် ကြည့်ရတာကိုက အတော်လွမ်းဆွေး ဝမ်းနည်းဖို့ ကောင်းခဲ့သည်။

"မြပယင်း စာတွေ တော်တော်ရပလား"

ဦးတင့်ဆွေအောင်ကပင် မြပယင်းကို အရေးလုပ် မေးနေ၍ "ဟုတ်ကဲ့"ဟု မပွင့်တပွင့် ဖြေရသည်။ အဲဒီညက ဦးစစ်အေးထံ ဖုန်းဆက်ရင် ကောင်းမလားဟု အကြိမ်ကြိမ် စဉ်း စားပါသည်။ "ကျွန်မ မသိလို့ လာချင်တယ် ပြောမိတာပါဦး" လို့ တောင်းပန်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ အရင်ကတည်းက သိကျွမ်းရင်းနှီးတဲ့ အမေ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ အကြည့်တွေ၊ ပြောစကားတွေဟာ ဟိုးအရင်ကနဲ့ မတူတာကိုလည်း ကောင်းကောင်း သတိပြုမိခဲ့ပါသည်။ ရှိန်နေသလိုလို။ "ဟဲ့ ... နင်၊ ငါ"နဲ့ အားပါးတရ သုံးနှုန်းရမယ့်အစား "ပယင်း" "မြပယင်း" အန်တီက, အစ်မက, စသဖြင့် စိမ်းတိမ်းတိမ်းဆန်တဲ့ ယဉ်ကျေးမှုတစ်မျိုး ပျော်ဝင်နေတာလိုလို။

တချို့ကတော့ မနှစ်မြို့သလို သဘောမကျသလိုနှုတ်မဆက်ဘဲ နေကြတာ။ ဘယ်လိုလုပ် ပျော်နိုင်ပါ့မလဲ။ မသိလို့ပါ။ လုံးဝမသိခဲ့လို့သာ။ ချိတုံချတုံ ဖုန်းဆက်ချင်မိသော်လည်း ဦးစစ်အေးထံ ဖုန်းမဆက်မိခဲ့ပါ။ ဒါပေမဲ့ အကြောင်းရင်းရှာမရတဲ့ ဝမ်းနည်းဆွတ်ပျံ့မှုတစ်ခုနှင့် အိပ်ရာထဲမှာ မြပယင်း ငိုမိပါသည်။

နောက်တစ်နေ့ကျတော့ ပိုဆိုးသည်။

အရင်က သတင်းစာ မယူသော်လည်း ခုနောက်ပိုင်း အန်တီလွင်က မြပယင်းတို့အခန်းအတွက် သတင်းစာတစ်စောင် သီးသန့်မှာပေးထားသည်။ စာမေးပွဲနီးကပ်ပြီမို့ သတင်းစာမှာ သင်ခန်းစာရှင်းလင်းချက်တွေ ပါလာတတ်ပြီမို့ မြပယင်း ဖတ်ရှုလေ့လာရအောင်ပါ။

ကိုးနာရီ ကျူရှင်ကိုမထွက်မီ ထမင်းစားပွဲမှာထမင်းစားရင်း သတင်းစာဖွင့်ပြီး ဟိုလှန်ဒီလှန် ဖတ်နေတဲ့ မြပယင်းသည် နောက်နားစာမျက်နှာက ကွာရှင်းပြတ်စဲပြီးစီးခြင်းသတင်းကိုမြင်လျှင် ကြက်သေ,သေသွားမိပါသည်။





ကျွန်တော် ဦးစစ်အေး ၁၂/စကန(နိုင်)---

နှင့်

ကျွန်မ ဒေါ်ဝင်နီအုံမောင် ၁၂/ကမရ(နိုင်)---

ဦးစစ်အေးနှင့် ဒေါ်ဝင်နီအုံမောင်။ မမှားနိုင်ပါ။ နှစ်သစ်တစ်ခု ကူးပြောင်းခြင်းရဲ့ ပထမဦးဆုံးနေ့၊ ဇန်နဝါရီလ (၁)ရက်နေ့မှာ ကွာရှင်းပြတ်စဲလိုက်ကြပြီ ဖြစ်လေသည်။ မြပယင်း ထမင်းဆက်မစားနိုင်ခဲ့။

"ဟဲ့ ... ပယင်း၊ ထမင်းကုန်အောင်စားလေ"

"ရင်ပြည့်နေတယ် မလှလှ"

ပယင်း အိမ်ကနေ စိတ်ဆင်းရဲစွာ ထွက်လာသည်။ တကယ်ကွဲသွားကြတာကိုး။ မြပယင်း ဦးရဲ့အထောက်အပံ့ကို ခံယူမိတာဟာ သူတို့လင်မယား ကွဲကြဖို့အထိတောင် ဖြစ်စေတာလား။ ဝမ်းနည်းစိတ်က ရင်ထဲလှိုက်လှဲနေသည်။ တကယ်လို့များ ဟိုးတစ်ခါ ဒေါ်ဝင်နီ အိမ်မှာ လာကြမ်းသွားတုန်းက ကျွန်စစ်သားကို ထွက်သွားပြီးတဲ့နောက် အန်တီလွင်တို့ ဦးတို့ ပြန်ခေါ်တာကြောင့် ဒီအိမ်ပြန်ပါလာတာမျိုး မလုပ်ခဲ့ဘူးဆိုရင်။

ဒီအိမ်ပေါ် လုံးဝပြန်တက်မလာခဲ့ဘူးဆိုရင် ဦးနဲ့ ဒေါ်ဝင်နီ ကွဲပါ့မလား။ ဘာတွေဖြစ်ကုန်ပြီလဲ။ ငိုင်တိငိုင်တိုင်နဲ့ လျှောက်လာရင်း တိုလီမိုလီရောင်းတဲ့ စတိုးဆိုင်သေးသေးလေး တစ်ခုရှေ့က ဖြတ်ကျော်လျှောက်လာမိသည်။ သုံးလေးလှမ်းကျော်ပြီးမှ ဆော်လ်ပင်ဝယ်ချင်၍ ဆိုင်ဘက်ပြန်လှည့်ကွေ့အလာ ...။



www.burmeseclassic.com

www.burmeseclassic.com



မြပယင်း ဆက်ထွက်သွားပြီအမှတ်နှင့် ဆိုင်ရှေ့အပေါက်ဝကောင်တာ မုန့်ပုံးနားက ဆိုင်ရှင်မိန်းမကို နောက်ထပ်မိန်းမတစ်ယောက်က ပြောနေတဲ့စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရပါသည်။

"အဲဒီဟာမလေး တွေ့လား၊ အဖြူအစိမ်းဝတ်တုန်း အရွယ်လေး ရှိသေးတယ်၊ နောက်ကွယ်က စပွန်ဆာသူဌေးကြီးနဲ့တဲ့"

"ဟဲ့ ... လွန်လှချည်လား"

"ခုခေတ် မိန်းကလေးတွေ မလွယ်ဘူး၊ စိန်ဂေဟာအပေါ်ထပ်မှာလေ၊ သူဌေးက အခန်းငှားထားပေးတာ (......) ကုမ္ပဏီသူဌေး ဦးစစ်အေးတဲ့"

"ဟုတ်ကော ဟုတ်ရဲ့လားဟယ်"

"သြော် ... သူ့အိမ်ဖော်မိန်းမကြီး ပြောပြတာ၊ သူက တစ်ယောက်တည်း အဲဒီအိမ်ဖော်မိန်းမကြီးနဲ့နေတာ၊ အိမ်မှာ တခြား ဘယ်သူမှ မရှိဘူး"

"ဟော့ရှော့ပါလားဟျော၊ အိမ်ဖော်မကြီးကလည်း ပါးစပ်ဖွာဖွာနဲ့ လျှောက်ပြောနေတာပဲလား၊ ဟုတ်လား"

"တစ်ရေးလုံးကို ပြောထားတာ၊ အားလုံးသိတယ်၊ အဲလိုပြောလွန်းလို့ပဲ နေမှာပေါ့ ခုတောင် အလုပ်ပြုတ်သွားပုံပဲ၊ မတွေ့တော့ဘူး၊ သူ့သူဌေးက အသက်လေးဆယ်ကျော်ရုံလေးတဲ့၊ သူနဲ့တော့ အသက်ကွာတာပေါ့"





"သူဌေးတွေကလည်းအေ နုပေ့ နယ်ပေ့ ဆိုတာကိုပဲ ရွေးကြတော့မှာပေါ့၊ ငွေရှိတာကိုး"

မြပယင်းသည် ကြောင်တောင်ကလေး ရပ်ငေးကာ ပြောနေကြတဲ့စကားတွေကို မယုံကြည်နိုင်အောင် ဆုံးရှုံးကြေကွဲခြင်းနှင့် နားထောင်နေမိပါသည်။ နှစ်ယောက်လုံး အာလူးကြော်ထုပ်မုန့်ထုပ်တွေ ချိတ်ဆွဲထားတာတွေနှင့်ကွယ်ကာ သူ့ကိုမမြင်။ သတင်းတွေက ဘယ်လိုဖြစ်ကြတာပါလိမ့်။ ဘာဖြစ်လို့များ လူတွေဟာ လူတစ်ယောက်ပါးစပ်ကပြောတဲ့ သတင်းတစ်ခုကို အဆင်ခြင်မဲ့ ယုံကြည်လွယ်ကြတာပါလိမ့်။

"ဟဲ့ ... ဖဲ့ ... ဟိုမှာ ကြားသွားပြီ"

တစ်ယောက်ကမြင်ကာ လိမ်ဖယ်ဖယ်နှင့် မျက်နှာလွှဲသွားလျှင် ပြောနေသူက ဖျတ်ခနဲ လှည့်ကြည့်ပြီး ဂရုမစိုက်ပါဘူးဆိုသည့် ဟန်ကိုယ်ဖို့နှင့် ...

"ကြား ... ကြားပေါ့၊ ဂရုစိုက်မနေနဲ့၊ အရွယ်နဲ့မမျှဖြစ်နေတာ...၊ နို့မို့ လူမသိဘူးထင်ပြီး ကဲသထက် ကဲနေဦးမယ်"

မြပယင်းက တလှပ်လှပ် တုန်ယင်သောရင်နှင့် လှည့်ထွက်ခဲ့ပါသည်။ ခေါင်းတွေလည်း မူးနောက်လာကာ ခြေလှမ်းတွေပါ ကတုန်ကယင် ယိုင်နဲ့လာသည်။ ကျူရှင်မရောက်ခင် လမ်းခုလတ်က တယ်လီဖုန်းရှိတဲ့ ဆိုင်လေးတစ်ခုကိုဝင်၍ အိမ်သို့ ဖုန်းဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလှလှ ... ပယင်းလေ '......'ဆိုင်နားမှာ သိလား၊ မူးလို့ ချွေးတွေထွက်ပြီး လမ်းဆက်မလျှောက်နိုင်ဘူး၊ ပယင်းကို လာခေါ်ပါနော် မလှလှ"

အလန့်တကြားနှင့် မလှလှ ရောက်လာတဲ့အခါ ပယင်းဟာ ယိုင်ပြိုင်နေပြီဖြစ်၍ ဆိုင်ရှင်မိန်းမက ကူညီဖေးမကာ ယပ်ခတ်ပေးနေရသည်။

"ဆေးခန်းသွားလိုက် ညီမ၊ ကဲ ... လာ ... လာ"

လှလှ တစ်ယောက်တည်း မနိုင်နင်း၍ ထိုမိန်းမပါ တွဲကာ မလှမ်းမကမ်းလေးက ဆေးခန်းကို ပယင်းကို တွဲပို့ကြသည်။ ညညကျ တစ်နာရီခွဲ၊ နှစ်နာရီမှအိပ်၊ မနက်ကျပုံမှန်ခြောက်နာရီမထိုးခင် နိုးထနေကျဖြစ်ရာ အိပ်ချိန်တော့ နည်းပါသည်။ ဒီလိုရက်တွေ ကြာလာတာရယ်၊ စိတ်ကိုဖိစီးမှုပေးသည့် အကြောင်းကိစ္စလေးတွေ ရှိလာတာရယ်၊ ပယင်းရဲ့သွေးပေါင်ချိန်က တအားကျနေသည်။

အကြောဆေးထိုး သောက်ဆေးတွေပေးကာ ခဏနားနေပြီးမှ ပယင်း အိမ်ပဲပြန်ပါလာပါသည်။ ကျူရှင်မတက်နိုင်တော့ပါ။ အိပ်ရာထဲမှာ တရှိုက်ရှိုက် ငိုနေတဲ့ ပယင်းကို မလှလှက အကြောင်းရင်း ချော့မေးလည်း ပြောမထွက်နိုင်။ ဆက်စပ်ပြီး စဉ်းစားနားလည်လာသည်မှာ အိမ်ချင်းမဆေးလှတဲ့ ပယင်းရဲ့သူငယ်ချင်း သိင်္ဂီတို့ စုလှဲ့ဝင်းတို့ဟာ ခုနောက်ပိုင်းမှာ မြပယင်းကို နှစ်မျိုးခွဲခြား ဆက်ဆံလာကြတာကိုပါ သတိပြုမိလာသည်။





ကျောင်းမှာ ကျူရှင်မှာဆိုရင်တော့ ဟက်ဟက်ပက်ပက် ဆက်ဆံဆဲဖြစ်ပြီး သူတို့အိမ် ပယင်း မတော်တဆပါသွားလျှင် အိမ်ခေါ်ဖို့ ဝန်လေးတဲ့ပုံတွေပြကြကာ ဒုံးဝေးနေတဲ့ ပယင်းက မသိလိုက် မသိဘာသာ ပါသွားလျှင် သူတို့လည်း မျက်နှာပျက်၊ သူတို့အမေတွေလည်း မျက်နှာပျက်ပြီး အမေတွေကတော့ ဟက်ဟက်ပက်ပက်ကို မရှိတော့တာ။

ခုမှ စဉ်းစားရင်း သတိထားမိတော့ ပယင်းသာ ပြန်သွားရင် သူငယ်ချင်းတွေဟာ သူတို့အမေတွေရဲ့ အကြိမ်းအမောင်းကို ခံရမယ့် အချိုးအချိတ်ပင်။

"နင့်ကို သူနဲ့မပေါင်းနဲ့တော့လို့ ပြောထားတယ် မဟုတ်လား၊ ခုထိ တွဲတုန်း ပေါင်းတုန်းလား ... ဟင်"

ကြိမ်းမောင်းနေမယ့် စကားသံကိုပါ ကြားယောင်လာသလိုပင်။ တွေးလိုက်တိုင်း ငိုချင်စရာပဲ ကောင်းနေကာ မြပယင်း နာလန်မထူပါ။ ကျောင်းကြီးကတော့ ခွင့်ယူလို့ရထားပြီ။ ကျူရှင်ကတော့ တက်ရဆဲ ဖြစ်ပါလျက် ကျူရှင်မသွားဖြစ်။ မသွားနိုင်။

လူက ဝေါင်းစင်းစင်း မျက်ကွင်းတွေညိုလာကာ စာထဲစိတ်မပါ။ ရှေ့ကိုကျက်မရ။ နောက်ကဟာတွေမေ့။ တစ်ပတ်တစ်ခါ စစ်မေးနေတဲ့ အိမ်က Guide ဆရာမရဲ့ အဖြေလွှာတွေမှာ ရမှတ်တွေကျ။ အန်တီလွင်ရော ဆရာမပါ ပယင်းကို အံ့အားသင့်စိတ်တိုကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဖြစ်နေလဲ မယင်း၊ လှုပုံကလည်း ယိုင်ယဲ့ယဲ့နဲ့၊ ငေးတိငေးငိုင်နဲ့၊ မဟုတ်မှန်းသိပေလို့ပဲ ပယင်းရယ်၊ ပြောရရင် နင့်ပုံက ဘိန်းစားထား ဆေးချထားတဲ့ပုံ ဖြစ်နေတယ်"

"စာမေးပွဲ ဒီလောက်တောင် ကပ်လာမှ အမှတ်တွေက ဒီလောက်ဖြစ်ပျက်ကုန်စရာလား ... ဟင်၊ ငါ Guide လုပ်သမျှထဲမှာ နင့်ကိုတော့ ဂုဏ်ထူးအများဆုံး မှန်းထားတာဟဲ့ ပယင်းရဲ့၊ ငါ ဂုဏ်ယူရပြီထင်တာ၊ သူက ဖောက်လာတယ်၊ ငါ စိတ်မာတ်တောင်ကျတယ် ယမင်းရယ်"

မြပယင်းရဲ့အခြေအနေ အဖြစ်အပျက် သတင်းက ဦးစစ်အေး နားအထိ ပေါက်သွားပါသည်။ မပေါက်လို့လည်းမရ။ ရမှတ်တွေ ကျကျလာတာက ဒေါ်လွင်လွင် မျက်နှာငယ်ရလောက်စရာ ဖြစ်နေသည်။

"ကောင်မလေး ဘယ်လိုဖြစ်လို့လဲ ဒေါ်လွင်၊ ရည်းစားတွေဘာတွေများ ရှိလာလို့များလား"

"မရှိပါဘူး သူဌေး၊ အသွားအလာ အဝင်အထွက်တွေ ဖုန်းတွေ အားလုံးကို သိနေတာပဲ၊ စိတ်ကစားတာ စိတ်လေတာ မရှိပါဘူး"

"ဒါဖြင့် ခုချိန်ကျမှ ဘာများဖြစ်ပါလိမ့်၊ အားနည်းပြီး ပရက်ရှာတွေကျတာရော ဆရာဝန် သေချာပြရဲ့လား"

"ပြပါတယ်"





"ဒေါ်လွင် ဘယ်လိုယူဆလဲ"

"ကျွန်မတော့ သူ တစ်ခုခုနဲ့ ပတ်သက်ပြီး ဒီပရက်ရှင်ရတာမျိုး ထင်တာပဲ သူဌေး"

"ဘာလည်း ရနေခဲ့ရက်နဲ့ သူ ဘာကို ဒီပရက်ရှင်ရတာလဲ"

"သူ့သူငယ်ချင်းတို့ ပတ်ဝန်းကျင်တို့နဲ့ ပတ်သက်ပြီးတော့ပါ"

ဒေါ်လွင်လွင်က လှလှထံမှ သိထားရသမျှတွေကို အေးကို ပြောပြလိုက်ပါသည်။ နည်းနည်းချင်းကနေ စုစုလာ လှလှပါ သိရတဲ့အနေအထား ဖြစ်လာတာတွေ။ မြပယင်း တိုင် လှလှကို ဝမ်းမှန်းတနည်း ရင်ဖွင့်တာတွေ။

"ကျွန်မလည်း အစပထမပိုင်းတုန်းက သူ့ကို နင် ဘာဖြစ်နေလဲဆိုပြီး ကိုင်တောင်ဆောင့်ချင်တာ၊ ကျွန်မကိုတော့ ရှိန်တော့ သိပ်မပြောဘူးလေ၊ နောက်မှ လှလှဆီက သိရတာပါ၊ ဒေါ်တူးမာက အဲဒီမှာ နေကတည်းကလည်း အနီးတစ်ဝိုက် အားလုံးနဲ့ လည့်ပတ် အတင်းချနေတာ၊ နောက်ပိုင်းလည်း ခုထိ တစ်ခါတစ်ခါ လှည်းတန်းဖက် ရောက်တယ်ဆိုတာ ကျွန်မ ပြန်ကြားရတယ်၊ လှည်းတန်း ရောက်ရင် သိပေါင်း ကျွမ်းပေါင်း မျက်နှာသိတွေဆီ ဝင်ပြီး ကောလာဟလတွေ ထုတ်လွှင့်နေတာပဲ၊ ရောက်ရာ အရပ်မှာ ပြောဆိုနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်တော်လည်း ရိပ်မိပါတယ်၊ နောက်ကွယ်
နေ မဝင်နီ မြှောက်ပေးထားတာတွေတောင် ပါတယ်
ဒေါ်လွင် ... ဒေါ်တူးမာကို အလုပ်ဖြုတ်လိုက်ပါ၊ ပြီးတော့
သူ့သမီးနဲ့သမက် ရှိတာကိုလည်း ခေါ်သတိပေး၊ ဒေါ်တူး
မဟုတ်တရုတ်တွေ လျှောက်ပြီး ဆက်ပြောနေဦးမယ်ဆိုရင်
ဒေါ်တူးမာကိုလည်း အသရေဖျက်မှုနဲ့ တရားစွဲမယ်၊ သူ့
လင်မယားကိုပါ အလုပ်ဖြုတ်မယ်လို့"

"ဟုတ်ကဲ့ သူဌေး"

ဦးစစ်အေးသည် အဝတ်တန် စဉ်းစားဆင်ခြင်သုံးသ
ပြီးတဲ့နောက် မြပယင်းရှိရာအိမ်ကို ရောက်လာခဲ့ရပါသည်။ ဆင်
ခြင်ပြီးနေတော့လည်း သွားပုပ်လေလွင့်ပြောတဲ့ သူတွေကတော့
တိတ်သွားတာမှ မဟုတ်ဘဲ။ မသင့်တော်ပါဘူးလေလို့ ချုပ်ထိန်း
ဆင်ခြင်ခဲ့သမျှအတွက်လည်း ဘာအကျိုးမှ မခံစားခဲ့ရပဲ။

ခုချိန်မှာ သူဟာ လူလွတ်တစ်ယောက်လည်း ဖြစ်
ပြီ။ နေလက်စ ဟိန်းနေတဲ့ တိုက်ကြီး ခြံကြီးဆီကတောင် ဆင်း
ပေးခဲ့ရပြီးပြီပဲ။ သူတစ်ပါး အတင်းပြောမှာစိုးပြီး ကိုယ်တွေမှာတော့
ရှောင်ရှားရ ဆင်ခြင်ရ။ ကောင်မလေး လာမယ့်လမ်းကိုတောင်
ကိုယ်မလာရော့ဘဲ ရှောင်ခဲ့ရ။ ရိုးရိုးသားသား မျက်နှာတစ်ချက်
ပြဖို့ အားပေးဖို့တောင် အောင့်အည်းမျိုသိပ်ခဲ့ရ။ ဒါတွေအတွက်
အကျိုးရလဒ် ဘယ်မှာလဲ။





အဲဒီနေ့ကတော့ သူ့ရှေ့ ကျုံ့ကျုံ့လေးထိုင်ပြီး
ရက်ရည်တုတ်တုတ်ကျနေတဲ့ ကလေးမလေးကို ကြည့်ပြီး ရင်ထဲ
အတော်နာကျင်လာသည်မှာ ကိုယ့်ကိုယ်ကိုယ်တောင် မုန်းတီးမိတဲ့
ထိပင်။ မြင်လိုက်တိုင်း ချစ်စရာ သနားစရာ ကောင်းလွန်းလှလို့
ရှောင်ကာ ဖယ်ကာ နေခဲ့မိတာကကော ကိုယ် တရားမျှတပါရဲ့
လား။

❖ ◇ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၃ ၀ ၄

ဦးစစ်အေးရဲ့စားပွဲကို မျက်နှာသုတ်ပဝါစလိုမျိုး
ကိုင်ပဝါ အဝတ်ဟောင်းနုနုနှင့် ဖိကာ ပွတ်ကာသုတ်၊ ပြောင်
မလက် အနားကပ်ကြည့်၊ အဝေးခွာကြည့်။ ကုလားထိုင်တွေ
တွေလည်းသုတ်။ ချည်သည်နှင့် စကားပြောလျှင်ထိုင်တဲ့
ကြီးတွေကိုတော့ လည်သာတိုက်တဲ့ Waxy အရည်နှင့်
နှင့် ပြောင်လက်မွေးပျံ့နေအောင် ပွတ်တိုက်။

တစ်ခန်းလုံး အမှိုက်တစ်စ ဖုန်တစ်စမရှိ ရှင်း
ပြောင်လက်နေအောင်လုပ်။ ရုံးခန်းထဲ နှာခေါင်းရှုံ့မှ
အနံ့ခံကာ ရှေ့ကဖျန်းထားတဲ့ လေသန့်ဆေးရနံ့ ကုန်မကုန်
ကြည့်။ အနံ့မရှိတော့ရင် နည်းနည်းထပ်ဖျန်း။ ခဏလား
ကြာလား ဘယ်တော့ရောက်လာမယ် မသိတဲ့ ဦးစစ်အေး
ရောက်ချင်း အေးမြနေအောင် အဲကွန်းကို ပြေးဖွင့်လိုက်။ မရော
သေးဘဲ အေးနေတာ ကြာလာရင် အဲကွန်းကို ပြေးပိတ်လိုက်





အအေးဓာတ်ကုန်ပြန်ရင် တစ်ခါ ပြန်ဖွင့်ပြီး အေး
ထားလိုက်။ စက်ရုံဝင်းဝကို လှမ်းမြင်ရတဲ့ တီဗီမော်နီတာကို
ပြေးကြည့်ကာ ဦးစစ်အေး လာတော့မလား လာတော့မလား
ကြည့်လိုက်။ ဒါနဲ့ပဲ မြပယင်း ပျာယာခတ်နေတတ်ပါသည်။

"ပယင်း ... နင်တော့လေ၊ ငါ တကယ်မျက်စိနောက်တယ်၊
အပြေးအလွှား ခုန်ဆွခုန်ဆွနဲ့၊ နင့်ကို သူဌေးအခန်း တာဝန်
ပေးမှပဲ လေသန့်ဆေးဘူးလည်း ကုန်သလားမမေးနဲ့။
တစ်ပတ်နေ ကုန်ပြန်ပြီ၊ တစ်ပတ်နေ ကုန်ပြန်ပြီ၊ အလကား
နေ လူလည်းမရှိဘဲ ဖျန်းနေရတာ"

"ဟီး"

မြပယင်းက အန်တီလွင် ဆူလျှင် လက်နောက်ပစ်
၍ ရယ်ကျဲကျဲ လုပ်ရသည်။

"အဲကွန်းကလည်း လာမယ်မသိ မလာမယ်မသိ ကြိုကြို
ဖွင့်ရတာတစ်မျိုး၊ ပိတ်လိုက် ဖွင့်လိုက်နဲ့ ဒုက္ခပဲ"

"ဟီး"

"ပြောလိုက်ရင် တဟီးဟီးနဲ့၊ သူဌေးလည်း ခက်ပါတယ်၊
နင့်များ ဒီစက်ရုံမှာ အလုပ်ပေးထားရသေးတယ် ... ကျွတ်"

"ပယင်းက ပူဆာတာ မဟုတ်ပါဘူး အန်တီလွင်ရယ်၊
ဦးကလေ အလကားပျင်းနေမှာ စိတ်လေမှာစိုးလို့ တစ်ခုခု
လုပ်ရမယ်၊ သင်တန်းတက်ချင်လားဆိုတော့ ပယင်းကို
မတက်ချင်တာ၊ ဒါတောင် English တစ်ခုတော့စိနေ



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ တက်ရသေးတာ၊ ဘာလုပ်ချင်လဲဆိုလို့သာ
ပယင်းက ဦးစက်ရုံမှာ လုပ်ချင်တာလို့”

ဒေါ်လွှင်လွှင်သည် မလိမ်မိုး မလိမ္မာအံ့ရွယ်လေးဆေ
မယ့် လိမ္မာတဲ့ဘက်ပိုသော မြပယင်းကို သံယောဇဉ်လေးနှင့် ချစ်
ပါသည်။ သူလေးပြောသမျှ သက်ပြင်းတစ်ရှိုက် ခေါင်းတညိတ်
ညိတ်နှင့်သာ တုံ့ပြန်ရတော့သည်။ ကိုယ်က လူကြီးလေ။ ပြီးတော့
မြင်တတ်တဲ့ မိန်းမ။

ဆယ်တန်းစာမေးပွဲ ဖြေခါနီးကတည်းက ကြိုတော့
မြင်သား။ ဦးစစ်အေးရဲ့အရေးတကြီး ဂရုစိုက်မှုတွေ၊ စိုးရိမ်ပူပန်မှု
တွေ။ ပယင်းရဲ့ အားကိုးတကြီးရှိမှုတွေ။ မဖြေခင်ည ဦးစစ်အေး
ထံမှ ဖုန်းလာလျှင် ဝင်းတက်သွားတဲ့ မျက်နှာလေး။

“ဒေါ်လွှင် ... ကားတစ်စင်း မနက်တိုင်း လွှတ်မယ်
ဒေါ်လွှင်နဲ့ လှလှ ... မြပယင်းနဲ့ အတူထွက်ပြီး သူစာမေး
ပွဲဖြေမယ့်ကျောင်းရှေ့ချ၊ လှလှကို ထိုင်စောင့်ခိုင်းပြီး အဲဒီ
ကားနဲ့ ဒေါ်လွှင် စက်ရုံလာ၊ စာမေးပွဲချိန်ပြီးခါနီး ဒေါ်လွှင်
လိုက်သွားပြီး ကလေးကိုကြို၊ အိမ်ပြန်ချပြီးမှ အဲဒီကားနဲ့
စက်ရုံပြန်လာ”

ကြည့်ပါ။ သူဌေးရဲ့စီစဉ်မှု။

ဒေါ်လွှင်လွှင်ကလည်း ရာထူးကသာ လက်ထောက်
မန်နေဂျာ။ သူဌေးရဲ့ငယ်အတန်းဖော်လည်း ဖြစ်တာမို့ စောဒက
တက်ဖို့ နှုတ်မနေးတတ်ပါ။



“ကျွန်မ လိုလို့လား သူဌေး”
“ဟာ ... လိုတယ်လေ၊ တစ်ခုခုဆို ဒေါ်လွှင်က စိမ်ခန့်နဲ့
တတ်တာ”
“တစ်ခုခုလည်း ဖြစ်စရာတော့ အကြောင်း ...”
“ဥပမာ ... တစ်ခုခု မေ့ကျန်တယ်ဗျာ၊ ကတ်ပြား ဘာညာ”
“အော် ... ဟုတ်ကဲ့”
“ဒေါ်လွှင်က ဘာလုပ်သင့်တယ် စီစဉ်တတ်တယ်လေဗျာ”
“ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ လှလှကကော”
“လှလှက ဘာစီစဉ်တတ်မှာလဲ”
“မဟုတ်ဘူးလေ သူဌေး၊ ထိုင်စောင့်ဖို့ လိုရဲ့လားလို့၊
အိမ်အလုပ် ပျက်လို့ပါ”
“ထိုင်စောင့်ဖို့ လိုတာပေါ့၊ မတော် နေမကောင်းတာမျိုး၊
ဟိုဗျာ ... မပြောစကောင်းပေါ့ မဖြေနိုင်ရင် မူးမော်သွား
တာမျိုး စသဖြင့်ပေါ့၊ ဘာဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးက
ဘယ်သူ ကြိုပြောနိုင်လို့လဲဗျ”
“ဟုတ်ကဲ့ ... မပြောနိုင်ပါဘူး”
“အိမ်အလုပ်က ဘာရှိတာမှတ်လို့၊ ကောင်မလေးက ဟိုး
တလောကပဲ ပရက်ရှာကျတာ မူးတာတွေ ဖြစ်ထားသေး
တာ”

အင်း ... အဲဒါတွေဖြစ်လိုက်လို့ပဲ သူဌေးနဲ့ အဲဒီ
ကောင်မလေးကြားက အပြန်အလှန် ကြင်နာမှုသက်ရောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



[illegible] မဟုတ်လား။ ဒေါ်လွှင်လွှင်အဖို့ သူဌေးဖြစ်သူ [illegible]အေးကို ဘာမှအထွန့်တက်စရာ အကြောင်းမရှိပါ။

တစ်ဘာသာဖြေပြီးတိုင်း ဖုန်းနှင့်စနည်းနာရသေးသည်။ ဒေါ်လွှင်လွှင် သွားကြိုနေမယ့် အချိန်လောက်၊ ဒေါ်လွှင်လွှင့် ဟဲန်းဖုန်းကို ဆက်လိုက်လျှင် အိမ်ပြန်မရောက်သေးပဲ ကားပေါ်မှာကွက်တိ။ မသိမသာ မသိမသာ တိုးပွားမြင့်တက်လာတဲ့ သံယောဇဉ်ဒီဂရီတွေကို ဦးစစ်အေး သူ့ကိုယ်သူ ကာယကံရှင်မို့ သိပါရဲ့လား။

စာမေးပွဲပြီးသွားတော့ "ကောင်မလေး စိတ်မလေအောင် စက်ရုံထဲ ခေါ်ထား"လို့ ဒေါ်လွှင့်ကို ဆိုပြန်သည်။ ကုမ္ပဏီရုံးကို မခေါ်တာပဲ တော်လှပြီ။ ကုမ္ပဏီရုံးခန်းက ဂျန်ရှင်အိတ်မှာပါ။ ဒေါ်ဝင်နီနှင့် ကွာရှင်းပြီး အိမ်ကြီးပေါ်က လွှင့်ဆင်းလာခဲ့ရတဲ့ ဦးစစ်အေးက ကုမ္ပဏီရုံးခန်းနံဘေးနားမှာပဲ အခန်းတစ်ခန်း ဝယ်လိုက်ကာ သူပါ ပြောင်းရွှေ့နေသည်။

ကုမ္ပဏီရုံးမှာက ဝန်ထမ်းနည်းနည်းကလေးနဲ့မို့ သူတို့နှစ်ယောက်ရဲ့ အပြုအမူ အဖြစ်အပျက်တို့ကို ဝန်ထမ်းတွေ ခဏတွင်းချင်း ရိပ်မိမှာ။ စက်ရုံမှာကျတော့ လူကအများကြီး။ အဲဒီအများကြီးက ကုန်ထုတ်ဘက်မှာမို့ ဒီဘက်ထိပ်နားက ရုံးခန်းနှင့် နည်းနည်းလေးတော့ သီးသန့်ဖြစ်သေးသည်။

ပင်ပန်းတဲ့ ထုတ်လုပ်ရေးဖက်ပိုင်းမှာလည်း မထားပါနဲ့ဆိုတော့ ဒီဆယ်တန်းကျောင်းသူကို ဘာရာထူးနဲ့ ရုံးဘက်





ထားရမယ်မသိဖဲ ဒေါ်လွှင်က နာမည်မတပ် ဘာမတပ် လက်ဆက်တောင်းသဘောပဲ ထားလိုက်ပါသည်။ အဓိကတော့ ဌေးဦးစစ်အေး ထိုင်မယ့် ရုံးခန်းကိုသာ အချိန်ပြည့် "သ"နေတာပါ။

တခြားအလုပ်တွေလည်း မြပယင်းကို တော်ရုံခေါ်နေကြပါ။ ဘာပဲဖြစ်ဖြစ်တော့ ဝန်ထမ်းတွေဟာ မြပယင်း ဘယ်လိုအနေအထားနှင့် ဆက်ဆံရမယ်ဆိုတာ (ဒေါ်လွှင် ယောက်ကလွဲ၍) ဘယ်သူမှ အပိုင်မသိ။ သို့သော ... သို့လော သတိထား ဆက်ဆံနေကြသူချည်းသာ။ အားလုံးဟာ ကောလာလတွေကို ကြားသိထားခဲ့ကြသူတွေချည်းပဲ ဖြစ်တာကိုး။

တော်သေးတာက သူဌေး ဦးစစ်အေးဟာ စက်ရုံကို နိုန်ခဏတဖြုတ်သာ ဝင်လာတတ်တာပင်။ သူ့အမြဲထိုင်တာမှာ၊ စက်ရုံကို တစ်နေ့တစ်ခေါက် တစ်နာရီလောက် လာတတ်မယ့် အကြောင်းကိစ္စရှိရင် နှစ်နာရီ သုံးနာရီလောက်လည်း တတ်ပြီး ဘာကိစ္စမှ ထူးထူးထွေထွေ မရှိတဲ့နေ့တော့ "လာမနေဘူး"လို့သာ ကိုတင့်ဆွေအောင်ထံ ဖုန်းဆက်လိုက်တတ်သည်။

မြပယင်းဟာ မိုးလင်း အလုပ်ထဲရောက်ကတည်း ဦးစစ်အေး အခန်းကို ရှင်းလိုက် သ,လိုက်တာ ရုံးဆင်းတဲ့ထိပင်။ ခုတော့လည်း ဤကလေးမသည်ပင် ပေါ့ပေါ့ပါးပါး မြူးကြွားကြွားနှင့် ဟိုအရင်လို ချောင်တိုးမှိုင်ကုပ် လုပ်နေပုံ မဟုတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလွင်"

"ဟဲ့ ... အော်လိုက်တာဟယ် ပယင်းရယ်"

"ဦး လာပြီ"

မြပယင်းက လာကြောင်း ပြေးသတင်းပို့ပြီးလျှင် ရုံးခန်းဘက်ဝင်တဲ့ ဘေးတံခါးပေါက်နား ပြန်ပြေးသွားပါသည်။ ဦးစစ်အေးကရှေ့က မောင်ကိုကနောက်က အိတ်တွေ ဖိုင်တွေသယ်လျက် ကားပေါ်က ဆင်းလာသည်။

ဦးစစ်အေးသည် ခပ်ဝေးဝေးကတည်းက တံခါးပေါက်ဝမှ ကြိုဆိုနေသော မြပယင်းကို လှမ်းပြုံးပြလိုက်ပါသည်။ သူ ပြုံးပြတာကို စောင့်ကြည့်နေပြီးမှ သူ ပြုံးလိုက်တာမြင်မှ ရဲရဲကြီး ပြန်ပြုံးလိုက်တဲ့ မြပယင်း ပုံစံလေးက ဦးစစ်အေးရဲ့ရင်ခွင်မှာ သက်ဝင်လှုပ်ရှားနေသည်။

ဘဝရဲ့ ချိုမြိန်တဲ့ အစိတ်အပိုင်း တစ်ခုပါပဲ။

"ပယင်း"

"ရှင် ... ဦး"

"ညည်းတော့ နက်ဖြန် ငိုရမလား ရယ်ရမလားပဲ"

"ဘာဖြစ်လို့လဲဟင် ဦး"

"နက်ဖြန်အောင်စာရင်းထွက်မှာ သေချာပြီ"

"ဟင် ... အစောကြီး"

"အေး ... ဟုတ်တယ်၊ ဦးသူငယ်ချင်း တက္ကသိုလ်ကပါမောက္ခကို လှမ်းမေးပြီးပြီ၊ သေချာတယ်၊ နက်ဖြန်တော့ထွက်ပြီ"





ပြုံးရွှင်မြူးထူးနေတဲ့ မျက်နှာကလေးက အပိုးကျိုးကျိုးနှင့် တည်တံ့သွားကာ မြပယင်း မျက်လုံးများထဲမှာ စိုးရိမ်ပူပန်ခြင်း အရိပ်အယောင်တွေ ယှက်သန်းလာသည်။ ရင်ဘတ်ကိုဒိကာ ဦးစစ်အေး ဘေးဘက် နောက်နားကျကျမှ ပါလာရင်း ရင်တွေ တဒိန်းဒိန်း ခုန်လာပါသည်။

"ဘာတုန်း ... ဘာကြောက်စရာရှိလဲ"

"ဟိုလေ ... ဦး ... သချာက ဆယ့်ငါးမှတ်ဖိုးတောင်မှားတာ"

"ဒီတော့ ဘာဖြစ်လဲ၊ ရှစ်ဆယ့်ငါး ကျန်တာပေါ့"

"ဟို ... အဲဒီထဲကမှ ထပ်ရှမ်းရင်လေ ... ဟို ... ရှစ်ဆယ်ရဲ့အောက်ထဲများ ကျသွားမလား မသိဘူး"

"ဒါတော့ ညည်း အသိဆုံးပေါ့ ပယင်းရဲ့"

"ဦး"

"အင်း"

"တကယ်လို့ ... ဟိုလေ ... ကျွန်မ ဆေးကျောင်းမဝင်ရင် ဘယ်လိုလုပ်ရမလဲဟင် ... ဦး"

"ဘယ်လိုလုပ်ရမှာလဲ၊ မင်းကို ဝင်အောင်လုပ်လို့ ဦးပြောပြီးသားပဲဟာ၊ ဆေးကျောင်းလေးမှ မဝင်ရင် ကျောင်းထားပေးရကျိုး ဘယ်နှပ်မှာလဲ၊ နောက်ဆယ်နှစ် ဦးက ငါးဆယ်ကျော်ပြီး ရောဂါဘယဝင်လာမယ့် အချိန်နဲ့ မင်း ဆရာဝန်ဖြစ်မယ့်အချိန် ကွက်တိမှန်းထားတာလေ။ အဲဒီကျ ကိုယ့်ရဲ့ကျန်းမာရေးကို ညည်းလက်ထဲပဲအပ်ထားမယ် စိတ်ကူးတာ"



www.burmeseclassic.com

www.burmeseclassic.com



မြပယင်း မျက်နှာလေးမှာ ပိုတောင်ငယ်သွားပါသည်။ အမှတ်မမိမှာကို ကြောက်လှပါသည်။ ဖွ ... ဖွ ... ခြေချော်လက်ချော်ကာ ဆေးများမဝင်ရင်တော့ ဒုက္ခပါပဲ။ ဖြေတာကတော့ အားသွန်ခွန်စိုက် ကြိုးစားပမ်းစား ဖြေထားတာပါပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီထက် ဘယ်လိုမှ ပိုမရနိုင်တော့ဘူး ထင်တာပါပဲ။ အစွမ်းရှိသမျှ အကုန်လို့ ဆိုနိုင်ပါသည်။

ဖြေတုန်းကတော့ အားရခဲ့ပါရဲ့။ မနှစ်ကကျပြီး ဒီနှစ်မှာ ဒီလောက်ထိအောင်တောင် ဖြေနိုင်မယ် မထင်ပါ။

"ဒေါ်လွင် ... ခင်ဗျား ချာတိတ်မရုပ်ကို ကြည့်ဦး"

"ဟင် ... ဘာဖြစ်လို့လဲ သူ့ဗွေး၊ သူ့ဗွေး ဆူလို့လား"

"ဟား၊ ဟား ... မဆူရပါလားဗျာ၊ နက်ဖြန် အောင်စာရင်းထွက်မယ်ဆိုလို့ပါ"

"ဟယ် ... ဟုတ်လား"

"သူ့ ဆေးကျောင်းမဝင်ရင် ဘယ်လိုလုပ်ရမလဲတဲ့၊ ဘယ်လိုလုပ်ရမလဲ ဒေါ်လွင်ပဲ ကြည့်ပြောလိုက်တော့"

စ,သလိုပြောပြီး ကြည့်ကောင်းလှတဲ့ အပြုံးသိပ်သိပ်သည်းသည်းတစ်ခု နှုတ်ခမ်းမှာ တပ်ဆင်လျက် ဦးစစ်အေးက အလုပ်စားပွဲမှာ ဝင်ထိုင်တဲ့အခါ မြပယင်းက မျက်နှာငယ်ကလေးနှင့်ပင် ဦးအတွက် အသင့်ဖျော်ကာ ရေခဲသေတ္တာထဲ ထည့်ပေးရတဲ့ ကီဝီသီးဖျော်ရည်လေးကို အပြေးအလွှား ဗန်းနှင့်ယူလာသည်။





ကော်ဇောခင်းရုံးခန်းရဲ့ အပြင်ဘက်မှာ ဦးရဲ့မန္တလေး
ားရေဖိနပ်ကို ချွတ်ရစ်ခဲ့ပြီမို့ အခန်းထဲဝင်တာနှင့် မွေးပွဖိနပ်ကို
ပေးရမှာ စိတ်လှုပ်ရှား စိုးရိမ်နေတာနှင့် မေ့သွားခဲ့သည်။ ခုမှပဲ
မန်းကတ္တန်း ပြေးယူကာ ဦးစစ်အေး ထိုင်နေတဲ့ ခြေထောက်
ရှေ့ ကျုံ့ကျုံ့လေး ချပေးလိုက်ပါသည်။

"ဒေါ်လွင်"

"ရှင်"

"လေးလုံး မှန်းထားတာဆိုတော့ လေးလုံးများ ရခဲ့ရင်တော့ နက်ဖြန်ညနေကို ဒီဘက်က ရုံးအဖွဲ့ကို တစ်ဆိုင်ဆိုင်မှာ လိုက်ကျွေးလိုက်မယ်ဗျာ ... နော်၊ ဟိုဘက်ရုံးခန်းကလူတွေကတော့ မြပယင်းနဲ့ မရင်းနှီးတော့ မခေါ်တော့ဘူးပေါ့၊ ဒီမှာ ဘယ်နှယောက်လဲ၊ ခုနစ်ယောက်လား၊ ရှစ်ယောက်လား၊ မနက် အောင်စာရင်းကြည့်ပြီးတာနဲ့ ဒေါ်လွင်ပဲ ဘွတ်ကင်လုပ် စီစဉ်လိုက်တော့ တစ်ဆိုင်ဆိုင်မှာ"

"ဦး ... ဟို ... လေးလုံးမရရင်ကောဟင်"

"မကျွေးဘူးပေါ့ ... ဒါပဲပေါ့"

ဦးစစ်အေးသည် ပျက်ပြီး ဆီးစေ့လောက် ငယ်နေတဲ့
ယင်း မျက်နှာလေးကို သဘောတွေ ကျနေပါသည်။ လှမ်းကာ
းကာ ကြည့်မဆုံး ဖြစ်နေသည်။ အဲဒီနေ့အဖို့ အသံတိတ်နေတဲ့
ယင်းကိုလည်း ရယ်ချင်စိတ်နှင့် သနားနေမိပါသည်။

ရုံးဆင်းခါနီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မနက် ဘယ်အချိန် သွားကြည့်မလဲ"

"ဟို ... ခြောက်နာရီလောက်"

"ကြည့်ပြီးတာနဲ့ ဖုန်းဆက်လိုက်နော်"

"ဟုတ်ကဲ့ ဦး"

မြပယင်း ထိုနေ့ညအဖို့ ရင်တမမနှင့် အိပ်မပျော်တော့ပါ။ ဈော်လင့်သလို မဖြစ်ခဲ့ရင် ဦးစစ်အေးကို ကျေးဇူးမဆပ်နိုင်ရာကျမှာ ကြောက်သည်။ အပြောဆို အစွပ်စွဲခံကာ ရှန်းကန်ရင်ဆိုင်ခဲ့ရတာ ဖြစ်၍လည်း ဦးစစ်အေး စိတ်ချမ်းသာ ကျေနပ်စေရမယ့် ရလဒ်အဖြေမျိုး ထွက်စေချင်ပါသည်။

မျက်စိလေးကြောင်ကြောင်နှင့်ရှိဆဲ ညတစ်နာရီကျော်ကျော်မှာ ဖုန်းမြည်လာ၍ တအံ့တသြထ,ကိုင်လိုက်ရပါသည်။

"မြပယင်းလား၊ မင်း အိပ်မပျော်သေးတာလား"

"ဟင် ... ဦး၊ ဟုတ်ကဲ့ ဦး၊ အိပ်မပျော်သေးတာပါ"

"အိပ်တော့၊ မနက်လည်း မထနဲ့၊ မင်းတို့ကျောင်းရှေ့မှာ အောင်စာရင်း ကပ်နေပြီ၊ ဦး အခုပဲ သွားကြည့်ပြီး ပြန်လာခဲ့တယ်"

"ဟင် ... ဦး"

မြပယင်း ရင်တွေ ဖြောင်းဆန်ခုန်ပေါက်ကုန်ပါသည်။

"သချာမပါဘူး"

"ဒါ ... ဒါဖြင့် သုံးလုံးလား လေးလုံးလားဟင် ဦး"





ဖစ်ဆစ်စ်၊ ကယ်မစ္စတြီကို လန့်သူဖြစ်၍ ဖစ်ဆစ်ကိုတော့ မပါနိုင်ဘူး တွက်ထားတာပါ။

"သချာကလွဲရင် အကုန်ပါတယ်၊ သမီး သိပ်တော်တယ် မြပယင်း"

"ဟင် ... ဦး၊ တကယ်နော်၊ ငါးလုံးပေါ့နော်"

"ဟုတ်တယ် ...၊ ငါးလုံး၊ မင်း တာဝန်ကျေတာထက်ပိုပါတယ်၊ ရှန်းကန်ရကျိုး နပ်တယ်၊ စိတ်ဆင်းရဲခဲ့ရတာတွေနဲ့ ထေနိုင်တယ်၊ ကဲ ... မင်း လိုချင်တာတစ်ခု စဉ်းစားရင်း အိပ်တော့၊ နားလိုက်တော့နော်"

"ဦး ..."



www.burmeseclassic.com

www.burmeseclassic.com



## ၉

ရက်တွေ လတွေ ကျော်ဖြတ်လာတာနှင့်အမျှ တ
ထက်တစ်စ တိုးတိုးလာတဲ့ သံယောဇဉ်ကြိုးကို လူကြီးဖြစ်
ဦးစစ်အေးက ဟန်ဆောင်ကောင်းကောင်းနှင့် ဖုံးကွယ်လို့ရသ
သလောက် ရခဲ့ပါသည်။ ဒါတောင် မရသင့်သလောက်ကတေ
မရပါ။ မြပယင်းကတော့ ဟန်ဆောင်ဖို့ ကြိုးစားလို့ မအောင်မြ
တဲ့အတူတူ တကူးတက ဟန်ဆောင်မနေတော့ဘဲ အလိုက်အထို
စီးမျောရောပါနေခဲ့ရာက ...။

"ဟဲ့ ... ပယင်း၊ နင့်အိမ်ကကား မရောက်သေးဘူး"

ပယင်းက ကားပါကင်နေရာကို မျှော်ကြည့်လိုက်
သည်။

"ငါစောင့်ပေးရမလား၊ ငါ့ကားတော့ ရောက်ပြီ"

"ရတယ် ... သစ္စာ၊ ဟိုမှာ ဦး လာကြိုနေတာ၊ ခါတိုင်းက
မဟုတ်ဘူး"





"ဟင် ... နင့် ဦးလား"

"အင်း"

"နင် အမြဲပြောပြောနေတဲ့ နင့်ဦးကို တစ်ခါမှ မမြင်ဖူးဘူး၊ ဘယ်ကားလဲ"

မြပယင်းက ဝင်းသိမ့်သိမ့်လေး ပြုံးရင်း ...

"ဟိုးက ပရာဒိုအမည်းပါ"

"ဟယ် ... ကားကလည်းရှယ်"

"နင့်အိမ်ကကား"ရယ်လို့ သူများတကာက သုံးစွဲပြောဆိုရအောင် မြပယင်းဘဝက တင့်တယ်နေပါသည်။ မြပယင်းကို ကျောင်းကြိုပို့ဖို့ ဆူပါဆလွန်း အိတ်တီစစ်မော်ဒယ် အသင့်အတင့်လေးကို ဒရိုင်ဘာနှင့်တကွ ဦးစစ်အေးက ပို့ထားသည်။ ဒရိုင်ဘာဟာ ညကျရင် ကားကို ဂျန်ရှင်အိတ်မှာ လာတိုးပြီးမှ ပြန်ရကာ မနက်စောစော ကားလာယူပြီး မြပယင်းတို့ စိန်ဂေဟာရှေ့ အသင့်ရပ်ရသည်။

ခုတော့ဖြင့် မြပယင်းသည် ခပ်ရက်ရက် ခပ်ကြောက်ကြောက် ခပ်ရိုန်ရိုန် အမူအရာတွေလည်းပျောက်ကာ ဦးစစ်အေးအပေါ် ရင်းရင်းနှီးနှီး ပိုင်ပိုင်နိုင်နိုင်။ "ဦး" ... "ဦး"နှင့် ချွဲနွဲ့တီတာမဆုံးချင်ပြီ။ ပြောတိုင်းရ ပူဆာတိုင်းရ လိုသမျှ မရမရှိစေရအောင် ဖူးဖူးမှုတ် အလိုလိုက်ထားခံရတဲ့ ဘဝကိုလည်း အံ့အားတသင့် ခုံမင်နှစ်ခြိုက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းက သူငယ်ချင်းအသစ်တို့က ဟိုးအရင်က သတင်းပုလင်း အတင်းအဖျင်းတို့ကို သိတာမဟုတ်။ ဦးစစ်အေးကို မြပယင်းကို မွေးစားထောက်ပံ့ထားသူရယ်လို့ သိကြပါသည်။ နောက်ကြောင်းတုန်းက မဟုတ်တရုတ်သတင်းလွှင့်ခဲ့ရတာတွေကို မသိကြတဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမို့ ကျောင်းတက်ရတာ မြပယင်း ပျော်သည်။

"သိပ်သဲသဲကွဲကွဲ မမြင်ရပေမယ့် နင့်ဦးက ချောတာပဲ"

"ချောတာပေါ့ဟ"

"နင်ပြောသလို တစ်ခုလပ်လည်း တစ်ခုလပ်ဆိုတော့ လပ်ချင်လပ်ပစေဟာ သူဌေးသဘောကောင်းဆိုရင် ငါ့အဒေါ် အပျိုကြီးနဲ့ စပ်ရအောင်"

"အောင်မာ ... စပ်စရာလား"

"ငါ့အဒေါ်က တက္ကသိုလ်က ဒေါက်တာ"

"အဲဒီတော့ ဘာဖြစ်လဲ၊ ဦးကို နောက်အိမ်ထောင်ပေးမပြုပါဘူး"

"အမယ့်၊ သူပိုင်တဲ့ အတိုင်းပဲ"

"ဟုတ်တယ် ... ပိုင်တယ်"

"အလိုလေးတော်"

သစ္စာက ရယ်ကာမောကာနှင့် မြပယင်းကို လက်ပြ ရင်း သူ့ကားဆီ ပြေးပြီမို့ မြပယင်းကလည်း ဦးရဲ့ကားရှိရာဆီ လျှောက်လာခဲ့ပါသည်။ လျှောက်လာရင်း အပြုံးနှုတ်ခမ်းကို ဆွဲ





မဇွေနိုင်။ ပထမနှစ် ကျောင်းတက်ကာလ ခြောက်လလောက် အတွင်း နှစ်ကြိမ်ပဲ လာကြိုဖူးသေးတဲ့ ဦးစစ်အေးဟာ အကြောင်းတစ်ခုခုကြောင့်လာကြိုတာဖြစ်ပေမယ့် ဘာကြောင့်လာလာ မြပယင်း ပျော်တာပင်။

ပထမတစ်ခါက မြပယင်းအတွက် ပေးထားသောကားနှင့် ဒရိုင်ဘာ ဦးထူး ကားတိုက်မှုဖြစ်လို့ ဖြစ်တဲ့နေရာဆီလာရင်း ဦးက မြပယင်းကိုပါ တစ်ဆက်တည်း လာကြိုပေးတာ။ ကျောင်းကြိုပြီးနောက် ဝိုင်ကော်ကေအိုကို ခေါ်သွားပြီး မြပယင်းကို ကြေးအိုးကျွေးပါသည်။

ဒုတိယတစ်ခါက မြပယင်းကို တမင်တကာ ဝင်ခေါ်ပြီး ဦးစစ်အေးရဲ့သူငယ်ချင်း ဆေးတက္ကသိုလ်က ပါမောက္ခတစ်ယောက်အိမ် ခေါ်သွားပြီး ဦးရဲ့တူမအဖြစ် မိတ်ဆက်ပေးထားတာ။ အဲဒီကအပြန်တော့ ဦးက အသားကင်ဆိုင်ဝင်ပြီး အသားကင်ဝင်ကျွေးခဲ့ပါသည်။

ဒီတော့ ခုလည်း ကိစ္စတစ်ခုခုလုပ်ပြီး ဦး မုန့်ဝယ်ကျွေးတာ စားရတော့မယ်ဆိုပြီး ပျော်မိတာပင်။ မုန့်စားရတာထက် ဦးနဲ့ တစ်နာရီခွဲ နှစ်နာရီ အတူထိုင်ကာ ရောက်တတ်ရာရာ ပြောဆိုရတာကို စိတ်ချမ်းသာသည်။ ပျော်သည်။ မက်မောသည်။

ပြုံးပြုံးလေး လျှောက်လာသော မြပယင်းကို လှမ်းကြည့်နေတဲ့ ဦးစစ်အေး ရင်ထဲမှာတော့ ရင်ခုန်သံက စည်းချက်မညီမညာ ခုန်လှုပ်နေပါသည်။ ဂျူတီကုတ်ဖြူဖြူလေးနှင့် ချာတိတ်



www.burmeseclassic.com

www.burmeseclassic.com

မလေး။ စ,တွေ့တုန်းကလို ရှေ့ဘဝပျောက်ဆုံးနေတဲ့ နွမ်းကြေကြေ ရုပ်မျိုးနှင့် မဟုတ်တော့ဘဲ ရှင်လန်းတက်ကြွပြီး ယုံကြည်ချက် ပြည့်ဝနေတဲ့ မျက်နှာပေးလေးဖြစ်နေပြီမို့ ဦးစစ်အေး စိတ်ချမ်းသာသည်။

သူလေးရဲ့မြူးထူးတက်ကြွတဲ့ မျက်နှာလေးကို ဦးစစ်အေး ကြည့်မဝပါ။ ဒါဟာ ရင်တွင်းစကားသာ။ သူ ဘယ်လိုများ လူသိရှင်ကြား ဝန်ခံရဲမှာတဲ့လဲ။ သူ့မှာက စောင့်ထိန်းရမည့်သိက္ခာ ပုဒ်တို့နှင့်။ ဟိုတစ်ရက်ကပဲ သား ကိုကိုနှင့် ညီညီထံမှ ဖုန်းလာသည်။

"ဒယ်ဒီ စမောလ်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"တဲ့။

"မင်းတို့အမေ ပြောတာမဟုတ်လား"

"မာမီပြောတာနဲ့ပဲ ကျွန်တော်တို့က စုံမိုတ်ယုံလိုက်တာ မဟုတ်ဘူး ဒက်ဒီ၊ မေးသင့်တဲ့သူတွေကို မေးမြန်းစုံစမ်းသေးတယ်"

"အေး ... ကောင်းရောပေါ့ကွာ၊ ဒီကိစ္စကို မင်းတို့က ဒီက လူတွေဆီ လှမ်းစုံစမ်းတယ်ဆိုတော့ စစ်အေး သေလိုက်ပေါ့ ... ဟုတ်လား၊ မင်းတို့ စုံစမ်းစရာလား"

"အား ... ဒက်ဒီကလည်း၊ စုံလည်းစုံစမ်းလိုက်ရော ဟုတ်နေတာပဲလေ၊ မဟုတ်ဘဲ အထင်လွဲပြီး စုံစမ်းမိရင်သာ ဒက်ဒီ့ကို ထိခိုက်မှာ၊ ခုက တကယ် ဟုတ်နေတာပဲဟာ၊ အဲဒီတော့ ကျွန်တော်တို့ မလုပ်လည်း ဒက်ဒီ့သိက္ခာကတော့ ကျပြီးသားပဲ"





"ဟော့ကောင်တွေ၊ မင်းတို့ စကားပြောဆင်ခြင်စမ်း၊ မင်းတို့ ငါ့ကို ဘာမှ ရိသဲ့သဲ့ပြောဖို့ မလိုဘူး"

"ဒက်ဒီက စမောလ်ကို ကွန်ဒိုခန်းနဲ့ထား၊ ကားပေးထား၊ အိမ်ဖော် ငှားပေးထား၊ ငြိမ့်နေတာပေါ့ ဟုတ်လား၊ အစကတော့ မာမီ့ကိုပဲ စိတ်ပျက်စရာရှိတာ၊ ခုတော့ ဒက်ဒီလည်းပဲ စိတ်ပျက်စရာကြီးပဲ၊ ယုံတောင် မယုံဘူးဗျာ"

"မယုံလည်းနေကွာ၊ ငါဘာပြောပြောလဲ မင်းတို့ယုံမှာ မဟုတ်ပါဘူး"

"အဲဒီမိန်းကလေးက တကယ်လည်း ရှိနေတာပဲမို့လား"

"ဒါပေမဲ့ မင်းတို့ထင်သလို မဟုတ်ဘူး"

"အဲလိုဖြစ်နေမှာစိုးလို့ သေချာစုံစမ်းတာပေါ့၊ ကျွန်တော်တို့လည်း ဟိုမှာ အနေကြာပေမယ့် အဲဒီမှာ နားမျက်စိရှိပါသေးတယ်၊ ဒက်ဒီ အရူးလုပ်လို့တော့ မရဘူး"

"ဟော့ကောင်တွေ နားညည်းတယ်၊ ဒီကိစ္စတော်တော့"

"ဒက်ဒီက တကယ်အတည်တကျ ဣန္ဒြေရရ လုပ်ချင်ရင် ကျွန်တော်တို့ ဝေဖန်ဖို့ မရှိပါဘူးဗျ၊ အခုက ဒက်ဒီက မမိုက်ဘူး၊ မာမီကတစ်မျိုး ဒက်ဒီကတစ်မျိုး၊ ရှက်ဖို့ကောင်းတယ်၊ ဒီကောင်မလေးက ကျွန်တော်တို့ထက်တောင် ငယ်ဦးမှာဆို ဒက်ဒီ၊ သားတွေမျက်နှာလည်း ကြည့်ကျက်ထောက်ပါဦး ဒက်ဒီရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် စစ်ကိုကို၊ မင်း ဘာမှရေရေရာရာ မသိပါဘူးသား၊ တော်တော့ကွာ"

"မာမီက အစကတည်းက ဆိုးတာ တေတာ ကျွန်တော်တို့ သိသားပဲ၊ အဲလိုဆိုးနေတာတောင် ဒက်ဒီနဲ့ကွဲတာမှ မဟုတ်တာ၊ အခု တကယ်ကွဲသွားတာတော့ ဒက်ဒီ့ကြောင့်ပဲဖြစ်မှာ သေချာတာပေါ့"

"ဘာလို့ ငါ့ကြောင့်လဲ"

"ဒက်ဒီ ဖယားရှုပ်လို့ပေါ့"

"ဟော့ကောင် ... ကောင်မလေးခမျာ ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်ကွ"

"ဒက်ဒီ့လေသံကိုက ကရုဏာရသမြောက်နေတယ်။ သူ့ဟာသူ ဘယ်နနှစ်ရှိရှိ စရိုက်မကောင်းတဲ့လူက မကောင်းဘူးပဲလေ၊ ဒီအရွယ်လေးနဲ့ သူများအိမ်ရာ ဖျက်ဆီးစရာလား၊ အောက်တန်းကျတယ်"

"ဟော့ကောင် ... သူက မင်းထင်သလိုအစား မဟုတ်ရှာပါဘူးကွာ"

"ဒက်ဒီ ဘယ်လိုပဲဖြစ်ဖြစ် မာမီနဲ့ ဘယ်လိုမှ နေမဖြစ်လို့ စိတ်ပျက်လို့ လမ်းခွဲကြတယ်၊ လမ်းခွဲပြီးနောက်မှ ဒက်ဒီနောက်တစ်ယောက် ထပ်တွေ့တယ်ဆိုရင် ပြဿနာမရှိပါဘူး ဒက်ဒီရာ၊ ခုဟာက ဒက်ဒီမဟုတ်သလိုပဲ၊ ဒက်ဒီက ဒီလိုလူစားမှ မဟုတ်တာ၊ တခြားကပါ စုံစမ်းပြီး ဟုတ်တဲ့



သတင်း ထွက်လာမှ ဒက်ဒီ့ကို ခုလိုပြောတာပါ၊ အဓိကတော့ အဲဒီဟာမလေးကြောင့်ပဲ ဖြစ်မယ်"

"သူကလည်း ဒီလိုမိန်းကလေးမျိုး မဟုတ်ဘူးလို့ ဒက်ဒီပြောပြီးပြီလေ သား"

"မဟုတ်ရင် ဒက်ဒီနဲ့ ရှင်းရှင်းလင်းလင်းတော့ ဖြစ်ရမှာပေါ့၊ ဒက်ဒီနဲ့ မာမီလည်း ဘာကွဲနေစရာ အကြောင်းရှိလို့လဲ"

"ဘာမှမဟုတ်ဘဲနဲ့ မင်းအမေက သူ့ကိုသွားသောင်းကျန်းတာရော မင်းတို့ သိလား"

"မာမီ့ကို ကွဲပစ်တဲ့အကြောင်းရင်းက အဲဒါပေါ့ ဟုတ်လား၊ သွားသောင်းကျန်းလို့ပေါ့ ဟုတ်လား ဒက်ဒီ၊ ဘယ်မိန်းမက နေရင်းထိုင်ရင်းအပင်ပန်းခံ သွားသောင်းကျန်းမှာလဲ၊ သူ့စိတ်ထဲ မခံမရပ်နိုင်လို့ပေါ့၊ သားတို့တစ်သက် ဒက်ဒီကမှန်ပြီး မာမီကချည်း မှားခဲ့တာပေမယ့် ခုကိစ္စကတော့ ဒက်ဒီမှားတာပဲ"

"မဟုတ်ဘူး စစ်ကိုကို၊ သား မှားနေတယ်၊ ဒက်ဒီနဲ့ ဒီကောင်မလေး ဘာမှမဖြစ်ကြပါဘူးကွာ"

"ဒါဖြင့် ခုကစပြီး လုံးဝမပတ်သက်နဲ့တော့"

"ဟ... ငါက သူ့ရှေ့ရေး၊ သူ့ကျောင်းစရိတ်ကို တာဝန်ယူထားတာ၊ လူကြီးသူမတွေ ရှေ့မှောက်လည်း ကတိပေးထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ကြိုက်သလောက်ငွေတွေ Account တစ်ခုဖွင့်ထည့်ပေးပြီး သူ့ကို အဲဒီဘဏ်စာအုပ် ပေးပစ်လိုက်ပါလား၊ သူ့ဟာသူ ကြည့်စီမံခန့်ခွဲတော့။ ဒက်ဒီ ဘာမှဆက်မပတ်သက်နဲ့တော့လေ၊ မဖြစ်ဘူးလား ဒက်ဒီ"

"သားရယ် … မဖြစ်သေးပါဘူး၊ မဖြစ်လို့ပါ"

"တွေ့လား … ဒက်ဒီ ကွေ့ပတ်ရှောင်နေတာ၊ ဒက်ဒီ မကောင်းဘူး"

ဦးစစ်အေးသည် သားတွေကို ကရုဏာသက်မိပါသည်။ မဝင်နို သူ့စိတ်သူ့သဘောနှင့် သားတွေကို ဖွင့်မပြောသရွေ့တော့ သူယည်း ဖွင့်ပြောဖြစ်မှာ မဟုတ်ပါ။ မဝင်နီကလည်း ဖွင့်ပြောမှာမဟုတ်၍ သူနှင့် သားနှစ်ယောက်ကြားက မှားယွင်းသောသတ်ပုံဟာ ပေါ်ပေါက်လာစရာ အကြောင်းမရှိပါ။

ဦးစစ်အေးကလည်း ဒါကိုပဲ လိုချင်သည်။ စစ်ကိုကိုနှင့် စစ်ညီညီကို သူ ချစ်သည်။ ကလေးတွေစိတ်ကို ဒဏ်ရာမပေးလို။

"ဒက်ဒီ ဒါဖြင့် ကတိပေးမလား ပြော"

"ဘာကတိလဲ"

"ဒီအစုတ်အပြတ်မ အကျင့်မကောင်းတဲ့မိန်းမနဲ့ မယူပါဘူးလို့"

"ခုထိ ဒက်ဒီတို့ကြားမှာ ဘာမရိုးသားမှုမှ မရှိသေးတာ အမှန်ပဲ၊ နောင်လာမယ့် အချိန်ကာလတွေကိုတော့ ဒက်ဒီ အဝေးကြီးမျှော်ပြီး ဘာကတိမှ မပေးနိုင်ဘူး"





"ဒက်ဒီ ရပ်တန်းက မရပ်ရင် ကျွန်တော်တို့နည်းနဲ့ ရပ်အောင် လုပ်ရမှာလား"

"မင်းတို့ မြပယင်းကို တစ်စုံတစ်ရာ မကောင်းကျိုးသက်ရောက်စေခဲ့ရင် မင်းတို့ကို ဒက်ဒီ ခွင့်မလွှတ်ဘူးနော် သား"

"တွေ့လား … ဒက်ဒီမှ ကတိမပေးနိုင်တာ၊ ဒက်ဒီမကောင်းဘူး၊ ကျွန်တော်တို့ကို စိတ်ဒုက္ခရောက်အောင်လုပ်တယ်၊ မာမိက မကောင်းမယ့်သာ မရှောင်းတာ မိသားစုဘဝကို မဖြိုခဲ့ဘူး၊ ဒက်ဒီက မိသားစုပါ ပြိုကွဲအောင်လုပ်တယ်"

သားကြီးက စွပ်စွဲချက် တစ်ပုံတစ်ပင်ကို ကတုန်ကယင် ရေရွတ်ရင်း ဖုန်းချသွားခဲ့ပါသည်။ ဒါတွေကို သူ မျက်ကွယ်ပြုဖို့ ဂရုမစိုက်လုပ်ဖို့ အတော်ခက်ပါသည်။ သားကြီး စစ်ကိုကို စိတ်မကောင်း ဖြစ်သွားတာကို သိတဲ့အတွက် သူ့ရင်ထဲလည်း မကောင်းနိုင်ပါပေ။ စစ်ညီညီကတော့ စစ်ကိုကိုလို မဟုတ်။

ဆွေးဆွေးနွေးနွေး မရှိ၊ စကားများများမပြော၊ ဂျစ်ကန်ကန့် ရှုသိုးသိုးနှင့် လုပ်ချင်ရာလုပ်လိုက်မယ့်စရိုက် ဖြစ်သည်။ ခုလို မိဘနှစ်ပါးက သူတို့အဝေးရောက်နေတုန်း လမ်းခွဲလိုက်တဲ့အထိဖြစ်တော့ သားတွေပေါက်ကွဲကြတာ မများပါ။ တကယ်တမ်း သူတို့အမေကို ဦးစစ်အေး ဘယ်လောက်အထိ သည်းခံပေါင်းသင်းနေတယ်ဆိုတာ သူတို့ခမျာ သိမှမသိရှာကြပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားတွေနှင့် အခြေအဘင် ပြောဆိုရပြီးတဲ့နောက်မှာ ဦးစစ်အေး အများကြီးစဉ်းစားပါသည်။ စစ်ကိုကို ပြောသလိုဘဏ်မှာ အကောင့်တစ်ခုဖွင့်ပြီး ငွေတွေပေးထားလိုက်ရင်လည်း မြပယင်း ဆက်လက် ရပ်တည်နေနိုင်သွားမှာပဲ မဟုတ်လား။ အစစအရာရာ သူ့ဟာသူ ဆက်စီမံခန့်ခွဲပစေတော့ပေါ့။ ကိုယ့်ဘက်ကဝင်ပြီး ဆုံးမတာ အကြံပေးတာ စီမံတာတွေ ဘာမှမလုပ်တော့ဘဲ ခပ်ဝေးဝေးနေလိုက်တဲ့နည်းပေါ့။

"ဟင်း"

ဦးစစ်အေးက သက်ပြင်းကြီးတစ်လုံး အကြီးအကျယ်တလေးတပင် မှုတ်ထုတ်မိသည်။ မဖြစ်ဘူး။ သူ့ရဲ့ကိုယ်တွင်းတစ်နေရာက လက်မခံဘူး။

ရှင်းရှင်းဝန်ခံရရင် ငယ်ဘဝကနေ ခုထိ တစ်ကြိမ်တစ်ခါမှ မချစ်စဖူး ရည်းစားတောင် တစ်ယောက်မှ မထားစဖူးဖြစ်တဲ့ ဦးစစ်အေးအတွက် မြပယင်းဟာ နှလုံးသည်းပွတ်ရတနာကလေးတစ်ပါး ဖြစ်နေပြီ။ အပြုအမူကို ဆင်ခြင်လို့ ရပ်တန့်လို့ရပေမယ့် ခံစားမှုကို ဆင်ခြင်လို့ ရပ်တန့်လို့မရ။

သူ့ဘဝ ဒီကလေးမလေးကြောင့် အင်မတန် စည်ပင် ရှင်သန်လာတာပါ။ မဝင်နီနဲ့ကွဲလိုက်ပြီးကတည်းက သူ့ကိုယ်သူ ကျပ်ကျပ်တည်းတည်းကြီး ချုပ်နှောင်မထားတော့တဲ့ အချိန်မှာ မြပယင်းလေးဟာ သူ့ဘဝအတွက် မီးရှူးတိုင်ကလေးလို အဓိပ္ပာယ်ရှိခဲ့တာ။





မြတ်နိုးတန်ဖိုးထားရမှု ဘာတစ်ခုမှ မရှိတဲ့ လူတစ်ယောက်ဟာ ဘာကြောင့် အသက်ရှင်နေမှာလဲ။ ရှင်သန်နေသမျှလူတိုင်းမှာ တန်ဖိုးထားခြင်း တစ်စုံတစ်ခု သို့မဟုတ် တစ်ခုမက ရှိကြမှာပင်။ သက်ရှိလည်း ဖြစ်ချင်ဖြစ် သက်မဲ့လည်း ဖြစ်ချင်ဖြစ်။ စက်ယန္တရားတစ်ခုလို တစ်နေ့ဝင် တစ်နေ့ထွက် လည်ပတ်နေတဲ့ သူ့ဘဝထဲ အမှတ်မထင်ရှိလာခဲ့တဲ့ ဤတန်ဖိုးထားစရာကလေးကို သူ ကျောမခိုင်းနိုင်။

တရားဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ လူတွေ အသိအမှတ်ပြုတယ်ဖြစ်စေ မပြုဘူးဖြစ်စေ၊ ကာယကံရှင်လေး သိတယ်ဖြစ်စေ မသိဘူးဖြစ်စေ၊ သူ့အနီးအနား မျက်စိအောက်မှာ ရှင်သန်လန်းဆွင့်လာတဲ့ ပန်းတစ်ပွင့်ကို ချူးဖို့ပင် ႃ မဟုတ်တောင် အရိပ်တကြည့်ကြည့်တော့ သူ ပြုစုပျိုးထောင်နေပါရစေ။

"ဦး"

"ဟင်"

နံဘေးကားတံခါးကိုဆွဲဖွင့်ကာ ခေါ်လိုက်တဲ့မြပယင်းကြောင့် အတွေးစတို့ ပြတ်တောက်ရသည်။

"ဦး ဘာတွေစဉ်းစားနေတာလဲ၊ နေကောင်းရဲ့လား ဦး"

"ကောင်းပါတယ် သမီး၊ လာ ... တက်"

"ဦးကားနဲ့ လိုက်ရမှာပေါ့"

"အင်း"

မြပယင်းက ရွှင်ပျမြူးတူးစွာ လှမ်းတက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီနေ့ တစ်ခုခု စားကြရမှာပေါ့နော် ... အဟဲ"

ဦးစစ်အေးက မြပယင်းက လှည့်ဖြိုးကြည့်ရင်းကားကို စက်နိုးမောင်းထွက်လိုက်သည်။ ကျောင်းကြိုကားတွေနဲ့ ရှင်းတဲ့နေရာရောက်မှ ...

"ပယင်း စားချင်ရင် အချိန်မရွေး သွားစားလို့ရတာပေါ့ ပယင်းရဲ့"

"ဟင် ... ဒါပေမဲ့ ဦးက အားမှမအားတာ၊ အလုပ်များတာကို၊ ခုလို အကြောင်းတစ်ခုခုရှိလို့ ကြုံကြုံကြိုက်ကြိုက် ရောက်လာမှပဲ အမှတ်မထင် သွားစားရတာ ကျွန်မ ကြိုက်ပါတယ် ဦးရဲ့၊ ဦး ..."

"ဟင်"

"ဦး နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ ပယင်းရဲ့"

"ဦးမျက်နှာကတော့ မသိမသာလေးပဲ နွမ်းနေပေမယ့် မျက်လုံးတွေကတော့ တော်တော်ကလေး ဆွေးမြည့်နေတယ်၊ အစစအရာရာ အဆင်ပြေရဲ့လားဟင် ဦး"

လူကြီးလေးလိုမေးပုံကြောင့် ဦးစစ်အေးက ပြုံးမိရင်း ...

"ပြေပါတယ် ပယင်းရယ်၊ တခြားမရှိပါဘူး၊ သားတွေလေ သားတွေပါ၊ ဟိုတစ်နေ့က ဖုန်းဆက်ပြီး ဦးကိုလှမ်းရစ်နေကြလို့ စိတ်မကောင်းဖြစ်ပြီး စိတ်နည်းနည်း ရှုပ်မိတယ်၊ ဒါပါပဲ"





မြပယင်းရဲ့ ရွှင်ပျနေသော မျက်နှာကလေး တည်ငြိမ်သွားပါသည်။ ဘာအကြောင်းကိစ္စမျိုး ဖြစ်မလဲလို့ ခန့်မှန်းနိုင်သလိုပင်။ ခန့်မှန်းနိုင်ဆို အဖေကိုရစ်စရာ သူတို့အတွက် ဒါကလွဲပြီး ဘာများရှိနိုင်တာမို့လို့လဲ။

ငြိမ်သက်ပြီး မှိုင်ကျသွားတဲ့ မြပယင်းရဲ့မျက်နှာလေးကြောင့် ဦးစစ်အေးက ချက်ချင်းပဲ ပြုံးလိုက်ရင်း ...

"ဒါက အရေးမကြီးပါဘူး၊ စိတ်ရှုပ်ခံမနေနဲ့၊ ပယင်းကို မေးစရာရှိသေးတယ်"

"ဘာလဲဟင် ... ဦး"

"ရည်းစားရပြီလား"

"အား ... ဦးကလည်း မရပါဘူး၊ မထားလည်းမထားပါဘူး လုံးဝပဲ"

"အမယ်လေး ... အမယ်လေး ... ငြင်းလိုက်တာ သွက်သွက်ခါနေပါလား ဒေါ်ပယင်းရယ်"

"ဦးက ဘာလို့မေးတာလဲဟင်"

"လူကြီးမျက်စိနဲ့ တစ်စုံတစ်ရာကို မြင်လို့"

"ဘာတစ်စုံတစ်ရာလဲ ဦး"

"ကားပါကင်မှာ ရပ်ထားတဲ့ ဂျစ်ပုလေး အနီရောင်လေးနဲ့ ကောင်လေးတစ်ယောက်ကို တွေ့တယ်၊ အဲဒီကောင်လေးက သမီးဆီလာတာ သေချာတယ်၊ သမီးထွက်မလာခင်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက မျှော်နေတာ၊ ထွက်လည်းလာရော အမှုအရာပြ ပြီး ပယင်းနားကို လာတော့မလို့ပဲ၊ ခါတိုင်းလာနေကျကား မရှိတာကိုလည်း သိပုံပဲ ...

ပယင်းဆီ ဦးတည်လျှောက်လာပြီး ပယင်းက ဦးကား ဆီလာတော့ သူ နောက်ကပါလာသေးတာ၊ ပယင်းက ဦးကားတံခါးကို လှမ်းဆွဲဖွင့်ပြီး စကားပြောလိုက်တော့ သူ့ခြေလှမ်းတွေ သိသိသာသာ တုံ့သွားတယ်၊ ပယင်း ဝင်ထိုင်လိုက်တော့ စိတ်ပျက်သလို လှည့်ထွက်သွားတယ်"

မြပယင်းက ဦးစစ်အေးကို တအံ့တဩ လှည့်ကြည့် ရင်း ...

"ဦးမျက်စိက လျင်လိုက်တာနော်၊ အံ့ဩစရာကြီး"

"အဟင်း ဟင်း၊ ပယင်းရော သိလား မသိဘူးလား"

"ကျွန်မ သိပါတယ်၊ အဲဒီကောင်လေးက မနေ့ကမှ ရောက်လာတာ၊ မနေ့ကတည်းက ကျွန်မနေးကပ်ပြီး နာမည် မေးတာတို့ စကားပြောဖို့ ကြိုးစားတာတို့လုပ်တယ်၊ ကျွန်မ က ဘာမှပြန်မပြောဘဲ ဦးထူးကားပေါ် တက်ထိုင်လိုက် တော့ ရပ်ကြည့်ပြီး ကျန်ခဲ့တယ်၊ ဒီနေ့လည်း ဒီကား တစ် နေကုန်နီးပါး စောင့်နေတယ်၊ အခု ကျွန်မတို့ ထွက်လာ တော့လည်း အဲဒီကောင်လေး ရောက်နေတာ သစ္စာက ပြ ပါတယ်၊ သိပါတယ် ဦး"





"အင်း ... ပယင်းက မညာဘူး လိမ္မာတယ်၊ သမီးမျက်လုံး ထောင့်စွန်းလေးက ဒီကောင်လေး ရှိနေတာ သိတယ်ဆိုတာ ပေါ်လွင်နေတာ ဦး သိတယ်"

"ဒါနဲ့များ အစ်မေးနေသေးတယ်၊ ဦး မကောင်းဘူး၊ ကျွန်မက ညာမိရင် ဒုက္ခပဲ"

"ဒါပေမဲ့ ပယင်းက ညာမှာမဟုတ်ဘူးမို့လား"

"ဦးကို ဘယ်တော့မှ မညာပါဘူး"

ဦးစစ်အေးက မထိန်းနိုင်ဘဲ မြပယင်းဘက် ရှန်းလက် ... လှည့်ကြည့်လိုက်မိပါသည်။ ဘယ်လောက် နားထောင်ကောင်း ... ရိုကျိုးနာခံသ်လေးလဲ။ ဦးစစ်အေးရဲ့ အကြည့်ဟာ မြပယင်းရဲ့ ...င်ကိုနွေးဖို့ တုန်လှုပ်စေသည်။ ရှက်နီးစေသည်။ နှလုံးသားကို ...ဖျပ်ဖျပ် ခါစေပါသည်။

"ဒီနေ့ ဦးလေးထူးနဲ့ ကား ဘာဖြစ်လို့လဲဟင် ဦး"

"သြော် ... အင်း၊ အဲဒီကိစ္စ ပြောပြရဦးမယ်"

မြဝယင်းက ဦးစစ်အေးကို ငေးကြည့်နေပါသည်။ ဦးစစ်အေးကတော့ ဒီစကားတွေ ပြောရမှာကိုပင် ကလေးမကို ...နားနေမိကာ ...

"အင်း ... ဦးထူးကို ဦးက ကျွန်စစ်သားမှာ ဒေါ်အုန်းခင် တို့ မူမူသင်းတို့ ဦးစိုးဝင်းတို့ကို သွားခေါ်ခိုင်းထားတာ"

"ဒေါ်လေးအုံးခင်တို့ အဘဦးစိုးဝင်းတို့ ဘာဖြစ်လို့လဲဟင် ဦး"



www.burmeseclassic.com

www.burmeseclassic.com

"သူတို့က သမီးတို့မိသားစုနဲ့ မှိုးတုန်းကတည်းက ရင်းနှီးတဲ့သူတွေ မဟုတ်လား၊ ပယင်း ငယ်ငယ်ကတည်းကပေါ့"

"ဟုတ်ကဲ့"

"ပယင်းရဲ့အမေရော၊ အဲ ... အဖေရော အားလုံးကိုသိကြတာပေါ့"

"ဟုတ်ကဲ့ ဦး"

"ဒါကြောင့် ခေါ်ခိုင်းလိုက်တာပါ"

မြပယင်းက ဇဝေဇဝါလေး နားမရှင်းဘဲ ရှိနေသည်။

"ပယင်း ... အဖေကို မှတ်မိလား"

"အဖေ !..."

မြပယင်း မျက်နှာလေးက ကြောင်ကြောင်ကွဲကွဲလေး ဖြစ်သွားတာ ...

"ဟုတ်ကဲ့၊ ကိုးနှစ် ဆယ်နှစ် ရှိပေမယ့် ကျွန်မ မှတ်တော့ မှတ်မိပါတယ်၊ မတွေ့တာက ကြာလွန်းတော့ အဖေ ရုပ်တအားပြောင်းမနေဘူးဆိုရင် မှတ်မိပါတယ်၊ ရုပ်ပြောင်းနေရင်တော့ မသိဘူး ဦး၊ တွေ့ရမှသိမှာ"

မြပယင်းက တစ်စုံတစ်ရာကို စဉ်းစားမိသွားကာ

"ဟင် ...၊ အဖေ ...၊ ဘာဖြစ်လို့လဲဟင် ဦး၊ အဖေ !"

"ဘာမှမဖြစ်ဘူး၊ ပယင်းအဖေ ဘာမှမဖြစ်ပါဘူး"

"အခု ဘာကိစ္စရှိလို့လဲဟင်"





"နေ့လယ်က စက်ရုံကို မြပယင်း အဖေဆိုတဲ့ လူတစ်ယောက် ရောက်လာတယ်၊ ဦးကိုတွေ့မယ်ဆိုတော့ စက်ရုံကလူတွေကလည်း ဦး မရှိဘူးပေါ့၊ ကုမ္ပဏီမှာလို့ ပြောကြတာပေါ့၊ ကုမ္ပဏီလိပ်စာကိုတော့ သူ့ပုံပန်းကြည့်ပြီး မပေးလိုက်ကြဘူး၊ အဲဒါနဲ့ သူ ပြန်ထွက်သွားတယ်၊ ခဏနေတော့ စိန်ဂေဟာ သမီးရဲ့အိမ်ခန်းကို ရောက်လာတယ်၊ တံခါးခေါက်ပြီး သမီးကို တွေ့မယ် ပြောတယ်၊ လှလှက ဖွင့်မပေးဘူး ...

သူက အဖေဖြစ်ကြောင်း ဒေါ်သတကြီး ပြောပေမယ့် လှလှက မဖွင့်ဘူးပေါ့၊ သူမှမသိတာ၊ ဒေါ်လွင်ဆီ ဖုန်းဆက်တယ်၊ မကြာခင်က စက်ရုံကိုလာပြီး အခု အိမ်ကိုလာတယ်ဆိုတော့ ဒေါ်လွင်က ဦးကို အကြောင်းကြားတာပေါ့၊ သူတို့ စိတ်ပူတာကတော့ ဒီလူက နည်းနည်းပါးပါး ရမ်းရမ်းကားကားပုံ ပေါက်နေလို့ပဲ"

"ဟင်"

မြပယင်းသည် ဘာခံစားချက်လို့ မပြောတတ်ဘဲ ဝမ်းပန်းတနည်း မျက်ရည်တွေကျလာပါသည်။ ဘာပြောရမှန်းလဲ မသိပါ။

"အခု ဦးက ပယင်းကို ဒါတွေကြိုပြောဖို့ လာကြိုတာ၊ ဦးထူးက ဒေါ်အုန်းခင်တို့ ခေါ်လာပြီး စိန်ဂေဟာအောက် ရောက်ရောပေါ့၊ ပယင်းရဲ့အဖေ ဆိုတဲ့သူကတော့ ခုထိ


www.burmeseclassic.com

www.burmeseclassic.com

အခန်းဝမှာ ငုတ်တုတ် ထိုင်စောင့်နေတယ်လို့ ဒေါ်လွင် အကြောင်းကြားထားတယ်၊ မငိုနဲ့လေ ပယင်း၊ ဘာငိုစရာ ရှိလို့လဲ”

“ကျွန်မ … ကျွန်မ … အဖေ့ကိုကြောက်တယ် ဦး၊ အဖေ က ကြောက်ဖို့ကောင်းတယ်”

ဦးစစ်အေးက မြပယင်းကို အလွန်ပင် ကရုဏာသက် မိကာ ခေါင်းလေးကို လက်ဖဝါးနှင့်တစ်ချက် အုပ်ကိုင်လှုပ်ယမ်း လိုက်ပါသည်။

“ဘာကြောက်စရာရှိတုန်းကွာ၊ ဦးတို့ ရှိကြတာပဲ”

“အဖေက ဘာလာလုပ်တာလဲဟင် ဦး၊ ပြီးတော့ ကျွန်မ ဒီမှာနေတာ အဖေ့ကို ဘယ်သူပြောတာလဲ”

“ပြောမယ့်သူက များများစားစား ဘယ်မှာရှိလို့တုန်း ပယင်းရဲ့ဒီလိပ်စာ အတိအကျကို ကျန်စစ်သားကလွဲ တောင် မသိကြတာ၊ ဦးရဲ့စက်ရုံအသိုင်းအဝိုင်းမှာ စက်ရုံ လူကြီးပိုင်းရယ်၊ ဒေါ်ဝင်နီတို့ ဒေါ်တူးမာတို့ ဒီလောက်ပဲ သိကြတာပဲလေ”

မြပယင်းသည် ရင်တဒိတ်ဒိတ် တုန်နေသော်လည်း လူကတော့ ကျောက်ရုပ်လေးလို ငြိမ်သက်ကာ တောင့်နေပါသည်။ အဖေလာတာဟာ ကောင်းသောလာခြင်း မဟုတ်နိုင်ဘူးဆိုတာ အလိုလို သိနေသလိုပင်။ အဖေက လူပေလူတေပဲ။ အမေ့ကို ရိုက်နှက်နှိပ်စက်ခဲ့တာတွေ ရှိသမျှပိုက်ဆံအားလုံး ယူသွား





သားအမိနှစ်ယောက်သား ငတ်ပြတ်ခဲ့ရတာတွေ ပြန်မတွေးချင်မှ အဆုံး။

နင့်ကို မပေါင်းတော့ဘူး၊ နောက်မိန်းမပဲ သွားပေါင်း တော့မယ်ဆိုပြီး ကျောကော့ထွက်သွားပြီးတဲ့နောက် လုံးဝမှထပ်မ တွေ့တော့တာ။ အဖေမရှိတော့ကတည်းက သူတို့သားအမိနှစ် ယောက်ဘဝဟာ အေးချမ်းသာယာပြီး ထမင်းလည်းနပ်မှန်ကာ စိတ်ဆင်းရဲစရာ ဘာမှမရှိခဲ့တော့တာလေ။

“သိပ် Serious ကြီး တွေးမနေပါနဲ့ ပယင်းရဲ့၊ စိတ်ပေါ့ပေါ့ ထားပါ၊ ကဲ … ရောက်ပြီ၊ မျက်ရည်တွေလည်း စင်အောင် သုတ်ဦး”

“ဟုတ်ကဲ့ ဦး”

“ဘာမှမကြောက်နဲ့ ဘေးမှာ ဦးလည်းရှိတာပဲ”

ဦးစစ်အေးရဲ့စကားသံက မြပယင်း အသည်းနှလုံး ထဲ စိမ့်အေး၍ ဝင်သွားပါသည်။ ဟုတ်ကဲ့ပါ ဦးရယ်၊ ဘေးမှာ ဦးရှိတော့ ကျွန်မ ဘာကိုမှ မကြောက်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၀ )

"မင်းလားကွ သူ့ဌေး၊ မင်းက ဘာလဲကွ … ဟော၊ ငါ့သမီးပျို့နုနုထွတ်ထွတ်လေးကို မင်းက ဘာလုပ်တာလဲ"

မြပယင်းသည် တစ်မျက်နှာလုံး ထူပူနီရဲတက်လာအောင် ရှက်လည်းရှက်၊ စိတ်လည်းပျက်၊ ဦးစစ်အေး မျက်နှာကို လှည့်မကြည့်ရဲအောင် တုန်နေပါသည်။

"ဟောကောင် … အောင်ဒင်၊ မင်း စကားကို ကောင်းကောင်းပြောစမ်း၊ လူနဲ့တူအောင်ပြောစမ်း … ဒီကောင်၊ သူ့ဌေးကို မင်းလုံး ငါလုံး ရိုက်မနေနဲ့၊ သူ့ဌေးက မင်းမစောင့်ရှောက်တဲ့ မင်းသမီးကို စောင့်ရှောက်ထားတာ၊ မင်းပညာသင်မပေးတဲ့ မင်း မကျွေးခဲ့တဲ့ ပယင်းကို သူ့ဌေးက ထမင်းကျွေးပြီး ပညာသင်ပေးနေတာ"

ဦးစိုးဝင်းက နားကြားပြင်းကတ်သလို ဝင်အော်လိုက်ပါသည်။



"စကားပြော မပိုက်ရိုင်းနဲ့၊ မင်းက ဒီလိုလာလုပ်နေရအောင် မင်းက မြပယင်း ဖအေနေရာကနေ ဖအေတစ်ယောက် တာဝန်ကျေနေလို့လား"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်ဖအေပဲ၊ ပြောခွင့်ရှိတယ် ကိုကြီးစိုးရဲ့"

"ပြောခွင့်မရှိဘူး၊ မင်းက မြပယင်းအပေါ် တာဝန်ဘယ်နှပြားဖိုး ကျေလို့ ပြောခွင့်ရှိရမှာလဲ၊ မိန်းမကိုနှိပ်စက်၊ နှစ်ယောက်ပေါင်းရှာလို့ရသမျှ မယားမစားရလည်းနေ သမီးမစားရလည်းနေ၊ မင်းချည်း သောက်ပစ်၊ မူးလာတော့ ရန်လုပ်ရိုက်နှက်၊ ဒါကို သည်းညည်းခံပေါင်းနေတဲ့ မယားကို သစ္စာမဲ့၊ ဖောက်ပြန်၊ လှည့်မကြည့်ဘဲ ပုတ်မက်ခါ ကျောကော့ဆင်းသွားပြီး နောက်မယားယူ၊ နောက်ဟာတွေမွေး၊ နောက်မယားလည်း နှိပ်စက်၊ မွေးသမျှတွေလည်း ဟိုချောင်တိုး ဒီချောင်တိုး …

မင်းလုပ်ပုံတွေက လူကောဆန်ရဲ့လားကွ၊ ဟိုအလုပ် ထဲဝင် ခဏနေပြုတ်၊ ဒီအလုပ်ထဲဝင် ပြုတ်၊ ဆိုက်ကားနင်းလည်း မင်းဒဏ်ဘယ်အံ့နှာမှ မခံနိုင်၊ မူးရူးရမ်းကား၊ ခုမှ ဘယ်ချောင်ကြားက တိုးထလာပြီး မြပယင်း အဖေပါဆိုပြီး အသံကောင်းလာဟာစ်နေတာလဲကွ … ဟော …

ကုပ်ဆွဲပြီး ရဲစခန်း ပို့ပစ်လိုက်ရကွာ၊ ကဲလေးမျက်နှာ ထောက်နေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အဘဦးစိုးဝင်းဟာ မြပယင်းရဲ့အဖေဖြစ်သူ ဦးအေ
ခင်ကို ဟိုးတုန်းကတည်းက ကောင်းကောင်းသိသူမို့ ကြည့်ရ
ဝိဝိ မညှာမတာ ပိတ်ဟောက်ပါတော့သည်။ သူတို့အားလုံးရော
လာတော့ အခန်းရှေ့ ကော်ရစ်ဒါမှာ မှုန်ပြီးမိုနေရတဲ့ အခြေအ
တံခါးဖွင့်ပြီး အိမ်ထဲရောက်ဖို့တောင် မနည်းတွဲသွင်းလာရ

အထဲရောက်တော့လည်း ငွေးဝါးနှင့် ပြောချင်
လျှောက်ပြောနေသည်။ မြပယင်းသည် အသားတွေမည်းသွား
ပိန်ချုံးဆီပြန်ကာ ကဗျစ်ကစုတ်ပုံစံနှင့် အဖေ့ကို မှတ်မိအော
မနည်းကြည့်ယူရသည်။ နူးညံ့မှု ကြင်နာမှုတို့ မရှိတဲ့ မျက်ဝန်း
ကို ထိတ်လန့်မိကာ ရင်ထဲမှာ ဘယ်လိုမှ ချစ်ချစ်ခင်ခင် သဘော
ထားမရအောင် ဖြစ်နေပါသည်။

"ဒီမှာ ကိုကြီးစိုး၊ ဘာပဲဖြစ်ဖြစ် ကျုပ်သမီးက ကျုပ်သမီး
ပဲ"

"ဒါကို ဘယ်သူက ငြင်းနေလို့လဲ၊ မင်းပဲ ထွက်သွားလို
တာ ပြန်ငဲ့မကြည့် သမီးအဖြစ် အသိအမှတ်မရှိ သံယောဇ
မရှိ နေနေတာ"

"သံယောဇဉ်ရှိတာပေါ့ဗျ"

"ရှိရင် ငါ့မိန်းမနဲ့ ငါ့သမီး အဆင်ပြေရဲ့လား မင်းတ
ခေါက်တစ်ကျင်း လာကြည့်လား"

"မအားဘူးဗျ၊ လုပ်စရာတွေ တစ်ပုံကြီးရှိတယ်"



"ဒါဖြင့်လည်း အဲလိုပဲ မအားသလို နေလိုက်ပေါ့တော်၊
နှင့်တစ်ပုံကြီး ထိုင်လုပ်နေပေါ့၊ ဘာကိစ္စ ဒီပုံစံနဲ့လာပြီး
ရမ်းကားနှောင့်ယှက်ရတာတုန်း"

ဒေါ်အုန်းခင်လည်း နားကြားပြင်းကတ်ကာ ခပ်ငေါ့ငေါ့
ဝင်ပြောလာပါသည်။

"ဘယ်မှာနှောင့်ယှက်လို့တုန်းဗျ၊ ကိုယ့်သမီး တွေ့ချင်လို့
ကိုယ်လာတာ"

"လာရင် ကောင်းကောင်းလာပါလား၊ မူးရူးပြီး လာစရာ
လား၊ နင် တော်တော် ကျက်သရေမရှိတဲ့ကောင်၊ စကြီ
မှာ မိုလဲနေတာများ အရှက်ကိုမရှိဘူး၊ ကိုယ့်သမီးဆီကိုယ်
လာချင်ရင် လူလိုသူလို လာပါလား"

"ရင်နာလို့ သောက်လာတာဗျ၊ ရင်နာလို့"

"နင်က ဘာတွေ ရင်နာနေတာလဲ"

"ကျုပ်သမီးကိစ္စပေါ့ဗျ"

"နင့်သမီးက ဘာဖြစ်နေလို့လဲ"

"သူ့ဖွေးမယားငယ်ဆိုဗျ၊ ကြားရတာ နားထဲ သံရည်ပူ
လောင်းသလိုပဲ၊ ရင်ထဲကလည်း နာတယ်ဗျ"

ဦးအောင်ဒင်က လျှာလေး အာလေးကြီးနှင့် ဒွတ်
ဆိုးပြောနေပါသည်။ ဦးစစ်အေးက မျက်နှာမပျက်ဘဲ စိတ်မသက်
သာနှင့်သာ ငေးကြည့်နေပြီး မြပယင်းကတော့ မျက်နှာကိုဘယ်
ထားသွားထားရမည်မသိဘဲ မျက်ရည်တွေစီးကျကာ အသံတိတ်ငိုနေ

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ရှက်လည်းရှက် ဝမ်းလည်းနည်း။ အဖေ ဒီလိုကြီးဖြစ်နေ ပုံကို သနားလည်းသနား၊ ဒေါသလည်းဖြစ် ကြည့်လည်းမကြည့် ရက်။ ထင်ရာမြင်ရာ လျှောက်ပြောနေတာကိုလည်းမုန်း။

ဖြစ်နိုင်ရင်တော့ ဒီပုံစံကြီးနှင့် အဖေ့ကို မျက်စိအောက် မှာ မြင်မနေချင်ပါ။ သူ့ဟာသူ ပေါ်မလာဘဲ နေတော့လည်း ပြီး ပျောက်နေသားနှင့် ပြန်တွေ့လိုက်ရတော့ မုန်းလည်းမုန်း သနား လည်းသနားရကာ ရင်တွေနာနေပါသည်။

"ဟော့ကောင် ... မင်း ဘာတွေလျှောက်ပြောနေတာလဲ တိတ်စမ်း"

"မပြောလို့ ရမလားဗျ"

"ဒါတွေ မင်းကို ဘယ်သူလာပြောလဲ"

"ပြောတဲ့သူရှိမှ သိရမှာလားဗျ၊ ကျုပ်လည်း နားနဲ့မျက်စိ နဲ့ပဲ"

"တော်စမ်းပါကွာ၊ မူးနေတာနဲ့ပဲ ဘာမှမမြင် ဘာမှ ကြား၊ ဘာမှစိတ်မဝင်စားဘဲနဲ့ မင်းကို အခြောက်တိုက် တစ်ယောက်ယောက်က ချွန်တွန်းလာလုပ်သွားတာ"

"ဒါဖြင့် ... ပြော၊ ဒီသူဌေးနဲ့ ကျုပ်သမီးက ဘာလဲ"

ဦးစစ်အေးက သက်ပြင်းတစ်ချက်ရှိုက်ကာ ...

"ကိုအောင်ဒင် ... ခင်ဗျားသမီးကို ကျွန်တော်က စောင့်ရှောက် ထားတာပါ၊ သူ့အမေဆုံးတော့ ဖအေကလည်း ဘယ်ရောက် မှန်းတောင် မသိရဘဲ တစ်ယောက်တည်း မျက်စိသူငယ်





ပညာရေးတစ်ပိုင်းတစ်စ ဖြစ်နေလို့ စောင့်ရှောက်ပေးခဲ့တာ ပါ"

"မယုံဘူးဗျာ"

"ပြောပြတာကို မယုံဘူးဆိုရင် ဘာလုပ်ပေးရမလဲ"

"ခင်ဗျား ကျုပ်သမီးကို စော်ကားမယ် မကြံနဲ့"

"စော်ကားမယ်လည်း မကြံပါဘူးဗျာ၊ အဖော်အလျော်နဲ့ အုပ်ထိန်းသူနဲ့ထားတာပါ၊ ကဲ ... နောက်ဆုံးတစ်နေ့ပေါ့ ဗျာ စော်ကားတယ်ပဲ ခင်ဗျားထင်နေရင် အခုဘာဆက်လုပ် ချင်လဲ ... ပြော"

"ဘာကွ ... ဘာ ... ဘာ ..."

ဦးအောင်ဒင်က ဒယီးဒယိုင်ထ,လာ၍ ဦးစိုးဝင်းက ဆွဲထိုင်ချလိုက်ရင်း ...

"ဟော့ကောင် ... အရှုးချေးပန်းတွေ လုပ်မနေနဲ့၊ လူကဖြင့် ကိုယ့်ကိုယ်ကိုယ်တောင် မဟန်နိုင်ဘူး၊ တစ်ချက်လောက် နားရင်းအုပ်လိုက်ရင် ခွေသွားတော့မှာပဲကွာ ... တောက်"

"ဦးစိုးဝင်း ... မလုပ်ပါနဲ့ ဦးစိုးဝင်း"

"ပြောဆိုနေပုံ ကြည့်လေဗျာ သူဌေးရာ၊ ဘေးကလူတောင် အမြင်ကကတ်လာပြီ၊ နားရင်းတစ်ချက်လောက် ဝင်အုပ် ချင်လာပြီ"

"ကဲ ... ဦးအောင်ဒင်၊ ခင်ဗျား အခု လာရင်းကိစ္စနဲ့ ပြန် ချင်တာကို ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သမီးကို ခင်ဗျား ကြာကူရိရိုက်နေတယ်ဆိုလို့ လာတာပေါ့ဗျ"

"ကဲ ... အခု ဘာလုပ်မှာလဲ၊ ကျွန်တော် ဒီမှာစောင့်ရှောက်ထားတာ သဘောမတူရင် ခင်ဗျား ပြန်ခေါ်သွားမလားပြော၊ ခင်ဗျား ကျွေးမယ်၊ ခင်ဗျားကျောင်းဆက်ထားမယ်ဆိုရင်လည်း ပြောလေဗျာ၊ မြပယင်းက အခု ဆေးကျောင်းတက်နေတယ်၊ ကျောင်းစရိတ်တော့ နည်းနည်းကြီးတယ်၊ ခင်ဗျား ဒီကနေ ရှေ့ဆက်တာဝန်ယူမယ်ဆိုရင် ရပါတယ်၊ ခင်ဗျားက အဖေရင်းပဲ၊ ကျွန်တော်ကတော့ စောင့်ရှောက်မယ့်သူမရှိလို့ စောင့်ရှောက်ထားပေးတာပါ"

"ဟော့လူ ခင်ဗျား ... ခင်ဗျား ရိနေတာလား၊ ရွဲ့ပြောနေတာလား"

"ကျွန်တော် တကယ်ပြောနေတာပါ ဦးအောင်ဒင်"

"ကျုပ်က သူ့ကို ဘယ်လိုကျွေးပြီး ဘယ်လိုကျောင်းထားမလဲ၊ ကျုပ်ကိုယ်ကျုပ်တောင် အနိုင်နိုင်"

"ဒါဖြင့် အခု ခင်ဗျား ဘာဖြစ်ချင်တာလဲဗျာ"

ဦးအောင်ဒင်က အနည်းငယ် ကြောင်တောင်တောင်ဖြစ်သွားပါသည်။ သူ ဘာဖြစ်ချင်တာပါလိမ့်။ သူနဲ့ ဟိုအရင်ကာလတွေထဲက ဒေါ်အုန်းခင်တို့လိုပဲ သိက္ခမ်းမျက်မှန်းတန်းနေတဲ့ ဒေါ်တူးမာနှင့် မမျှော်လင့်ဘဲ လမ်းမှာဆုံတွေ့ရာက စ,လာတဲ့ ဇာတ်လမ်းပါ။ ဒေါ်တူးမာ ပြောစကားတွေ အံ့အားတသင့် နား





ထောင်ရပြီး သကာလ ဒေါ်တူးမာ အစီအစဉ်နှင့်ပဲ ဒေါ်ဝင်နီဆိုတဲ့ သူဌေးမတစ်ယောက်နှင့် တွေ့ဆုံရတာပါ။

"အဲဒီ သူဌေးဦးစစ်အေးက ရှင့်သမီးကို တိတ်တိတ်ပုန်းထားထားတာဆိုတော့ ရှင် သူ့ကို သွားခြိမ်းခြောက်ရင် ငွေလေး ဘာလေး နှုတ်ပိတ်ခ ရမှာပေါ့၊ ဒီလူကို စိတ်အနှောင့်အယှက်ဖြစ်အောင် သွားအော်ဟစ် ရန်လုပ်တယ်ဆိုရင်ပဲ ကျွန်မကလည်း မုန့်ဖိုးပေးမယ်၊ မယားကြီးဖြစ်ဖြစ် မယားငယ်ဖြစ်ဖြစ် ရှင်က ဒီသူဌေးရဲ့ယောက္ခမနေရာမှာရှိတယ်၊ ရှင် ဒီတိုင်း ငြိမ်နေလို့တော့ ဘယ်ဖြစ်မလဲ၊ ညံ့ရာကျတာပေါ့ ...

နည်းနည်းတော့ ဒီသူဌေးကို ပညာသွားပေးသင့်တာပေါ့၊ သူက ပေးရင်လည်း အရင်းအနှီးလေး ဘာလေး ရဦးမှာပေါ့၊ သူက နိုးလုပ်ထားတဲ့သူဆိုတော့ မြောင်းထဲက၊ ရှင်က ဖအေရင်းဆိုတော့ စင်ပေါ်က၊ ပြဿနာသွားရှာချည်"

ဦးအောင်ဒင်သည် ဇနီးနဲ့သမီးကို ပြန်ငဲ့မကြည့်၊ တိတရ မရှိနေခဲ့သော်လည်း ခုလို သူ့သမီးက သူတစ်ပါးရဲ့ ငယ်လိုလို တိတ်တိတ်ပုန်းလိုလို ဖြစ်နေတယ်ဆိုတော့ ရှက်လိုလို ဝမ်းနည်းသလိုလို ယူကျုံးမရသလိုလို ဖြစ်မိလေသည်။ သမီးလေး ဖခင်အအုပ်အထိန်း အဟန့်အတားမရှိ၍ ခုလိုဖြစ်ရ ယ်တွေးပြီး တနုံ့နုံ့စိတ်လည်းမကောင်း။ သူဌေးဆိုတဲ့သူကိုလည်း ယ့်လက်နဲ့ နည်းနည်းတော့ ဆွဲဆောင်လိုက်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နဂိုက အဖြစ်ရှိလှတဲ့သူလည်း မဟုတ်လေရာ ကြောက်ကလည်းကြောက်။ သူဌေးကြီးတစ်ယောက်ကို သွားရမ်းကားရဲဖို့ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ဒါကြောင့်လည်း ညနေမှ ရေချိန်ကိုက်နေကျ အစဉ်အလာဖျက်ပြီး မိုးလင်းကတည်းက ရဲဆေးတင် နည်းနည်းချလာခဲ့တာပင်။ စက်ရုံရောက်တော့ သူဌေးက မရှိ၍ မရမ်းခဲ့ရ။

မြပယင်း လိပ်စာကိုလည်း ရှာ၍ မြပယင်း အိမ်အထိ ဆက်လိုက်လာတာ။ ပြီးတော့လည်း သူဌေးထံသွားအောင်ဟစ် ရမ်းကားမည်ဆိုရုံလေးနှင့် "အင့် ... ရော့"နှင့် လက်ထဲရောက်လာတဲ့ ငွေသုံးသောင်း အရှိန်ကလည်း ရှိနေတော့ သူဌေးကို မရမ်းရလည်း တစ်နည်းနည်းတော့ ရမ်းကို ရမ်းသင့်သည်ထင်တာပင်။

"ကဲ ... ပြောလေဗျာ"

"ကျုပ်လား ¡ "

"ခင်ဗျားပြောသလို ကဲ ရှော့တော့မယ်ဆိုရင် ခင်ဗျား ဘာလုပ်မလဲ၊ မဟုတ်ဘူးလို့ ငြင်းရင်ကော အဲဒီ ဘာလုပ်မလဲ။ ခင်ဗျား ဒီကိုလာတဲ့ ရည်ရွယ်ချက်က ခင်ဗျားသမီးရဲ့ တာဝန်ကို ပြန်ယူဖို့လည်း မဟုတ်ရင် ဘာလုပ်ချင်တာလဲ"

ဒီသူဌေးရဲ့လေသံကလည်း အေးအေးဆေးဆေးနိုင်လှသည်။ ခက်ပြီ။ ဟုတ်တယ်ဆိုရင် ကျုပ်ကို ဘယ်လောက်ပေး၊ ဘာလုပ်ပေးလို့ ငွေညှစ်ရအောင်ကလည်း ကိုယ့်သမီးလေး ဘယ်





ဘဝရောက်သွားမလဲ။ မဟုတ်ဘူး ဆိုရင်ကော။ မဟုတ်ပါဘူးဆိုမှ ဘာများဆက်လုပ်လို့ ရဦးမှာလဲ။

ဦးအောင်ဒင်သည် အေးမြနေအောင် အဲကွန်းကဖွင့်ထားလိုက်သေးသော အခန်းထဲ ဒူးတွေလည်းတုန် မေးပင်တဂက်ဂက် ရိုက်ချင်လာကာ ဟန်ကိုယ့်ဖို့နှင့်ပင် ...

"ခင်ဗျား ... ခင်ဗျား ... ရီးတီးယားတားတော့ လုပ်မယ် မကြံနဲ့"

"ရီးတီးယားတားက ခင်ဗျား လုပ်နေတာ"

"သူဌေးဆိုပြီး ဆင်းရဲတဲ့ သူတွေအပေါ် လူပါးဝလို့လည်း မရဘူးဗျ နားလည်လား"

"နားလည်ပါတယ် ဦးအောင်ဒင်"

"ခင်ဗျား ..."

ဦးအောင်ဒင်သည် ဘာစကားဆက်ရမယ် မသိ။ အကြောင်ကြောင်နှင့် မူးလည်းမူး၊ ရူက်လည်းရှက်၊ ဝမ်းလည်းနည်း၊ ခုမှ ပြန်တွေ့ရတဲ့ သမီးချော သမီးလှလေးကိုလည်း အံ့အားတသင့်ကြည့်ရင်း သူနှင့် အလှမ်းကွာလှသလို ခံစားလာမိရကာ ရင်ထဲဆို့ဆို့ပြီး ငိုချင်လာလျက် မျက်ရည်ပေါက်ကြီးများ ပါးပြင်ပေါ် မချိတင်ကဲ လိမ့်ဆင်းလာပါသည်။

မတွေ့ရဘဲ သူပစ်ထားတုန်းကလည်း သတိရလှတယ်မဟုတ်၊ တွေ့ချင်လှတယ်လည်း မရှိ။ မတော်တဆ ပြန်ဆုံတွေ့လိုက်ရတော့ လှပသန့်ပြန့်လွန်းတဲ့ ဆေးကျောင်းသူဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့အဆင့်အတန်းက သူနှင့် မိုးနှင့်မြေလို ကြားမှာအဆုံးအစ မရှိ ကွာခြားဝေးလှမ်းနေပြီ။

"သမီး ...၊ ငါ့သမီး သတင်းကြားရတာ အဖေ ရင်နာတယ် သမီးရဲ့၊ အီး ... ဟီး"

"အဖေ ... အဖေထင်သလို လုံးဝမဟုတ်ဘူး၊ လူတွေက သွားပုပ်လေလွင့် ပြောနေကြတာပါ အဖေရယ်၊ အဖေကြားလာတာတွေ လုံးဝမဟုတ်ပါဘူး"

မြပယင်းကလည်း တရှိုက်ရှိုက် ငိုကြွေးရင်း အသံတိမ်လေးနှင့် ပြောရှာပါသည်။

"ဒါဖြင့် ဒါဘယ်သူ့အိမ်လဲ၊ ဒီသူဌေး မဟုတ်ဘူးလား"

"ဒါ မြပယင်းအတွက် ငှားပေးထားတဲ့အိမ်ပါ၊ မလှလှဆိုတာက အဖော်နေပေးပါတယ်၊ ကျွန်တော့်အိမ်က သီးသန့်ပါ၊ အဝေးကြီးပါ၊ တခြားစီပါဗျာ၊ ခင်ဗျားသမီးမှာ နေစရာမှ မရှိတာ၊ ဆယ်တန်းမဖြေခင်က ဆရာမတွေဘာတွေလဲ အဆင်ပြေပြေ စာလာသင်နိုင်အောင်၊ သူလည်း အေးအေးချမ်းချမ်း စာကျက်နိုင်အောင် ငှားထားပေးတာပါ"

"ခင်ဗျားက ကျုပ်သမီးအတွက် ဘာကြောင့် ဒီလိုအကုန်အကျတွေ ခံနေတာလဲ ... ကဲ"

"သူ့ကို စေတနာသန့်သန့်နဲ့ စောင့်ရှောက်ထားတာပါ၊ ကျွေးမွေးစောင့်ရှောက်မယ့် မိဘမှမရှိတာ၊ ဖြစ်ချင်ရာဖြစ်ထားလိုက်ရင် ငတ်တော့မသွားနိုင်ပေမယ့် သူ့ပညာရေး





လည်း ခါးပြတ်ပြီး ရှေ့ရေးလည်း ဘယ်လှပနိုင်တော့မလဲ၊ သူ ရရာအလုပ် လုပ်ပြီး ရပ်တည်တော့မှာပေါ့၊ ခင်ဗျားသမီးက အရည်အချင်းရှိတယ်လေ၊ ပံ့ပိုးရင် ပံ့ပိုးသလောက် ဖြစ်ထွန်းမယ့် ကလေးဆိုတာ သူ ဆေးကျောင်းဝင်တာကို ကြည့်ပါလား ...

ဆရာဝန်ဖြစ်မယ့် သမီးဗျ၊ ဒီလောက် အညွန့်တလူလူနဲ့ ရှေ့ရေးအနာဂတ် တောက်ပနေတဲ့ ကိုယ့်သမီးကိုယ် သူများပြောစကား အကြားတွေနဲ့ ဖအေကိုယ်တိုင်က ပြန်သိက္ခာချနေတဲ့ဘဝ မရောက်စေစမ်းပါနဲ့ဗျာ၊ ခင်ဗျားက အမွှန်းတင်ပေးနေရမှာ၊ ဒါ ခင်ဗျားတာဝန်ပဲ ...

ခင်ဗျား မြပယင်းကို ကျွေးဖို့တာဝန်၊ ပညာသင်ဖို့တာဝန်၊ ဆုံးမဖို့တာဝန်၊ အဖေတာဝန်တွေ ဘာတစ်ခုမှ မကျေနိုင်ခဲ့ပေမယ့် ခင်ဗျားတတ်နိုင်တဲ့နည်းနဲ့ ကိုယ့်သမီးကိုယ် စောင့်ရှောက်လို့ရတယ်၊ အဲဒါ ဘာလဲဆိုတော့ ကိုယ့်သမီးကိုယ် ယုံကြည်ပြီး မဟုတ်မတရား ပြောဆို သိက္ခာချနေတဲ့ သူတွေကို ခင်ဗျားက ကာကွယ်ပေးဖို့ပဲ"

ဦးအောင်ဒင်က ခေါင်းကြီးငိုက်စိုက်ကျနေရင်းက ဖြည်းဖြည်းချင်း ခေါင်းညိတ်နေပါသည်။ သူ့မျက်ရည်တွေလည်း သူ သုတ်နေပါသည်။

"ခင်ဗျားသမီးကို ခင်ဗျားချစ်ရင် သူ့ကိုမကောင်းတဲ့ ဘေး အန္တရာယ်တွေ သိက္ခာကျမှုတွေ အပြောအဆိုတွေပါနေ



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ပေးလို့ ရတာပဲ၊ တကယ်တမ်းဖြစ်ရမှာက ခင်ဗျား ကို ဒီလိုစကားမျိုး လာပြောတဲ့သူမျိုးကို ခင်ဗျားကဆုံးမ ရမှာ၊ နောက်တစ်ကြိမ် ပြောရဲ ထပ်ပြောကြည့် ခင်ဗျားနဲ့ တွေ့မယ်ဆိုတာမျိုး ပြောရမှာ”

“ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်”

“ခင်ဗျားကို ပြောတဲ့သူက ဘာရည်ရွယ်ချက်နဲ့ ပြောပါလိမ့် ဆိုတာ ခင်ဗျား သေချာစဉ်းစားနိုင်ရမယ်၊ သိစေချင်လို့ စေတနာနဲ့ ပြောတာလား၊ အကျိုးတစ်ခုခု လိုချင်လို့လား။ ဒါတွေကို သေချာတွေးပြီးမှ ဘာလုပ်ရမယ် ဆုံးဖြတ်ပါ”

သူဌေးဦးစံစံအေးကို သွားအော်ဟစ်ရမ်းကား သိက္ခာချရုံနှင့် သုံးသောင်းပေးမည်ဆိုကာ ပက်ခနဲ ပေးလိုက်တဲ့အဖြစ်ကို ပြန်တွေးမိပါသည်။

“မင်း နေ့လယ်က စက်ရုံမှာ သူဌေးလည်းမရှိပေလို့ပေါ့ ကွာ၊ သူဌေးလည်းရှိနေ၊ မင်းကလည်း မူးရူးရမ်းကားဆို ရင်တော့ ဘယ်သူမှ ငြိမ်ခံ ငုံ့ခံနေမှာ မဟုတ်ဘူးဟေ့၊ ခုချိန်လောက်မှာ မင်း အချုပ်ခန်းထဲ ရောက်နေမှာ အောင်ဒင်၊ ကိုယ့်သမီးကောင်းစားနေတာ မင်း ဝမ်းသာပါ ကွာ၊ ကိုယ်တိုင်မထားနိုင်တဲ့ အဆင့်အတန်းမှာ ကိုယ့်သမီး ရောက်နေတာကို ကျေနပ်ပြီး မင်း မနှောင့်ယှက်နဲ့ပေါ့ ကွာ”

“ဟုတ်ပါတယ်ဗျာ၊ မနှောင့်ယှက်တော့ပါဘူးဗျာ”





ဦးအောင်ဒင်က ခေါင်းကြီးငိုက်စိုက် ဖြစ်နေပါသည်။

“ခင်ဗျား ကျုပ်သမီးကို မယားငယ် လုပ်မထားတာတော့ သေချာတယ်နော်”

“ရော ...၊ ခက်ပါလားဗျာ၊ ဒီမှာဗျာ စကားကုန်ပြောမယ်၊ ကျွန်တော်က အိမ်ထောင်ဟောင်းနဲ့ တရားဝင်ကွာရှင်းပြတ်စဲ ထားတဲ့ တစ်ခုလပ် လူလွတ်၊ ခုနေ တစ်ယောက်ယောက် ကို ယူရင်လည်း အဲဒီမိန်းမဟာ မယားကြီးပဲဖြစ်မယ်၊ မယားငယ်တော့ မဖြစ်တော့ဘူးဗျ၊ နားလည်ပြီလား”

ဦးအောင်ဒင်သည် အင့်တင်တင် အောင့်သက်သက်နှင့် ဆက်ပြောစရာလည်း စကားမရှိတော့ဘဲ သူဌေးကိုတစ်လှည့် သမီးကိုတစ်လှည့် အပြန်ပြန် အလှန်လှန် အကဲခတ်နေလိုက်ပါသည်။ ထိုင်နေတာကိုက သူတို့နှစ်ယောက်က နှစ်ယောက်ထိုင်ခုံ ပေါ့မှာ။ ဝင်ထိုင်လိုက်ကြတဲ့အခါ အရင်ထိုင်ကြတဲ့သူတို့က ကြိုက် သလိုထိုင်လိုက်ကြတော့ သူတို့နှစ်ယောက်က ကျန်တဲ့နှစ်ယောက် ထိုင်ခုံမှာပဲ ထိုင်လိုက်ကြရတာပါ။ ဒါပေမဲ့ မြင်ရတာတစ်မျိုးဖြစ် နေသည်။

“ကဲ ... ပယင်းလည်း တိတ် ... တိတ်”

ဦးစံအေး လှည့်ပြောလိုက်ပုံကိုလည်း တစ်ဆိတ် အမြတ်နိုး ပိုလွန်းသလားလို့ ဦးအောင်ဒင်က တွေးမိသည်။ ဘယ့်တယ ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုလု ... သွား၊ ညည့်သည်တွေသောက်ဖို့ တစ်ခုခုစီ
ပယင်းကိုလည်း တစ်ခုခုကျွေးလိုက်ဦး၊ ကျောင်းအဆော
ဗိုက်ကဆာလာမှာ၊ ငိုကလည်း ငိုလိုက်သေးတော့ ခေါင်
ပါကိုက်လာမယ်၊ တစ်ခုခုစားမှ ဖြစ်မယ်"

ဂရုတစိုက် အစိုးရိမ်ပိုနေပြန်တာလည်းရှိရဲ့။ အင်
ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ။

သူ့သမီးကို ခုလို အခြေအနေ ကောင်းကောင်းမှ
သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်လေး မြင်ရတော့ သူ့စိတ်
ချမ်းသာပီတိတော့ ဖြစ်ရပါသည်။

"ကဲ ... ကဲ ... သောက်ကြပါဦး၊ ကော်ဖီလေး"

"ရပါတယ် သူဌေး"

"ဦးစိုးဝင်းတို့ကို ခေါ်ရတာ ဒီက ဦးအောင်ဒင်ကို ကောင်
ကောင်းသိကြတဲ့သူတွေမို့ပါ၊ ပင်ပန်းသွားပြီ"

"ဟာ ... မဟုတ်တာ သူဌေးကလည်း၊ နို့မို့ ဒီကောင်
အောင်ဒင် သူဌေးကို ကပ်ရစ်ချင်ရစ်နေမယ်၊ ဟောကော
မင်း နောက်တစ်ကြိမ်များ သူဌေးကို ပြဿနာလာရှာလို့
တော့ကွာ၊ သူဌေးက စိတ်ရှည်လို့ သည်းခံနေတောင် ငါ
သည်းမခံတော့ဘူး ဟောကောင်"

ဦးစစ်အေးက ဦးအောင်ဒင်ကို ကြည့်ရင်း ...

"နောက်တစ်ကြိမ်တော့ ဦးအောင်ဒင်လည်း ပြဿနာရှာ
တော့မှာ မဟုတ်ပါဘူးဗျာ၊ အကြောင်းစုံ သိပြီပဲ၊ ဒီတိ





သတင်းမျိုး တခြားက ကြားရတော့လည်း သူ့ဘာသူကိုယ့်ကိုယ်
ဒီလိုပဲ ဖြစ်ကြမှာပါပဲဗျာ"

"ဒါပေမဲ့ သူဌေးရာ၊ သောက်ပြီး မူးလာစရာလား"

မြပယင်းက သူ့အဖေကို မရဲတရဲကြည့်ရင်း ...

"အဖေ ...၊ အဖေ အရက်တွေ အရမ်းမသောက်ပါနဲ့လား"

"အေးပါ သမီးရယ်၊ အေးပါ"

"အဖေ ပိန်လည်းပိန်တယ်၊ ကျန်းရော ကျန်းမာရဲ့လား
ဟင်"

"ကျန်းမာပါတယ် သမီးရယ်၊ ရုန်းကန်ရတော့လည်း
လူအိုတာပေါ့၊ ရုပ်ကျတာပေါ့၊ အဖေ့အတွက် မပူပါနဲ့"

"အဖေ အခု ဘာအလုပ် လုပ်နေလဲဟင်"

"ကျပမ်းပါပဲ သမီးရယ်၊ တစ်ခါတလေလည်း ဆိုက်ကား
နင်းတယ်၊ ဆိုက်ကားမရတော့လည်း တခြားအလုပ်ပြောင်း
လုပ်ပေါ့၊ ပန်းရံဆိုလည်း လိုက်လိုက်တာပေါ့၊ လက်သမား
လည်း အကြမ်းတော့ အဖေရတာပဲ"

မြပယင်းသည် ဖခင်ဖြစ်သူရဲ့အသွေးအမွေးကိုကြည့်
ကာ ရင်ထုမနာ ဖြစ်ရသည်။

"ပင်ပန်းလိုက်တာ အဖေရယ်၊ အဖေ့မိန်းမကရောဟင်"

"သူလည်း လုပ်ရှာပါတယ်၊ ရာသီပေါ်သီးနှံလေးတွေ
ခွဲစိတ်ပြီး လည်ရောင်းတန်လည်း ရောင်းတာပေါ့၊ ဟိုလုပ်
ဒီလုပ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေကော ဘယ်နှယောက်လဲ အဖေ"

"သုံးယောက်"

"အဖေတို့ အဆင်ဘယ်ပြေမလဲနော်"

မြပယင်း အသံလေးက တစ်ခွန်းထက်တစ်ခွန်း တိမ်တိမ်ဝင်လာလျှင် ဦးစစ်အေး ရင်ထဲ နေလို့မရတော့။ မချိတရိ ခံစားလာရသည်။

ကလေးမက ဝမ်းနည်းပူဆွေးနေပြီလေ။ မြပယင်းကို ဝမ်းနည်းပူဆွေးနေတာ ငိုကြွေးနေတာ စိတ်ညစ်နေတာ အဆင်မပြေနေတာတွေ လုံးဝ သူ မမြင် မတွေ့လိုပါ။

မြပယင်း မျက်နှာလေး ကြည်လင်ဝင်းပနေတာကိုသာ မြင်ချင်သည်။

"ဆိုက်ကား မရဘူး ဆိုတာက ဘာဖြစ်လို့လဲဗျ"

"ဒီကောင် အုံနာကြေးမမှန်လို့ ဖြစ်မှာပေါ့ သူဌေးရယ်၊ အိမ်ပေးရမှာနဲ့ သူသောက်ရမှာနဲ့၊ အုံနာကြေး ချန်နေရင် ကြာတော့ ဘယ်ပေးချင်မလဲ၊ အုံနာခ မှန်မှန်သွင်းတဲ့လူစဲ ပေးလိုက်မှာပေါ့၊ ဒီတော့ သူ နင်းစရာဆိုက်ကား လွတ်သွားရောပေါ့"

"ဆိုက်ကားပိုင်လေး ဘာလေး ရှိရင်တော့ အဆင်ပြေနိုင်တာပေါ့၊ ဟုတ်လား"

"ဟာ ... ဘယ်လိုပြောလိုက်တာလဲ သူဌေးရာ၊ အုံနာတောင် အတော်ရှုန်းကန်နေရပါတယ်ဆိုမှ အုံနာဖြစ်ဖို့က





ဘယ်လိုလုပ် လက်လှမ်းမီမှာလဲ၊ ဆိုက်ကားတစ်စီးတန်ဖိုးကလည်း နည်းတာမှ မဟုတ်ဘဲ၊ ကျုပ်နဲ့ အဝေးကြီး"

"ကျွန်တော် ဆိုက်ကားတစ်စီးလောက် ထူထောင်ပေးလိုက်ရင်များ ခင်ဗျား အဆင်ပြေမလား"

"ဗျာ"

စကားဝိုင်းလေးပင် အံ့အားတသင့် တိတ်ဆိတ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ဟဲလို"

တစ်ဖက်က ကြားရတဲ့ ဦးစစ်အေးရဲ့ "ဒီကောင်မလေးတော့ ခက်နေပြီ"ဆိုတဲ့ အစိပ္ပာယ်သက်ရောက်နေတဲ့ ထူးသံကိုကြားလျှင် မြပယင်းက တဟက်ဟက်လေး ရယ်မောလိုက်မိသည်။

"ရယ်မနေနဲ့၊ ကဲ … ပြော"

"ဦး …၊ ခုနက ကျွန်မ ပို့လိုက်တဲ့ မက်ဆေ့ချ်ရလား"

"ရတယ်"

"ဟင် … ဟုတ်လို့လား၊ ဒါဖြင့် ကျွန်မ ဘာရေးထားလဲ ပြောပြ"

ဦးစစ်အေးက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ကလေးမလေးရယ် … မင်းအရွယ်နဲ့ လိုက်ဖက်ညီအောင် ကိုယ်





ကပါ လိုက်ကလေးကလားဆန်ဖို့ကျတော့လည်း ကလက်တက်တက် နိုင်လှပါတယ်။ ခက်ပါလားကွယ်။ မင်း အဲသလိုလေး မူနွဲ့နွဲ့ ရယ်မောနေတော့လည်း ကိုယ်လည်း ရင်ထဲဝဲဖျပ်ဖျပ် ကြည်နူးနေမိတာပါပဲ။

ကြာရင်တော့ ခက်တော့မှာပါပဲလား။

"ပြောလေ"

"အင်း … ညည်းနဲ့တော့ ခက်နေပြီ၊ ဖုန်းတစ်လုံးဝယ်ပေးလိုက်တာ မျောက်လက်ထဲ အုန်းသီးပေးသလို ဖြစ်နေပြီ။ ဟိုတစ်နေ့ကလို မိုးတွေရွာ၊ ရေတွေလျှံ၊ ကားကပျက်၊ ကျူရှင်ဆီမရောက်၊ စိတ်ပူရ ဖြစ်ရတာက ကျုပ်ကိုနှလုံးရောဂါရအောင် လုပ်သလို ဖြစ်နေလို့ ကိုယ့်ကျန်းမာရေးကိုယ်ကြည့်ပြီး ညည်းကို ဖုန်းဝယ်ပေးတာ၊ နော် …၊ အလုပ်လုပ်နေတဲ့ လူကြီးကို ဆော့ဖို့ ရှုပ်ဖို့ ဖြစ်နေပြီ"

ဟိုးအရင်က ဆိုရင်တော့ ဒီလောက်ပြောရင် ဆူတာလား၊ ဦးမကြိုက်လို့လားလို့ အလန့်တကြား ဝမ်းနည်းဦးမှာပင်။ အခုတော့ မဟုတ်။ ဦးစစ်အေး ဆိုတဲ့ လူကြီးမင်းရဲ့ခန္ဓာကိုယ်ထဲမှာ မြပယင်းကို စိတ်ဆိုးဒေါသဖြစ်ဖို့ ဘယ်လိုအစိတ်အပိုင်း တစ်စုံတစ်ရာမှ ပါမလာဘူးဆိုတာ မြပယင်းက ကောင်းကောင်းသိနေပြီ။ ဦးစစ်အေးဟာ သူမအပေါ် ဘယ်လောက်ထိ နေရာတစ်နေရာ သတ်မှတ်ပေးထားတယ်ကိုလည်း နားလည်နေပြီပင်။



www.burmeseclassic.com

www.burmeseclassic.com



"အဟဲဟဲ ... ဦးကလည်း၊ ပြောပါဦးရဲ့၊ ခုနကလေ သူငယ်ချင်းဖုန်းဆီ မက်ဆေ့ချ်ပို့ကြည့်တာ သူ့ဆီက ပြန်မလာလို့ ဖုန်းဆက်မေးကြည့်တော့ မရောက်လာဖူးတဲ့"

"အင်း ... ဆေ့ဖို့ကို ဖြစ်နေတာပဲ"

"စမ်းကြည့်နေတာပါ ဦးရဲ့၊ ဦးဆီ ဘာမက်ဆေ့ချ်ရောက်လဲ ပြော"

"ကဲ ... ကဲ ... ကြည့်လိုက်ဦးမယ်၊ အဲ ... ဦးတဲ့ ... Are you busy now? တဲ့၊ Treat me ice cream this evening pls ... တဲ့၊ Hee ... Hee တဲ့ ... ဒါပဲ"

"ဟား ဟား ... ဒါဆို တကယ်ရောက်တာပေါ့နော်ဦး"

"ဟဲ့ကောင်မလေး ... ပယင်း၊ ဖုန်းတစ်လုံးနဲ့ ဆော့နေတာ သားမှာ သူများတွေတွေ့မှာ မရှက်ဘူးလားဟင်၊ သူများတွေ ဖုန်းကို သုံးဖူးလွန်းလို့ ဖွတ်ဖွတ်ကျေနေပြီ၊ ပယင်းက ခုမှ အထူးအဆန်း လုပ်နေတယ်လို့ ထင်နေဦးမယ်"

"ထင်ထင်ပေါ့၊ ကျွန်မက ခုမှကိုင်ဖူးတာ အထူးအဆန်းပဲပေါ့၊ သူများတွေလည်း သူတို့ကိုင်ကာစက ဒီလိုပဲနေခဲ့မှာပေါ့၊ ဟိုစမ်း ဒီစမ်းနဲ့၊ ခုမှ သုံးဖူးတာ ကြာပါပြီ၊ ဝါရင့်ပါတယ်ဆိုတဲ့ပုံ ဖမ်းနိုင်တာပေါ့၊ အနားမှာလည်း သစ္စာတစ်ယောက်ပဲ ရှိတယ် ဦးရဲ့"

"စာမသင်သေးဘူးလား"





"ဆရာမက ကိစ္စရှိလို့ တစ်နာရီနောက်ဆုတ်တာ၊ ကျွန်မရော သစ္စာရော အဆက်သွယ်မရလိုက်လို့ စောရောက်နေတာ ဦးရဲ့၊ အခု ကျူရှင်အိမ်နားက မြီးရှည်ဆိုင်မှာ ထိုင်နေတာ၊ အလကားထိုင်စောင့်နေရတုန်း ဦးဆီကို စမ်းသပ်ကြည့်နေတာလေ"

"စမ်းသပ်လို့ ပြီးပြီလား"

"ဟုတ်ကဲ့ပါ ဦးရဲ့၊ ညနေကျ ice cream ဝယ်ကျွေးမှာလားဟင် ဦး"

"ဘယ်မှာ ကျွေးရမှာလဲ"

"အောက်က စိန်ဂေဟာမှာလည်း ရောင်းပါတယ်၊ ဘဲဥပုံ ဘူးကြီးတွေလေ Magnolia တံဆိပ်လေ ဦး၊ အဲဒါ စားချင်တာ"

"ဒါများ အောက်ဆင်းဝယ်စားလိုက်ပါလား ပယင်းရယ်"

"ဟင် ...၊ ဦး ဝယ်လာပြီးကျွေးတော့ ဦးကိုလည်းတွေ့ရမယ်လေ"

"အင်း ... ကဲ ... ကဲ၊ ငချွဲမ ice cream စားချင်တဲ့အသံက ချိုနေတာပဲ၊ ကဲ ... ညနေဝင်ဝယ်ပြီး တက်ခဲ့မယ်"

"ဟုတ်ကဲ့၊ ဒါပဲနော် ဦး"

ဖုန်းပိတ်လိုက်တဲ့ မြပယင်းကို သစ္စာက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နွားကလေးလိုက်တာ၊ ပီလောပင် ပက်ကျိတက်နေတဲ့ အတိုင်းပဲ"

"အဟဲဟဲ ... ဦးနဲ့ စကားပြောရင် အသံက သူ့အလိုလို အဲလို ဖြစ်သွားတာဟ"

"လုပ်မနေနဲ့ မိန်းမ၊ နင် အဲဒီ ဦးစစ်အေးကြီးကို ကြိုက်နေတယ်၊ ငါ သိတယ်"

"မယ်သစွာနော်"

"ဘာလဲ ... ထပ်ပြောပါဦးလို့ ပြောမလို့လား၊ ပယင်းရယ် ငါ တစ်ခုပြောမယ်နော်၊ နင့်ကိုချစ်လို့"

"ပြော"

"နင့်မှာ လိုက်တဲ့လူတွေ ဒီလောက် ဝိုင်းဝိုင်းလည်နေတာ၊ ဟိုးနည်းပညာက ကောင်တွေ လာကြိုက်ရ၊ ရေကြောင်းက ကောင်တွေ ယူနီဖောင်းတကားကားနဲ့ လာကြည့်ကြ၊ ဆေးကဆိုလည်း လမ်းမတော်ကျောင်းက အစ်ကိုကြီးတွေ ထဲကလည်း နင့်ကိုလိုက်တဲ့သူ ရှိတယ်၊ ဘယ်သူမှန်း ဘယ်ကမှန်း မသိတဲ့ ဟို ... ဂျစ်ကားကိုယ်တော်တို့လိုဟာ တွေလည်း ရှိတယ်၊ ဒီလောက်ပေါများ လျှံပယ်နေတာတွေ ကို ဂရုမစိုက်ဘဲ ဒီဦးစစ်အေးကြီးပဲ နင့်မှာ ချွဲလို့ နွဲ့လို့ မပြီးဘူး"

"သိစွာရယ် ... နင်, မသိလို့ပါ၊ ဦးက ငါ့ဘဝမှာအရေး အပါဆုံးလူဟ"





"အရေးပါတာက ပါတာပေါ့၊ ဒါပေမဲ့ နင် ချစ်နေတယ်ပို ငါထင်တယ်"

"........"

မြပယင်း နှုတ်ဆိတ်သွားရပါသည်။ ကိုယ့်ကိုယ် ကိုယ် လိမ်လည်ပြီး ကြားကောင်းအောင် လိမ်ပြောမနေတော့ပါ ဘူး။ ဒါပေမဲ့ အမှန်အတိုင်းကိုလည်း ဖွင့်ဟမပြောရဲပါဘူး။ အသက်အရွယ်ချင်းကလည်း ဒီလောက်ကွာခြားတဲ့အပြင် ဘယ်လို ခံစားချက်ဆန်းဆန်းပြားပြားမှ မရှိဘဲ၊ သန့်ရှင်းရိုးသားစွာ ပတ် သက်ခဲ့တုန်းကတောင် အမနာပ သွားပုပ်လေလွင့် ပြောကြတာကို အကြီးအကျယ် ခံစားခဲ့ရတာမို့ ခုချိန်မှာ ဒီအဖြစ်ကို ဝန်ခံရဲဖို့ ကြောက်ပါသည်။

ဒါပေမဲ့ အဲဒီလိုချည်းသာ သတ္တိတွေနည်းနေကြရင် ကော ကောင်းပါရဲ့လား ဦးရယ်။ တစ်ခါတစ်ခါ စဉ်းစားကြည့်မိ တာများ လူဆိုတာ ဘယ်သူ့အတွက် အသက်ရှင်နေရသလဲလို့ ပင်။

ပတ်ဝန်းကျင်အတွက်ချည်းပဲ မဟုတ်တာတော့ သေ ချာပါသည်။ ပတ်ဝန်းကျင်က ပြောမှာ ဆိုမှာ ဝေဖန်မှာကိုချည်း ငဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ချုပ်နှောင်ပြီး နေကြဖို့အတွက် ကိုယ့်မှာ တာဝန်ရှိပါသလား။

အဲဒီအတွက် ဘယ်သူက ကောင်းကျိုးရှိသလဲ၊ မကောင်းမှုကိစ္စ ဘုရားမကြိုက် နတ်မကြိုက် ကိစ္စမျိုး ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်၍လည်း ဒီလောက်ကြီးတော့ တွန့်ဆုတ်ဖို့အကြောင်း မရှိဘူး ထင်တာပင်။

မြပယင်းကတော့ လူငယ်လည်းလူငယ်၊ မကြာသေးခင်ကမှ ဆယ်တန်းကို ဂုဏ်ထူးငါးလုံးနှင့်အောင်ပြီး ဆေးတက္ကသိုလ်ဝင်ခဲ့တယ်ဆိုတဲ့ အဖြစ်အပျက်ကလည်း ကိုယ့်ယုံကြည်ချက်ကို မြှင့်တင်၍ မာန်လေးတစ်မျိုးကိုလည်း မွေးဖွားစေသည်။ ထို့အတွက် ဘေးဝန်းကျင်ကို သိပ်ဂရုမစိုက်ချင်လှတော့တဲ့ စိတ်တွေက ရင်ထဲ နေရာယူလာစ ပြုနေတာပါ။

ဒါပေမဲ့ အဓိက,ကတော့ ဦးပေါ့။ ဦးမှမပေးရင်, ဒီနေရာကို မြပယင်းက ဘယ်လိုများ ယူလို့ရနိုင်မှာလဲ။

"ငါဆိုရင်တော့ဟာ အဲသလောက် အသက်ကွာတဲ့ လူတစ်ယောက်ကို ခံစားလို့မရပါဘူး"

သစ္စာက နှာခေါင်းလေးရှုံ့ကာ ပြောသည်။ မြပယင်းအဖို့ကတော့ အဲဒီအသက်ကွာတာကပဲ တနည်းတဖုံ နှလုံးသားကို လွှမ်းမိုးတာပင်။ ကျန်တဲ့အချက်တွေလည်း အများကြီး။ ဦးမှမ စောင့်ရှောက်ခဲ့ရင် မြပယင်းဟာ ဒီလိုတောင် ဖြစ်မနေပါဘူး။ ခုထိလည်း မြပယင်းသာမက မြပယင်းနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ သူတွေအထိပါ ဦးစစ်အေးရဲ့မေတ္တာ စေတနာတွေ ကျရောက်နေတာလေ။

အဖေလည်း ကိုယ်ပိုင်တဲ့ဆိုက်ကားနှင့် ဟုတ်နေတော့တာလေ။ အံ့နာဖြစ်လာတော့လည်း အံ့နာစိတ်ပေါက်လာကာ





ဝင်ငွေလေးလည်း မြိုးမြိုးမြက်မြက် ရှိလာတော့ အဖေက အလုပ်တောင် ပိုကြိုးစားလာသတဲ့။ ဘယ်တုန်းကမှ မမြင်ဖူးတဲ့ အမေ့မိန်းမဟာ ရှည်ရှည်ဝေးဝေးတွေ မသိဘဲ သမီးဖြစ်သူက ဆိုက်ကားတစ်စီး ဝယ်ထောင်ပေးတယ်ဟုပဲ အကြမ်းဖျင်းသိကာ မြပယင်းကို ကျေးဇူးရှင်မတစ်ယောက်လို သဘောထားနေတော့တာ။

တခေးတလှံကနေ သူ တတ်နိုင်သလောက် ငပြာရည်ချက်လေး၊ ပဲပုပ်ချက်လေး၊ သစ်တိုသီးငါးပိချက်လေး စသဖြင့် ဟင်းကလေးတစ်ခွက်ကို တကူးတကတောင် လာလာပို့တတ်ရှာပါသည်။

"ရွယ်တူတန်းတူထဲမှာလည်း ခံစားလို့ ရနိုင်စရာတွေမှ ပုံလို့ပဲဟာ"

"ဟင့်အင်း"

"ဘာဟင့်အ..းလဲ"

"ငါ ရည်းစားမထားဘူး၊ ဘယ်ယောက်ျားကိုမှ မယူဘူး"

"ဦးကလွဲရင်လား"

"........."

စိတ်ထဲကတော့ "ဟုတ်တယ်"လို့ ကျိတ်ဖြေလိုက်ပါသေးသည်။

"ဟဲ့ ... ဟောဟိုမှာ ပြောရင်းဆိုရင်း ဂျစ်ကားကိုယ်တော်လာပြီ"

"ဟား ... အဲဒီတစ်ယောက်ကလည်း၊ သူများထက်ကိုဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ၊ နေရာတိုင်းမှာ သူပဲ၊ အခု ဒီကျူရှင်လည်း သိသွားရပြန်ပြီ"

"ငါတို့ အချိန်နောက်ဆုတ်သွားတာ မသိတော့ သူက ဆင်းမယ့်အချိန် မတိုင်ခင် မှန်းပြီးလာတာ ထင်တယ်၊ လာနေပြီ၊ စိတ်ရှုပ်တယ်"

"အေးအေးဆေးဆေး စကားပြောပေါ့၊ ကလေးကြီးလို ထထွက်သွားတာတွေ ဆောင့်အောင့်တာတွေ မလုပ်နဲ့၊ အောက်တယ်၊ မကြိုက်ရင်လည်း အေးဆေးပြောပေါ့ဟဲ့"

ဘွဲ့နာမည်ကိုတော့ ကျော်စွာဆွေ ဆိုတာ သူကစ် လိုက်ရုံး ပြောပြထားလို့ သိထားရပြီးပါပြီ။ ကျော်စွာဆွေက ခပ်ရဲရဲတင်းတင်းပင် မြပယင်းတို့စားပွဲကို ဝင်ထိုင်ရင်း ...

"ပယင်း ... ကျူရှင်မတက်ဘူးလား"

ပယင်းက မဖြေဘဲနေပြီးမှ ကိုယ့်ပုံစံက မပြည့်မဝ ကလေးကလား ဖြစ်နေမည်စိုး၍ ခေါင်းယမ်းပြလိုက်ပါသည်။ သစ္စာကဝင်ကာ ...

"တစ်နာရီနောက်ရွှေ့လိုက်တာ မသိလို့ စောရောက်လာတာ၊ ခဏနေရင် သွားတက်ရတော့မယ်"

"သြော် ...၊ ကျွန်တော်က ဆင်းချိန်မီအောင်လာတာ၊ ခုတော့ အများကြီး လိုသေးတာပေါ့၊ ကိစ္စမရှိဘူး၊ စောင့်နေလိုက်မယ်"

ပယင်းက စိတ်မရှည်တဲ့ဟန်နှင့် ...





"နေပါဦး၊ စောင့်ပြီး ဘာလုပ်မှာမို့လဲ"

"ဘာမှမလုပ်ပါဘူး၊ ကျွန်တော့်ဘာသာ စောင့်ချင်လို့ပါ ပယင်းရဲ့"

"စောင့်လည်း ဘာမှမထူးဘူး"

"မထူးလည်း ရပါတယ်၊ ပယင်းလို ရိုးရိုးအေးအေး မိန်းကလေးတစ်ယောက်ရဲ့ ခင်မင်ရင်းနှီးမှု တုံ့ပြန်မှုကို ဒီလောက်မြန်မြန် မရနိုင်ဘူးဆိုတာ သိပါတယ်၊ ကျွန်တော်ကလည်း အလျင်စလို အလောတကြီး မဟုတ်ပါဘူး၊ တစ်နေ့တော့ ထူးလာမှာပါ"

"မထူးဘူး၊ ရှင့်ကို အချိန်ပုပ်မှာစိုးလို့ ပြောထားမယ်၊ ကျွန်မက ယောကျ်ားလေးတွေကို စိတ်မဝင်စားဘူး၊ ရှင့်ကိုလည်း စိတ်မဝင်စားဘူး"

"အဟင်း ဟင်း ... ပယင်းက စိတ်မဝင်စားပေမယ့် ကျွန်တော်က ပယင်းကို စိတ်ဝင်စားတယ်လေ၊ ပယင်းကို ကျွန်တော် ချစ်တာကိုး"

"ရှင်နော် ... ဘာလို့ ထပ်ပြောနေတာလဲ"

မြပယင်းပုံစံက ရေ့ကပစ္စည်းတစ်ခုခုနှင့်ပင် ကောက်ထုပစ်ချင်သလိုလိုပုံစံ ဖြစ်လာ၍ ကျော်စွာဆွေက တသိမ့်သိမ့် သဘောတကျ ရယ်မောနေပါသည်။ မြပယင်းသည် ကျော်စွာဆွေ့ ကိုကြည့်လိုက်တာနှင့် ဘာကြောင့်မှန်း မသိဘဲ ကိုယ့်ကိုမရိုးမသား ဒုက္ခပေးမယ့် လူလည်တစ်ယောက်လို့ပဲ ထင်မြင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ... ပယင်းက ရယ်ရတယ်၊ ချစ်ဖို့ကောင်းတယ်၊ ရိုးရိုးသားသား အေးအေးချမ်းချမ်းလေး၊ ကျွန်တော်ကြားဖူးထားတဲ့ သတင်းတွေနဲ့ တခြားစီပဲ"

မြပယင်းသည် ခေါင်းကို တွန့်ဒုန်းခနဲ ထုလိုက်တာခံရသလို ကြယ်တွေ လတွေတောင် လင်းလက်သွားသလား ထင်ရအောင် ထူပူသွားပါသည်။ မျက်နှာလည်း အကြီးအကျယ်ပျက်သွားရကာ ကျော်စွာဆွေကို စေ့စေ့ကြည့်ရင်း ...

"ရှင် ဘာပြောလိုက်တာလဲ"

"ဗျာ ... ကျွန်တော် ဘာပြောလို့လဲ၊ ပယင်းက ကျွန်တော်ကြားဖူးသလိုနဲ့ တခြားစီပဲလို့ ပြောတာပါ"

သစ္စာက တအံ့တသြနှင့် ...

"ရှင်က ဘာတွေကြားဖူးလို့လဲ"

ကျော်စွာဆွေက ပျက်ယွင်း နီမြန်းနေတဲ့ ပယင်းမျက်နှာလေးကို စိုက်ကြည့်ရင်း ...

"ဒီလိုပါပဲ၊ လူတွေဆိုတာ မနာလိုတဲ့သူကိုဆိုရင် မဟုတ်ကဟုတ်က သွားပုပ်လေလွင့် ပြောတတ်ကြတာပဲ၊ ပယင်းကလှတယ်လေ၊ ပြီးတော့ သာမန်အနေအထားကနေ သူဌေးကြီးတစ်ယောက်ရဲ့ မွေးစားစောင့်ရှောက်မှုကို ခံရတယ်၊ မနာလိုတတ်တဲ့ သူတွေအတွက် မနာလိုချင်စရာကြီးပေါ့၊ ဒါကြောင့် လူတွေက ပေါက်ကရတွေ ပြောဆိုကြတာပေါ့မှာ"





သူ တကယ် သိတာပါလား။ ပယင်းသည် ချက်ချင်းပဲ မလုံခြုံသလို ခံစားလာရပါသည်။ သစ္စာကတော့ ဘာတွေပါလိမ့်ဟု စိတ်ဝင်တစား အံ့သြနေပုံပင်။

"အဲဒီသတင်းတွေ ကြားရင်းက ကျွန်တော်က ပယင်းကို စိတ်ဝင်စားလာတာ၊ အဲဒီကောင်မလေး ဆေးကျောင်းတက်နေတယ်ဆိုလို့ လာကြည့်တာ၊ လာကြည့်တော့ ကြားရတဲ့ သတင်းတွေ မဟုတ်ဘဲ ချစ်စရာ သနားစရာ ရိုးရိုးအေးအေး မလေးပါလားဆိုတာ မြင်ရ သိရပြီး အပြောဆိုခံရတာတွေကို သနားပြီး ချစ်သွားမိတာပါ"

မြပယင်းက အံလေး မသိမသာကြိတ်မိရင်း ...

"ရှင်က ဘယ်သူနဲ့ ပတ်သက်နေလဲ"

"ဘယ်သူနဲ့မှ မပတ်သက်ပါဘူး"

"ကျွန်မသတင်းတွေ ဘယ်သူ့ဆီက ကြားရတာလဲ"

"ဒီလိုပဲ ... ဟိုက ဒီက ကြားတာပါပဲ"

"ဟိုကကြား၊ ဒီကကြား ဆိုတော့ ရှင်ပြောတဲ့အတိုင်းဆိုရင် ကျွန်မသတင်းတွေက မြန်မာတစ်ပြည်လုံး နေရာအနှံ့ပျံ့နေပြီဆိုတဲ့ သဘောပေါ့၊ ဟုတ်လား"

ကျော်စွာဆွေက ပခုံးတွန့်ရင်း ...

"ကျွန်တော်က ပယင်းဘက်ကလူပါ ပယင်း၊ မြန်မာတစ်ပြည်လုံး ပျံ့မပျံ့တော့ ကျွန်တော်လည်း မသိဘူးလေ၊ ကျွန်တော်တော့ ကြားဖူးခဲ့ပါတယ်၊ ဒါပေမဲ့ ဒီလိုကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဒီအတိုင်း မှန်တယ်လို့ မဆုံးဖြတ်ပါဘူး၊ တစ်ခုတော့ ရှိတယ်ဗျ၊ ပယင်းကိုလိုက်တဲ့သူ ဒီလောက်ဝိုင်းဝိုင်းလည် နေတဲ့ကြားထဲက ဘယ်သူတစ်ယောက်ကိုမှ လှည့်တောင်မ ကြည့်ဘူး၊ မုတ်ခါထုတ်ပစ်တယ်ဆိုတဲ့ အပြုအမူကြောင့် တော ဒီသတင်း မှန်တယ်ထင်ကြတဲ့သူတွေ ရှိတာ အမှန် ပဲ၊ ပယင်းမှာ ရည်းစားထားခွင့် မရှိဘူး ဆိုပြီးတော့ပေါ့"

"ရည်းစားထားခွင့် မရှိဘူး ဟုတ်လား ... ! ဟုတ်လား ပယင်း"

သစ္စာက တအံ့တသြ မေးသည်။ ပယင်း နေပုံထိုင်ပုံ က ဒီစကား မှန်ချင်တောင် မှန်နေနိုင်တာကိုး။ ပြီးတော့ ဆေး ကျောင်းသူပီပီ ဘရိန်းမနိမ့်လှတဲ့သူဖြစ်ရာ ...

"ဦးနဲ့ပတ်သက်နေတဲ့ သတင်းပေါ့ ... ဟုတ်လား"

ဒက်ခနဲ့ ကောက်ချက် ဆွဲချလိုက်ပါသည်။

"ကိုကျော်စွာဆွေ သိနေတာတွေကို ငါတောင် မသိပါလား"

မြပယင်းက ရုတ်တရက် ထရပ်လိုက်ရင်း ...

"ငါ သွားတော့မယ်"

"ဟဲ့ ... ပယင်း"

ဆတ်ခနဲ ချက်ချင်းထွက်သွားတဲ့ ပယင်းကြောင့် သစ္စာမှာ စားပွဲထိုးခေါ်ကာ ပိုက်ဆံတွက်ခိုင်း ပိုက်ဆံရှင်း စသဖြင့် လုပ်ရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့ရပါသည်။

"ရှင်က ပယင်းအကြောင်းတွေ သိတယ်ပေါ့၊ ဟုတ်လား"





"ယပင်းအကြောင်းတွေလို့ ကျွန်တော် မပြောပါဘူး၊ လူ တွေ အမနာပ ပြောနေကြတဲ့ ပယင်းအကြောင်းပါ"

"ရှင်က ဘယ်ကသိတာလဲ"

"ကျွန်တော့်သူငယ်ချင်းဆီကပါ"

"ဒါများ ရှင်က ဟိုကဒီကဆိုတော့ ပယင်းက လူတွေအများ ကြီး သိကြတယ်လို့ ထင်သွားပုံပဲ၊ သူငယ်ချင်းဆီကလို့ ပြောလိုက်ရင် ပြီးရော"

"သူငယ်ချင်းက ဘယ်သူလဲ ဆိုရင် မပြောနိုင်ဘူးဗျ၊ ဒါကြောင့်ပါ"

"ကျွန်မတော့ မသိပေမယ့် မှန်းနိုင်ပါတယ်၊ ဦးစစ်အေးက ပယင်းကို ရည်းစားမထားရဘူး ဘာဘူး ညာဘူးနဲ့ သူက ပဲ လွှမ်းမိုးချုပ်ကိုင်ထားတယ်ဆိုတဲ့ သဘောမျိုးပဲ ဖြစ်မှာ ပေါ့၊ အဲဒီသတင်းဆိုရင်တော့ မှားနေပြီ၊ သူ့ဦးက သူ့ကို ကြိုက်တဲ့သူတွေ့ရင် ခေါ်လာပြဖို့ မှာထားတာ၊ သူ့ကိုယ်၌ က ဘယ်သူ့ကိုမှ မကြိုက်တာ"

"ကျွန်တော်လည်း အဲဒီလို ထင်ပါတယ်၊ ဦးစစ်အေးက တခြားနာမည်ပျက်လည်း မရှိဘူး၊ သူ့မိန်းမနဲ့ကွဲရတဲ့ကိစ္စ မှာလည်း သူ့မိန်းမကမှ တခြားမှာ နာမည်ပျက်တွေနဲ့"

"ဟင် ... ရှင်က ဒါတွေ ဘာဖြစ်လို့ စုံစမ်းထားတာလဲ"

"ကျွန်တော်က ပယင်းကို သဘောကျတာလေ၊ ကိုယ်ချစ် တဲ့ မိန်းကလေးတစ်ယောက်ကို အပျော်သဘော ပေါ်တား



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဆသဘောထားတာမှ မဟုတ်တာ၊ တစ်သက်တာရည် ရှယ်ရင် နောက်ကြောင်းတွေပါ စုံစမ်းထားသင့်တာပေါ့"

သစ္စာက မတ်တတ်ထရပ်ရင်းက လက်ဖျောက်တစ်ချက်တီးလိုက်ရင်း ...

"ကြိုက်သွားပြီ"

"အဟင်း ဟင်း"

"ဘာသတင်းတွေပဲကြားကြား စုံမှိတ်မယုံဘဲ ဖြစ်နိုင် မဖြစ်နိုင် သေသေချာချာ ဝေဖန်စိစစ်ပြီး ကိုယ်ပိုင်မှတ်ချက်ဆုံးဖြတ်ချက်ရှိတဲ့ ရှင့်ရဲ့ယောကျ်ားပီသမှုကို ဂုဏ်ပြုသောအားဖြင့် ကျွန်မသူငယ်ချင်းနဲ့ သဘောတူပေးမယ်၊ ဝိုင်းကူနှားချပေးမယ် ... သိလား"

❥ ◇ ❥





## (၁၂)

"မင်းတို့ ဒီည ဘယ်မှာအိပ်ကြမှာလဲ"

"ဒီမှာအိပ်မှာပေါ့ဗျ၊ ကိုယ့်အဖေအိမ်ပဲဟာ၊ ဘာလဲ ... ကျွန်တော်တို့ ဒီမှာအိပ်လို့ မရဘူးလား"

"ရော ... ခက်နေပါပြီ၊ ဒက်ဒီလည်း ဘာမှမပြောရသေးပါလား သားရယ်"

"ဟိုအိမ်မှာ မာမီလည်း ရှိမှမရှိတာ၊ မာမီက စင်ကာပူအလည်ထွက်နေတာဟာကို"

"မာမီမရှိပေမယ့် မင်းတို့အဘွားဆီများ သွားတွေ့ဦးမလားလို့ပါ"

"သွားတော့တွေ့မှာပေါ့၊ နောက်မှ ဖြည်းဖြည်းပေါ့ ဒက်ဒီရ"

သားနှစ်ကောင်ဟာ သူတို့ရဲ့ကျောင်းပိတ်ရက် နှစ်ပတ်မှာ ကြိုအကြောင်းမကြား ဘာမကြား ရောက်ချလာကြတာဖြစ်သည်။ လေဆိပ်ရောက်မှ ဖုန်းဆက်ပြီး ကားခေါ်ကြတာပင်။



www.burmeseclassic.com

"တကယ်တော့ မာမီကလည်း မကောင်းပေမယ့် ခုလို
ချင်ရာလူနဲ့တွဲပြီး နိုင်ငံခြားထိတောင် ပေါ်တင်တွဲသွားရဲ
အထိ လုပ်ရဲဖို့ အခွင့်အရေးရတာကတော့ ဒက်ဒီ မာမီ
ကွဲရှင်းလိုက်လို့ပဲ၊ ကွဲလိုက်တော့ ဘာကိုမှ ဂရုစိုက်ဖို့မ
တော့ဘူး ဖြစ်သွားတာပေါ့"

ဦးစစ်အေးက စစ်ညီညီ စကားကိုပြုံးရင်း ...

"ဒက်ဒီနှစ်ပေါင်းများစွာ သည်းညည်းခံပေါင်းခဲ့တာပါ သာ
ဓနီးအပေါ် ခွင့်လွှတ်နိုင်မှုကို ကြည့်လိုက်ရင် ဘယ်ယောကျ်
မှ ဒက်ဒီ့ကို မယှဉ်နိုင်ပါဘူး၊ မင်းတို့တောင် အားလုံးမသိ
ပါဘူး"

"အဲဒါ ခွင့်လွှတ်တာ မဟုတ်ပါဘူး ဒက်ဒီ"

"ဘာလဲ"

"ဥပေက္ခာပြုတာပါ၊ ကျွန်တော် စဉ်းစားကြည့်ပြီးပါပြီ
ဒက်ဒီ စိတ်မဝင်စားလို့ ဂရုမစိုက်လို့ ဒီလိုလေး နေနိုင်ခဲ့
တာပါ"

ဦးစစ်အေး မငြင်းပါ။ ဟုတ်နေတာပဲဟာ။ သူသာ
မဝင်နီကို ချစ်စိတ်လေး လက်တစ်ဆစ်ရှိလျှင် ဒီလိုကိစ္စကို ဘယ်
သည်းခံခွင့်လွှတ်နိုင်မှာလဲ။ သားတွေနှင့် သူ့အခန်းဝရန်တာလေး
မှာ ထွက်ထိုင်နေရင်းက ဦးစစ်အေးက နာရီတစ်ချက်ကြည့်သည်။
ဒီကောင်တွေ ရောက်လာ၍ သူလည်း ရုံးကစောထွက်ပြန်လာခဲ့
သည်။



"ဒက်ဒီ ဘာလို့ နာရီကြည့်နေတာလဲ"

"သြော် ... အင်း ... ကိစ္စလေးတစ်ခု ရှိလို့ပါ"

"ချိန်းထားတာလား"

"အင်း ... ဆိုပါတော့၊ ခုနက ဒက်ဒီက မင်းတို့ဘယ်မှာ
အိပ်မှာလဲ မေးတာက တကယ်လို့များ ဟိုမှာအိပ်ကြမှာ
ဆိုရင် ဒက်ဒီ အပြင်ထွက်ရင်း တစ်ခါတည်း ဝင်ပို့ပေးခဲ့
မလို့ပါ၊ အဲဒါကြောင့် မေးလိုက်တာ"

"ဒက်ဒီ ချိန်းထားတဲ့ဆီ ကျွန်တော်တို့လည်း လိုက်မယ်"

"ဟေ"

ဦးစစ်အေးက စစ်ကိုကို့ကိုကြည့်ကာ ဘာပြန်ပြော
ရမှန်းမသိအောင် ဖြစ်ရသည်။

"ညနေဘက် ချိန်းတယ်ဆိုတော့ မိတ်ဆွေတစ်ယောက်
ယောက်နဲ့ စားသောက်ဆိုင်ချိန်းတာပဲ ဖြစ်ရမယ်လို့ ထင်
လို့ပါ၊ ကျွန်တော်တို့ တခြားစားပွဲမှာ ထိုင်ဆိုရင်လည်း
ထိုင်ပါ့မယ်"

"အင်း ... ဒါပေမဲ့ မင်းတို့ လိုက်လို့မရဘူး သား"

"ဘာလို့လဲ ဒက်ဒီ"

ဦးစစ်အေးသည် သားတွေကို ခပ်ပြတ်ပြတ် ပြောမ
ထား လုပ်မထားလျှင် မဖြစ်ဟု နားလည်ကာ ...

"ဒက်ဒီက ခေါ်လိုစိတ် မရှိလို့ပဲ"

"ဒါဖြင့် ဒက်ဒီ ဟိုကောင်မလေးနဲ့ သွားမှာမဟုတ်လား"

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းတို့ကို ဒက်ဒီညာပြောစရာ အကြောင်း မရှိပါဘူး၊ မြပယင်းကို လာမယ် ကတိပေးထားပြီးသား ဖြစ်နေလို့"

"ညဘက်ကြီးချိန်းပြီး ဘာလုပ်မှာလဲ ဒက်ဒီ"

"ဒီည ကန်တော်ကြီးမှာ ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲရှိလို့ လိုက်ပို့ပေးမယ်လို့ ပြောထားပြီးသား ဖြစ်နေတာ"

သားနှစ်ယောက်စလုံး မျက်နှာတွေက စုပုပ်နေ သွားကာနီး သူ့မှာ စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ မျက်နှာ ပုပေမယ့် သူ ဖွတ်ပဲထကာ ရေမိုးချိုး အဝတ်အစားလဲရသည်။ ဦးစစ်အေး ရေချိုးခန်းထဲ ဝင်သွားတုန်း စစ်ကိုကိုနှင့် စစ်ညီညီတို့ အိမ်ဖုန်းနှင့် အလုပ်ရှုပ်နေကြပါသည်။

"ဟော့ကောင် ... ငါ့အမေနဲ့ မြပယင်း ခဏနေရင် ကန် တော်ကြီးကို လာလိမ့်မယ်၊ ပျော်ပွဲရွှင်ပွဲလို့ ပြောတယ်။ မင်းသွားပြီး ကြည့်ကျက်ပြီး ပြဿနာရှာလိုက်စမ်း ..ဟော ကောင်၊ အေးပါ။ မင်းနဲ့တွေ့မှာပေါ့၊ နက်ဖြန်မှတွေ့မယ် အေး ... ဒါပဲ"

အိမ်ကအထွက်မှာ သူ့ကို မကျေမနပ်ကြည့်ပြီး ကျန်ရစ်ခဲ့တဲ့ သားတွေကြောင့် ဦးစစ်အေး ရင်မောလှပါသည်။ ဒီသားတွေကို သူ ချစ်ပါသည်။ သူ့သွေးမစပ်ဘူးဆိုတာ မျှော် လင့်ဘဲ သိလိုက်ရတဲ့တိုင် ချစ်စိတ်မလျော့ပါ။ ဘာတွေ ဘယ်လို ဖြစ်ပါစေ သတ်မှတ်ချက်အရတော့ သူ့သားတွေသာပင်။ တကယ်





တမ်း အတွင်းကျကျမှာ ဦးစစ်အေးဟာ ခုချိန်မှာ တစ်ကောင်ကြွက် လိုလူ ဖြစ်နေတယ်ဆိုတာ ဒီကောင်တွေ မသိရှာ။

သူ့ဘဝမှာ ဘယ်တုန်းကမှ မရခဲ့ဖူးသေးတဲ့ အခွင့် အရေးတစ်ခုကို ရနိုင်စရာလမ်းကြောင်း သင့်နေပါလျက် အဲဒီ လမ်းပေါ် ရဲရဲမလျှောက်ဝံ့ခြင်းသည်လည်း ငရဲတစ်မျိုးပင်။ အချစ် တစ်ခုကို ဖွံ့ဖြိုးစည်ပင်ရှင်သန်မလာအောင် ကိုယ်တိုင် ဓားနဲ့ နပ်နပ်ခုတ်စင်း သတ်ဖြတ်ပစ်နေရတာကကော ဘာအတွက်လဲ။ ဂုဏ်သိက္ခာအတွက်လား၊ ပတ်ဝန်းကျင်အတွက်လား၊ သက်သက်မဲ့ အတ္တကြီးနေမိတာလား။

မြပယင်းကို သွားခေါ်တော့ ကားပေါ်တက်ကာ လိုက်ပါလာတဲ့ မြပယင်းက မှိုင်းမှုန်နေတဲ့ ဦးစစ်အေး မျက်နှာကို အရိပ်တကြည့်ကြည့်။ ကိုယ်က စ,ပူဆာမိတာဖြစ်ပြီး ဦးမှလိုလို လားလား ရှိရဲ့လားလို့ တွေးမိတဲ့အခါ ပယင်း စိတ်မကောင်း ဖြစ်မိရင်း ...

"ဦး နေကောင်းရဲ့လားဟင်"

"အင်း"

"ဦး အားရဲ့လားဟင်"

"အင်း ... အားပါတယ်၊ အားလို့ ပို့ပေးတာပေါ့၊ ဘာဖြစ် လို့လဲ"

"ဦးမျက်နှာမှာ တစ်ခုခု ဖြစ်နေသလို အရိပ်အယောင် ပေါ်လွင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ထူးထူးထွေထွေ မဖြစ်ပါဘူး။ ဒီနေ့ အမေရိကားက သားနှစ်ယောက် ရောက်လာတယ်လေ၊ သူတို့အကြောင်းတွေ ဒုနတာပါ"

"ဟင် ...! ဦးရဲ့သားတွေ ရောက်လာတယ်"

"ဟုတ်တယ်၊ ဒီကောင်တွေ ကြိုတောင်မပြောဘဲ ရုတ်တရက် ရောက်လာကြတာ၊ နှစ်ပတ် နေကြလိမ့်မယ်"

"ဟာ ... ဦးက ဖုန်းဆက်ပြောလိုက်ရောပေါ့။ ကန်တော်ကြီးကို မသွားရလည်း ကိစ္စမရှိပါဘူး၊ ကျွန်မက မရောက်ဖူးလို့၊ သစ္စာကပြောတော့ လူတွေစည်ပြီး ပျော်ဖို့ကောင်းတယ်ဆိုလို့သာ ဦးကို ပူဆာလိုက်တာပါ၊ ဦး ပြန်တွေ့လိုက်ပါလားဟင်၊ ဦးရဲ့သားတွေ ဒီနေ့မှရောက်တာ သူတို့နဲ့ မနေဘဲ ဒီလိုထွက်လာတော့ ကောင်းပါ့မလား"

"ရပါတယ်"

"ဦးရဲ့သားတွေ စိတ်ဆိုးနေပါဦးမယ်"

စိတ်ဆိုးတာတော့ အမှန်ပဲ ချာတိတ်မရေ။

"ဘာမှ စိတ်မပူပါနဲ့ သမီးရဲ့၊ သွားနေတဲ့ခရီးကို စိတ်ဖြောင့်ဖြောင့်နဲ့ ပျော်ပျော်လေးသွား၊ ကျန်တာမေ့ထား"

ဦးစစ်အေးက အဲသလို ပြောပေမယ့် မြပယင်းက စိတ်လွတ်လွတ်လပ်လပ်တော့ မပျော်နိုင်တော့ပါ။ ကန်တော်ကြီးထဲရောက်တော့လည်း ငိုင်တိုင်တိုင်လေးနှင့် ဦးရဲ့သားတွေ ဘာအတွက် တိတ်တိတ်လေး ရောက်လာကြတာလဲဆိုတာ တွေးနေမိ





သည်။ မျှော်စင်ကျွန်းက ဖရီးရှိုးဆီ လျှောက်လာပြီး နှစ်ယောက်သား တိတ်တိတ်ဆိတ်ဆိတ်ပင် တစ်နေရာရပ်ကာ ရှိုးပွဲကို ကြည့်နေမိပါသည်။

ဦးရဲ့သားတွေ ရောက်လာတယ်ဆိုတာနှင့်ပဲ ဘာကြောင့် ကြောက်သလိုလို ဖြစ်မိလဲ မပြောတတ်။ သူတို့တွေ မြပယင်းကို နည်းနည်းမှ သဘောကျကြမှာ မဟုတ်ဘူးဆိုတာကို သေချာနေတာကြောင့်လည်း ပါသည်။

"ရှတ် ... ရှတ်"

ကိုယ့်အတွေးနှင့် ကိုယ်ရှိနေဆဲ ဘေးတစ်ဖက်နားကို လူတစ်ယောက် လာရပ်တာ သိပေမယ့် အမှတ်တမဲ့ပင်။ သူ့ထံက တရှတ်ရှတ်အသံလေး ထွက်လာမှ အံ့သြပြီး ငဲ့ကြည့်လိုက်မိပါသည်။

သူ့ ရှတ်... ရှတ်ဟာ တေးဂီတသံတွေကြောင့် ဘေးဘီက ကြားရလောက်အောင်မကျယ်။ ဒါပေမဲ့ သူက နားနား မသိမသာလေး တိုးကပ်ကာ မြပယင်းကြားသာအောင် ခေါ်ခြင်းဖြစ်သည်။

"ဟင်"

"ရှိုးလာကြည့်လား"

ဖြီးပြီးမေးတဲ့ ကျော်စွာဆွေကို မြပယင်းက မျက်စောင်းရွယ်ရင်း ...

"ရှင်က ဘယ်က ရောက်လာရပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြိုက်မှ သက်သက်ပါ ... အဟင်း ဟင်း"

"ရှင် ... ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေရင် ကောင်းမယ်"

"ဒါနဲ့ ဘေးကဘူဒါးကြီးက ဦးစစ်အေး ဆိုတာလား"

"ရှင်နော်"

သူက နာမည်တောင် သိနေပါလား။

"မေးကြည့်တာလေ၊ မမေးရဘူးလား"

မြပယင်းရဲ့ လှုပ်လှုပ်ရွရွ ဒေါထနေတဲ့ပုံစံကို ဦးစစ်အေး သတိပြုမိသွားပါသည်။ မြပယင်းရဲ့ဟိုဘက်ကို အနည်းငယ် ကိုင်းကာ ကြည့်လိုက်တဲ့အတွက် ကျော်စွာဆွေက ဦးစစ်အေး သူ့ကိုမြင်သာအောင် ရှေ့နည်းနည်းထွက်လိုက်ပြီးလျှင် ဦးစစ်အေး ကို သိသိသာသာ ဦးညွှတ်နှုတ်ဆက်လိုက်ရင်း ...

"အန်ကယ် ...၊ ကျွန်တော်က ကျော်စွာဆွေပါ၊ မြပယင်း နဲ့ သူငယ်ချင်းဖြစ်ဖို့ ကြိုးစားနေတဲ့သူပါ"

"သြော် ... အေး"

ဦးစစ်အေးက အူကြောင်ကြောင် ရှေ့ရှုတ်မိကာ မြပယင်းရဲ့ စူပုပ်ပုပ်မျက်နှာကို အကဲခတ်လိုက်ပါသည်။ ဒီဂျစ်ကားနဲ့ သူငယ်လေးကို မြပယင်း အနားမှာ နှစ်ကြိမ်နှစ်ခါ မြင်ဖူးပြီးကတည်းက ဦးစစ်အေးက ဒီကောင်လေးရဲ့ကားနံပါတ်ကို လည်းမှတ်ကာ နောက်ကနေလည်း လိုက်ကြည့်ဖူးခြင်းအားဖြင့် ကောင်လေးအကြောင်းတွေကို စုံစမ်းထားပြီးပါပြီ။





ဒီကောင်လေး အဖေက နှလုံးခွဲစိတ်ဆရာဝန်တော် နာမည်ကြီး တစ်ယောက်ပေါ့။ ကောင်လေးရဲ့ အမေကတော့ "......"ဟိုတယ်ကြီးမှာ လက်မှုပစ္စည်းဆိုင် ဖွင့်ထားသည်။ ကောင်လေးက အပြင်မှာ ကွန်ပျူတာ IADCS သင်တန်းတက်ရင်း IELTS အင်္ဂလိပ်စာဖြေဖို့ လုပ်နေသူ တစ်ယောက်ပေါ့။ အဖေရော အမေရော သူကိုယ်တိုင်ရော ခပ်ညံ့ညံ့ မပါ။

ရုပ်ကလေးကလည်း ခေတ်နဲ့လျော်ညီတဲ့ပုံစံဒီဇိုင်းနှင့် ခပ်သန့်သန့်။ အော်ငေါက်မောင်းထုတ်ရမယ့် အဆင့်ထဲက မဟုတ်။

"အန်ကယ်က မြပယင်းရဲ့ မွေးစားအုပ်ထိန်းသူ ဦးစစ်အေး ထင်ပါတယ်"

"ဟေ ... အေး၊ ဟုတ်တယ်ကွ"

ကြည့်ရတာ သင်းလည်း စုံစမ်းထားပြီထင်တယ်ဟု ဦးစစ်အေးက တွေးမိသည်။ မြပယင်းကတော့ တစ်စက်ကလေးတောင် မျက်နှာသာမပေး၊ မျက်နှာကြောမလျှော့။

"အတော်ပဲ ... သူငယ်ချင်းတွေ့တုန်း သမီး ဒီနားခဏ နေဦး၊ ဦး ဖုန်းတစ်နေရာ ဆက်စရာရှိလို့ ဒီနေရာက ဆူညံလွန်းတယ်၊ ဟိုဘက်ခဏ ဖုန်းသွားဆက်ပြီး ပြန်လာမယ်"

ဘာမှမပြောနိုင်သေးခင် ခပ်သုတ်သုတ် ထွက်သွားတဲ့ ဦးစစ်အေးကို မြပယင်း တအံ့တသြကြည့်ရင်းသာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား၊ ကြည့်ရတာ ပယင်းရဲ့မွေးစားအဖေက ကျွန်တော့်ကို သဘောကျပုံပဲ"

"မွေးစားအဖေ မဟုတ်ပါဘူးရှင့်"

"ဩော် … မဟုတ်ဘူးလား၊ ဒါဖြင့် ဘယ်လိုခေါ်တဲ့ ပတ်သက်မှုလဲ"

"ကြည့်ရှုစောင့်ရှောက်ပြီး ပြုစုပျိုးထောင်ပေးနေတာပါ၊ ဘာပတ်သက် တော်စပ်မှုမှ မရှိဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို မောင်းမထုတ်တာတော့ သေချာတယ်၊ ခဏတဖြုတ်တောင် အပ်သွားလိုက်သေးတယ်"

"ဒီအတွက် ဂုဏ်ယူစရာအကြောင်း ဘာမှမရှိပါဘူး"

မြပယင်းသည် ဦးစစ်အေးကိုလည်း တအံ့တသြဖြစ်မိကာ တစ်ယောက်တည်း ဒေါသလည်း ထွက်လာပါသည်။ ဦး ဘာကြောင့် သူ့ကို သူစိမ်းယောကျ်ားနဲ့ အတူထားသွားတာလဲ။ ဒီအတွေးက လူကို တလှပ်လှပ် ဝမ်းနည်းလာစေသည်။ ဦးစစ်အေး ထွက်သွားရာဘက်ကို ငေးကြည့် ငေးကြည့် လုပ်ရင်း မျက်နှာကလည်း ပျက်လာရပါသည်။

"ပယင်း … ကျွန်တော် မြင်သလောက်တော့ ဦးစစ်အေးက အနေအထိုင် တည်ကြည်မှန်ကန်ပါတယ်၊ သူများတွေအမ နာပပြောနေတဲ့ အကျင့်အကြံမျိုး လုံးဝမရှိတဲ့ လူကြီးလူကောင်း တစ်ယောက်ပဲ"





"ရှင့်သိရင် ပြီးတာပဲ"

"ပယင်းကသာ ဦးစစ်အေးကို သံယောဇဉ် လိုတာထက်ပိုနေတယ် ထင်တယ်"

"ဘာရှင့်"

"စိတ်မဆိုးနဲ့လေ၊ အရှိအတိုင်း မြင်တာကို ပြောပြတာပါ၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်တော်ကတော့ မြပယင်းကို တည်တည်တံ့တံ့ မှန်မှန်ကန်ကန် ချစ်တာပါ၊ ဒါကိုတော့ ပယင်း ယုံစေချင်တယ်၊ ကိုယ်နဲ့ အသက်အရွယ်ရော အရှိန်အဝါပါ ကွာခြားလွန်းတဲ့ မင်းကိုလည်း ရှောင်ဖယ်စောင့်ထိန်းဖို့ ဆန္ဒရှိပုံရတဲ့ ဦးစစ်အေးကို စိတ်ကူးယဉ်နေမယ့်အစား လက်တွေ့ကျကျနဲ့ ရွယ်တူတန်းတူ ကျွန်တော့်အချစ်ကို လက်ခံလိုက်ရင် ကောင်းမယ်"

မြပယင်းက တိုးတိုးတောက်ခေတ်ပြီး ကျော်စွာခွေကို မျက်စောင်းထိုးကြည့်ကာ ဦးစစ်အေး ထွက်သွားရာဘက်ဆီ ချာခနဲလှည့်၍ လိုက်သွားပါသည်။ ကျော်စွာခွေက ပခုံးတွန့်တွန့်ပြီးတုံ့တုံ့ပြုမိရင်း ဖုန်းကို အဝင်ကောလ်တွေ ပြန်နှိပ်ရှာရင်း နံပါတ်တစ်ခုကိုတွေ့လျှင် နှိပ်ပြီးခေါ်လိုက်ပါသည်။

"ဟော့ကောင် … ညီညီလား"

"အေး … ဘာလဲ၊ မင်း မတွေ့ဘူးလား"

"တွေ့တယ်၊ ဒါပေမဲ့ အခု သူတို့ပြန်တော့မယ် ထင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါလား၊ မင်း နည်းနည်းသွားမရစ်ဘူးလား"

"ရစ်လို့မရဘူး ညီညီ၊ မင်းဖားသားကြီးက ငါကပ်လာပြီး နှုတ်ဆက်လိုက်တာနဲ့ ဖုန်းသွားပြောဦးမယ်ဆိုပြီး ရှောင်ပေးသလိုတောင် ထွက်သွားသေးတယ်၊ ဒီမှာ ညီညီ၊ မင်းဖားသားကြီးရဲ့ စိတ်ထဲမှာ ဟိုးအတွင်းပိုင်းမှာ အတွယ်အတာလေး တစ်ခုတော့ ရှိချင်ရှိပါလိမ့်မယ်၊ ဒါပေမဲ့ မင်းအဖေက ရှေ့တိုးမယ့်သူ ဟုတ်ပုံမရပါဘူးကွာ၊ မင်းတို့နှစ်ယောက် စိုးရိမ်နေသလို ဖြစ်မယ်မထင်ဘူး၊ သူ့ဟာနဲ့သူ ဆင်ခြင်တုံတရားနဲ့ပါကွာ"

"ဒါဖြင့် မင်း ရအောင်ယူလိုက်လေ"

"ငါကလည်း မျှော်လင့်နေတာပါ"

ကျော်စွာဆွေက ဖုန်းကိုပိတ်လိုက်ပါသည်။

ဦးစစ်အေး ထွက်သွားရာဘက် ထွက်လိုက်လာခဲ့တဲ့ မြပယင်းသည် တစ်နေရာမှာရပ်ကာ ဖုန်းလည်းမပြောဘဲ ငေးနေသော ဦးစစ်အေးကိုမြင်လျှင် ဒေါသတကြီး ကတုန်ကယင်လေး အနီးကပ်လာခဲ့ရင်း ...

"ဦး"

"ဟော ... ပယင်း၊ မကြည့်တော့ဘူးလား"

"ဦး အဲဒါ ဘာလုပ်တာလဲဟင်၊ ကျွန်မကို ကောင်လေးသူစိမ်းတစ်ယောက်နဲ့ ဘာဖြစ်လို့ ပစ်ထားခဲ့တာလဲ"





ဦးစစ်အေးက လေသံကတုန်ကယင်နှင့် မျက်ရည်တွေ လက်စိုလာသော မြပယင်းကို ကရုဏာသက်စွာ သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်ရင်း ...

"သမီး ... ဦးပြောမယ်၊ ဒီကောင်ကလေး သမီးကျောင်းကို လာနေတယ်ဆိုကတည်းက သူ့အကြောင်းတွေ ဦးစုံစမ်းသင့်သလောက် စုံစမ်းပြီးပြီ၊ ဒီကောင်လေးက IADCS တက်နေတယ်၊ IELTS ဖြေဖို့ လုပ်နေတယ်၊ အဖေက နှလုံးခွဲစိတ်သမားတော်၊ အမေက စီးပွားရေးသမား၊ မျိုးရိုးအခြေအနေ ကောင်းတယ်၊ နောက်ခံမှာ အပြစ်ဆိုစရာမရှိဘူး၊ ဒါကြောင့် ဦးက စိတ်ပူစရာမရှိဘူးလို့ ခံယူလို့ ခဏထားခဲ့ပြီး ဖုန်းလာပြောတာ၊ ကလေကချေကောင်လေးမျိုးဆိုရင် ပယင်းကို ဒီတိုင်းထားခဲ့ပါ့မလား၊ ကိုယ်အကြောင်းမသိဘဲနဲ့ရော မျက်နှာလွှဲခဲပစ် လုပ်ပါ့မလား"

မြပယင်းက ဦးစစ်အေးကို တအံ့တသြကြည့်ရင်း ...

"ကျွန်မက ဒီကို ဦးနဲ့လာတာလေ၊ သူနဲ့လာချိန်းတွေ့တာမှ မဟုတ်တာ"

"ကိုယ့်အတွက် သင့်တင့်လျောက်ပတ်တဲ့ အကျိုးဖြစ်ထွန်းနိုင်မယ့် အသိုင်းအဝိုင်းမှာ တိုးဝင်ဆန့်နိုင်အောင် နေတတ်ရမယ်၊ ပယင်း ကလေးမဟုတ်တော့ဘူး"

"ဦးပြောတာကို ကျွန်မ နားမလည်ဘူး"

ဦးစစ်အေးက သက်ပြင်းချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးက ပယင်းရဲ့အုပ်ထိန်းသူ နေရာကနေ ဟောက်ထုတ်ရမယ့် နှင်လွှတ်ရမယ့် ကောင်လေးမျိုး မဟုတ်ဘူး ပယင်း ခေါင်းထဲ ထည့်စဉ်းစားရမယ့်သူ"

မြပယင်းက ဦးစစ်အေးကို ခပ်ငေးငေးကြည့်နေပါသည်။

"အဲဒီတော့ ကျွန်မက ဘာလုပ်ရမှာလဲ ဦး"

"သမီး စဉ်းစားသင့်တဲ့ လူစာရင်းထဲ သူ့ကို ထည့်ထားရမှာပေါ့၊ လူကြီးဆန်ဆန် ပညာရှိဆန်ဆန် စောင့်ကြည့်အကဲခတ် လေ့လာရမှာပေါ့၊ ကိုယ့်အတွက်ကောင်းရင် ရွေးချယ်ရမယ်"

ဦးစစ်အေးက ခြေလှမ်းကို စ,ထွက်လိုက်တဲ့အတွက် မြပယင်းသည် နောက်ကကပ်ကာ အောင့်သက်သက် လိုက်ပါလာရပါသည်။ ဒီစကားမျိုး ဦးစစ်အေး ပြောမည်ထင်မထား၍ အံ့ဩတာနှင့်အမျှ ရင်ထဲမှာလည်း နာကျင်နေပါသည်။ မြပယင်းအတွက် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ အကဲခတ် လေ့လာစောင့်ကြည့်နေစရာ မလိုပါဘူးဆိုတာ ဦး မသိတာလား။

ဦးဟာ ဦးစောင့်ရှောက်လို့ လူတစ်လုံး သူတစ်လုံးဖြစ်လာရတဲ့ မြပယင်းလောက်ကို နားမလည်နိုင်စရာ အကဲမခတ်နိုင်စရာ ဘာမှမရှိတဲ့ သူသာပါ။ အဲသလောက်ကြီး ဦးဒုံးဝေးတဲ့ သူမှ မဟုတ်တာ။ တမင်တကာ ရှောင်ထွက်နေတယ်ဆိုတာ န လည်နိုင်ပါသည်။ အဲဒါဟာကော ... ဒီကနေ့ နေ့လယ်မှာပဲ





ရုတ်တရက် ရောက်ချလာခဲ့တဲ့ သူ့သားတွေနဲ့များ သက်ဆိုင်နေလေသား။

ဦးရဲ့သားတွေက ဦးကို ဘယ်လိုဝမ်နင်မျိုး၊ ဘယ်လိုခြိမ်းခြောက်မှုမျိုး၊ ဘယ်လိုအပေးအယူမျိုး၊ ဘယ်လိုတုပ်နှောင်မှုမျိုးတွေနဲ့များ ချုပ်ကိုင်လိုက်ပါသလဲ။ ဘာပဲဖြစ်ဖြစ် ကောင်လေးတစ်ယောက်က စကားပြောခွင့်ရအောင် ရှောင်ပေးသလိုမျိုးအထိတော့ လုပ်စရာမလိုပါဘူး ဦးရယ်။

"ဒီကောင်လေးက သမီးကို သဘောကျနေတယ် မဟုတ်လား"

"........."

"ဦးကိုတောင် သူက သိနေပုံပဲ"

"ဒီထက်တောင် သိပါသေးတယ်"

မြပယင်းက အငေါ်တူးတူးလေး ပြောလိုက်ပါသည်။

"ဘာကိုလဲ"

"ကျွန်မရဲ့နောက်ကြောင်းက အမနာပ ကောလာဟလအထိ သူက သိထားတယ်"

"အဲဒီတော့ ..."

ဦးစစ်အေးက စိတ်လှုပ်လှုပ်ရှားရှား အမောတကော မေးမိသည်။

"ကောလာဟလတွေကို မယုံဘူးတဲ့၊ ဦးကို သူက လူကောင်းလို့ ယုံကြည်ပြီး ကျွန်မကိုလည်း ကြားရတဲ့သတင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေနဲ့ ပတ်သက်မယ့် မိန်းကလေးမျိုး မဟုတ်ဘူး။ ယူဆထားတယ်တဲ့၊ ကြားဖူးသမျှကို ဂရုမစိုက်ဘူး"

ပယင်းက ခပ်တိုးတိုး ပြောပြနေမိပါသည်။

"ဒီလို ကိုယ့်အသိဉာဏ်နဲ့ ဆင်ခြင်စဉ်းစားပြီး မျက်စိမှိတ် မယုံတတ်တဲ့ ကောင်လေးမျိုး ဘယ်လောက်ရှားလဲ သမီး"

ဦးစစ်အေး အသံက ဘာခံစားချက်ကြောင့်မှန်း မရေရာစွာ အဖျားခတ်တိုးတုန်နေပါသည်။

"မိန်းကလေးဆိုတာ အရွယ်ရှိတုန်း၊ ရွေးချယ်စရာရှိတုန်း အခွင့်အရေးရှိတုန်းမှာ ကိုယ့်အတွက် အကောင်းဆုံးဖြစ်အောင် ရွေးတတ်ရတယ် သမီး၊ ပယင်း မငယ်တော့ဘူး။ ကောင်လေးတစ်ယောက် စကားလာပြောတာကို မျက်စောင်းထိုး ငေါက်ငမ်းလွှတ်ရမယ့်အရွယ် မဟုတ်တော့ဘူး"

မြပယင်းက နှုတ်ခမ်းလေးကို နာနာကျင်ကျင် ကိုက်ပြီးရင်း တင်းတင်းစေ့ထားလိုက်ပါသည်။ ဆင်ခြေမတက်တော့ပါဘူး ဦးရယ်။

❖ ◇ ❖





## ( ၁၃ )

မြပယင်းက အန်တီလွင် ဝင်ထိုင်လိုက်တဲ့ ဆက်တိခုံနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း အန်တီလွင် ဘာပြောမလဲ စောင့်စားနေလိုက်ပါသည်။ အန်တီလွင့်ကိုလည်း ပယင်းက လေးစားအားကိုးထိုက်သူ ကျေးဇူးရှင်စာရင်းထဲ ထည့်ထားတာပင်။ အန်တီလွင်ဟာ မြပယင်းအပေါ် လူအင်အား စိတ်ဓာတ်အင်အားနှင့် စေတနာထားသူတစ်ယောက်လို့ ယုံကြည်ပါသည်။

"ပယင်း"

"ဟုတ်ကဲ့ အန်တီလွင်"

"ဦးထူးကားကို ထားခဲ့ ထားခဲ့ပြီး ကောင်လေးတစ်ယောက်နဲ့ ဂျစ်ကားနဲ့ လိုက်လိုက်သွားတာ သုံးလေးခါရှိပြီလို့ သိရတယ်၊ အန်တီလွင် သိဖို့လိုအပ်တယ်ထင်လို့၊ အဲဒါ ဘယ်သူလဲ သမီး၊ သမီးနဲ့ ဘယ်လိုပတ်သက်မှုရှိလဲ"

မြပယင်းက ကြမ်းပြင်ကို စိုက်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သာမန်တွေ့ဆုံစကားပြောကြတာလောက် မဟုတ်ဘဲ ကားနဲ့ပါ လိုက်သွားတယ်ဆိုတာက အတိုင်းအတာ တစ်ခုကို ရောက်သွား!လို့ အန်တီ မေးရတာ၊ ပယင်းမှာ အန်တီတို့ သူဌေးတို့ပဲ ရှိတာမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် သမီးစိတ်ထဲ ရှိတာကို ပွင့်ပွင့်လင်းလင်း တိုင်ပင်လို့ ရတယ်၊ အန်တီတို့က ပယင်း မမှားရအောင် ဝိုင်းအကဲခတ်တာ အကြံပေးတာတွေ လုပ်လို့ရတာပေါ့ ပယင်း"

"ပယင်း မမှားဘူး ထင်တယ်"

ဖြေပုံကြောင့် ဒေါ်လွင်လွင်က မျက်မှောင်ကြုတ်သွားရပါသည်။ အင်း ... ကလေးတွေများ ရည်းစားသနာကိစ္စ၊ အချစ်ရေး နှလုံးသားရေးကိစ္စတွေနှင့် ပတ်သက်လာတော့ နဝိ အားချမ်းနာခံမှုပင်ပျောက်ကာ ကန်တန်တန် ခံတန်တန် ဖြစ်လာပါလား။

"မှားတယ် မမှားဘူးကို အန်တီလွင် မစဉ်းစားသေးဘူး၊ အခုမေးနေတာ ဒါလည်းမဟုတ်ဘူး၊ သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကြောင့် ကားနဲ့လိုက်သွားတဲ့အထိ ရင်းနှီးနေတာလဲ၊ ဘယ်လိုပတ်သက်နေပြီလဲ၊ ဒါကိုမေးနေတာ ပယင်း"

"ဒါတွေကို ဦး အကုန်သိပါတယ် အန်တီလွင်"

"ဟင်"





ဒေါ်လွင်လွင်က မြပယင်းရဲ့ အေးစက်စက် ထိုထင်မျက်လုံးလေးများကို တအံ့တဩ ကြည့်နေမိပါသည်။ ထူးခြားတဲ့ အမူအရာရဲ့နောက်ကွယ်မှာ ထူးခြားတဲ့ ခံစားချက်တစ်ခု တစ်ရာ ရှိနေမှာကို ရိပ်မိပါသည်။ သူ့ကိုလည်း မကြည့်ဘဲ အေး လွဲထားတဲ့ မျက်လုံးလေးတွေက ဂရုမစိုက်သလို တဖျပ်ဖျပ် တောက်ပြောင်နေသည်။

"ကျော်စွာဆွေပါ၊ သူ့အကြောင်းကို ဦး အကုန်သိပါတယ် အန်တီလွင်၊ သူ့ကိုလည်း ဦးက တွေ့ဖူးပါတယ်၊ သူ့နောက်ကြောင်းကိုလည်း ဦးပဲ စုံစမ်းထားတာပါ၊ ပြီးတော့ ပယင်းကို သူ့ကိုစဉ်းစားရမယ်လို့ ဦးကပဲ ပြောခဲ့တာပါ၊ လက်ခံသင့်တယ်လို့လည်း ဦးပဲ ပြောခဲ့တာ"

ဒေါ်လွင်လွင်သည် ပယင်းရဲ့အမူအရာနှင့် စကားလုံးရွေးချယ်သုံးနှုန်းမှုတို့ကို ပါးစပ်အဟောင်းသားနှင့် တအံ့တဩ အကဲခတ်နေမိရင်း ...

"ဒီကောင်လေးက ဘာမို့တဲ့လဲ"

"သူ့အဖေက သမားတော်၊ သူ့အမေက စီးပွားရေးသမား၊ ဝင်ဒါမီယာထဲမှာနေပြီး ချမ်းသာပါတယ် အန်တီလွင်"

ပယင်းက အသံလေးတုန်လာတာကို ထိန်းလိုက်ပါသည်။

"ဒါနဲ့ပဲ သူဌေးက လက်ခံစဉ်းစားခိုင်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဓိကကျကျ သူက ပယင်းရဲ့ ဟိုးနောက်ကြောင်းတုန်းက လွှင့်ထွက်ခဲ့ဖူးတဲ့ ကောလာဟလတွေ သွားပုပ်လေလွင့် ပြောဆိုခံရမှုတွေကို သိထားတဲ့သူ ဖြစ်နေပြီး ဒါတွေအားလုံးကို သူ မယုံဘူး၊ ဦးကို ယုံတယ်၊ ပယင်းကို ယုံတယ်လို့ ပြောပါတယ်၊ ဦးက ဒါကို အရမ်းစိတ်တိုင်းကျတယ်လို့ ထင်ပါတယ်"

ဒေါ်လွှင်လွှင်က အံ့အားတသင့်နှင့် ...

"သူက ဒါကို ဘယ်ကကြားတာလဲ"

"ဟိုဟိုဒီဒီကလို့ ပြောတာပဲ အန်တီလွှင်"

"အတိအကျ မသိဘူးလား"

"ဟင့်အင်း"

"ပယင်းနဲ့ ရင်းနှီးနေပြီပဲ၊ တိတိကျကျ မေးရမှာပေါ့ ပယင်း၊ ဟိုကဒီက ကြားတယ်ဆိုတာက ရောချတာပဲ၊ နေရာအနှံ့ အရပ်ရပ်က ကြားနေရအောင် ပယင်းက ရုပ်ရှင်မင်းသမီးလည်း မဟုတ်ဘူး၊ ဒီသတင်းက ပတ်သက်ရာ ပတ်သက်ကြောင်းနဲ့ အနီးတစ်ဝိုက်ဆီမှာပဲ ရှိတာ၊ အဓိက ဒေါ်ဝင်နီ့ အပတ်အသက်နဲ့ ဒေါ်တူးမာ အာချောင်ခဲ့တဲ့ အနီးတစ်ဝိုက်ပဲ၊ လှည်းတန်းတစ်ဝိုက်မှာ ဒီသတင်းကြားတဲ့သူ ကြားခဲ့ကြပေမယ့် အဲဒါဟာ ဒေါ်တူးမာနဲ့ခင်တဲ့သူ၊ ဒေါ်တူးမာ ဝယ်ဖူးတဲ့ဆိုင်၊ ဝင်ထွက်ဖူးတဲ့အိမ်၊ ဒေါ်တူးမာနဲ့ သိကျွမ်းစကား လက်ဆုံကျတဲ့ ဈေးသည်တို့



ဆိုက်ကားသမားတို့လောက်ပဲလေ၊ သူတို့ကနေတစ်ဆင့်ဆက်ပျံ့နှံ့တာ ရှိနိုင်ပေမယ့် တစ်ရပ်ကွက်လုံး ပြံပြံစင်စင် မဖြစ်နိုင်ပါဘူး ပယင်း ...

ရှင်းရှင်းပြောရရင် ဒေါ်တူးမာ ဝင်ထွက်ပြောဆိုစကားလက်ဆုံကျနိုင်တဲ့ အဆင့်အတန်းက တစ်တန်းသပ်သပ်ရှိတယ်၊ ဘယ်အဆင့်မြင့် အထက်တန်းစားကိုမှ ဒေါ်တူးမာ ဝင်စကားမပြောနိုင် မပြောရဲပါဘူး၊ သူ ဒီတစ်ဝိုက်မှာ အောက်ဆင်းလိုက်ရင် တစ်ခုခုဝယ်တဲ့ ခြမ်းတဲ့ ကိစ္စကလွဲလို့ မရှိဘူးလေ၊ ဒီတော့ ဈေးသည်တွေ ဆိုင်တွေ စသဖြင့်လောက်မှာပဲ သူ ပြောနိုင်ဆိုနိုင်တဲ့ အဆင့်ရှိတာ၊ ပြီးတော့ မြပယင်း ဆိုတာကိုရော ဘယ်သူက ဘယ်လောက် သိကြလို့လဲ၊ ကိုယ်နေတဲ့တိုက်မှာတောင် အခန်းတိုင်းရေ က ကိုယ့်ကို မသိဘူး ...

ဒီသတင်းက ကြော်ငြာစရာကောင်းလောက်အောင် ပျံ့ပွားနေတာလည်း မဟုတ်ဘူး၊ ပတ်သက်ရာ ပတ်သက်ကြောင်း အသိုင်းအဝိုင်းကြားမှာ အတိုင်းအတာ တစ်ခုအထိ အပြောအဆို ခံခဲ့ရတယ်၊ ဒါပဲလေ၊ ဒီကောင်လေးက လှည်းတန်းတစ်ဝိုက်မှာ ခင်တဲ့သူရှိလို့ အဲဒီကတစ်ဆင့်သိတာလား၊ ဒါမှမဟုတ် ဘယ်ကကြားတာလဲ၊ ဘယ်သူက ပြောတာလဲ၊ ဒီလိုပဲ ပတ်ဝန်းကျင်က ကြားတယ်ဆိုတာ ရောချတာ၊ ပတ်ဝန်းကျင်ကနေ ကိုယ့်ကိုလာပြောတဲ့သူက

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ယောက် နှစ်ယောက် စသဖြင့် သတ်သတ်မှတ်

မှတ် ရှိရမှာပေါ့၊ ဒါမှမဟုတ် တစ်ယောက်က နောက်တစ်

ယောက်ကို ပြောနေတုန်း သူက ဘေးကနေ ကြားတာလား

အတိအကျ ပြောကို ပြောနိုင်ရမယ်၊ ပယင်း ဘာဖြစ်လို့

အဲဒါကို သေချာမေးမကြည့်တာလဲ"

ပယင်းက မျက်ရည်လည်လာကာ မျက်ခုံးလေး

စိတ်ရှုပ်စွာတွန့်ရင်း ...

"ရွယ်တူကောင်လေးတစ်ယောက်က ဒီကိစ္စ ကြားဖူးရ

တယ် ဆိုတာနဲ့တင် ပယင်း စိတ်ပျက်လက်ပျက် ဖြစ်သွား

ခဲ့တာပါ အန်တီလွင်ရယ်၊ သူ့ကို နှိက်နှိက်ချွတ်ချွတ်

ဆက်မေးကြည့်နေရမှာကိုလည်း ရှက်လာတာပါ၊ ဒါကြောင့်

ဘာမှဆက်မမေးမိတာပါ၊ ဒါက အရေးရောကြီးလို့လား

အန်တီလွင်"

"သိပ်အရေးကြီးတာပေါ့ ပယင်း၊ အဖေသမားတော်၊ အ

က စီးပွားရေးသမားသူဌေး၊ ကိုယ်နဲ့မပတ်သက်တဲ့ အသိုင်း

အဝိုင်းက လူတစ်ယောက်က ဘာကြောင့် ကြားဖူးရတာလဲ

ဒီသတင်း သူ ဘယ်ကရလဲဆိုတဲ့အပေါ် မူတည်ပြီး သူ့

ပါ ယုံသင့် မယုံသင့် ကွဲလွဲသွားမှာ၊ ဥပမာ ... သူက

သတင်းကို မဝင်နီဆီက သိတာဆိုရင်ကော"

ပယင်းက နားမလည်သေးဘဲ အန်တီလွင်ကို

စိုက်ကြည့်နေမိသည်။





"ပယင်းနားကို မဝင်နီ လွှတ်လိုက်တဲ့လူမျိုး ဖြစ်နေနိုင်

တယ်လေ၊ အဲဒါ ပယင်းအတွက် အန္တရာယ်ပေါ့"

မြပယင်းက ဒေါ်လွင်လွင်ကို ငေးစိုက်ကြည့်ရင်း

ငြိမ်သက်သွားပါသည်။ ငြိမ်သက်တာမှ နှလုံးခုန်သံတွေတောင်

တဖြည်းဖြည်း နှေးကျလာသလို ငြိမ်ကျသွားရတာပါ။

"ပယင်းနဲ့ ဒီကောင်လေးက ဘယ်လောက်ထိ ပတ်သက်

နေပြီလဲ"

"........."

"ပယင်း"

"........."

မြပယင်းက ခေါင်းကိုငုံ့ချပြီး ကြမ်းပြင်ကိုသာ

တွေတွေစိုက်ကြည့်နေသည်။ ရင်ထဲမှာတော့ ငိုချင်သလိုလို ဝမ်း

နည်းသလိုလို။ ငိုလည်းမငိုချင်ပါဘူးလေ။ ခံစားချက်တစ်ခုက

ထုံတုံတုံနှင့် ခေါင်းကို မူးနောက်လာစေသည်။

"ရည်းစား ဖြစ်နေပြီလား"

"ဟုတ်ကဲ့"

"ဘာ ...၊ နင်နဲ့ တွေ့ဖူးတာ ဘယ်နှလရှိသေးလို့လဲ၊

ယောကျ်ားလေးတစ်ယောက်က ရည်းစားစကားပြောတာကို

နင် ဘာဖြစ်လို့ ဒီလောက်မြန်မြန် လက်ခံရတာလဲ၊ အချိန်

လုရလောက်အောင် နင်က ဘာဖြစ်နေလို့လဲ ပယင်း၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



စမ်း၊ သူ ပြောတာ ဘယ်လောက်အကြာမှာ နင်အဖြေပေးတာလဲ၊ မှန်မှန်ပြော"

"နှစ်လ"

"ဘာ ... နင် တန်ဖိုးချလှချည်လား ပယင်းရယ် ... ဟင်၊ ဘာလို့ ဒီလောက်လွယ်ရတာလဲ၊ ဟိုကောင်လေးက နင့်ကိုကမ္ဘာ ကိုယ့်မကောင်းသတင်းကို ကြားဖူးထားပါတယ်ဆိုမှ နင် ဒီလောက် လိုက်ရလွယ်တာကို အထင်သေးမှာသေချာတယ်"

"ဦးက သဘောတူနေတာကိုး"

"ဒီဆင်ခြေ လာမပေးနဲ့၊ နင့်ဦးကတော့ ခုချက်ချင်းအဖြေပေးလို့ လုံးဝပြောမှာမဟုတ်တာ ငါ သိတယ်၊ ထည့်စဉ်းစားသင့်တဲ့ အဆင့်အတန်းအဖြစ်သာ နင့်ကိုပြောတာဖြစ်မှာ၊ နောက်ပြီး နင် ဒီလိုမဟုတ်တမ်းတရား အပြောဆိုခံခဲ့ရတာကို သူဌေးက အမြဲတမ်း စိတ်မကောင်းဖြစ်နေတဲ့ ယူကျုံးမရဖြစ်နေတဲ့သူ၊ ဒီကိစ္စတွေကို သိတယ်၊ မယုံကြည်ဘူးဆိုတာနဲ့တင် သူဌေးက အတော်ကျေနပ်သွားမှာဆိုတာ ငါ မှန်းဆနိုင်တယ် ပယင်း၊ သဘောတူတယ်လို့လည်း သူဌေး ပြောမှာမဟုတ်ဘူး၊ သဘောတူရအောင် သူဌေးလည်း ဒီကောင်လေးကို ဘာမှ ဒီလောက်ထဲထဲဝင်ဝင် သိတာမဟုတ်ဘူး ...





ထည့်စဉ်းစားသင့်တဲ့ လူတစ်ယောက်အဖြစ်ပဲ နင့်ကို တိုက်တွန်းမှာပါ ပယင်းရယ်၊ ငါက သူဌေးနဲ့အလုပ်လုပ်လာတာလည်း ကြာလှပြီ၊ ငယ်ငယ်ကတည်းကလည်း သူ့အကြောင်း သိပြီးသားပါ၊ အခု အားလုံးသိတယ်၊ နားလည်လား၊ ဟင်း ... မပြောလိုက်ချင်ဘူး၊ ငါ သူဌေးစိတ်လည်း သိတယ်၊ နင့်စိတ်လည်း သိတယ် ပယင်း၊ နင် ဒီကောင်လေးကို ချက်ချင်း ရည်းစားလုပ်ပစ်တာတော့ တော်တော်လွန်လွန်းအားကြီးတယ်၊ ယုံတောင် မယုံနိုင်ဘူး သိရဲ့လား"

မြပယင်းက တုံ့ဏှိဘာဝေ လုပ်နေပါသည်။

"ဒီမှာပယင်း ... နင်တို့ဟာနင်တို့ ဘယ်လိုပဲ ပတ်သက်နေနေ ဟိုလိုက်သွား ဒီလိုက်သွား လုံးဝ ငါမကြိုက်ဘူး၊ မလိုချင်ဘူး၊ မုန့်လေး ဘာလေး သွားစားချင်တာမျိုးရှိရင်လည်း သူက သူ့ဟာသူ သူ့ကားနဲ့ ရှေ့ကသွားပစေ၊ ညည်းက ဦးထူးနဲ့ပဲ နောက်ကလိုက် ကြားလား"

"ဟုတ်ကဲ့"

"တမင်တကာ နင့်ကိုချဉ်းကပ်ဖို့တို့ တခြားအကြံအစည်တစ်ခုခုတို့နဲ့ မဝင်နိကများ လွတ်တာဆိုရင် နင် ဘယ်လိုလုပ်မလဲ ပြောစမ်း"

"........."

"ဟင် ... ပြောစမ်းဆို၊ ဘယ်လုပ်မလဲ နင်"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး အန်တီလွင်"

"ကျွတ် ... ငါနော်၊ နင့်ကို တော်တော်အသည်းယားတယ်။ ပယင်းရယ်၊ နင် ဘာမှမစဉ်းစားလိုက်ဘူး မဟုတ်လား။ နင် တမင်ဖွတ်ပဲ ခေါင်းညိတ်ချလိုက်တာ ငါသိတယ်နော်။ ငါလေ ... တောက်"

ဒေါ်လွင်လွင်က ဒေါတပွပွ ဖြစ်နေပါသည်။ ဘာလိုလိုနှင့် သူလည်း ဒီကလေးမလေးကို ချွေလိုမျိုးလို ကိုယ့်တူမလေးလို ဖြစ်နေပါပြီ။ တာဝန်အရ စောင့်ရှောက်ပေးလာရင်းက နေ သံယောဇဉ်က ဖြစ်လာပါပြီ။ ဒီကိစ္စကို ဦးထူးက သူဌေးကို တန်းအသိပေးသင့် မပေးသင့် မသိ၍ ဒေါ်လွင်လွင့်ကို အရင် အသိပေးတာပင်။

ဒေါ်လွင်လွင်သည် ကိုယ့်ဟာနဲ့ကိုယ် ပယင်းကိုလည်း ဆုံးမပြောဆိုပြီး နောက်တစ်ရက် စက်ရုံကို သူဌေးလာချိန်မှာ သူဌေးကိုလည်း ဝင်တွေ့ပြီး အသိပေးလိုက်ပါသည်။ သူ့ရဲ့သူငယ် ချင်းလည်း သူငယ်ချင်း၊ အလုပ်ရှင်လည်း အလုပ်ရှင်ဖြစ်သူရဲ့ လျှို့ဝှက်အုံ့ပုန်းသော ခံစားချက်ကို ဒေါ်လွင်လွင် မရိပ်မိနိုင်လောက် အောင် မအ,ပါ။ ဟိုးအရင်ကတည်းက သူဌေးကတော်ကို ဦးစစ်အေး မဟုတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ တွဲပြီးအမြဲတွေ့ဆုံကြ ကြိုက်မိတိုင်း မခံချိမခံသာဖြစ်ကာ သူဌေးဘက်က နာတဲ့သူဖြစ်ခဲ့ ၍ သူဌေးနှင့် သူဌေးကတော် လင်မယားကွဲကွာ ပြတ်စဲကြတုန်း က "ဒီလိုမှပေါ့"လို့ပင် ကျိတ်ပြီးတွေးခဲ့မိပါသေးသည်။





လင်နဲ့မယားအကြား ဒီလောက် တစ်ဖက်သတ်ကြီး မှားကျူးကျူး သည်းညည်းခံနေစရာ မလိုအပ်ဘူး ထင်ခဲ့လို့လည်း ကွဲသင့်ကွဲထိုက်တယ်ပဲ ယူဆကာ ကျေနပ်မိတဲ့သူပါ။ အဲဒီရဲ့နောက် ပိုင်းမှာလည်း တဖြည်းဖြည်း တစစ တစိမ့်စိမ့် မသိမသာကလေး ပြောင်းလဲလာခဲ့တဲ့ ဦးစစ်အေးနှင့် မြပယင်း အကြားက သံယောဇဉ် ချည်နှောင်မှုကို အနီးကပ် အရိပ်မိဆုံး ဖြစ်ခဲ့သူဟာ ဒေါ်လွင်လွင် သာ ဖြစ်ပါသည်။

သူက နှစ်ဖက်လုံးနဲ့ နီးစပ်ခဲ့တဲ့သူလေ။ ဦးစစ်အေး ဘက်ကိုလည်း မြင်ရသည်။ မြပယင်းဘက်ကိုလည်း မြင်ရသည်။ အဖြစ်အပျက် အလုံးစုံကိုလည်း သိခွင့်ရနေသည်။ ဖြစ်တော့ ဖြစ်ခဲ ထူးခြားတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပေမယ့် မဖြစ်သင့်ဘူး လို့တော့ ဒေါ်လွင်လွင်က လုံးဝမတွေးပါ။ အစစအရာရာတော့ ကွာခြားလှသူနှစ်ဦး ဟုတ်ပါရဲ့။ ဒါပေမဲ့ ဦးစစ်အေးနှင့် မြပယင်း ကို လိုက်ဖက်တင့်တယ်တယ်လို့ပဲ ဒေါ်လွင်လွင် မြင်သည်။ သား အဖလောက်အရွယ်ကွာတာ မှန်သည်။ ဒါပေမဲ့ ဒီလိုကွာတဲ့ စုံတွဲ တွေ တစ်ကမ္ဘာလုံးမှာ အရေအတွက်မနည်း ရှိတာပဲလေ။

အချိန်တစ်ခုကို စောင့်ပြီးရင် ဘာကြောင့် မတင့် မတယ် ဖြစ်နေရဦးမှာလဲ။

"သူဌေးကို ပြောစရာရှိပါတယ်"

"ဆို ... ဒေါ်လွင်"



www.burmeseclassic.com

www.burmeseclassic.com



"မြပယင်းက ကောင်လေးတစ်ယောက်နဲ့ ချစ်သူဖြစ်နေတယ်"

ဦးစစ်အေးက တိတ်သွားပါသည်။ နှင့်ခနဲ စူးခနဲ နာကျင်သွားတဲ့ နှလုံးသားကို မနည်း ဣန္ဒြေဆည် ဟန်ဆောင်ထိန်းရင်း ...

"ဟုတ်လား ဒေါ်လွင်၊ ဘယ်သူလဲ"

"သူကတော့ သူ့ဒွေးလည်း သိတယ်၊ သူ့ဒွေးကလည်း သဘောတူတယ်လို့ ပြောတယ် သူ့ဒွေး ကျော်စွာဆွေ ဆိုတာပါ၊ ဦးထူးကို ထားခဲ့ပြီး ကောင်လေးကားနဲ့ပဲ ဟိုဟိုဒီဒီ လိုက်သွားနေလို့ ကျွန်မ သူ့ကိုလည်း ဆူထားပါတယ်၊ အဖြေပေးတာလည်း မြန်လွန်းအားကြီးပြီး ကျွန်မကတော့ မျက်တောင်မွေးတစ်ဆုံးလေးပဲ ကြည့်လိုက်တာလို့ ယူဆတယ်"

ဦးစစ်အေးက သက်ပြင်းရှိုက်ရင်း ...

"ဒီကောင်လေးကတော့ မိကောင်းဖခင် သားလေးပါ ဒေါ်လွင်၊ ကလေကချေတော့ မဟုတ်ပါဘူး"

"နောက်ပြီး ... သူ့နောက်ကြောင်းသတင်းကို ကြားဖူးထားပြီး ဒါကိုမယုံကြည်ဘူး သို့မဟုတ် ဒီကောလာဟလတွေကို ဂရုမစိုက်ဘူး သို့မဟုတ် သူ ဘာပဲဖြစ်ဖြစ် ကိစ္စမရှိဘူးဆိုတဲ့ သဘောထားမျိုး ရှိနေတာက သူ့ဒွေးကိုရော မြပယင်းကိုရော တွန်းအားဖြစ်စေတယ်လို့ ကျွန်မလည်း ထင်ပါ





တယ်၊ ဒီတစ်ချက်ကြောင့်ပဲ သူ့ဒွေးကလည်း သဘောထည့်စဉ်းစားခိုင်းတာ ဖြစ်နိုင်ပြီး မြပယင်းကလည်း အဲဒီသူ့ဒွေးက မကန့်ကွက်ဘူးဆိုတဲ့ အချက်ကိုပဲကိုင်ပြီး ခေါင်းခပ်မာမာနဲ့ တစ်ဇွတ်ထိုး လုပ်ပစ်တယ် ထင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မြပယင်း ခေါင်းညိတ်လိုက်တဲ့ အချိန်ကာလက ခေါင်းညိတ်ဖို့ တိုတောင်းလွန်းပါတယ်"

"အင်း ... ဒါပေမဲ့တော့ ဒေါ်လွင်ရယ်၊ ဒီလို ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့လေ၊ ကောလာဟလကို ထည့်မတွက် စိတ်မဝင်စားတဲ့ ကောင်လေးမျိုးတော့ ရှားလိမ့်မယ်ထင်တယ်၊ ကျွန်တော် စိုးရိမ်တာက တစ်နေ့သောအခါ မြပယင်း အိမ်ထောင်ပြုတဲ့အခါ ဒီကောလာဟလဟာ ဒီလို ထွက်ခဲ့ဖူးပါတယ် လို့လည်း ခင်ပွန်းလောင်းကို ပြောရတစ်ခက် ...

မပြောလိုက်မိဘဲ အိမ်ထောင်ပြုလိုက်မိပြီးကာမှ နောင်တစ်ချိန်မှာ သူ့အိမ်ထောင်ဖက်က ဒီမဟုတ်မတရားသတင်းစကားကိုများ ကြားသွားခဲ့ရင် အဲဒီအချိန်ကျမှ ထွေးရခက်မျိုရခက်နဲ့ ပယင်းရဲ့ဘဝ ကမောက်ကမ မလှမပ အဖြစ်မျိုး ကြုံမှာကို ကျွန်တော် တအားစိုးရိမ်တာ၊ အဖြစ်မခံနိုင်ဘူးဗျ"

"သူ့ဒွေးမှာ အဲဒီပူပန်သောကစိတ်ရှိတာ ကျွန်မ ရိပ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်လွင်၊ မှန်ပါတယ်"

"ဒါပေမဲ့ အဲဒီစိုးရိမ်မှုအတွက် အဖြေက ဒါမဟုတ်ဘူး ထင်ပါတယ်၊ သူက မယုံကြည်ပါဘူး၊ ဇွဲမယူပါဘူး ဆိုတာကိုရော သူဌေး ဘယ်လောက်များ ယုံကြည်နိုင်တာမို့လဲ၊ လိုတာရအောင် ကာယကံရှင် အငိုက်မိလောက်တဲ့ ချက်ကောင်း ကိုင်ပြောတာလည်း ဖြစ်နိုင်တာပဲ"

"ဒါကတော့ ..."

"သူ့မိဘအသိုင်းအဝိုင်းကို သိပေမယ့် သူ ဒီသတင်းကို လုံးစေ့ပတ်စေ့ ဘယ်ကသိလဲ ဆိုတာကလည်း အံ့ဩစရာကြီး၊ သူကလည်း အတိအကျ မပြောလို့ သိခွင့်မရဘူးလေ သူဌေး၊ ဥပမာ ... ဒီကောင်လေးက မဝင်နီ လွှတ်လိုက်တာမျိုးရော မဖြစ်နိုင်ဘူးလား"

"ဗျာ"

ဦးစစ်အေးက ကြားရတဲ့စကားအတွက် ခေါင်းနပန်းကြီး ထူပူသွားမိကာ ...

"ကျွန်တော် လုံးဝမစဉ်းစားမိဘူး ဒေါ်လွင်"

"စဉ်းစားမိရင် သူဌေးလည်း ဒီလိုတိုက်တွန်းတဲ့ဘက်က ဘယ်နေမလဲ၊ မြပယင်းကတော့ သူဌေးက တိုက်တွန်းတယ်၊ သဘောတူတယ်ဆိုတဲ့ စကားကိုပဲနင်းပြီး အခွင့်ကောင်းယူပြီး ဖြစ်ချင်ရာဖြစ် ဖွတ်တရွတ် ခေါင်းညိတ်ချပစ်လိုက်ပြီ၊ ဒီကောင်လေး ဘယ်လောက်ကောင်းတယ် မကောင်း





ဘူး ဘယ်သူမှ အတတ်မပြောနိုင်ဘူး သူဌေး၊ သူဌေး မြပယင်းကို နည်းနည်း ဆင်ဆင်ခြင်ခြင်လုပ်ဖို့ သေချာတွေးဖို့ ပြန်စဉ်းစားဖို့ပြောရင် "ကောင်းမလားလို့ပါ"

ဦးစစ်အေးက အတန်ကြာ တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ဒီကောင်လေးရဲ့ အသိုင်းအဝိုင်းကတော့ မဝင်နီနဲ့အဆက်အစပ် မရှိလောက်ဘူးဗျ၊ မဖြစ်နိုင်ပါဘူး"

ဒေါ်လွင်လွင်သည် ဦးစစ်အေးကို ကိုယ့်ဘော့စ်မို့ ဖွတ်တရွတ်လည်း ပြောနိုင်အား မရှိလေရာ အသည်းတယားယားနှင့် စိတ်မရှည်နိုင် အားမရနိုင်အောင်သာ ဖြစ်နေရပါသည်။ တကယ်တော့ "ဒီအခြေအနေကြီးမှာ အဆင်ပြေ အချောမွေ့ဆုံး ဖြစ်မယ့်အစီအစဉ်ကတော့ သူဌေးနဲ့ မြပယင်း လက်တွဲလိုက်ဖို့ပဲ" လို့ ပေါ်ပေါ်ထင်ထင် ပြောပစ်ချင်တာ။

နတော့ ပြောချင်တာကို မပြောရဲဘဲ မျိုချရကာ ...

"ဘာပဲဖြစ်ဖြစ် မြပယင်းက တစ်ယောက်ယောက်ကို ရွေးချယ်မထားရင် အချိန်နှောင်းသွားဖို့ အရွယ်လည်း မဟုတ်သေးပါဘူး သူဌေး၊ ဒီကောင်လေးကိုလက်ခံတာ မြန်လွန်းအားကြီးလွန်းတယ်၊ သူဌေး သတိတော့ပေးပါဦး"

"သူလည်း အသက်နှစ်ဆယ်ကျော်လာပြီပဲ ဒေါ်လွင်၊ ဒါလုပ်ရမယ်၊ ဒါ မလုပ်ရဘူးလို့ ဖွတ်ကြီးပုံသွင်း အမိန့်ပေးတာတော့ မကောင်းတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို စေတနာထား အုပ်ထိန်းစောင့်ရှောက်နေကြတာပဲ သူ့ရွေးရယ်၊ မကောင်းဘူး မရှိပါဘူး၊ ပယင်းက သူ့ရွေးကို အင်မတန် ကြည်ညိုမြတ်နိုးတာဝါ၊ သူ့ရွေးကသာတားရင်တော့ သူ ဆင်ခြင်မှာပဲ"

ဦးစစ်အေးသည် မချိတဲ့နှလုံးကို အပြုံးတု ဖုံးအုပ်တပ်ဆင်၍ ခပ်မဆိတ်သာ နေလိုက်ပါတော့သည်။ သူ့ကို မြပယင်းလေး ကြည်ညိုမြတ်နိုးတယ်ဆိုတာ သိတာပေါ့။ သိလို့လည်း လူကြီးပီပီ ရှောင်ပယ်ရတာ။ သားတို့ရောက်တဲ့နေ့က ကန်တော်ကြီးသွားရင်း သူ့အပေါ် မြပယင်းလေး စိတ်ခုသွားလောက်တယ်လို့ သူ ရိပ်မိနေသည်။ ဒါကြောင့်လည်း တစ်နေ့တစ်နေ့ ဖုန်းကလိနေတဲ့ "ဦး" "ဦး"ဆိုတဲ့ အသံလေး တိတ်ဆိတ်ပျောက်ကွယ်နေတာပေါ့။

သူကလည်း သူ့နားတကပ်ကပ် လိုက်ချင်နေကြတဲ့ သားနှစ်ကောင်နှင့် အချိန်ကုန်ပေးနေ၍ ဆယ်ရက်လောက်တောင်မှ အဆက်အသွယ် ပြတ်တောက်နေတာ။ အသံလေးတောင်မကြားရတဲ့ အဖြစ်အတွက် ဆယ်ရက်ဆိုတာက အကြာကြီးလိုဖြစ်ပေမယ့် ကောင်လေးတစ်ယောက်ရဲ့အချစ်ကို ခေါင်းညိတ်လက်ခံလိုက်ဖို့အတွက်တော့ ဆယ်ရက်ဆိုတဲ့ အချိန်ကာလလေးက တိုတောင်းမြန်ဆန်လွန်းတာပါ။

မြပယင်း တမင်တကာ အရွဲ့တိုက် ခေါင်းညိတ်ချပစ်လိုက်တာကို ဦးစစ်အေး တစ်ဦးတည်းသာ အသိဆုံး။ ဒါကြောင့်





ရင်ထဲမချိမဆန့် မသက်မသာ ဖြစ်နေပါသည်။ ဒါကို မြပယင်းအပါအဝင် တခြားလူတွေ သိမှာကိုလည်း စိုးပါသည်။ တစ်ခါမှ မခံစားဖူးတဲ့ ဝေဒနာဆိုးကြီးတစ်ခုဟာ ရင်ညွန့်အဝမှာ မီးစွဲနေတဲ့ ထင်းစကြီး ထိုးထားသလို ပူပြီးနာကျင်လောင်ကျွမ်းနေပါသည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်ပါ။

သတ္တိမှမရှိတာ။ သတ္တိနည်းမိတာကိုး ကလေးရေ။ သတ္တိနည်းတာ တစ်ခုတည်းသက်သက်ကြောင့် ကြိုရာလူ့လက်ထဲ ဘယ်ရောက်ရောက်ဆိုတာမျိုး မျက်နှာလွှဲရက်တာတော့ မဟုတ်ရပါဘူး။ အစအဆုံးကို သိတယ်၊ ဒါတွေကို မယုံဘူး၊ မြပယင်းကို ယုံတယ်ဆိုတဲ့ ရွယ်တူတန်းတူလည်းဖြစ်၊ အဆင့်အတန်းအမြင့်က ပေါက်ဖွားသူလည်းဖြစ်တဲ့ ဒီကောင်လေးကို နှစ်လိုယုံကြည်မှုလည်း ထားမိလို့ပါ။ ခွင့်လွှတ်ပါ ကလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ကျော်စွာ ... ကျွန်မ ကားမောင်း ဆက်မသင်တော့ဘူး"

မြပယင်းက ကျော်စွာဆွေ့ကို အားနာနာနှင့်ပဲ ခပ်တိုးတိုး ပြောလိုက်ပါသည်။ စ,ပြီးသင်မယ် သင်မယ် လုပ်ကာ အကူညီတောင်းတာကလည်း မြပယင်းပဲမို့လား။ ကားမောင်းသင်ဖို့ ကျော်စွာဆွေကို အကူအညီ တောင်းရတာက အဓိကအကြောင်း နှစ်ချက်။ တစ်ချက်ကတော့ ကျော်စွာဆွေနဲ့ နီးနီးစပ်စပ်ရှိနေဖို့။

သူနဲ့ စားသောက်ဆိုင်သွားလိုက်၊ Shopping သွားလိုက် လုပ်နေတာမျိုးနဲ့စာရင် ကားမောင်းသင်တာက နည်းနည်းပိုကာ အလုပ်သဘောဆန်မလား ထင်လို့ပင်။ သူနဲ့လည်း နီးစပ်မှုရှိနေတာ တွဲဖြစ်နေတာ ဦးထူးကတစ်ဆင့် ဦးစစ်အေး သိစေချင်သည်။ ကိုယ်တိုင်ကလည်း တတွဲတွဲ လည်ပတ်လျှောက်သွားနေရတဲ့ အဖြစ်ကို မရောက်လို။





အဲဒီအနေအထားမှာ နောက်ထပ် အကြောင်းပြချက်တစ်ခုကတော့ "ကားမောင်းသင်ချင်တယ်"လို့ ဦးစစ်အေးကို ပူဆာတုန်းက ...

"တခြားဟာတွေအားလုံး အလိုလိုက်မယ် သမီး၊ သမီးကားမောင်းမှာကို ဦး စိုးရိမ်သေးတယ်၊ စိတ်မချဘူး၊ ကားတွေက သိပ်ရှုပ်တယ်၊ အများစုကလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း သိပ်လိုက်နာကြတာ မဟုတ်ဘူး၊ ခုတလော ကားတွေတိုက်လိုက်ရင်လည်း ကိုးစီး ဆယ်စီး ဆက်တိုက်၊ ကားမမောင်းပါနဲ့ဦး ပယင်းရယ်၊ ပယင်းအတွက် ကားတစ်စီး ဒရိုင်ဘာတစ်ယောက် အမြဲရှိနေမှာပဲဟာ၊ သူအဆင်မပြေတဲ့အချိန် ဦးကိုယ်တိုင် ပယင်းကိုသွားချင်တဲ့နေရာ ပို့ပေးမှာ၊ ကားမောင်းတော့ မသင်ပါနဲ့ကွယ် ... နော်"

ဦးရဲ့စိုးရိမ်ပူပန်မှုကို ပယင်းကလည်း ကျေကျေနပ်နပ်ပဲ လက်ခံကာ ထပ်မပူဆာခဲ့တော့တာပါ။ ခုလို ဦးကို မကျေနပ်ချိန်မှာတော့ ဦးမကြိုက်တဲ့ အလုပ်တစ်ခု လုပ်ကိုလုပ်ပစ်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်ကာ ကားမောင်းသင်ခြင်းသည် ဦးစစ်အေးကို စိတ်ဆင်းရဲအောင် အကောင်းဆုံးနဲ့ အပြစ်အကင်းဆုံး ဆန့်ကျင်နည်းပဲလို့ ဆုံးဖြတ်လိုက်ကာ ထိုအချက် နှစ်ချက်အားဖြင့် ကျော်စွာဆွေ့ကို ကားမောင်းသင်ပေးဖို့ ကောက်ကာငင်ကာ တောင်းဆိုခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာဆွေက တအံ့တသြ လိုလိုလားလားနှင့် သင်ပေးဖို့ လက်ခံလိုက်ကာ နေ့လယ်ခေတ္တ အားလပ်ချိန်တွေမှာ လိပ်ခုံးကနေ အာရ်စီတူးဝင်းအထိ သွားပြီး ကားရှင်းတဲ့ အမ်အိုင် စီတီဘက်မှာ ကားမောင်းသင်နေခဲ့တာ လေးရက်ရှိပါပြီ။ အခု မြပယင်း လိုလားတဲ့အတိုင်း ဦးထူးကတစ်ဆင့် အန်တီလွင်၊ အဲဒီကတစ်ဆင့် ဦးစစ်အေးထံ သတင်းတော့ ပေါက်သွားပြီလေ။

အန်တီလွင့်ကို တမင်တကာပဲ ကျော်စွာဆွေနှင့် ချစ်သူတွေ ဖြစ်နေပါပြီလို့ ပြောလိုက်တာဟာ ဦးထံ ဒီသတင်း ပေါက်စေချင်လို့ပါ။ မနေ့ကတော့ ဦးကို အန်တီလွင် ပြောပြီး လောက်ပြီဆိုပြီး မြပယင်းက ...

"အန်တီလွင် ... ဟိုတစ်နေ့က ဦး ဘာပြောလဲဟင်"

ကိုယ်တိုင် သွားမေးလိုက်မိတာပါ။ ကဲ ... ကျော်စွာဆွေနဲ့ ချစ်သူတွေဖြစ်ပြီဆိုတော့ ဦးစစ်အေးကြီး ဘာပြောမလဲ လို့ပင်။ အန်တီလွင်က မပြောချင့် ပြောချင် စိတ်ပျက်လက်ပျက် ပုံစံနှင့် ...

"နင့် ဦး ဘာပြောလဲ မေးမနေနဲ့၊ အယူတွေတိမ်းပြီး နတ်စိမ်းဖြစ်မယ့် သူ့ခြေး၊ ခွကိုကျတယ်၊ ပြောရတဲ့လူ အရူး ဖြစ်တယ်၊ နင် အသက်နှစ်ဆယ် ပြည့်ပြီးပြီတဲ့၊ ဒါပဲပြော တယ်၊ အေး ... ဦးစစ်အေး ဒီလိုပြောလို့ နင် လုပ်ပုံကိုင်ပုံ ဟုတ်လှပြီလို့တော့ နင် မထင်နဲ့ ပယင်း၊ သူ ဘယ်လို သဘောထားထား နင့်အပြုအမူကို ငါ ကြိုက်ဘူး၊ အချိန်





တိုနဲ့ ရည်းစားလုပ်ပစ်တယ် တစ်ချက်၊ နောက်တစ်ခါ သူ့ကားနဲ့ ဟိုဟိုဒီဒီ ပါသွားတယ် နှစ်ချက် ...

"ငါ လုံးဝသဘောမကျဘူး ပယင်း၊ ဒီလောက် စည်းရုံးရ လွယ်တဲ့မိန်းမမျိုး ယောကျ်ားတွေက ဆယ်ယောက်လာပါစေ တောင် ဆုတောင်းဦးမယ်၊ နင့်မှာလည်း ဂုဏ်ရှိသိက္ခာရှိ တယ်၊ ငါ့ကိုလည်း ငွေရေးကြေးရေး မကုန်ကျခဲ့ရပေမယ့် နင့်ကို စေတနာထားတဲ့ အုပ်ထိန်းစောင့်ရှောက်သူတစ် ယောက်အဖြစ် အသိအမှတ်ပြု ကျေးဇူးတင်တတ်ပါတယ် ဆိုရင် နင့်အပြုအမူတွေကို ဆင်ခြင်ပါ ပယင်း ...

ခေါင်းညိတ်ပြီးသား ဖြစ်သွားတဲ့ ချစ်သူတွေဖြစ်သွား တဲ့ အနေအထားတစ်ခုကို ချက်ချင်း ဘွာခတ်ဖို့ မလွယ် ပေမယ့် နင် အခုကစပြီး အနေအထိုင် ဆင်ခြင်လို့တော့ ရပါတယ်၊ ကိုယ်ကောင်းခဲ့ရက်နဲ့တောင် ကုသိုလ်ကံနိမ့်ပါး တော့ နင် ဘယ်လိုအပြောအဆို ခံခဲ့ရဖူးလဲ စဉ်းစား ပယင်း၊ ကိုယ်တိုင်က မဆင်ခြင်ဘူးဆိုရင် မိန်းကလေး တစ်ယောက် ဘယ်လောက်ထိ နာမည်ပျက်နိုင်တယ် နင် ကြပ်ကြပ်သတိထားတွေး၊ ဒါပဲ ငါပြောမယ်"

အန်တီလွင်က မြပယင်းကို မကျေနပ်တာ သိသာ စွာ ခပ်တင်းတင်း ပြောလွှတ်လိုက်ပါသည်။ အန်တီလွင့်စကား ထဲမှာ စေတနာ မေတ္တာတွေ အတိုင်းသားမို့ အန်တီလွင့်ကို မြပယင်းက ပိုတောင်ချစ်ခင်ရှိသေပါသေးသည်။ အန်တီလွင် ယုံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ကျော်စွာဆွေနဲ့လည်း ရည်းစားတွေ မဖြစ်သေးတဲ့အတွက် ဘွာခတ်ဖို့လည်းမလို၊ ခွာလို့လည်း လွယ်ကူပါသည်။

ဦး ...။ ဦးစစ်အေးကတော့ ကျော်စွာဆွေနဲ့ ရည်းစားဖြစ်နေပါတယ် ကြားရတာတောင် တုန်လှုပ်မှုမပြဘဲ တုံ့ကိုဘာဆေနှင့် ဟန်ဆောင်ကောင်းတုန်း။ တကယ်တော့ ဦးဟာ သူ့ရင်ထဲမှာလည်း အမှန်တကယ်ရှိနေတဲ့ ချစ်ခြင်းမေတ္တာတစ်ခုကို သူ့ရဲ့တစ်ကိုယ်ရည် ဂုဏ်သိက္ခာလောက် တန်ဖိုး မမြှင့်တင်ချင်သူပါ။

ဒါကိုလည်း အပြစ်မတင်တော့ပါဘူး ဦးရေ၊ လူဆိုတာ ကိုယ့်ရွေးချယ်မှုပေါ့။ အချစ်ကို ကိုးကွယ်သူ၊ နာမည်တစ်လုံးကိုပဲ ကိုးကွယ်သူ၊ လူအမျိုးမျိုး စိတ်အထွေထွေ ရွေးချယ်ခြင်းအဖုံဖုံ ဖြစ်နေမှာ သဘာဝပဲ မဟုတ်လား။ ရှိပါစေတော့။

"ဘာဖြစ်လို့လဲ ... ဦးစစ်အေး သဘောမတူလို့လား"

ကျော်စွာဆွေ့ အမေးကြောင့် ပယင်းက မဲ့ပြုံးမိသည်။

"တကယ်တော့ ကားမောင်းသင်ဖြစ်ခဲ့ရတာကမှ ဦးစစ်အေး သဘောမတူလို့"

"ဘာအဓိပ္ပာယ်လဲ ပယင်း"

"ဦး မကြိုက်တာကို လုပ်ကြည့်တာပါ"

"ဪ ... နားလည်ပြီ၊ ပယင်းက အဲသလို အရွဲ့တိုက်တဲ့ သဘောမျိုး လုပ်ကြည့်ပေမယ့် ဦးစစ်အေးက မတုန်လှုပ်လို့ အခု ဆက်မလုပ်ဘဲ ရပ်လိုက်မယ့် သဘောလား"





"မဟုတ်ပါဘူး ကိုကျော်စွာ၊ လူတိုင်းက ကိုယ့်အတွက် ကောင်းအောင်စဉ်းစားတတ်ကြတဲ့ အချိန်မှာ ကျွန်မလည်း ကိုယ့်အတွက် ကောင်းအောင်စဉ်းစားရမှာမို့ပါ။ ကိုယ်တကယ် ဘာမှမဟုတ်တဲ့ အချိန်ကတောင် ကျွန်မက သွားပုပ်လေလွင့် အပြောခံခဲ့ရဖူးတယ်လေ၊ အခု ဘာမှပတ်သက်မှု မရှိသေးတဲ့ ကျော်စွာနဲ့ ကျွန်မက လူတွေအမြင်မှာ အပြင်ကို အတူတွဲထွက်သွားသလို ဖြစ်နေတာ ပြန်တွေးမိလို့ပါ"

"သတိပြုမိပြီး Response (တုံ့ပြန်မှု)လာစေချင်တဲ့သူကတစ်ယောက်၊ တကယ်တမ်း Response ပြန်လာတာက တခြား ဖြစ်နေလို့ထင်တယ်"

ကျော်စွာဆွေဟာ လူလည်ပင်။ အားလုံးကို ခန့်မှန်းနိုင်နေသည်။ မြပယင်းက ငြင်းဆန်ပြောဆို မနေတော့ပါ။ သူ့အယူအဆတွေကလည်း မှန်နေတာပဲလေ။ ငယ်ဘဝတွေတုန်းက သူ့အဖေ ဘွဲ့လွန်သွားယူတုန်း သူတို့သားအမိကပါ နိုင်ငံရပ်ခြားမှာရှိနေတဲ့ အဘိုးအဘွားထံ လိုက်နေခဲ့ဖူးတဲ့အတွက် တချို့အတန်းတွေကို နိုင်ငံခြားကနေ သံရုံးကတစ်ဆင့် ဖြေဆိုအောင်မြင်ခဲ့ရတာလို့ ပြောပြဖူးပါသည်။ နိုင်ငံခြားက အတန်းကျောင်းတချို့လည်း တက်ရောက်ခဲ့ဖူးသူ လူရည်လည်လည် အမြင်ကျယ်ကျယ် ကောင်းကလေးပါ။



www.burmeseclassic.com

သူ့ကို လိမ်ညာလိုစိတ်၊ ဖုံးကွယ်လိုစိတ် မရှိပါ။ အပြောအဆို ပွင့်လင်းလွန်းတာမို့ ရုံဖန်ရံခါ အောင့်သက်သက်ဖြစ်ရရုံသာ ရှိပါသည်။

"ကားမောင်း သင်,မသင်ကတော့ ပယင်း သဘောပါ၊ ဒါပေမဲ့ မဖြစ်နိုင်တာကို မျှော်လင့်ချက် မထားရင်တော့ ပယင်း စိတ်သက်သာရာရလိမ့်မယ်"

"ဒါပေမဲ့ ဖြစ်နိုင်တာလေးတွေကိုချည်း ရွေးချယ်နေရင် လောကကြီးမှာ challenge (စိန်ခေါ်မှု)ဆိုတာ ဘယ်ရှိတော့မှာလဲ ကျော်စွာ၊ ပျင်းစရာကြီးပဲ ဖြစ်နေတော့မှာပေါ့၊ ရတာမရတာ ဖြစ်လာတာ ဖြစ်မလာတာတွေက ကံ့တာ့မ အလုပ် မဟုတ်ပါဘူး၊ ကျွန်မအလုပ်က ကိုယ့်ဆန္ဒ ကိုယ့်မျှော်လင့်ချက်အပေါ် ကိုယ်သစ္စာရှိဖို့ပါ"

ကျော်စွာ့ဆွေက ပယင်း မျက်ဝန်းများထဲ စေ့စေ့ကြည့်ကာ ...

"ဒါပေမဲ့ မျှော်လင့်ချက်ဆိုတာမျိုးမှာ အချိန်အတိုင်းအတာတော့ ရှိသင့်ပါတယ် ပယင်း၊ အချိန်အကန့်အသတ်မရှိ မျှော်လင့်နေရမှာလား၊ သေတဲ့ထိလား"

"ဟင့်အင်း ... အခုတောင် အဲဒီအကန့်အသတ် ကုန်သလောက် ဖြစ်နေပါပြီ ကျော်စွာ"

ပယင်းက ခပ်တိုးတိုး ဖြေလိုက်ပါသည်။





မနက်ကတော့ ကိုကိုနဲ့ ညီညီက သူ့ကိုကန်တော့ကြစဉ် ဦးစစ်အေး စိတ်ထဲမကောင်းသလိုလို ဖြစ်မိပါသည်။ သူတို့ညီအစ်ကိုဟာ ခုတော့လည်း နိုင်ငံရပ်ခြားက တက္ကသိုလ်မှာ ကျောင်းတက်နေကြရတဲ့အဖြစ်၌ အသားတကျ ပျော်ပိုက်နေပါပြီ။ အနားမှာ အဖေမရှိတာကိုလည်းကောင်း၊ အမေမရှိတာကိုလည်းကောင်း နေသားတကျ ဖြစ်နေပါပြီ။ မဝင်နီကလည်း သူ့သားတွေကို လုံလုံလောက်လောက် ငွေပို့ပေးနေသလို သူလည်း ပို့ပေးနေတာပါပင်။ သားတွေကလည်း သူတို့ဆီကထုံးစံ အားချိန်တွေမှာ Part time အလုပ်ကလေးတွေ ပေါ့ပေါ့ပါးပါး လုပ်နေကျပင်။

ကန်တော့ပြီးနောက် စစ်ညီညီက ဦးစစ်အေး ဆုပေးတာကို ခံယူပြီးလျှင် ...

"ဒက်ဒီ ... ဘယ်တော့မှ မိန်းမထပ်မယူဘူးဆိုတဲ့ဆု မပေးဘူးလား"

"ဟား ဟား ... အဲဒါဆုမှ မဟုတ်တာ ညီညီရဲ့၊ ဆုဆိုတာက မင်းတို့ကိုပေးရတာ၊ မင်းတို့အကျိုး ဆုတောင်းပေးတာလေ"

www.burmeseclassic.com



"ဆုမဟုတ်ရင် အဲဒါက ဘာလဲ၊ ကတိပေးတာ ထင်တယ်၊ ဒက်ဒီ အဲဒီကတိ မပေးဘူးလား"

"ညီညီ ကတိဆိုတာကတော့ ပေးပြီးရင် တည်တာကောင်းတယ်ကွ၊ နောက်လာမယ့် အနာဂတ်မှာ ကိုယ် ဘယ်လိုဖြစ်မယ် ကြိုမသိနိုင်သေးဘဲနဲ့ ကတိတစ်ခုကို အလေးကြီးအတွက်ကြိုပြီး ဘယ်လုပ်ပေးမလဲ သားရယ်၊ မတည်နိုင်ခဲ့ရင် ဘယ်သူ့အတွက်မှ မကောင်းဘူး"

"မတည်နိုင်ဘူးလို့ ဒက်ဒီ ယူဆတာပေါ့နော်"

"မသေချာတာတွေ ဒက်ဒီ ဘာမှမပြောချင်ဘူး သား"

"ဒက်ဒီ ... ကျွန်တော်တို့က မာမီ့ကိုတောင် ဒီလိုစကားတွေ မပြောပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မာမီ့ရဲ့ဘဝနေနည်း၊ မာမီ့အတွေးအခေါ် အယူအဆတွေကို ကြည့်လိုက်ရင် အလေးအနက် ခံယူကျင့်ကြံတယ် ဆိုတာတွေ မတွေ့ရဘဲ အလွယ်တကူ ပေါ့ပေါ့ပါးပါးလေးပဲ နေထိုင်ဖြတ်သန်းနေတာ မြင်နေရတော့ ပြောလည်း အရေးမပါဘူး အပိုပဲဆိုတာ ကြိုသိနေလို့ပဲ ဒက်ဒီ ..."

ဒက်ဒီက မာမီ့လိုမဟုတ်ဘဲ တစ်ခုချင်းကို Seriously စဉ်းစားတွေးတောတဲ့သူ၊ တကယ်လို့များ ဒက်ဒီ့ရွေးချယ်မှု တစ်ခု မှားယွင်းခဲ့ရင် ဒုက္ခရာအနတရဖြစ်မယ့်သူ၊ ဒက်ဒီ့ကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်က အပိုင်သိမ်းပိုက်ပြီး မျှော်လင့်ချက်တွေ ဖျက်ဆီးမသွားစေချင်ဘူး"





"ညီညီ ... မင်းအမေနဲ့ လက်ထပ်ခဲ့တာဟာ ဒက်ဒီ့ရွေးချယ်မှု မှားယွင်းခဲ့တာပဲ၊ မင်းတို့ ကြိုက်ကြိုက် မကြိုက်ကြိုက် ဒက်ဒီ အမှန်အတိုင်းပြောတာ၊ ထိုက်သင့်သလောက် ဒုက္ခရာဇာချက် ကျန်တယ်၊ ဒါပေမဲ့ ဒက်ဒီ အခု ဘာမှမဖြစ်ပါဘူး၊ ဒက်ဒီ ရွေးချယ်ခဲ့တဲ့ အိမ်ထောင်ရေးက မင်းတို့ထင်တာ မင်းတို့မြင်တာထက် ပိုမှားယွင်းခဲ့တာပါ၊ ဒါကြောင့် နောက်ထပ် ဒက်ဒီရွေးချယ်မယ့်ကိစ္စတွေအတွက် မင်းတို့ ဘာမှမပူပါနဲ့၊ စဉ်းစားပြီးမှ လုပ်မှာချည်းပါ၊ မှားတာ မှန်တာက တစ်ပိုင်းပါ သားတို့၊ ဒက်ဒီက မဆင်မခြင် တစ်ဖွတ်ထိုးတော့ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"

"ဒက်ဒီရာ ... ငယ်သေးတဲ့ မိန်းမတစ်ယောက်ဟာ ပိုက်ဆံရှိတာချင်း ဘက်ဂရောင်းတောင့်တာချင်းညီရင် အဘိုးကြီးနဲ့ သက်တူရွယ်တူ၊ သက်တူရွယ်တူကိုပဲ ရွေးချယ်မှာပေါ့၊ သက်တူရွယ်တူက မွဲနေပြီး အဘိုးကြီးက သောနေရင်သာ အဘိုးကြီးဘက် ယိမ်းတော့မပေါ့၊ ရှင်းနေတာပဲဟာ"

ဦးစစ်အေးက စစ်ကိုကိုရဲ့အပြောကို အပြုံးနှင့်သာ ခေါင်းတညိတ်ညိတ် လုပ်လိုက်ပါသည်။ ဘာမှပြန်မပြောတော့ပါ။

"ဒက်ဒီ့အပေါ် အမှန်တကယ် True ဖြစ်တယ်ဆိုရင် ပြောစရာမရှိဖါဘူးဗျာ၊ ဒါပေမဲ့ ဒက်ဒီ သေချာအချိန်ယူ စောင့်ကြည့်စမ်းပါ၊ ခုခေတ်မိန်းကလေးတွေက တစ်ယောက်မှ လွယ်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးအပေါ် သူထားတဲ့ စေတနာမေတ္တာက ကိုယ့်ထက်သာ ကိုယ့်ထက်ကောင်း ကိုယ့်ထက်သင့်တော်မယ့်သူသာဆိုရင် ကိုယ်တိုင် တိုက်တွန်းပေးစားလိုက်မှာမျိုး ဆိုတာ ဒီကောင်တွေကိုပြောပြမနေတော့ပါ။ သူတို့နှင့် ဆွေးနွေးရမယ့်ခေါင်းစဉ်ကို မဟုတ်တာ။ ခွဲခွာရမည့် သားတွေနှင့် ပြဿနာမဖြစ်ချင်ပါ။

သူ ရုံးသွားခါနီးမှာ သားတွေကို ဖက်ရမ်းနှုတ်ဆက်သည်။ သားတွေက သူ့ကို လေဆိပ်လိုက်မပို့တော့ဖို့ ပြောပါသည်။ ဒီရောက်တုန်း ခုထိ အဆက်မပြတ်ခဲ့တဲ့ ငယ်သူငယ်ချင်းတွေရော နိုင်ငံခြားမှာ ရင်းနှီးခင်မင်ပြီး ဒီပြန်ရောက်နေတဲ့ သူငယ်ချင်းတချို့နှင့်ရော သူတို့ တရုန်းရုန်းနေကြတာ၊ ဒီသူငယ်ချင်းထဲက တချို့က လေဆိပ်လိုက်ပို့မည်ဆိုသည်။

နိုင်ငံခြားနေတဲ့ သားတွေမို့ အဖေ လေဆိပ်လိုက်ပို့မှာကို မလိုလား။ ဒါကြောင့် ဦးစစ်အေးကလည်း သူတို့သဘောကျ လေဆိပ်ပို့ပို့ အစီအစဉ် မလုပ်တော့ပါ။ ရုံးကိုထွက်လာရင်း ဒီနေ့တော့ မြပယင်းကို ကျောင်းသွားကြိုလိုက်ဦးမှလို့ တွေးပါသည်။ ကျောင်းကြိုရဖို့အတွက် သင့်တင့်လျှောက်ပတ်တဲ့ အကြောင်းပြချက်လည်း ရှာဦးမှ။

ရုံးမှာ အရေးတကြီး လုပ်စရာလေးတွေတချို့ သူ လုပ်ပြီးချိန်တွင် မြပယင်းထံ ဖုန်းလှမ်းခေါ်လိုက်မိသည်။ လှဆိုးမလေးက လုံးဝဖုန်းလှမ်းမခေါ်တာ ကြာလှပြီလေ။ အဲဒီအသံသာသာကလေးကိုလည်း သူ့မှာ လွမ်းလွန်းလှပါပြီ။





"ဟယ်လို ... ပယင်း၊ ဦးပါ"

"ဟုတ်ကဲ့"

"တိတ်လှချည်လား ပယင်း၊ ဦးလည်း သားနှစ်ကောင်ကိစ္စဝိစ္စတွေနဲ့ အလုပ်တစ်ဖက်နဲ့ ရှုပ်နေတာနဲ့ ဖုန်းမဆက်ဖြစ်ဘူး၊ ဒီနေ့တော့ သားတွေ ပြန်တယ်လေ၊ အဲဒါ ဒီညနေတော့ ခေါင်းလည်းရှင်းရင်း အပြင်ထွက် တစ်ခုခုစားမယ်စဉ်းစားတာနဲ့ ပယင်းကို ဦး လာခေါ်မယ်လေ၊ ကျောင်းဆင်းကတည်းက တစ်ခါတည်း ကြိုလိုက်မယ်၊ ရတယ်မဟုတ်လား ပယင်း"

"ဦး ... ညနေပိုင်းမှာ ကျွန်မ ချိန်းထားပြီးသားတစ်ခု ရှိလို့ပါ"

ဦးစစ်အေးရဲ့ နားထင်နားရင်းများမှာ သွေးတွေပူခနဲ နွေးခနဲ သိသိသာသာ ဖြတ်စီးသွားသလို ခံစားလိုက်ရပါသည်။ ရင်ထဲမှာလည်း ဘယ်လိုဖြစ်သွားမှန်း မသိဘဲ ဆုံးရှုံးလက်လွတ်သွားတဲ့ ခံစားချက်တစ်မျိုးကို နင့်နင့်သည်းသည်း ခံစားလိုက်ရသလိုပင်။

"ဦး ... ကျွန်မ ချိန်းထားတာကို ဖျက်လိုက်ရမလား"

မြပယင်း အသံလေးက သူနှင့် အဝေးကြီးကွာတဲ့ အရပ်မှ လာသလိုပင်။

"မဖျက်ပါနဲ့ သမီး မဖျက်ပါနဲ့၊ နောက်တော့ပေါ့၊ နောက်တစ်ရက်ရက်ပေါ့၊ နောက်မှ ဦး ဖုန်းပြန်ဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစစ်အေးက ဖုန်းကိုပိတ်ကာ ရှေ့က စားပွဲပေါ် နေးနေးကွေးကွေးလေး လှမ်းတင်လိုက်မိပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ပေါ် မှောက်ချကာ ငြိမ်သက်နေမိသည်။ ဒါလေးက ဘာများမို့လဲ၊ ဖြေသိမ့်စမ်း။ ဖြေသိမ့်စမ်း့။ ဘယ်လောက်ပဲ ဖြေသိမ့်သိမ့် ဘာမှဟုတ်တာကလေးနှင့် သူရင်ထဲ လစ်ဟာသွားပါသည်။ ဟာလာဟင်းလင်းကြီး ဖြစ်လိုက်တာမှ တမျှော်တခေါ်ကြီး ဗလာကွက်လပ်။

ဦးစစ်အေးက ထိုင်ရာကထ, နာရီတစ်ချက်ကြည့်ပြီး ရုံးခန်းက ထွက်ခဲ့သည်။ အိမ်ဖုန်းကို လှမ်းခေါ်ကြည့်လိုက်လို့ ကိုင်မယ့်သူ မရှိတော့တဲ့အခါ ကားပေါ်တက် မောင်းထွက်လာပါသည်။ ဒီအချိန်မှာ စိတ်အပြောင်းအလဲ တစ်ခုခုလုပ်လိုက်ဖို့ လိုအပ်သည်ဖြစ်၍ တခြားလည်း သူ့မှာ စိတ်ပြောင်းလဲနိုင်ဖို့ မလွယ်ကူလေရာ သားတွေရှိရာကိုပဲ ထွက်လာခဲ့လိုက်မိတာပင်။ ဒီအချိန်ဆို လေဆိပ်တော့ ရောက်နေကြလောက်ပြီ။ မီတော့မီနိုင်ပါသည်။

တစ်လမ်းလုံး ဝမ်းနည်းသလိုလို ဟာတာတာ ခံစားလာရကာ ဘာမဟုတ်တာလေးကို ဒီလောက်ထိ ခံစားသက်ဝင်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အံ့အားသင့်လို့မဆုံး။ လေဆိပ်မှာဝင်ခွင့်လုပ်ပြီး နိုင်ငံခြားထွက်ခွာမည့် ခမ်းမဘက် ဝင်လာတဲ့ ဦးစစ်အေးရဲ့ မျက်ဝန်းတို့က စစ်ကိုကိုနှင့် စစ်ညီညီကို ရှာဖွေသည်။

"ဦးစစ်အေး ... ဘယ်ကိုလာတာလဲ"



"သြော် ... ဦးထွန်းတင်၊ ဟုတ်ကဲ့ ... ကျွန်တော့်သားတွေ ဒီနေ့ ပြန်ကြမှာမို့လို့ပါ လိုက်ပို့တာပါခင်ဗျ"

"သားတွေရော"

"သူတို့က အရင်သွားနှင့်တာခင်ဗျ၊ သြော် ... ဟိုနားမှာပါ"

မိုးတိုးမတ်တတ် လှမ်းမြင်ရတဲ့သားတွေရှိရာ မေးဆတ်၍ ညွှန်ပြလိုက်မိပြီး လှမ်းကြည့်လိုက်မိတဲ့ ဦးစစ်အေးသည် စစ်ညီညီနှင့် တစ်ယောက်ဇက်ပိုး တစ်ယောက်အုပ်နေကြတဲ့ သူငယ်ချင်းကောင်လေးကို မျက်လုံးအာရုံစိုက်သွားပါသည်။ ရယ်ကာမောကာ တစ်ယောက်ကိုတစ်ယောက် မနာအောင် ကျီစယ်နောက်ပြောင်နေကြတဲ့ပုံစံ။ သူ့မိတ်ဆွေကို ဘယ်လိုနှုတ်ဆက်ခဲ့မိတယ် သတိမရတော့ပါ။

နေရပ်ပြန်မည့် နိုင်ငံခြားသား Tour အုပ်စုတစ်စုနှင့် ကပ်၍လိုက်ပါလာမိကာ သူတို့သူငယ်ချင်းအုပ်နှင့် မလှမ်းမကမ်း ရောက်သည်နှင့် တလွတ်တလပ် ရယ်မောလိုက်ကြတဲ့ သူတို့ရဲ့ အသံကျယ်တွေကို ကြားရနေပါပြီ။

"ဒီကောင် ကျော်စွာက ပိုင်ပါတယ်ကွာ ဒါတွေ၊ ဒါကြောင့် ဒီကောင့်ပဲ အားကိုးနေရတာ"

"ဟော့ကောင် ... ပျင်းသေးတယ်ကွာ၊ ပွဲကပြီးသလောက် တောင် ရှိတော့မယ်"

"အေးပါ၊ ပျင်းနေပါ၊ သတိလည်းထားဦး ဟော့ကောင်၊ နောက်ဆုံးကျတော့ ပိုက်ကွန်ထဲ မှဆိုးကြီး ပြန်မိနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယောကောင် စစ်ကိုကို၊ ငါ့မျက်နှာ ကြည့်ထားစမ်း၊ ကျော်စွာက မပိုင်ရင် ဘာမှမလုပ်ဘူး၊ အိပ်နေမှာ ယော့ကောင်၊ မင်းတို့ မြပယင်းလောက်သော့ သနားတယ် ဖျင်းတယ် ယော့ကောင်တွေ၊ ငါပြောသမျှကို သဘောကျလို့၊ ယုံလို့၊ ဘာပညာမှတောင် မသုံးရသေးဘူးကွာ"

"အေးပါ ... ကြည့်ကြသေးတာပေါ့၊ မင်းမှာတာ ၂၀၁၀ စကက်ချာနော်၊ ဝယ်ပို့လိုက်တော့ဆိုရင်ပြော ချက်ချင်းပို့လိုက်မယ်"

ဦးစစ်အေးက ရှေ့ဆက်မတိုးတော့ဘဲ ရောက်ရာအရပ်မှ ချာခနဲ ကျောခိုင်းလှည့်ထွက်လာခဲ့ပါသည်။ ရင်ထဲမှာ ကတုန်ကယင်တောင် ဖြစ်နေသည်။ နည်းနည်းလေးတောင် သူ သံသယမဝင်မိပါလား။ သူ့သားတွေဟာ ဒီလို ကလိမ်ကကျစ် ကြံစည်မည့်သူလို့ သူ မတွေးခဲ့။ ထင်လည်း မထင်မှတ်ခဲ့။

ဒေါ်လွင်ကတောင် "မဝင်နီ လွှတ်လိုက်တဲ့လူ ဖြစ်နေရင်"ဆိုတဲ့ သံသယဝင်တတ်သေးသည်။ သူက မဝင်နီလည်း သံသယမဝင်မိခဲ့။ ဒေါ်လွင် ပြောတော့လည်း အနည်းငယ်တွေဝေ စဉ်းစားမိရုံမှအပ ဒီကောင်လေးရဲ့ ဘက်ဂရောင်းဟာ မဝင်နီနဲ့ မပတ်သက်လောက်ပါဘူးလို့ပဲ စိတ်ချလက်ချ ရှိလိုက်မိတာ။

ခုတော့ မထင်မှတ်တဲ့ လမ်းကြောင်း၊ တွေးတောင်မထားမိတဲ့ အဖြစ်အပျက်။ စစ်ကိုကိုနဲ့ စစ်ညီညီ။ ဒီကောင်တွေ တော်တော်ဆိုးပါလား။ သူ မွေးထားရှိတဲ့ သားတွေမို့ သူ့မှာ



နာနာကြည်းကြည်း အပြစ်ယူရလည်းခက်။ သွားခါနီး ထွက်ခါနီး ကြိမ်းမောင်းရန်လုပ်ခြင်းလည်း ပြုမနေတော့ပါ။ စိတ်ထဲ အတော်တော့မျက်ကာ အတော်လည်း စိတ်ကုန်သွားရပါသည်။ ဒေါသတွေလည်း မျိုမချနိုင်အောင် တစ်ကိုယ်လုံး ပြည့်ကယ်လောင်မြိုက်လာပါသည်။

ဘာပဲဖြစ်ဖြစ် သူ ကြံကြံဖန်ဖန် သိခွင့်ရလိုက်သေးတာကိုပဲ ကျေးဇူးတင်ရမည်။ ကံသီပေလို့။ ကျော်စွာဆွေဟာ သူငယ်ချင်းတွေက မိုက်ရူးရဲနှင့် ခိုင်းစေတာကို သူကိုယ်တိုင်လည်း မိုက်ရူးရဲနှင့် ဘယ်လောက်အထိများ ရက်ရက်စက်စက်လုပ်ဖို့ထိ ရည်ရွယ်ထားပါလိမ့်။ အချိန်မရွေး ဘာမဆိုဖြစ်ပျက်သွားနိုင်တာပဲ။

မိကောင်းဖခင်သားသမီး တစ်ယောက်လို့ သိထားပေမယ့်လည်း ဒီလို လူငယ်ချာတိတ်တွေ ကိုယ့်ကိုယ်ကိုယ် အထင်တကြီး မိုက်ရူးရဲတော့မယ်ဆိုရင် ဘာကိုမဆို လက်ရဲဇက်ရဲ ရှိတတ်ကြတာပဲ။ ခုမှပဲ စိုးရိမ်ပူပန်ခြင်း အလုံးကြီးက ဦးစစ်အေးရဲ့ရင်ဝကို တနင့်တပိုး ဆို့တော့သည်။ သတိပေးမှ တားဆီးမှ။ သူ့ကို မခံချင်တဲ့စိတ်၊ အရွဲ့တိုက်လိုတဲ့စိတ်တို့နှင့် သွေးဆူနေပုံရတဲ့ မြပယင်းလေးဟာ ဒီညနေတောင် သူ့ကိုမအားပါဘူးလို့ ငြင်းလိုက်ပြီးပြီ မဟုတ်လား။

ပယင်းကို ဘယ်လိုထိခိုက် နစ်နာမှုမျိုးမှ အဖြစ်မခံနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မနက် ကျောင်းလိုက်ပို့မည့်သူက ဦးထူး မဟုတ်ဘဲ ဦးစစ်အေး ဖြစ်နေခဲ့ပါသည်။ မြပယင်းက ဘာမှမမေးဘဲ ဒီတိုင်းထိုင်ကာ လိုက်ပါလာသည်။ ဦးစစ်အေး မျက်နှာကလည်း ခပ်တည်တည်ပင်။ သထုံလမ်းထဲ ကားချိုးကွေ့ ဝင်လာမှ ...

"ညနေလည်း ဦးပဲ ကြိုမယ်၊ ပယင်းကို တစ်ခုသတိပေးစရာရှိတယ်၊ ကျော်စွာဆွေကို အခုချက်ချင်း ဖြတ်လိုက်ပါ"

"ရှင်"

မြပယင်းက တကယ်အံ့သြသွားရတာပင်။ သိသိချင်းတုန်းကတော့ ဘယ်လိုမှ မတုန်မလှုပ်ပဲ အခု ဘာဖြစ်တာပါလိမ့်။ မနေ့ညနေက မအားဘူးဆိုတာကို ကျော်စွာဆွေနှင့် ချိန်းထားတယ်များ ထင်လေသလား မသိပါ။ ဒါဟာလည်း ကောက်ကာငင်ကာ ဖြတ်နိုင်းရလောက်တဲ့ကိစ္စမှ မဟုတ်တာ။ မြပယင်းက ဦးစစ်အေးကို ငုံ့ကြည့်ရင်း ...





"ဘာဖြစ်လို့လဲ ဦး"

"မမေးနဲ့၊ ဖြတ်ဆိုရင် ဖြတ်လိုက်ပါ၊ ဘာလဲ ... မင်း မဖြတ်နိုင်ဘူးလား"

"သူ့ကို ဦး သဘောကျခဲ့တာ မဟုတ်လား၊ သဘောတူခဲ့တာ မဟုတ်လား"

"အပိုစကားတွေ ကွေ့ပတ်လျှောက်ပြောမနေနဲ့တော့ ပယင်း၊ အခု ဒီကောင်ကို ငါမကြိုက်ဘူး။ ပြန်ဖြတ်ပစ်လိုက်တော့၊ လုံးဝလည်း စောဒကမတက်နဲ့တော့၊ စကားလည်း ပြောစရာမလိုဘူး၊ အပေါင်းအသင်းလည်း လုပ်စရာမလိုဘူး၊ ယတိပြတ်ပဲ"

ပယင်းသည် အလိုအလျှောက်ပင် နှာခေါင်းမှ လေထွက်ရုံလေး ရယ်လိုက်မိပါသည်။

"အခုလက်ခံလိုက် အခုဖြတ်လိုက် လုပ်ဖို့လွယ်လို့လား ဦး"

ဦး လက်မတွဲရဲတဲ့၊ မချေးချယ်ရဲတဲ့ ဦးရဲ့အလုပ်သမားတစ်ယောက်ရဲ့ သမီးမျှသာဖြစ်သော အဆင့်က မြပယင်းဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ချစ်ရေးချစ်ရာကို ခေါင်းထဲထည့်နေဖို့ လိုအပ်လို့လား။ ဦးရဲ့ဂုဏ်သိက္ခာကို ထိပါးပွန်းပဲ့ခံပြီး ရဲရဲဝံ့ဝံ့ ပွဲထုတ်မှာမဟုတ်တဲ့ ဟောဒီကောင်မလေးကို ယေယျာလက်သာ ထားလိုက်ပါ။ နှမြောတသလည်း မဖြစ်သင့်သလို ပုံမှန်လွတ်လပ်ခွင့်လေးတောင် မပေးနိုင်အောင်လည်း ဗိုလ်မကျချင်ပါနဲ့တော့လား ဦးရယ်။



www.burmeseclassic.com

www.burmeseclassic.com



“နေစမ်းပါဦး၊ ညည်းက ဘာတွေစောဒကတက်နေတာလဲ၊ ဖြတ်ဆို ဖြတ်ရုံပေါ့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒေါသတွေ တောက်လောင်နေတဲ့အထဲ စက်ကွင်းမလွတ် ဝင်မလာချင်စမ်းနဲ့ မြပယင်း၊ ဒီကောင်နဲ့ စကားပြောနေတာတောင် လုံးဝထပ်မမြင်ချင်ဘူး”

ဦးစစ်အေးကလည်း သူ့သားတွေရဲ့လုပ်ရပ်ကို ဖွင့်ချမဟချင်။ မြပယင်းကလည်း သူ့ကို ကျားကွက်ထဲက အရုပ်လေးလို ဟိုရွှေ့လိုက် ဒီရွှေ့လိုက် ဘာတွေမကျေမချမ်း ဖြစ်နေမှန်း မသိတဲ့ ဦးစစ်အေးကို အံ့ဩနာကျင်ခြင်းကြောင့် ဘာမှမပြောချင်။ ကျောင်းရောက်တော့ ကားပေါ်မှ တိတ်ဆိတ်စွာပဲဆင်းလာသည်။ မြပယင်း ရင်ထဲတော့ ဝမ်းနည်းတုန်လှုပ်နေပါသည်။

နေ့လယ် မုန့်စားဆင်းမယ့်အချိန်မှာ မြပယင်းက ကားပါကင်ဆီ ငေးမျှော်မိလျှင် ပါကင်မှာ ဟိုးတစ်ဖက်မှာ ဦးစစ်အေးရဲ့ကား၊ ဒီဘက်မှာ ကျော်စွာဆွေ့ကား။ ဦး ရှုံးမှတက်ရဲ့လားလို့တောင် အံ့ဩမိသည်။ မြပယင်း ထွက်မလာတဲ့အခါ ကျော်စွာဆွေထံမှ ဖုန်းဝင်လာပါသည်။

“ဘိုးတော်က ဘာဖြစ်လို့ ရောက်နေတာလဲ”

“ရှင် ပြန်လိုက်တော့ ကျော်စွာ၊ ကျွန်မ ထွက်မလာတော့ဘူး”

“ဒီနေ့ မုန့်အတူလိုက်စားမယ်လို့ ကတိပေးထားတယ်လေ”





“အဲဒီကတိကို ဖျက်ရတော့မှာပါ ကျော်စွာ။ ဦးက ရှင်နဲ့ ထပ်မဆက်သွယ်ရဘူးလို့ ပြောထားတယ်”

“ဟာ ... လုံးဝအဓိပ္ပာယ်မရှိတာ၊ အခုမှ ဘာထဖြစ်တာလဲ၊ ပြီးတော့လည်း မင်းပဲပြောတော့ မင်းရဲ့မျှော်လင့်တဲ့အချိန် အတိုင်းအတာ အကန့်အသတ်က ကုန်ဆုံးပြီဆို”

“ဘာမျှော်လင့်ချက်မှ မထားတော့ပါဘူး ဆိုတာတောင် ကျွန်မမှာ ဦးကို ဆန့်ကျင်လွန်ဆန်နိုင်တဲ့ခွန်အား မရှိပါဘူး ကျော်စွာ၊ ကျွန်မကို ဦး ဘယ်လိုပဲ သဘောထားထား ကျွန်မရင်ထဲမှာ ဘယ်လိုပဲ ခံစားရ ခံစားရ အပြင်ပန်းမှာ ဦးကို နည်းနည်းပါးပါး ဆန့်ကျင်မိနေရင်တောင်မှ နှလုံးသားကတော့ ဘယ်တော့မှ ဆန့်ကျင်လို့ ရတာမဟုတ်ဘူး ကျော်စွာ”

“ဒီတော့ သေလိုက်ပေါ့ ... မင်း”

ရုတ်တရက် ဒေါသတကြီး ပြောပစ်လိုက်တဲ့ ကျော်စွာဆွေ့စကားကို အငိုက်မိနေခိုက် ကျော်စွာဆွေက ဖုန်းချသွားပါသည်။ ပယင်း လှမ်းမျှော်ကြည့်လိုက်လျှင် ကျော်စွာဆွေသည် သူ့ဂျစ်ကားပေါ်ကဆင်းကာ ဦးစစ်အေးရှိရာ တလွှားလွှား လျှောက်သွားနေခဲ့ပြီ။ မြပယင်းသည် အလန့်တကြား ထူပူကာ ကားပါကင်ဆီ အပြေးတစ်ပိုင်း သွားရပါတော့သည်။

“အန်ကယ် ... ဒါဘာသဘောလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကားမှန်ကိုခေါက်ကာ ဦးစစ်အေးက လှည့်ကြည့် မှန်ချလိုက်လျှင် ကျော်စွာဆွေက ဘုကျကျ မေးလိုက်တာပင်။ ဦးစစ်အေးက ကားပေါ်ကမဆင်းဘဲ စိတ်ရှုပ်သလို ငုံ့ကြည့်ကာ...

"ဟော့ကောင် ... မင်း အေးအေးဆေးဆေး ထွက်သွားစမ်း၊ မင်းကို ငါကအထင်ကြီးထားတာ၊ လက်စသတ်တော့ မင်းက အလကားကောင်ပဲ၊ သွား ... သွား ,... ဟော့ကောင်၊ မင်း ကျောင်းနားမှာ ပြဿနာလာမရှာနဲ့၊ မင်းနဲ့လည်း ပြဿနာမဖြစ်ချင်ဘူး"

"ဒါတက္ကသိုလ်ပရဝုဏ်ဗျ၊ ကျောင်းသားတွေ လူငယ်တွေ ကျက်စားရတဲ့နေရာ၊ အဘိုးကြီးတွေ အုံ့ပုန်းကြီးတွေ ကျက်စားရတဲ့နေရာ မဟုတ်ဘူး၊ အန်ကယ်ပဲ ရွှေ့သွားလိုက်ပါ"

"ဟော့ကောင်၊ ငါ လက်မပါချင်ဘူး၊ မင်း ထွက်သွားတော့"

"ဟာ ... လက်ပါချင်လည်း ရပါတယ်၊ လာလေ ... အန်ကယ် ကားပေါ်ကတော့ အရင်ဆင်း"

"ကျော်စွာဆွေ"

မြပယင်းက နောက်နားရောက်လာကာ ကတုန်ကယင် ခေါ်လိုက်ပါသည်။

"မင်း အသာနေပါ၊ ဒီမှာအန်ကယ်၊ တကယ်တမ်းကျတော့ အန်ကယ်က လူအများတွေ အတင်းအဖျင်း ပြောနေကြတဲ့ အတိုင်းကိုး"





ဦးစစ်အေး မျက်နှာက နီမြန်းတင်းမာသွားပြီး ကားတံခါးကို ချပ်ခနဲ ဖွင့်ဆင်းလိုက်လေသည်။

"ဦး ... ဒါ ကျွန်မ ကျောင်းနားမှာလေ၊ ကျွန်မကို နည်းနည်းတောင် ထည့်မစဉ်းစားတော့ဘူးလား၊ ဦး ပြန်လိုက်ပါ၊ သူ့ကို ဘာမှတုံ့ပြန်မနေပါနဲ့"

"ဟေ့ကောင် ... ဒီကျောင်းနားမှာ မဖြစ်သင့်ဘူး၊ ဟုတ်တယ်၊ လာခဲ့၊ မင်း ကားပေါ်ပြန်တက်၊ လိုက်ခဲ့၊ ငါ့နောက်က"

"ဦး ... ဟဲ့ ကျော်စွာ"

ဦးစစ်အေးကလည်း ချက်ချင်း ကားပေါ်ခုန်တက် ကျော်စွာဆွေကလည်း သူ့ကားဆီ အမြန်ပြေးတက်၊ မြပယင်းသည် ဟိုလှည့်ဒီလှည့်နှင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ရတော့သည်။ ထို့နောက်တော့ ကားနှစ်စင်းဟာ တရှိုးရှူးနှင့် နေရာရွှေ့သွားလိုက်ကြတာ ဝေးဝေးတော့မဟုတ်၊ သထုံလမ်းရဲ့ ဘောလုံးကွင်းဟိုးဘက်အစပ်နားလောက်ဆီရယ်သာ။

မြပယင်းသည် ဒီတိုင်း လွှတ်မထားလိုက်နိုင်ဘဲ လုံချည်လေးမ,ကာ ကျောင်းဆောင်ဝင်းအရှေ့မှ အပြေးလိုက်ပါသွားရပါသည်။ မောကြီးပန်းကြီး ဟောဟဲဆိုက်ကာ မြပယင်းရောက်သွားတော့ ဦးစစ်အေးရော ကျော်စွာဆွေပါ ဘောလုံးကွင်းထဲ ရောက်နေကြပါသည်။ စိတ်တွေထူပူကာ စိတ်ညစ်လွန်းလှ ဒေါသလည်းဖြစ် ဝမ်းလည်းနည်း။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဦး ...၊ ကျော်စွာဆွေ"

ရှုံးရှုံးဝါးဝါး ဒေါသတကြီးနှင့် နှစ်ယောက်လုံးကို အော်ပစ်မိသည်။ နှစ်ယောက်လုံးက မြပယင်းကို လုံးဝဂရုမစိုက်ပါ။

"အန်ကယ် ဘာဖြစ်ချင်တာလဲ၊ ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ၊ သူ့ဟာသူ အခြေအနေက ပုံမှန်သွားနေပြီဗျ"

"ကျော်စွာဆွေ ... မင်းအကြောင်း မင်းအသိဆုံး၊ မင်း မြပယင်းနား လုံးဝကပ်မလာနဲ့၊ ငါ မင်းကို ကောင်းကောင်း မေတ္တာရပ်ခံနေပါတယ်၊ နောက်ဆုတ်သွားလိုက်တော့၊ ငါ အားလုံးသိတယ် ကျော်စွာဆွေ၊ ပယင်း ... မင်းကိုလည်း ဦးပြောပြီးပြီနော်၊ ဘာဖြစ်လို့ ဒီအထိ ပြေးလိုက်လာရပြန်တာလဲ၊ သွားတော့ ... ပြန်"

မြပယင်း ဝင်လာတဲ့လမ်းကြောင်းအရ ကျော်စွာဆွေ့ထံ အရင်ရောက်ရပြီးမှ ဦးစစ်အေးက ဟိုးတစ်ဖက်မှာ။ ကျော်စွာဆွေ့ထံ လာတယ်လို့ ယူဆမိတဲ့ ဦးစစ်အေးရဲ့အသံက တုန်ခါပေါက်ကွဲနေပါသည်။ မြပယင်းသည် သူတို့နှစ်ဦးအလယ်မှာရပ်မိကာ ...

"ဦး ဘာဖြစ်လို့ ဒီလိုအလုပ်မျိုး လုပ်ရတာလဲဟင်၊ ဦးက လူကြီးပါ၊ ဦးဘာသာ ဒီကိစ္စထဲကနေ ဘေးထွက်နေလို့ရပါတယ် ဦးရယ်"





"မရဘူး၊ နေလို့မရဘူး၊ သမီး ဇွတ်တရွတ် ခေါင်းမာမှာကို ဦး သိနေတယ်၊ သမီးကို သမီးရွေးချယ်ထားတဲ့ ချစ်သူနဲ့ခွဲဖို့ ချစ်ခြင်းကိုဖျက်ဖို့ ဦး ဘယ်တုန်းကမှ ရည်ရွယ်မထားခဲ့ဘူး သမီး၊ အခုကိစ္စက ဘယ်လိုမှ သဘောမတူနိုင်လို့"

မြပယင်းသည် ဝမ်းပန်းတနည်း မျက်ရည်ရစ်ဝိုင်းကာ ...

"ဦး သူနဲ့ သဘောတူတယ်ဆို"

"ဦး သဘောတူတယ်ဆိုလို့ ပယင်း လက်ခံခဲ့တာဆိုရင် အခု ဦးသဘောမတူနိုင်တော့တဲ့အတွက် လက်တွဲဖြုတ်လိုက်တော့"

ကျော်စွာဆွေက ဦးစစ်အေး စကားတွေကို နားထောင်ရင်း ပယင်းကို တစ်ချက်ကြည့်လိုက်ပါသည်။ ဦးစစ်အေးထံမှာ ပယင်းက သူနှင့်ချစ်သူတွေအဖြစ် အသိပေးထားတာကိုလည်း ရိပ်မိသွားရပါသည်။ ထိုအခါ ခပ်သွက်သွက် ရှေ့တိုးကာ ပယင်းလက်ကို ဆွဲဆုပ်ကိုင်လိုက်ရင်း ...

"လက်တွဲမဖြုတ်နိုင်ဘူး အန်ကယ်၊ ကျွန်တော်တို့ ချစ်ခြင်းကို မဖျက်ဆီးပါနဲ့၊ ပယင်း ... မင်းကို မလိုချင်ရင် အဝေးကို တွန်းဖယ်ထုတ်၊ လိုချင်ရင် အတင်းပြန်ဆွဲယူ၊ မောက်ချင်တိုင်းမောက်၊ လှန်ချင်တိုင်းလှန်လို့ ရတယ်လို့ ထင်နေတဲ့ ဒီအတ္တကြီးတဲ့လူက ပြုသမျှကို နမနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပယင်းက ကျော်စွာဆွေ့ စကားကို ယောင်ယမ်းနားစိုက်ထောင်နေမိပြီးမှ လက်ကိုအတင်းရုန်းကာ ...

"ကျော်စွာဆွေ ကျွန်မလက်ကိုလွှတ်ပါ၊ ဘာဖြစ်လို့ ကျွန်မလက်ကို ကိုင်ရတာလဲ"

"လာပါ ပယင်း၊ ဒီလူကြီးကို ထားခဲ့စမ်းပါ၊ သွားကြစို့"

"ဟင့်အင်း ... ကျော်စွာဆွေ၊ ကျွန်မကိုလွှတ်ပါ"

ကျော်စွာဆွေက ပယင်းကိုဆွဲကာ ဒီနေရာက ထွက်ခွာဖို့ ကြိုးစားသည်။ ပယင်းကရုန်း သူကအတင်းဆွဲ ရုန်းရင်းဆန်ခတ် ဖြစ်နေစဉ်မှာ ဦးစစ်အေးက အနားကို လှမ်းခနဲရောက်လာကာ ကျော်စွာဆွေ့ကို နောက်ကနေ ဆွဲလှည့်၍ မျက်နှာကို လက်သီးနှင့် တစ်ချက်ထိုးချလိုက်ပါသည်။

"ဦး ... မလုပ်ပါနဲ့၊ ကျော်စွာဆွေ"

လဲကျသွားတဲ့ ကျော်စွာဆွေ့နံဘေး ဒူးလေးတုပ်ကာ ဆွဲထူဖို့ ကြိုးစားနေတုန်းပင် ကျော်စွာဆွေက ဝုန်းခနဲထကာ ဦးစစ်အေးကို မိမိရရကြီး ပြန်ထိုးချလိုက်ပါသည်။

"ဦး ... ဦး ..."

မြပယင်းက ဦးစစ်အေး လဲကျသွားရာဆီ ထ,ပြေးရင်း ...

"ကျော်စွာဆွေ ... နင် ဘယ်လိုလုပ်တာလဲ"

"သူက စထိုးတာလေ"





"ဘာပဲဖြစ်ဖြစ် သူက လူကြီးဟဲ့၊ နင် ကိုယ်ထိလက်ရောက်လုပ်စရာလား၊ နင့်အဖေအရွယ်လောက်ရှိတယ် သိရဲ့လား"

"ငါ့အဖေအရွယ်လောက်ဆိုရင် နင့်အဖေအရွယ်လောက်ပဲလေ၊ နင်ကကော ဘယ်လိုဖြစ်နေတာလဲ၊ အဖေအရွယ်လောက်ကို ပြန်ခံထိုးတဲ့ပြစ်မှုနဲ့ အဖေ့အရွယ်လောက်ကို ကျိတ်ပြီး စိတ်ဖောက်ပြန်နေတဲ့ ပြစ်မှုနဲ့ ဘယ်ဟာက ပိုရှက်ဖို့ကောင်းလဲ"

မြပယင်း မျက်နှာလေး သွေးရောင်လျှမ်းကာ ဦးစစ်အေးက ဒေါသတကြီးနှင့် ...

"ဟေ့ကောင် ... မင်း ကိုယ့်ချစ်သူဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလို ..."

"ဦး ... သူ ကျွန်မချစ်သူ မဟုတ်ဘူး"

"ဟင် ..."

ဦးစစ်အေးနှင့် မြပယင်းက တစ်ယောက်ကို တစ်ယောက် အပြန်အလှန် တွဲထူဖေးမထ,လိုက်ကြပါသည်။ ဦးစစ်အေးက အံ့အားတသင့်နှင့် ...

"ကျော်စွာဆွေနဲ့ ပယင်း ..."

"ဘာမှမဟုတ်ဘူး ဦး၊ ကျွန်မ တမင်ပြောခဲ့တာပါ"

"ဪ ... ဒီလိုလား၊ မင်းက မြပယင်းချစ်သူ မဟုတ်ဘူးပေါ့။ ပယင်းရဲ့ချစ်သူလို့ထင်လို့ မင်းကို ပယင်းရှေ့မှာ ယောက်ျားချင်း သိက္ခာချမနေချင်တော့လို့ ဘာမှ ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



လျှားလျှား မပြောဘဲ မပတ်သက်ဖို့ပဲ ဦးတည်ပြောခဲ့တာ၊ ပယင်းရဲ့ချစ်သူ မဟုတ်ရင် ဘာကိုမှ ငါထောက်ထားနေစရာ မလိုဘူးပေါ့ကွ၊ ဟော့ကောင် ...

မနေ့က လေဆိပ်မှာ စစ်ကိုကို စစ်ညီညီနဲ့ မင်းကို ငါ အတူတူ တွေ့ခဲ့ပြီးပြီ၊ ပယင်းနဲ့ပတ်သက်ဖို့ ဖြားယောင်းဖို့ မင်းကို ငါ့သားနှစ်ယောက်က လွှတ်ထားတာလည်း ငါသိထားပြီးပြီ၊ မင်းတို့ တော်တော်ပက်စက် ရက်စက်ကြပါလားကွဟင်၊ ငါ့သားနှစ်ကောင်ကိုလည်း ဒီကိစ္စအတွက် ငါ ခွင့်မလွှတ်ဘူး ကျော်စွာဆွေ၊ အေး ... ဒါပေမဲ့ ဒီကောင်တွေမှာကမှ သူတို့ခံစားချက်နဲ့သူတို့ ဒီလို ကြံစည်ဖို့ Reason ရှိသေးတယ်၊ မင်းက အလကားကောင်ပဲ၊ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို မင်း လှည့်ဖြားချဉ်းကပ်ပြီး ဘယ်လောက်ဆိုးအောင် ဒုက္ခပေးဖို့ ရည်ရွယ်ထားခဲ့လဲ၊ ငါသာမသိလိုက်ရင် ငါ့ နှလိုလည်း ဝင်ဖျက်ဖြစ်မှာ မဟုတ်ဘူး၊ ငါရှောင်နေဖြစ်မှာ၊ ကံကောင်းလို့ သိခွင့်ရတာ၊ ဒါတောင် မင်းတို့ချင်း ချစ်သူတွေထင်လို့ ငါ ပယင်းကို တည့်တိုးပြောမထွက်တာ ...

မင်း ထွက်သွားတော့ ကျော်စွာဆွေ၊ မင်းရည်ရွယ်ချက် သိပြီးထားတဲ့နောက်မှာ ပယင်းနားမှာ မင်းကိုနောက်ထပ် ထပ်တွေ့နေရဦးမယ်ဆိုရင် ငါ လုံးဝခွင့်မလွှတ်ဘူးဆိုတာ မင်း သိထား ကျော်စွာဆွေ၊ သွားတော့"





ရှေ့တုန်းက တစ်ခွန်းတင်မခံ တုံ့ပြန်နေတဲ့ ကျော်စွာဆွေဟာ သူတို့ရဲ့အကြောင်း ဦးစစ်အေးသိတာ သေချာသွားအပြီးမှာတော့ ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်သွားပါတော့သည်။ မြပယင်းက ကျော်စွာဆွေကို တအံ့တဩ ငေးကြည့်နေမိရာမှ သူတို့အနားက အရင်ဆုံးလှည့်ပြီး ထွက်ခွာလာခဲ့ပါသည်။

"မင်းကို ယုံကြည်ပါတယ်"ဆိုတဲ့ သူဟာလည်း တကယ်ယုံကြည်တာမဟုတ်၊ ချဉ်းကပ်လို့ကောင်းရုံ လှည့်ဖြားပြောဆိုခဲ့တာပင်။ ဦးရဲ့ဇနီးဟောင်း မဝင်နီ၊ ပြီးတော့ ဦးရဲ့သားနှစ်ယောက် စစ်ကိုကိုနဲ့ စစ်ညီညီ။ နောက်ထပ် ဘယ်လိုထိုးနှက်တိုက်ခိုက်မှုမျိုးတွေများ ထပ်လာဦးမလဲ။

လုံခြုံမှုငြိမ်းချမ်းမှုဆိုတာ ဘယ်တော့မှရမလဲ။ နွေးထွေးတဲ့ ခိုလှုံစရာရင်ခွင်ရော။ ကျွန်မလိုချင်တဲ့ အချစ်တစ်ခုရော။

"ပယင်း"

"........."

"ပယင်း"

နောက်က ခေါ်သံနှင့်အတူ အနီးကပ်လာတဲ့ ခြေသံများက နံဘေးကို ရောက်လာပါသည်၊

"ကျော်စွာဆွေနဲ့ တကယ်ချစ်သူတွေ မဖြစ်သေးဘူးပေါ့"

"ဟင့်အင်း ...၊ သူ့ကိုမှ ကျွန်မ မချစ်ဘဲ"

"ပယင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့လှမ်းလျှောက်နေရင်းက ပါးပြင်ပေါ် ဖြတ်စီးဆင်းလာသော မျက်ရည်တို့က လမ်းမပေါ်အထိ လွင့်စဉ်ကျလာပါသည်။ ဦးစစ်အေးက ရှပ်အင်္ကျီအိတ်ထဲက ချည်ထည်လက်ကိုင်ပဝါအဖြူကွက်ကလေးကို ပယင်းကို ထုတ်ပေးလိုက်ပါသည်။

"ဦးကို နားလည်ပါကွယ်၊ ပယင်းမှာ ခံစားချက်ရှိတာ ဦး သိပါတယ်၊ ဦးမှာလည်း ခံစားချက်ရှိပါတယ်၊ ဒါပေမဲ့ မင်းအပေါ် မတရားရာကျမှာ အနိုင်ကျင့်ရာကျမှာ သိမ်းပိုက်ရာကျမှာကို အရမ်းစိုးရိမ်တယ်၊ တုံ့ဆိုင်းမှု တွေဝေမှုတွေအပေါ် ပယင်း အထင်မလွဲပါနဲ့ကွယ်၊ အစစအရာရာ မင်းအတွက်ပဲ ဦး ပိုပြီးကြည့်ခဲ့တာပါ"

"အဲဒါကိုက မတရားရာ ကျနေတာ မဟုတ်ဘူးလားဟင်ဦး"

ဦးစစ်အေးက ပယင်းရဲ့လက်ဖျားကလေးကို တင်းတင်းကျပ်ကျပ် ကိုင်လိုက်ပါသည်။ ထိုလက်မျှားရဲ့ နွေးထွေးကျယ်ပြန့် လုံခြုံမှုက မြပယင်းရဲ့တစ်ကိုယ်လုံးကိုပါ ပတ်ဝန်းကျင်နှင့်အဆက်ဖြတ်ကာ ကာကွယ်ပေးထားလိုက်သကဲ့သို့ ဆန်းကြယ်သော အင်အားတစ်ရပ်ကို မွေးဖွားပေးလိုက်တာပင်။

◆ ◇ ◆

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com